# ငွေရတုမဂ္ဂဇင်း
(၁၉၈၁-၂၀၀၆)



Submit to **GOD** and be at
**PEACE**
**with Him.**
Job 22:21

လ္ၚိုဟ်ယဵုယဂိတ္တဗွဲးလေပ်လေအ်းဒ္ဂုဟ်ဗ္ဒုၚ်
ဂွံအ်းဒ္ဂှ်ယ

## ဆံက်ဒ္ဂလေၚ်ဗ္ဒုၚ်ဂမ္ဘီလဝ်ယျခေအ်းဗ္ဒိုၚ်လဝ်အ်းဗ္ဒုၚ်

။ဗွံဂြယြဒ္ဂုဟ်ယုလေ ဂှ်ဖ်းဒ္ဂမြဂှ်လဂုၚ်ခလောဒ္ဂလေ ယုဝိလေယုပင်ဖ်လေ ။ဗွံဂြယြ စိုကယောလေယှဇ္ဇ ယှလာဒ္ဂဝ်းဂှ်ယြလေဂှ်ဖ်ဒ္ဂုစလောႏဝဲင် ဗြဲဂြဂွ္ၚ် ။ဂ္ၚိဂြဂှ်ဒ္ဂံဒ္ဂုထောဒ္ဂုလ် လောဂှ်ဂြိုးလေဇလေဂလေ မ္ဂဒ္ဂုစလောႏဝဲင် ။ဂြဂွံဂံဂဂ္ၚိဂဒ္ဂုံဒ္ဂုထောဒ္ဂုလ် ဒ္ဂုလေဒဂ္ၚိဂြ ဂှ်ဂြိုးဒ္ဂမြိုးဝေႏဗြ ဂ္ၚိဝဗြ မ္ဂဝိခလ် ဂွံယုပါဂ္ၚေလွံဗြ ။ဂ္ၚိလဂြဂ္ၚေလွံ ဗ္ဒုဗ္ဒုဂြိုးဝါဂဒ္ဂုထောဒ္ဂုယ်ဒေဂ်လေ လောဒ္ဂုဟ်ယုလေ ဂှ်ဖ်းဒ္ဂမြဂှ်လဂုၚ်ခလောဒ္ဂလေ ၊ဒ္ဂုထောဒ္ဂုယ်ခဂ်လေလောဒ္ဂုဟ်ယုလေ ဂှ်ဂြိုးဒ္ဂမြိုးဗွံဂွံဝ်ဂ္ၚိလောဂ္ၚိဝ်လောအ်းဒ္ဂုဟ်ဗ္ဒုၚ် ဂ္ၚိဝ်ယုလဂ္ၚေလွံးဝါဂဒ္ဂုထောဒ္ဂုယ်ခဂ်လေလောခ ဂ္ၚိဂြိုးထိဒလေဂ္ၚိဗလေ ဗလေးလောလေဖ်ခလေမ္ဂွးဝါးဒ္ဂုယ်ဂွံလ်လဖ်လလော ။ဂြိုဂြဖ်ခဂ္ၚေလွံ ဗ္ဒုလဂြိုဒ္ဂုဟ်ယုလေ ၊ဗ္ဒုဗဒ္ဂုထောဒ္ဂုလ်းလောယုဖ်လေးလခလေ ဂွံးဗခဗွံခဂ္ၚုယခးဒ္ဂုလေ ဗြဗ္ဒုဂြိုလ္ၚိုဟ်ယဵုယဂိတ္တဂ္ၚိဂဒ္ဂုံးဒ္ဂုဖ်ဂ္ၚေ ဂ္ၚိ လောအ်းဂ္ၚိဝ်ဂ်ဗ္ဒုယ ဂ္ၚိလလ္ၚိုဟ်ယဵုယ ဂိတ္တဗွဲးလေယလောအ်းဒ္ဂုဟ်ဗ္ဒုၚ် ဒ္ဂုဝိဂ္ဂယာအ်းဒ္ဂုလေဗ္ဒုလောဗ္ဒုဗခဒ္ဂုဗ္ဒုံဂေဗ္ဒုဂြ ။ဂ္ၚိလဂြးလောဒ္ဂုလဗ္ဒုလိ ယဂ္ဂယာခဇေးဂ္ၚိယြဂေိလ းဒ္ဂုယြခဗ္ဒုဂြိုးဒ္ဂမြဒ္ဂုဟ်ယုလေ လောခဗ္ဒုဂ်ဗ္ဒုဝ ဂ္ၚိလးဒ္ဂမြဒ္ဂုဟ် ယုလေ ဗြဒ္ဂုဝ်းဂ္ၚိယြးဗ္ဒုးဒ္ဂုဗ ဂွံယုဒ္ဂုစလောႏဝဲင်လောခဒ္ဂုဟ်ယုလေ ဂ္ၚလေခဂ္ၚိ ။ဂ္ၚိလဂြဂ္ၚဒ္ဂုံ ဒ္ဂုဟ်ယုလေ ဗ္ဒုးဗ္ဒုဗ္ဒုယေးလေလ် ဂှ်ဂြိုးဂြိုးဂြိုလေယုပါဂ္ၚေဗ္ဒုခ ဒ္ဂုဝိယေယုလေ ။ဂ္ၚိလ ဗ္ဒုဂြိုဗြဲဟ (၄၁၁ လေကော) "ဝ်လာ စိုကယောလေယှဇ္ဇ ဗြဒ္ဂုဝ်းဂ္ၚိယြလေဂှ်ဖ်ဒ္ဂုစလောႏဝဲင် ဗဝလော" ဝဲဂ္ၚဂဒ္ဂုထောခမ္ဂလ္ၚိုဟ်ယဵုယဂိတ္တဗွဲးလေယလောအ်းဒ္ဂုဟ်ဗ္ဒုၚ် ဗ္ဒုဖ်ခဲက ။ဂ္ၚိလ ဂြးဗ္ဒုဂိးဗ္ဒု ဗွံယုလောခသီးယြခမ္ဂဒ္ဂုစလောႏဝဲင်ဂလေ ယုဝိလေ ဗ္ဒုလဒ္ဂုဇဲလေ

# ဥ္ဍပ္ပဓါ

လ္ၚိုဟ်ယဵုယဂိတ္တဗွဲးလေယလောအ်းဒ္ဂုဟ်ဗ္ဒုၚ်
[illegible]
ဂ်
ဒ္ဂုထောဒ္ဂုယုလ ယေဂိကခယုဝိလေ

---

---[illegible]---

---[illegible]---

# ရှာလုမ်မဂ္ဂဇင်းကော်မတီ

| | |
|---|---|
| နာယက | - ဘုန်းတော်ကြီးဒေါက်တာရှိမုန်ဘီဘင်ထူး |
| အကြံပေး | - ဘုန်းတော်ကြီးဒေါက်တာရှမွေလစံမြတ်ရွှေ |
| စာမူစိစစ်ရေး | - ဆရာမကရိုင်တောင် |
| သဘာပတိ | - နော်လှဲလှဲရွှေ (တတိယနှစ်) |
| တွဲဖက်သဘာပတိ | - နော်ကညောဖော (ဒုတိယနှစ်) |
| တာဝန်ခံစာတည်း | - ဖရန့်စစ်လောရင့်စ် (တတိယနှစ်) |
| တွဲဖက်စာတည်း | - မသဲစောမာနယ်ထူး (ဒုတိယနှစ်) |
| စာတည်းအဖွဲ့ဝင်များ | - ဖရန့်စစ်လောရင့်စ် (ခတ်ပုံကဏ္ဍ) |
| | ဂျိမ်းစ်ဟိန်းလတ်ရာဇာ (ကဗျာ) |
| | မသဲစောမြတ်ိုး (ကာတွန်း၊ ဟာသ) |
| | ရှယ်နော်ဆဲဂေဝါးဖော (ဆောင်းပါး) |
| | မေရီနန့်စုစုမြိုင် (အင်တာဗျူး) |
| | နော်ဂျူးနာ (အင်တာဗျူး) |
| | စာရာနန့်ဝင်းဝင်းမော် (သက်သေခံချက်) |
| | မာဂရက်မိုင်းရာ (ဝတ္ထု) |
| ဖြန့်ချိရေးအဖွဲ့ | - ပီတာစိုင်းနေအောင် (ဖြန့်ချိရေးမှူး) |
| | လုကာထွန်းထွန်းဝင်း၊ မသဲစောမြတ်ိုး (ရန်ကုန်) |
| | မော်နီကာလျှင်နေကြောင် (မန္တလေး) |
| | စောဘွယ်ဟီထူး (တောင်ငူ) |
| | စတီဗင်စောသာဒူးစိုး (ဘားအံ) |
| | ဆလိုင်းဗင်ယာမိန် (စစ်တွေ) |
| | ဗွန်ဆိုင်းလတ် (မြစ်ကြီးနား) |
| ရှာလုမ်ဘဏ္ဍာထိန်း | - ဂရေစီဆိုင်းနုပန် (တတိယနှစ်) |



# ရင်ဖွင့်စကား

ရှာလုမ်ရဲ့သခင်၊ ငြိမ်သက်ခြင်း၏အရှင်ဖြစ်သော ခရစ်တော်ဘုရား၏လမ်းပြပို့ဆောင်မှုကြောင့် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ်၊ ငွေရတုအထိမ်းအမှတ် ရှာလုမ်မဂ္ဂဇင်းကို ကျေးဇူးတော်ကြောင့် အောင်မြင်စွာ ထုတ်ဝေလိုက်ပါတယ် . . . ။

ယောဘဝတ္ထု ၂၂း၂၁ ကို ခွန်အားယူလျက် ဤစာသင်နှစ်၏ ရှာလုမ်ငှက်ငယ်ပျံသန်းခြင်းခရီးစဉ်ကို ဝသန်ကာလမိုးရာသီ၌ စတင်ခဲ့ပါပြီ . . . ။

ရှာလုမ်ငှက်ငယ်မွေးကင်းစအရွယ်မှစ၍ ကြီးပြင်းလာအောင် အင်္ဂါအစုံအလင်ဖြင့် လေဟုန်မှာပျံသန်းခွင့်ရအောင် အဖက်ဖက်မှ ဝိုင်းဝန်းပြုစုပျိုးထောင်ပေးခဲ့ကြသော ဘုရားသခင်နှင့်အတူ စာပေအမှုတော်ဆောင်များနှင့် ဖတ်ရှုအားပေးကြသော လူကြီးမိဘများအားလုံးကို အထူးကျေးဇူးတင်ပါသည်။

အဆင်မပြေ၊ ဒုက္ခပြဿနာများအတွက် ဘုရားသခင်နှင့်မိတ်ဖွဲ့ခြင်းကိုရယူပြီး ရှာလုမ်ငှက်နှင့်အတူ အသက်တာ၌ ငြိမ်းချမ်းစွာအသက်ရှင်လျက် လှမ်းကြပါစို့ . . . ။❑

Holy Kiss of Shalom

ဖရန့်စစ်လောရင့်စ်
တာဝန်ခံအယ်ဒီတာ
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်

# SHALOM MAGAZINE
2006-2007

## contents


| | | |
|---|---|---|
| 1 | ဥယျာဉ်ရှင် | |
| 2 | ရှာလုပ်မဂ္ဂဇင်းတော်မတီ | |
| 3 | ရင်ဖွင့်စကား | |
| 6 | ကျေးဇူးတင်ပါသည် | |
| 7 | ကျမ်းအနက်ဖွင့်ချက် | |

**ဓါတ်ပုံကဗျာ**

**ကဗျာ**

| | | |
|---|---|---|
| 121 | မှတစ်ပါး | ကူးကူးလေး |
| 36 | သွေးစက်တို့၏နာရီ | စာပန်းချီ |
| 39 | မေမေ့ထံသို့ | ပိုင်ကြီး |
| 38 | မိတ်ဆွေစစ်ကိုရှာဖွေတွေ့ရှိခြင်း | J. နငယ်တူ |
| 34 | မွေခံထိုက်စေ | နောင်တော်ကြီး |
| 41 | ဆယ်သူတွေမသိ ဘုရားသိ | နော်ဇား |
| 106 | ဖယောင်းတိုင် | အယ်လ်တီ |
| 37 | တို့တာဝန် | စောဟဲပီး (ထီးဒေး) |
| 40 | လူထဲကလူ | ကောင်းထက်လူ |
| 35 | ဆန္ဒတစ်ခု | စောမုတ်ဆိတ် (ကေတု) |
| 47 | အပြစ်သား | ပထမ |
| 29 | **ကာတွန်း** | |
| 55/65/104 | **ရှာလုပ်အပြုံး** | |
| 42 | စဉ်ဆက်မပြတ် မွေပညာသင်ကြားခြင်း | သန့်ရှင်းသောကားတိုင်မွေတက္ကသိုလ် |

**တိုက်တွန်းနှိုးဆော်ချက်**

| | | |
|---|---|---|
| 44 | အချိန်ကိုစီမံခန့်ခွဲသည့် ခရစ်ယာန်ဘဏ္ဍာစိုး | ဦးအောင်လှထွန်း |
| 48 | ဘုရားသခင်နှင့်အကျွမ်းဝင်၍ . . . | လက်ထောက်သာသနာပိုင် ဦးဂျေတင်မောင် |

**အင်တာဗျူး**

| | | |
|---|---|---|
| 70 | ဖြူဖြူကျော်သိန်းနှင့် တွေ့ဆုံခြင်း | |

**စာညွှန်း**

| | | |
|---|---|---|
| 133 | ဘုရားသခင်၊ လူသားများနှင့် အလုံးလေးများ | ငါးကလေး (ကွမ်းချောင်း) |
| 89 | ကြိုးညှိသူ | စောအိမ်ပြည့် |
| 4 | **ဆောင်းပါး** | |
| 10 | ခရစ်တော်၌တည်ခြင်း | ဘုန်းတော်ကြီးအက်စ်ထန်အုပ် |
| 52 | ဂရုပြုခြင်းဖြင့် အမှုတော်မြတ်ထမ်းဆောင်ခြင်း | ဘုန်းတော်ကြီးဒေါက်တာရှိမှန်ဘီဘင်ထူး |
| 56 | ဒုက္ခထဲမှာ ဘုရားသခင်နဲ့အကျွမ်းဝင်ပြီး . . . | ကိုရယ် (သတ္တ) |
| 61 | ခမ္မဟောင်းမှ နာမ်ဝိညာဉ်များ . . . | ဘုန်းတော်ကြီးမာကုစောမောင်ဒို |
| 67 | အမှိုက်ထဲကရွှေ | တမာသွင် (သန်လျင်) |
| 50 | အို အမိကျောင်းတော်ကြီး | Deacon ဟေရှာယက်အောင် |
| 74 | ဥယျာဉ်မှူးဘဝကို နားလည်စေချင် | စောဟဲပီး (ထီးဒေး) |
| 90 | နှလုံးသားသန့်စင်လေ | ဒီဇင်ဘာမွန်း |
| 94 | လူကုန်ကူးခြင်းဆိုင်ရာသိကောင်းစရာ | ကရိုင်တောင် |
| 82 | မီတူး (Me-too) | မောင်ဆုရှင် |
| 114 | သစ္စာရှိခြင်း | ပြည်ငြိမ်းအေး |
| 79 | သုံးပွင့်ဆိုင် မိတ်သဟာယအစီအစဉ် | စီနီယာမိုး |
| 85 | မျိုးစေ့က မိမိဖာသာပေါက်ပြီး . . . | အစေခံကျွန်မာကု |
| 78 | ဖတ်စေချင်သည် | စောကြည်ဖြူ |
| 76 | ယနေ့ခေတ် လူငယ်များ . . . | William စိုင်းသူအောင် |

**သက်သေခံချက်**

| | | |
|---|---|---|
| 107 | စဉ်ဆက်မပြတ်သင်တန်းသားများ၏ . . . | သင်တန်းသားတစ်ဦး |
| 54 | ဖြစ်ပါရစေ | စုတ်စောင် (ရှိုးမ) |
| 60 | ဘုရားသခင်ခေါ် ရာမငြင်းတော့ပါ | ဘဲရီထူး |
| 64 | ဘုရားသခင်ထူးတော်မူပြီ | ဆလိုင်းဗိုယာ |
| 105 | အမှုတော်ဆောင် ငါ့ဘဝ | ကီမိုမြေ |
| 120 | ငြိမ်းချမ်းခြင်း၏အရှင် | Sarah |

**ဝတ္ထု**

| | | |
|---|---|---|
| 134 | သမုဒယန္တိနစ်သူ | အမ်စစ်စောမ် (ဟိုပင်) |
| 97 | ဘုရားကျောင်းထဲကလွယ်အိတ် | Jonah |
| 110 | သူညတစ်လုံး၏သုခဘုံ | လုကာ |

**သိကောင်းစရာ**

| | | |
|---|---|---|
| 122 | ပွဲတော်မင်္ဂလာဝတ်နှင့်ပတ်သက်သည့် . . . | |

# ကျေးဇူးတင်ပါသည်

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏ တစ်ခုတည်းသော ရှာလုမ်မဂ္ဂဇင်းကို ၂၀၀၆-၂၀၀၇ စာသင်နှစ်မှာ ဆက်လက်ထုတ်ဝေခွင့်ပေးသော ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။

- ရှာလုမ်မဂ္ဂဇင်းအတွက် ငွေကြေးအားဖြင့်သော်လည်းကောင်း၊ သတိရ ဆုတောင်းပေးခြင်းအားဖြင့်သော်လည်းကောင်း၊ ကူညီပံ့ပိုးပေးသော ဆရာသမားများ၊ ညီအစ်ကိုမောင်နှမများ၊
- ရှာလုမ်မဂ္ဂဇင်းအတွက် စာမူရေးသားပေးပို့သော စာပေပညာရှင်များ၊
- ရှာလုမ်မဂ္ဂဇင်းကို နှစ်စဉ် အမြဲ အားပေးဖတ်ရှုပေးကြသော စာပေဝါသနာရှင်များ၊
- ဖြူစင်သောစေတနာဖြင့်ကူညီသော ကိုဂျိုနသန် (ERA) နှင့် လုပ်ဖော်ဆောင်ဖက်များ၊
- ရှာလုမ်မဂ္ဂဇင်းအတွက် အစမှအဆုံးတိုင်အောင် အဖက်ဖက်မှ ပါဝင်ကူညီလုပ်ဆောင်ခဲ့ကြသော အဖဘုရားသခင်၏ သားသမီး အကြီးဆုံးမှအငယ်ဆုံး တစ်ဦးစီကို ခရစ်တော်၏နာမတော်အားဖြင့် အထူးပင် ကျေးဇူးတင်ရှိပါသည်။

တစ်ဦးစီတိုင်းသည် အဖဘုရားသခင်ထံမှ ကြွယ်ဝသော ကောင်းချီးမင်္ဂလာအဖြာဖြာကို ရရှိပိုင်ဆိုင်ခံစားနိုင်ကြပါစေ။❑

ရှာလုမ်စာပေဝိုင်းကိုယ်စား
နော်လဲ့လဲ့ရွှေ



# ကျမ်းအနက်ဖွင့်ချက်

ဘုရားသခင်နှင့်အကျွမ်းဝင်၍ မိတ်သဟာယဖွဲ့လော့။ ထိုသို့ပြုမှ ကောင်းစားခြင်းသို့ ရောက်ရလိမ့်မည်။ (ယောဘ ၂၂း၂၁)

ဘုရားသခင်ကို ယုံကြည်ခြင်းအားကြီးသော ယောဘအား တေမန်အမျိုး ဧလိဖတ်ပြောသောစကားဖြစ်သည်။ ယောဘသည် သူ၏အပြစ်အတွက်ကြောင့် ဤကဲ့သို့ ဒုက္ခဝေဒနာခံစားရခြင်းဖြစ်သည်ဟု ဧလိဖတ်မှတ်ယူပြီး၊ ယောဘကို နောင်တရရန် တိုက်တွန်းနေခြင်းဖြစ်သည်။ ယောဘအနေဖြင့် မိမိအပြစ်ကိုမြင်၍ နောင်တရပါက အသက်တာ၏ကြွယ်ဝခြင်း၊ ကောင်းမြတ်ခြင်းတို့ကို ပြန်လည်ရရှိမည်ဖြစ်ကြောင်း ဧလိဖတ်က တိုက်တွန်းသည်။ အမှန်တကယ်တွင် ဧလိဖတ် ထင်သလို ယောဘသည် ဘုရားသခင်နှင့်ဝေးသောသူမဟုတ်။ (ယောဘ ၂၃း၁၁-၁၂) တွင် ယောဘပြန်လည်ဖြေကြားထားသည်မှာ သူသည် ဘုရားသခင်၏စကားကိုနားထောင်သောသူ၊ အစဉ်သဖြင့် ဘုရားသခင်နှင့်နီးကပ်ရန် ကြိုးစားသူတစ်ဦးဖြစ်ကြောင်း ပြောပြထားသည်။ ဘုရားသခင်အား ယုံကြည်သူ၊ သစ္စာရှိသူတစ်ဦးဖြစ်သော်လည်း ယခုကဲ့သို့ ဒုက္ခဝေဒနာနှင့်ကြုံတွေ့လာရသည့်အချိန်တွင် မိမိ၏အသက်တာအပေါ် ဘုရားသခင်၏အကြံအစည်တော်ကိုနားမလည်နိုင်သည့်အတွက် ဤကဲ့သို့ ဆွေးနွေးငြင်းခုံမှုများဖြစ်ပေါ်လာရခြင်း ဖြစ်သည်။

နောက်ဆုံးတွင် ယောဘက မိမိ၏အပြောအဆိုအားဖြင့် ဘုရားသခင်အား ပြစ်မှားမိသောအပြစ်များကိုပြန်လည်ဝန်ချတောင်းပန်သည်။(၄၂း၆) ယောဘကို ဝိုင်းဝန်းအကြံပေးကြသောသူသုံးဦးကို ဘုရားသခင်က အပြစ်တင်သော်လည်း ယောဘကိုမူ ဘုရားသခင်က ခွင့်လွှတ်နားလည်ခဲ့သည်။ အကြံပေးသူသုံးဦးက ဘုရားသခင်နှင့်ပတ်သက်၍ မှန်ကန်သော၊ လှပသော စကားလုံးများဖြင့် ဘုရားသခင်အကြောင်းပြောပြနေသော်လည်း (speaking about God) မိမိတို့အမှန်တကယ်သိ၍ (သို့) ထိတွေ့ကြုံတွေ့ဖူး၍ ပြောပြသည့်ပုံစံမျိုးမဟုတ်ပေ။ ယောဘကမူ ဘုရားသခင်ကိုအမှန်တကယ်သိပြီး (speaking to God) မိမိ၏အခြေအနေအမှန်ကိုအရှိအတိုင်း ပြောပြလိုသည့်ပုံစံမျိုးကို တွေ့ရသည်။ ယောဘအနေဖြင့် မိမိအား မုန်းတီးသူများအတွက်ဆုတောင်းပေးပြီးသည့်နောက် အသက်တာ၏ကြွယ်ဝခြင်းနှင့်ကောင်းမြတ်ခြင်းကို ပြန်လည်ရရှိကြောင်း တွေ့ရသည်။ (၄၂း၁၀)။ ဒီကနေ့ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်သည်လည်း ယောဘကဲ့သို့ ဘုရားသခင်အကြောင်းပြောနေသူများ (အကြံပေးသူသုံးဦး) ကဲ့သို့မဟုတ်ဘဲ ဘုရားသခင်နှင့် အမှန်တကယ် အဆက်အသွယ်ပြုနေသူများ၊ ဘုရားသခင်ကိုသိရန် ကြိုးစားရမည်ဖြစ်သည်။ မိမိကိုယ်တိုင် ဘုရားသခင်ကို သိသောသူများဖြစ်မှသာ အခြားသူများအား ပြောပြ၊ ဝေမျှသင်ပြနိုင်မည်ဖြစ်သည်။ သီအိုရီများကိုသိသောအဆင့်မှ လက်တွေ့ မည်ကဲ့သို့အသုံးချမည်ကိုသိရှိသူများအဖြစ်သို့ရောက်အောင် အစဉ်ကြိုးစားရမည်ဖြစ်သည်။ ဤနည်းအားဖြင့် ဘုရားသခင်နှင့် စစ်မှန်သောမိတ်သဟာယဖွဲ့မှုကိုရရှိလျက် အမှုတော်မြတ်အတွက် အသက်ရှင်နိုင်မည်ဖြစ်သည်။ ရလဒ်အားဖြင့် ဒုက္ခအခက်အခဲများသည်လည်းကြောက်ရွံ့စရာများမဟုတ်သလို၊ ကောင်းချီးမင်္ဂလာများသည်လည်း ရေတွက်ချီးမွမ်းစရာများပင် ဖြစ်ပေမည်။❑

ဘုန်းတော်ကြီးဒေါက်တာရှမ္မေလစံမြတ်ရွှေ

## သမိုင်းအခြေပြု

# ငွေရတုမဂ္ဂဇင်းတစ်ခု

"ရှာလုမ်သမိုင်းကြောင်းကို သတိရလေလေ၊ ဘုရားရှင်၏ကျေးဇူးတော်ကို ချီးမွမ်းလေလေ ဖြစ်သည်။ ရှာလုမ်မဂ္ဂဇင်း၏သမိုင်းကြောင်းကိုကြည့်လျှင် စတင်မျိုးစေ့ချခဲ့စဉ်က မဂ္ဂဇင်း ဟူ၍မဟုတ်ဘဲ စာစောင်ငယ် အဆင့်သာဖြစ်သောကြောင့် အကြံဉာဏ်ထုတ်ကာ ကြိုးပမ်း အစပြုခဲ့ကြသော ခရစ်တော်၌လုပ်ဖော်ဆောင်ဖက် နောင်တော်ကြီးများကို ကျေးဇူးတင်ပါသည်။ ယခင်က ရှာလုမ်စာစောင်ငယ်သည် ယခုအချိန်အခါ၌ "ရှာလုမ်မဂ္ဂဇင်း" ဟူ၍ ထင်ရှားစွာရပ်တည်လျက်ရှိနေပါပြီ။ ဤကဲ့သို့ ဆက်လက်ရပ်တည်နေနိုင်ရေးအတွက် သမိုင်းဝင် အထောက်အထားများကို မှတ်တမ်းတင်ထားရှိရန်မှာလည်း လွန်စွာအရေးကြီးပါသည်။ မှတ်တမ်းမှတ်ရာမရှိသောအဖြစ်အပျက်အကြောင်းအရာများကို မည်သူတစ်ဦးတစ်ယောက်မှ စိတ်ဝင်စားလက်ခံနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် ယခုနှစ် (၂၀၀၆-၂၀၀၇) ပညာသင်နှစ် ရှာလုမ်မဂ္ဂဇင်း၌ မဂ္ဂဇင်းဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို အနည်းငယ်ဖော်ပြအပ်ပါသည်။

ကျောင်းအုပ်ကြီး Revd. ရှမွေလ စံစီငွေး (လက်ရှိ သာသနာပိုင်ချုပ်နှင့် ရန်ကုန်သာသနာပိုင်) သည် ၁၉၈၁ ခုနှစ်မှစ၍ ကျောင်း၏မဂ္ဂဇင်းအား "ရှာလုမ်" (Shalom) ဟုအမည်ပေးပြီး "ငြိမ်သက်ခြင်း" (Peace) ဟု အဓိပ္ပာယ်ဖော်ဆောင်ကာ စတင်ထုတ်ဝေခဲ့ပါသည်။

ဤမဂ္ဂဇင်းအား စတင်ခဲ့စဉ်က လက်ကမ်းစာစောင်ငယ်အနေဖြင့်သာ စတင်ခဲ့ပြီး ပထမဆုံး အယ်ဒီတာအနေဖြင့် ဆရာယောရှု လက်ထောက်အယ်ဒီတာအဖြစ် ဆရာဖိလစ်အောင်သွင်ဦး (လက်ရှိ ရှင်ပြန်ထမြောက်ခြင်းအသင်းတော် (သန်လျင်) ကျောင်းထိုင်ဘုန်းတော်ကြီး) တို့မှစတင်ဦးစီးပြီး ထုတ်ဝေခဲ့ပါသည်။ ရည်ရွယ်ချက်မှာ အဓိကအားဖြင့် ကျောင်းသား၊ ကျောင်းသူများ၏ ကိုယ်ပိုင်စိတ်ကူးစိတ်သန်း စွမ်းရည်များအား ဖော်ထုတ်ရန်၊ ဓမ္မတက္ကသိုလ်နှင့်ပတ်သက်သည့်အချက်အလက်များ၊ အင်္ဂလီကန်သဟာယနှင့်သက်ဆိုင်သော သတင်းများနှင့် ဂိုဏ်းပေါင်းစုံလှုပ်ရှားမှုများ စသည်တို့ကို အသင်းသူ၊ အသင်းသားများသိရှိစေရန် ရည်ရွယ်၍ ထုတ်ဝေခဲ့ခြင်းဖြစ်သည်။ စတင်ခဲ့စဉ်က ပေးပို့သော ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတို၊ သက်သေခံဝေမျှချက်နှင့် သတင်းအတိုအထွာများအား လက်ရေးစာမူများအနေဖြင့်သာ ပုံနှိပ်ဖြန့်ဝေခဲ့ပြီး ကုန်ကျစရိတ်အတွက် ဓမ္မတက္ကသိုလ်၏ဘဏ္ဍာငွေမှ စတင်သုံးစွဲခဲ့သည်။ နောက်ပိုင်းတွင် မဂ္ဂဇင်းအတွက် မတည်ငွေ (Endownment Fund) ထားရှိပြီးထုတ်ဝေခဲ့ကြရာ ယနေ့တိုင်ပင်ဖြစ်ပါသည်။ စတင်ခဲ့စဉ်က မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလီကန်) သာသနာပိုင်ချုပ်နယ်တစ်ခုလုံးအတွက် ရည်ရွယ်ထုတ်ဝေခဲ့ခြင်းမဟုတ်။ ရန်ကုန်မြို့ပေါ်ရှိ အင်္ဂလီကန်အသင်းတော်များအတွင်း၌သာ ဖြန့်ဝေခဲ့ခြင်းဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူတစ်ဦးလျှင် အစောင် (၂၀) မရောင်းမနေစနစ်ဖြင့် ဖြန့်ဝေခဲ့ကြသည်။ ဤသို့ဖြင့် ၁၉၈၁ ခုနှစ်မှ ၁၉၉၂ ခုနှစ်အထိ စာစောင်ငယ်ပုံစံဖြင့်သာ ထုတ်ဝေနိုင်ခဲ့သော်လည်း ၁၉၉၃ ခုနှစ်တွင် ကျောင်းအုပ်ကြီး Revd. ဂျွန်ဝေးလ်မီ (လက်ရှိ တောင်ငူသာသနာပိုင်) လက်ထက်မှစတင်ပြီး စာစောင်ငယ်ဘဝမှ ယခုလက်ရှိ မဂ္ဂဇင်းဘဝသို့ အသွင်ကူးပြောင်းကာ သာသနာပိုင်ချုပ်နယ်တစ်ခုလုံးအတွက် ရည်ရွယ်ပြီး အဆင့်မြင့်တင်ထုတ်ဝေခဲ့ပါသည်။ ဤကဲ့သို့ စာစောင်မှမဂ္ဂဇင်းသို့ ပြောင်းလဲထုတ်ဝေခဲ့သော်လည်း ရည်ရွယ်ချက်မှာ မပြောင်းမလဲ မူလအတိုင်းပင်ဖြစ်ပါသည်။ ရှာလုမ်မဂ္ဂဇင်းသည် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလီကန်) ၏တစ်ခုတည်းသော မဂ္ဂဇင်းဖြစ်သည့်အတွက် စာမူများရေးသားချီးမြှင့်ခဲ့ကြသော ဆရာသမားများနှင့် ဝယ်ယူဖတ်ရှု အားပေးလျှုဒါန်းကြသော အသင်းသူ၊ အသင်းသားများကို အထူးကျေးဇူးတင်ရှိပါသည်။ ဤသို့ဖြင့် ၁၉၈၁ ခုနှစ်မှ စတင်၍ထုတ်ဝေလာသော ရှာလုမ်မဂ္ဂဇင်းသည် ယခုနှစ်တွင် "ငွေရတုသဘင်" (၁၉၈၁-၂၀၀၆) သို့ရောက်ရှိပြီး (၂၅) နှစ်တိုင်တိုင် ဘုရားရှင် ပို့ဆောင်ကောင်းချီးပေးခဲ့မှုနှင့် ကျောင်းအုပ်ဆရာကြီးများအဆက်ဆက်မှလည်း ပါဝင်အားပေးကူညီမှုများကို ပြုခဲ့ကြပါသည်။ ဆက်လက်ပြီး ငွေရတုမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ရှာလုမ်မဂ္ဂဇင်းသည် ဆက်လက်ရှင်သန်ပြန့်ပွားရန် ဘုရားရှင်ထံ ဆုတောင်းလျက် . . .။

(ပြုစုသူ)
ဖရန့်စစ်လောရင့်စ် (တာဝန်ခံအယ်ဒီတာ)
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်တွင် ခေတ်အဆက်ဆက်တာဝန်ယူကြည့်ရှုခဲ့ကြသော ကျောင်းအုပ်ကြီးများ . . .

၁။ Revd. ဂျော့အက်ပလက်ထန် (၁၉၃၃-၁၉၄၂)
၂။ Revd. ကင်နင်ဂျီတိုင်ဒီ (၁၉၄၈-၁၉၅၀)
၃။ Revd. ဂျေမောင်ဖေ (၁၉၅၅-၁၉၆၅)
၄။ Revd. ကင်နင်အက်စ်စံဟူး (၁၉၆၆-၁၉၇၆)
၅။ Revd. ရှမွေလမန်းစံစီငွေး (၁၉၇၆-၁၉၉၁) (လက်ရှိ သာသနာပိုင်ချုပ်)
၆။ Revd. စောဂျွန်ဝေးလ်မီ (၁၉၉၁-၁၉၉၄) (လက်ရှိ တောင်ငူသာသနာပိုင်)
၇။ Revd. ရှမွေလထန်အုပ် (၁၉၉၄-၁၉၉၈) (လက်ရှိ သန့်ရှင်းသောတြိနတီကသီဒြယ်ကျောင်းထိုင် ဘုန်းတော်ကြီး)
၈။ Revd. မာကုစောမော်ဒို (၁၉၉၈-၂၀၀၆) (လက်ရှိ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၊ စာချ ဓမ္မကထိက)
၉။ Revd. Dr. ရှိမုန်ဘီဘင်ထူး (၂၀၀၆-     )

လူသည် မိမိအသက်တာတွင် ခွန်အားရနိုင်သောအရာ၊ အသက်တာလမ်းညွှန်မှုပေးနိုင်သောအရာများ ထားရှိတတ်ကြသည်။ ဘာသာတရား ရှိသေကိုင်းရှိုင်းမှုမရှိသော်လည်း မိမိအတွက် တစ်စုံတစ်ခုကိုစံထားကာ အသက်ရှင်တတ်ကြသည်။ ထိုသို့ သက်ရှင်ကြသောအခါ မိမိစံထားရသောအရာကို အမြဲတစေ လေ့လာကာ အကောင်းဆုံးကျင့်သုံးနိုင်အောင်ကြိုးစားရန် လိုအပ်ပါသည်။ သို့မှသာ အသက်တာတွင် မိမိရည်မှန်းထားသည့်အနေအထားကို တည်ဆောက်နိုင်သကဲ့သို့ သူတစ်ပါးအတွက်လည်း အတုယူဖွယ်ဖြစ်နိုင်မည်ဖြစ်သည်။ မိမိတန်ဖိုးထားသောအရာအတွက် အနည်းနှင့်အများ ပေးဆပ်ရမည့်အရာများရှိသည်။ အမှားလုပ်ရသောကြောင့် အပြစ်ဒဏ်ခံရခြင်းသည် အမှားအတွက် ပေးဆပ်ရခြင်းဖြစ်သကဲ့သို့ အကောင်းလုပ်ဆောင်ခြင်းအတွက် ချီးမွမ်းခံရခြင်း၊ ဆုချီးမြှင့်ခံရခြင်းတို့သည်လည်း အကောင်းအတွက် ပေးဆပ်ရသောအကျိုးရလဒ်ပင် ဖြစ်သည်။



# ခရစ်တော်၌တည်ခြင်း

ဘုန်းတော်ကြီးအက်စ်ထန်အုပ်
(ကျောင်းထိုင်) သန့်ရှင်းသောတြိနတိကာသီခြယ်ကျောင်းတော်



အာဗြဟံကို ယုံကြည်ခြင်းဖခင်အဖြစ် သမ္မာကျမ်းစာတွင် ရေးသားဖော်ပြထားပါသည်။ ထိုကဲ့သို့ သတ်မှတ်ခံရရန် ဖြတ်သန်းလာခဲ့ရသောအသက်တာခရီးမှာ အစဉ်ချောမွေ့၊ ပျော်ရွှင်မှုနှင့်သာနေရသည် မဟုတ်။ ဘဝကို အရှုံးပေးလက်မြှောက်လိုစိတ်၊ အနာဂတ်အတွက် မျှော်လင့်ခြင်းမရှိတော့သည့်အခြေအနေများကိုလည်း ကြုံရသောအချိန်ရှိပေလိမ့်မည်။

စာပေပညာတွင် အဆင့်မြင့် ဘွဲ့ဒီဂရီများကို ရယူနိုင်ရန်အတွက် အချိန်၊ ငွေ၊ ခွန်အား စသည်ဖြင့် များစွာရင်းနှီးမြှုပ်နှံရသည်။ လွယ်လွယ်နှင့်ရသော ဒီဂရီများလည်း ရှိနိုင်ပါသည်။ သို့သော် များစွာရင်းနှီးရသောဒီဂရီသည် တန်ဖိုးရှိသလောက် အများကို အကျိုးပြုပြီး သူတစ်ပါးလေးစားထိုက်သောဂုဏ်ရည်နှင့် ပြည့်ဝမှုရှိပေမည်။ တစ်နည်းအားဖြင့် အသက်တာတွင် တန်ဖိုးထားသောအရာများကို မရရအောင် ကြိုးစားသကဲ့သို့ ရင်းနှီးမြှုပ်နှံမှုလည်းပေးရသည်။ ဘုရားသခင်ကိုယုံကြည်ပြီး အလိုတော်အတိုင်း အသက်ရှင်ခြင်းသည်လည်း စွန့်စားခြင်း၊ ရင်းနှီးမြှုပ်နှံခြင်းတစ်မျိုး ဖြစ်သည်။

မယ်တော်မာရိသည် အရှင်ယေရှုကို သန္ဓေသားအဖြစ် ဝမ်း၌လွယ်ရသောအခါ မာရိကလည်း "ငါ့စိတ်နှလုံးသည် ထာဝရဘုရားကိုချီးမွမ်း၏။ ငါ့ကိုကယ်တင်တော်မူသော အရှင်ဘုရားသခင်ကိုအမှီပြု၍ ငါ့ဝိညာဉ်သည် ရွှင်လန်းခြင်းရှိ၏။" (ရှင်လုကာ ၁း၄၆-၄၇) ဟု ဝန်ခံကြွေးကြော်ခဲ့သည်။ အရှင်ယေရှုကို ဝမ်း၌လွယ်ရခြင်းသည် အသက်တာတွင် ခွန်အား၊ ဘဝအသက်တာကို ရင်ဆိုင်နိုင်ရန်သတ္တိဖြစ်လာသည်။

ကနဦးခရစ်ယာန်များ၏ အသက်တာသည် ယုံကြည်ခြင်းတရားအတွက် များစွာပေးဆပ်သက်ရှင်ခဲ့ကြရသည်။ မိမိတို့ ယုံကြည်ခြင်းကြောင့် အသက်တစ်ချောင်းကို မိမိတို့အား မနာလို၊ ဆန့်ကျင်သူများအတွက် ပစ္စည်းတစ်ခု၊ အရုပ်လေးတစ်ခုပမာ အသုံးခံခဲ့ကြရသည်။ ဧဗြဲဩဝါဒစာတွင် . . သာ၍မြတ်သော ထမြောက်ခြင်းကိုရောက်လိုသောငှာ အချို့သောသူတို့သည် "ကဲ့ရဲ့ရိုက်ပုတ်ခြင်း၊ ချည်နှောင်ခြင်းကိုခံ၍ ထောင်ထဲမှာနေရသဖြင့် စုံစမ်းခြင်းကိုခံရကြ၏။ ကျောက်ခဲနှင့်ပစ်ခြင်း၊ လွှနှင့်အပိုင်းပိုင်းတိုက်ဖြတ်ခြင်း၊ စုံစမ်းနှောင့်ယှက်ခြင်း၊ ဓားလက်နက်နှင့် ကွပ်မျက်ခြင်းကိုခံရကြ၏။ အလွန်ဆင်းရဲလျက်၊ ညှဉ်းဆဲလျက်၊ နှိပ်စက်ခြင်းကိုခံလျက်၊ သိုးရေ ဆိတ်ရေကိုဝတ်၍ လှည့်လည်နေရကြ၏။" (ဟေဗြဲ ၁၁း၃၆-၃၇) ဟု ဖော်ပြထားပါသည်။

ရှင်ပေါလုအတွက်ဆိုလျှင် ခရစ်တော်ကို ယုံခြင်းကြောင့် ခံစားရသည့် ဆိုးကျိုး၊ ကောင်းကျိုးအတွက် ဂုဏ်ယူဝမ်းမြောက်ခဲ့သည်။ သေရလျှင်လည်း "သာ၍အကျိုးရှိ၏" ဟုဆိုသည်။ ယုံကြည်ခြင်းသည် မိမိဘဝတစ်ခုလုံးကိုပုံအပ်သက်ရှင်ခြင်းပင်ဖြစ်သည်။ ရှင်ပေါလုသည် သခင်ခရစ်တော်ကို ဆန့်ကျင်သူများအထဲတွင် အကြီးစားရန်သူ ဖြစ်ခဲ့သည်။ သို့ရာတွင် အရှင်ခရစ်တော်နှင့် ရင်းနှီးကျွမ်းဝင်လာသောအခါ အရှင်ခရစ်တော်နှင့်ဝေးသွားမည်ကိုပင် ကြောက်လာသူ ဖြစ်သည်။ အရှင်ခရစ်တော်နှင့်ခံစား၊ စံစားရခြင်းအတွက် ဂုဏ်ယူသည်။ အရှင်ခရစ်တော်၏နာမတော်အတွက်သာ သေခြင်း၊ ရှင်ခြင်းကို ခံစားလိုသည်။ အရှင်ခရစ်တော်နှင့် ရင်းနှီးကျွမ်းဝင်ပြီးသောအခါ မည်သည့်အရာကိုမျှ အသက်တာအတွက် အကျိုးရှိသည်၊ မြတ်သည်ဟု မခံယူနိုင်တော့ချေ။ အရှင်ခရစ်တော်၏ နာမတော်ကြောင့် ခံရသောဒုက္ခသည် ကောင်းချီးမင်္ဂလာတစ်ပါးဟု ခံစားလာသည်။ ထို့ကြောင့် ကောလောသဲဩဝါဒစာတွင် ခရစ်တော်ကိုယုံကြည်၍ နောက်တော်လိုက်သူများအား "စကားပြောသော်လည်းကောင်း၊ အမှုဆောင်ရွက်သော်လည်းကောင်း သခင်ယေရှု၏နာမတော်ကို ထောက်၍ ခပ်သိမ်းသောအမှုတို့ကိုပြုမူလျက် ကျေးဇူးတော်ကြီးလှပါ၏ဟု ထိုသခင်ကိုအမှီပြု၍ ခမည်းတော်ဘုရားသခင့်ရှေ့၌ ဝန်ခံကြလော့" (ကောလောသဲ ၃း ၁၇) ဟု တိုက်တွန်းထားသည်။

မြန်မာလူမျိုးများ မိမိတို့ဘာသာဖြင့် သမ္မာကျမ်းစာတော်မြတ်ဖတ်ရှုရန် ကနဦးဘာသာပြန်ပေးသူ

ဒေါက်တာအဒိုနီရမ်ဂျပ်ဆင်သည် အမေရိကန်နိုင်ငံတွင် နေထိုင်စဉ် စည်းစိမ်အပြည့်နှင့်နေထိုင်နိုင်သူဖြစ်သည်။ မြန်မာပြည်သို့ လာရောက် သာသနာပြုသောအခါ အခက်အခဲမျိုးစုံ တွေ့ကြုံရင်ဆိုင်ခဲ့ရသည်။ မန္တလေး အောင်ပင်လယ် လက်မရွဲ့ထောင်တွင် အကျဉ်းချခံရသောအခါ အလွန်နူးညံ့သောခြေသည် ဖိနပ်မပါဘဲ သွားလာနေရသောအခါ ခြေဖဝါးတစ်ခုလုံး သွေးခြည်ဥသည် သာမက အသားများပင် ပေါက်ပြဲခဲ့ကြောင်း ကြားဖူး၊ သူ့အကြောင်းရေးသည့်စာများတွင် ဖတ်ဖူးခဲ့ပါသည်။ ထိုသို့ခံရခြင်းအတွက် "အရှင်ခရစ်တော်အတွက်သာ မဟုတ်လျှင်" ဟုလည်း ညည်းတွားခဲ့ကြောင်း သိရပါသည်။ သူ့ဘဝတွင် တွေ့ကြုံရသောအခက်အခဲများကြောင့် ဘုရားရှိမရှိကိုပင် စိန်ခေါ်ခဲ့ရကြောင်းသိရပါသည်။ သို့ရာတွင် နောက်ဆုံးတွင် အရှင်ခရစ်တော်အတွက် သစ္စာရှိစွာ အသက်တာကို ကုန်လွန်စေခဲ့ပါသည်။

အသက်တာတွင် အရှင်ယေရှု၌ ရပ်တည်ခြင်းမှာ အလွန်အရေးကြီးပါသည်။ အရှင်ယေရှုခရစ်၌ရပ်တည်ခြင်းသည် သစ်ပင်များပမာ မိမိ၏အသက်တာရေသောက်မြစ်ကို အရှင်ယေရှု၌ နက်ရှိုင်းစွာချထားလျှင် တွေ့ကြုံရသည့်အခြေအနေမျိုးစုံတို့ကို အရှင်ယေရှုအားဖြင့် ခံနိုင်သည့် စွမ်းအားရရှိမည်ဖြစ်သည်။ ဘဝ၌တွေ့ကြုံရသည့် အခြေအနေအားလုံးကို သိနားလည်ခံစားနိုင်ရန် အရှင်ခရစ်တော်ကို ယုံကြည်အားကိုးရုံမျှမက အသက်တာအတွက် ခွန်အားယူ သက်ရှင်နိုင်ရန် လိုအပ်ပါသည်။ ရှင်ပေါလုသည် တစ်ချိန်က အရှင်ခရစ်တော်ကိုဆန့်ကျင်သူဖြစ်ခဲ့သော်လည်း အရှင်ခရစ်တော်နောက်လိုက်အဖြစ် ခံယူပြီးသောအခါ လုပ်ဆောင်သမျှ အောင်နိုင်မှု၊ ခံနိုင်ရည်ရှိမှုများအားလုံးအတွက် "ငါ့ကိုခွန်အားနှင့်ပြည့်စုံစေတော်မူသော ခရစ်တော်အားဖြင့် ခပ်သိမ်းသောအမှုတို့ကို ငါတတ်စွမ်းနိုင်၏။" (ဖိလိပ္ပိ ၄း၁၃) ဟု ဝန်ခံဝမ်းမြောက်ခဲ့သည်။ ခံစားရသည့်အခက်အခဲအတွက် ဝမ်းနည်း၊ စိတ်ပျက်နေမည့်အစား ကျေးဇူးတော်ချီးမွမ်းနိုင်ခဲ့သည်။ ထိုသို့ခံနိုင်ရည်ရှိရန် ဆုတောင်းပတ္ထနာပြုခြင်း၌မွေ့လျော်ပြီး အရာရာ၌ ကျေးဇူးတော်ကိုချီးမွမ်းထောမနာပြုနိုင်ရန်လည်း ခရစ်တော်နောက်လိုက်များအား တိုက်တွန်းနိုင်ခဲ့သည်။ (၁သက် ၅း၁၇-၁၈)။

အရှင်ခရစ်တော်၌ရပ်တည်ပြီး ခွန်အားသတ္တိရနိုင်ရန် လိုက်နာရမည့်အရာများရှိသည်။ ထိုအရာများကိုလိုက်နာလျှင် ဘဝတွင် အစဉ်ပျော်ရွှင်မှုကို ရနိုင်မည်ဖြစ်သည်။

၁။ ဘုရားရှင်သည် သန့်ရှင်းတော်မူသောကြောင့် ယုံကြည်သူများသည် သန့်ရှင်းသောအသက်တာကိုမြတ်နိုး၊ စောင့်ရှောက်ရပေမည်။ (ဝတ်ပြု ၁၉း၂၊ ၂၀း၇၊ ၂၁း၈)

၂။ ဆုတောင်းခြင်းအသက်တာ၌မွေ့လျော်ရမည်။ (ဆာလံ ၅း၃၊ ၁၁၉း၁၄၇၊ လုကာ ၂း၃၇၊ တမန် ၁၀း၂၊ ၁သက် ၃း၁၀၊ ၁တိ ၅း၅)

၃။ မိမိအရေးကိုစွန့်ပြီး ဘုရားအရေးကိုဦးစားပေးသူဖြစ်ရမည်။ (မဿဲ ၆း၃၃၊ ၁၆း၂၄)

၄။ အရှင်ခရစ်တော်၏နည်းလမ်းကိုသာ စံထားသက်ရှင်သူဖြစ်ရမည်။ (မဿဲ ၁၁း၂၈)

အထက်ဖော်ပြပါအချက်များသည် ပြည့်စုံသည်ဟုမပြောနိုင်သော်လည်း အရှင်ခရစ်တော်၌တည်ရှိပြီး အရှင်ခရစ်တော်၏ ဝမ်းမြောက်ရွှင်လန်းခြင်းကို ရယူနိုင်ရန် အထောက်အကူဖြစ်နိုင်မည်ဟု မျှော်လင့်ပါသည်။ သဘောချင်းတိုက်ဆိုင်မှု၊ နီးစပ်အောင်ကြိုးစားမှုမရှိလျှင် လူနှစ်ဦးသည် ကြာရှည်ပေါင်းသင်းနေထိုင်ရန် မလွယ်သကဲ့သို့ တစ်ဦး၏ပျော်ရွှင်မှုကို တစ်ဦးက ခံစားနိုင်ရန်လည်း လွယ်ကူမည်မဟုတ်ပေ။ အရှင်ခရစ်တော်၌ အပြည့်အဝရပ်တည်နိုင်ရေးအတွက် မလိုအပ်သည်များကို စွန့်လွှတ်၊ ဖြစ်သင့်သည်များကို ဇွဲနပဲနှင့်ကြိုးစားမှသာ အရှင်ခရစ်တော်၏ဝမ်းမြောက်ရွှင်လန်းခြင်းများကို ရယူခံစားနိုင်မည်ဖြစ်သည်။❑



# ဝမ်းမြောက်ကြောင်းသဝဏ်လွှာ



သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏ (၂၀၀၆-၂၀၀၇) စာသင်နှစ်အတွက် ထုတ်ဝေသည့် "ရှာလုမ်" မဂ္ဂဇင်း၏သက်တမ်းသည် (၂၅)နှစ် ပြည့်မြောက်သွားပြီဖြစ်သောကြောင့် အဖဘုရားသခင်၏တုန်ဂုဏ်တော်ကို ချီးမွမ်းသကဲ့သို့ နိုင်ခဲ့ တည်တံ့တိုးတက်အောင်ကြိုးပမ်းကြသည့် ခေတ်အဆက်ဆက်လုပ်ဖော်ဆောင်ဖက်များကိုလည်း ဂုဏ်တင်ရင်း ကျေးဇူးဥပကာယတင်လုပါသည်။

ပို၍ပြီး ဝမ်းသာရသည့်အကြောင်းမှာ ယခုစာသင်နှစ် လမ်းညွှန်ပေးသည့် အဓိကအချက် ဖြစ်ပါသည်။

"ဘုရားသခင်နှင့်အကျွမ်းဝင်၍ မိတ်သဟာယဖွဲ့လော့"

(ယောဘ ၂၂း၂၁)

ဘုရားသခင်နှင့် အပေါင်းအဖော်ဖြစ်အောင်ကြိုးစားသူတိုင်း ငြိမ်းချမ်းမှု၊ ငြိမ်းအေးမှုခံစားရပါသည်။ ယောဘတွေ့ကြုံရသည့် ဘုရားသခင်နှင့်ပေါင်းဖော်မှုမှာ ဒုက္ခဝေဒနာဖြစ်ပါသည်။ အရှင်ခရစ်တော်ဘုရားမှလည်း ခမည်းတော်၏စကားကို နာခံရင်း ဝေဒနာလမ်းကိုလျှောက်ရာတွင် ကားတိုင်ပေါ်မှာအသေခံသည့်တိုင်အောင် သစ္စာဝတ်ကို ဖြေဆည်နိုင်ခဲ့ပါသည်။

ဓမ္မတက္ကသိုလ်မှာ ကျင်လည်နေကြသောသူများလည်း သစ္စာဝတ်ဖြစ်သော "နာခံခြင်း"၊ "စင်ကြယ်ခြင်း" ပါရမီများတို့ကို အသည်းခိုက်အောင် အပတ်တကုတ် အားထုတ်လေ့လာခြင်းက မိမိသာမက တစ်ပါးသူများ ဘုရားသခင်နှင့်အကျွမ်းဝင်ပြီး မိတ်သဟာယဖွဲ့နိုင်ဖို့ စေတနာပွားများခြင်းသည် ငြိမ်းချမ်းမှုအတွက်ရောင်ခြည် ဖြစ်ပါသည်။ ဤစာစောင်ဖတ်ရှုသူတိုင်း ငြိမ်းချမ်းမှုကိုတောင့်တနိုင်သော ခရစ်တော်၏လုပ်ဖော်ဆောင်ဖက်မိတ်ဆွေရင်းများ ဖြစ်ကြပါစေသတည်း။

**သာသနာပိုင်ချုပ်ရှမွေလစ်စီငွေး**
(Class of 1967)

# ဝမ်းမြောက်ကြောင်းသဝဏ်လွှာ



မြန်မာလက်နှိပ်စက်၊ စစ်တောင်းစက္ကူအညိုရောင် ဖယောင်းစက္ကူ၊ ရိုးရိုးလက်ဖြင့် လှည့်သော Gestetner ဖြင့်ဆင်းဆင်းရဲရဲမွေးဖွားသန့်စင်ပြီးစတင်အစခံရာမှ ကွန်ပျူတာ စာစီ စာရိုက်၊ ရောင်စုံဖြင့် ခေတ်နှင့်အညီ အမိသန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်ကို ကိုယ်စားပြုလျက် စာပေအားဖြင့် (၂၅)နှစ်တိုင်တိုင် အခက်အခဲမျိုးစုံကြားမှ စိတ်ပျက်အားလျော့ခြင်းမရှိဘဲ သူ့ခေတ် သူ့အခါ အမှုတော်ဆောင်နိုင်ခဲ့ခြင်းအတွက် ထာဝရဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်း၍မဆုံးနိုင်ပါ။

သည်ငွေရတုမှ လာမည့်နှစ်ပေါင်းများစွာတို့တွင် ဤရာလုမ်အမည်ခံယူသော ရာလုမ်မဂ္ဂဇင်းသည် စာပေအားဖြင့် လူသားများ ဘုရားသခင်၏ငြိမ်သက်ခြင်းကိုခံစားကိုယ်ပိုင်ရယူနိုင်ဖို့ရန် ဆက်လက်အစေခံအမှုတော်ဆောင်ရင်း ပေးစွမ်းနိုင်ပါစေကြောင်း ဆုတောင်းပေးပါသည်။

ထာဝရဘုရားသည် ကောင်းမြတ်တော်မူ၍ ကရုဏာတော်သည် ကာလအစဉ်တည်သောကြောင့် ကျေးဇူးတော်ကိုချီးမွမ်းကြလော့။ (ဆာလံ ၁၃၆း၁)

ရာလုမ်

ဒေါက်တာရှွန်ဝေးလ်ဗီ (HCTC 79)
နယ်စီးသာသနာပိုင်ကြီး
တောင်ငူသာသနာပိုင်နယ်



ဝမ်းမြောက်ကြောင်းသဝဏ်လွှာ



ဘုရားသခင်၏ကျေးဇူးတော်ကြောင့် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏ ရာလုမ် မဂ္ဂဇင်းသည် (၂၅) နှစ်ပြည့် ငွေရတုတိုင်အောင် အခက်အခဲကြားမှ အောင်မြင်စွာထုတ်ဝေနိုင်ခဲ့သည့်အတွက် ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ (၂၅)နှစ်ဆိုသောခရီးတာသည် အောင်မြင်မှုလမ်းကြောင်း၌ရပ်တည်နေသည်ဟု ချီးမွမ်းလိုသည်။ ခရစ်ယာန်ဘာသာရေး စာပေ နည်းပါးသည့်ကာလတွင် အထူးသဖြင့် မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလီကန်) တွင် ရာလုမ်မဂ္ဂဇင်း၏ အောင်မြင်မှုကို ဝမ်းမြောက်ဝမ်းသာဖြင့် ကြိုဆိုပါသည်။ အထူးသဖြင့် မန္တလေးသာသနာပိုင်တစ်နယ်လုံးကိုယ်စား ဝမ်းမြောက်ဂုဏ်ယူကြိုဆိုလျက်ရှိကြောင်းနှင့် နောင် လာမည့်နှစ်ပေါင်းများစွာ ဆက်လက်လက်ဆင့်ကမ်း ထုတ်ဝေနိုင်ပါစေကြောင်း ဆုမွန်တောင်းခြင်းနှင့် ဤသဝဏ်လွှာကို ရေးသားပေးပို့လိုက်ပါသည်။

အမှုတော်မြတ်၌

ယောဟန်မြသန်း
နယ်စီးသာသနာပိုင်ကြီး
မန္တလေး

# ဝမ်းမြောက်ကြောင်းသဝဏ်လွှာ



သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၊ ရှာလုမ်မဂ္ဂဇင်း၏ (၂၅)နှစ်ပြည့် "ငွေရတုသဘင်" ချိန်ခါတိုင်ဆီသို့ ချီတက်ရောက်ရှိလာသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ဤသဝဏ်လွှာကို ပေးပို့အပ်ပါသည်။

မြစ်ကြီးနားသာသနာပိုင်အနေဖြင့်လည်း စာဖတ်ပရိသတ်များ၏ကိုယ်စား အထူးပင် ဝမ်းမြောက်ရွှင်လန်းခြင်း ဖြစ်ပါကြောင်း။

ဤရှာလုမ်မဂ္ဂဇင်းကို ဖတ်ရှုလေ့လာမှတ်သားခြင်းအားဖြင့် ယခုနှစ်အတွက် အဓိကထားသော "ဘုရားသခင်နှင့်အကျွမ်းဝင်၍ မိတ်သဟာယဖွဲ့ကြလော့" ဟူသော ဓမ္မအနှစ်သာရကို ခံစားထိတွေ့နိုင်ဖို့ရန်လည်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။ စာဖတ်ပရိသတ်တစ်ဦးစီ၏အသက်တာသည် ဤမဂ္ဂဇင်းအားဖြင့် ဘုရားသခင်နှင့် ပို၍ပို၍ ထိတွေ့ရသော၊ အကျွမ်းဝင်ရသော၊ ရင်းနှီးရသော၊ မိတ်သဟာယဖွဲ့ရသောအချိန်အခါကို ရရှိနိုင်လိမ့်မည်ဟု ယုံကြည်မျှော်လင့်ပါသည်။

ခရစ်တော်သည် လူအုပ်ကြီးကြားထဲမှ ဇက္ခဲနှင့်ထိတွေ့ မိတ်သဟာယဖွဲ့ခဲ့ပုံ၊ (၁၂) နှစ်တိုင်တိုင် ရောဂါဝေဒနာ ခံစားခဲ့ရသောအမျိုးသမီးနှင့် လူအုပ်ကြီးကြားထဲမှနေ၍ ထိတွေ့ မိတ်သဟာယဖွဲ့ခဲ့ပုံများကို ပြန်လည်သတိရမိပါသည်။ ခရစ်တော်သည် စာဖတ်ပရိသတ် တစ်ဦးစီ၏အသက်တာတန်ဖိုးကို အသိအမှတ်ပြုရုံသာမက ရွှင်လန်းခြင်း၊ အပြစ်ဖြေလွှတ်ခြင်း ရောဂါဝေဒနာပျောက်ကင်းချမ်းသာခြင်းတို့ကိုပေးနိုင်သောဘုရား ဖြစ်ပါသည်။

ထို့ကြောင့် ဤရှာလုမ်မဂ္ဂဇင်းကို ဖတ်ရှုလေ့လာမှတ်သားထိတွေ့သူတိုင်း ဤဓမ္မအနှစ်သာရကို ခံစားနိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

အမှုတော်မြတ်၌

**သာသနာပိုင်ဒေးဗစ်သန်းလွင်**
မြစ်ကြီးနားသာသနာပိုင်






Rev. Dr. Simon Be Bin Htu
(Principal)
B.Sc, M.Div, M.Th, D.Min



Rev. Dr. Samuel San Myat Shwe
(Dean of Studies)
B.Th, Ph.D



Saya John Thet Lwin
**Dean of Students**
B.A, B.Th, M.Div (Librarian)



Rev. Mark Saw Maung Doe
(Lecturer)
B.A, B.D, MTS




Rev. Samuel Htang Oak
(Lecturer)
B.A, B.D, M.Phil



Rev. Andrew Mahn Zaw Lwin
(Lecturer)
B.A, M.Div, Th.M



Sayama Grace Mee
(Lecturer)
B.Sc, M.Div, Th.M





Rev. Reginald Bennett
(Lecturer)
B.Sc. B.Th. B.R.E. M.Th



Sayama May Mya Tun
(Lecturer)
B.Sc, B.R.E, Cert. W.A



Sayagyi U Saw Aung Hla Htun
(Lecturer)
B.Engg: (Met.), M.E: (Met)



Saya Saw Si Hai
(Lecturer)
B.Sc, Dip. Music



Sayama Kareng Tawng
(Lecturer) M.A, B.R.E



Sayama Daw Wai Wai Myint
(Lecturer) B.A, MTS (Ass: Librarian)




Sayama Sheila Mya Mya Nyein
(Lecturer)
B.Sc, B.Ed



Sayama Saga Hkawng Tawng
(Lecturer)
B.Sc, B.R.E, M.A.CE








အားသစ်လောင်းဘုန်းတော်ကြီးများ



ရှာလုပ်သဘာပတိ
နော်လဲ့လဲ့ရွှေ (တတိယနှစ်)



ရှာလုပ်တာဝန်ခံစာတည်း
ဖရန့်စစ်လော့ရင့်စ် (တတိယနှစ်)



၂၀၀၇- ၂၀၀၈ ရှာလုပ်သဘာပတိနှင့်
တာဝန်ခံစာတည်း
စောမာနယ်ထူး။ နော်ကညောဖော (ဒုတိယနှစ်)



သာသနာပိုင်နယ်အလိုက် ရှာလုမ်မဂ္ဂဇင်းဖြန့်ချိရေးမှူးများ



ရှာလုမ်စာပေမိသားစု





ပထမနှစ်ကျောင်းသူ ကျောင်းသားများ



ဒုတိယနှစ်ကျောင်းသူ ကျောင်းသားများ



တတိယနှစ်ကျောင်းသူကျောင်းသားများ



နောက်ဆုံးနှစ်ကျောင်းသူကျောင်းသားများ






၂၀၀၆-၂၀၀၇ ပညာသင်နှစ် King & Queen



မောင်မယ်သစ်လွင်ကြိုဆိုပွဲ




မင်းတုန်းလမ်းခရီးအသွား    ကံမမြို့ အမှတ်တရ အားသစ်လောင်းဘုန်းတော်ကြီးများ



ဖွဲ့ကပင် လမ်းခရီး မပင်မပန်းပြီး





စက်စဲကိုရောက် ခရစ်တော်ပျောက်




သန့်ရှင်းသောတြိနတိကာသီဖြယ်ကျောင်းတော်တွင် ပြုလုပ်သည့် Unity Service ၌
ဂိုဏ်းပေါင်းစုံနှင့်အတူ Choir သီဆိုမှု




သက်သာပျောက်ကင်းလာသော Leprosy ဝေဒနာရှင်များ
(သို့မဟုတ်) ဒုတိယနှစ်ကျောင်းသူ ကျောင်းသားများ



ပထမနှစ်ကျောင်းသူ ကျောင်းသားများ ဓါတ်ပုံ



# ရင်ဖွင့်စကား



အမည် လုကာထွန်းထွန်းဝင်း
မွေးသက္ကရာဇ် ၁၂-၁၀-၁၉၈၈
လူမျိုး ကရင်+ဗမာ
အသင်းတော် သန့်ရှင်းသောကားတိုင်အသင်းတော်
သာသနာပိုင်နယ် ရန်ကုန်သာသနာပိုင်နယ်
"ဘုရားမြေ၊ အမြဲနေ အစေခံ ပါရစေ။"



အမည် ဆယ်မြူရယ် စအိုက်ဇက်ကျော်
မွေးသက္ကရာဇ် ၁၈-၈-၁၉၈၅
လူမျိုး ကရင် (ပိုး)
အသင်းတော် ရှင်သတေဖန်အသင်းတော် (သမိုင်း)
သာသနာပိုင်နယ် ရန်ကုန်သာသနာပိုင်နယ်
"တပ်မက်မှုတွေများလှတဲ့ ကိုယ့်ရဲ့အလိုဆန္ဒအတိုင်း ဘဝကိုမလျှောက်လှမ်းဘဲ မထိုက်တန်သော်လည်း ခေါ်ယူအသုံးပြုခဲ့တဲ့ ဘုရားသခင်ရဲ့အလိုတော်အတိုင်းသာ နှိမ့်ချစွာဖြင့် အမှုတော်မြတ်ကို ထမ်းဆောင်နိုင်အောင် ကြိုးစားမယ်။"



အမည် ဂျွန်လက်ခိုင်း
မွေးသက္ကရာဇ် ၈-၄-၁၉၈၁
လူမျိုး ချင်း (ကူကီး)
အသင်းတော် ခရစ်တော်ဘွဲ့ခံ (ဟူမှလင်း)
သာသနာပိုင်နယ် မန္တလေးသာသနာပိုင်နယ်
"ဆရာထက် စေရာမြတ် ကျောင်းစည်းကမ်းနဲ့ တာဝန်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရန် ဘုရားရှင်၏အမှုတော်မြတ်အတွက် ဆရာလိုမဟုတ်၊ စေလိုရာပန်းတိုင်သို့ ...."



အမည် စောဂျီမူးကာပေါ
မွေးသက္ကရာဇ် ၂၇-၇-၁၉၈၅
လူမျိုး ကရင် (ဘွဲ့)
အသင်းတော် , ရှင်မာကုအသင်းတော် (သံတောင်မြို့)
သာသနာပိုင်နယ် တောင်ငူသာသနာပိုင်နယ်
"ဘုရားရှင်ကိုဦးထိပ်ထား၍ ဘဝခရီးကိုလျှောက်လှမ်းနိုင်သူများဖြစ်ရန် ဆန္ဒပြုပါသည်။"



အမည် နော်ပါပါချို
မွေးသက္ကရာဇ် ၃-၉-၁၉၈၆
လူမျိုး ကရင်
အသင်းတော် ရှင်မိကေလအသင်းတော် (မော်တီ)
သာသနာပိုင်နယ် ရန်ကုန်သာသနာပိုင်နယ်
"အခက်အခဲတွေ တွေ့ကြုံရသော်လည်း ဘုရားရှင်အားပေးသည့်အတွက် ကျေးဇူးတော်ကိုချီးမွမ်းပါတယ်။"

အမည် မာသာခွယ်နယ်
မွေးသက္ကရာဇ် ၄-၈-၁၉၈၇
လူမျိုး ကချင် (ဆင်၊ လထော်)
အသင်းတော် ရှင်မဿဲအသင်းတော် (နမ္မတီး)
သာသနာပိုင်နယ် မြစ်ကြီးနားသာသနာပိုင်နယ်
"ယနေ့ ကျွန်မတို့အသက်တာမှာ ဘုရားသခင်အား အမှန်တကယ်နာခံခြင်းနဲ့အသက်ရှင်ရင် ဘုရားသခင်က ကျွန်မတို့လိုလားတောင့်တသော မျှော်လင့်ခြင်းများကို ပြည့်ဆည်းပေးမှာပါ။"





အမည် အိုက်သိန်းလင်း
မွေးသက္ကရာဇ် ၁၁-၁၂-၁၉၈၁
လူမျိုး ချင်း (ခူမီး)
အသင်းတော် ရှင်ယောဟန်အသင်းတော် (ပလက်ဝ)
သာသနာပိုင်နယ် စစ်တွေသာသနာပိုင်နယ်
"Holy Cross ကျောင်းတော်ဟာ ကြေးမုံ (မှန်) တစ်ချပ်လိုပါပဲ။ ကိုယ်မှာ ဘာလိုနေလဲ ဘာပြင်ဆင်ရမလဲဆိုတာ ရုပ်လုံးပေါ်လွင် ထင်ဟပ်နေပါတယ်။"

အမည် ကလေမင် ဆလိုင်းဇော်မော်ဦး
မွေးသက္ကရာဇ် ၂-၄-၁၉၈၈
လူမျိုး ချင်း (အရှို)
အသင်းတော် ရှင်မာရီအသင်းတော် (ညောင်လဲတိုး)
သာသနာပိုင်နယ် ရန်ကုန်သာသနာပိုင်နယ်
"မဿဲ ၆း၃၃ အတိုင်း အသက်ရှင်သမျှကာလပတ်လုံး အမှုတော်ထမ်းဆောင်နိုင်ရန် ကြိုးစား အားထုတ်ပြင်ဆင်နေလျက် ....။"





အမည် အဲလစ်ဒေါက်နနအောင်
မွေးသက္ကရာဇ် ၉-၁-၁၉၈၇
လူမျိုး ချင်း (မြို ခူမီး)
အသင်းတော် ရှင်ယောဟန်အသင်းတော် (ပလက်ဝ)
သာသနာပိုင်နယ် စစ်တွေသာသနာပိုင်နယ်
"ကျွန်မခေါ်ဝေအသက်တာကို ကိုယ်တော်ရှင်ထံ ဆက်ကပ်အပ်နှံပါ၏။ ကိုယ်တော်ရှင် လိုရာအသုံးပြုတော်မူပါ။"

အမည် ရွှန်ဆိုင်းလတ်
မွေးသက္ကရာဇ် ၂၅-၂-၁၉၈၈
လူမျိုး ကချင် (လထော်၊ မရူ)
အသင်းတော် ခရစ်ဘုရင်မင်းဘွဲ့ခံကာသီဒြယ်
သာသနာပိုင်နယ် မြစ်ကြီးနားသာသနာပိုင်နယ်
"မွေးရပ်၊ အရောင်အဆင်းနဲ့ပြည့်စုံလာအောင် မြှုပ်မျိုးတောင်ပေးသော ဥယျာဉ်မှူးများနှင့် ဥယျာဉ်ခြံကြီးကို ကျေးဇူးတင်လျက် ...."







အမည် စောဘဲနီထူး
မွေးသက္ကရာဇ် ၃-၇-၁၉၈၃
လူမျိုး ကရင် (စကော)
အသင်းတော် ရှင်ပေါလုကသီဒြယ်အသင်းတော်
သာသနာပိုင်နယ် တောင်ငူသာသနာပိုင်နယ်
"ဘုရားသခင်ခေါ်သောလမ်းကို ရှောင်ပုန်းမရသော ကျွန်တော်ဟာ ယခု ဘုရားသခင်နှုတ်ကပတ်တော်၌ စတင်အသက်ရှင်လျှောက်လှမ်းနေပါပြီ။"

အမည် စတီဗင်မွေဆီး
မွေးသက္ကရာဇ် ၆-၈-၁၉၈၀
လူမျိုး ချင်း (ခူမီး)
အသင်းတော် ရှင်မိကျွေလအသင်းတော်
သာသနာပိုင်နယ် စစ်တွေသာသနာပိုင်နယ်
"ကိုယ်တော်ရှင်ရဲ့ ကြီးမားသောမေတ္တာကြောင့် ဓမ္မတက္ကသိုလ်တက်ခွင့်ရလာပြီး ရှေ့ဆက်ခရီးမှာ အဆိုးကို အကောင်းအားဖြင့် အနိုင်ယူဖို့ ခွန်အားပေးတော်မူပါ။"





အမည် Saw James Heaven
မွေးသက္ကရာဇ် ១-၇-၁၉၈၃
လူမျိုး ကရင် (စကော)
အသင်းတော် ရှင်ယောဟန်အသင်းတော်
သာသနာပိုင်နယ် ဘားအံသာသနာပိုင်နယ်
"ထမင်းအပူရှိရင် ထမင်းကျန်များကို လူများမစားချင်ပါ။ ထမင်းအပူမရှိရင် ထမင်းကျန်များ လူများအတွက် အသုံးဝင်မည်။"

အမည် ရွှန်ကျင်ဇခွန်
မွေးသက္ကရာဇ် ១-၁၂-၁၉၈၇
လူမျိုး ချင်း (ထားဒို)
အသင်းတော် သန့်ရှင်းသူအပေါင်းအသင်းတော် (တမူး)
သာသနာပိုင်နယ် မန္တလေးသာသနာပိုင်နယ်
"မထိုက်တန်ဘဲ ရခဲ့တဲ့ကျေးဇူးတော်နဲ့ အနှိုင်းမဲ့မေတ္တာဖြင့် ကြည့်ရှုစောင်မပေးတဲ့ဘုရားသခင်ကို သစ္စာရှိစွာဖြင့် ဆက်ကပ်ရန်ပြင်ဆင်လျက် ...."





အမည် နော်ကညောဖော
မွေးသက္ကရာဇ် ၆-၄-၁၉၈၂
လူမျိုး ကရင် (ဘွဲ)
အသင်းတော် ရှင်မာကု (ကမ်းနီ) ဘုန်းကြီးပိုင်နယ်
သာသနာပိုင်နယ် တောင်ငူသာသနာပိုင်နယ်
"ဖြစ်ချင်တာထက် ဖြစ်သင့်တာကိုလုပ်ဖို့ တစ်ဘဝလုံးအတွက် ဆုံးဖြတ်ထားတယ်။"

အမည်　　မော်နီကာလျှင်နေကြောင်
မွေးသက္ကရာဇ်　　၅-၈-၁၉၈၆
လူမျိုး　　ချင်း (ကူကီး)
အသင်းတော်　　သန့်ရှင်းသူအပေါင်းအသင်းတော် (တမူး)
သာသနာပိုင်နယ်　　မန္တလေးသာသနာပိုင်နယ်
"မထိုက်တန်သော်လည်း ပါဝင်ဆက်ကပ်ခွင့်ရတဲ့အတွက် ကျေးဇူးတော်ကိုချီးမွမ်းပါတယ်။"





အမည်　　ဓရုဗ္ဗတိုဟာ ကြေည်မင်းစိုး
မွေးသက္ကရာဇ်　　၁၀-၆-၁၉၈၇
လူမျိုး　　ကရင် (ပိုး)
အသင်းတော်　　ရှင်ယောဟန်အသင်းတော် (ကျောင်းတော်ကလေး)
သာသနာပိုင်နယ်　　ရန်ကုန်သာသနာပိုင်နယ်
"H.C.T.C ဟာ မတူညီတဲ့အေးစက်များနဲ့ပေါင်းစပ်ပြီး အလှူနိလှပတဲ့ပန်းချီကားလေးတစ်ချပ်ပါ။"
What on earth am I here for?

အမည်　　မသဲခဲတောမာနယ်ထူး
မွေးသက္ကရာဇ်　　၉-၆-၁၉၈၈
လူမျိုး　　ကရင်+တရုတ်
အသင်းတော်　　သန့်ရှင်းသူအပေါင်း (မြင်ဦးလွင်)
သာသနာပိုင်နယ်　　မန္တလေးသာသနာပိုင်နယ်
"ကျမ်းစာကျောင်းတက်ရင် အင်မတန်မှခက်ခဲတယ်လို့ လူတွေကထင်ကြပေမယ့် မလွယ်သလို မခက်ပါဘူး။"






အမည်　　ရှိစလင်းနိုင်ရှိရှိမော်
မွေးသက္ကရာဇ်　　၁၃-၁၂-၁၉၈၈
လူမျိုး　　ချင်း
အသင်းတော်　　ရှင်မာရိအသင်းတော် (ညောင်လံတိုး)
သာသနာပိုင်နယ်　　ရန်ကုန်သာသနာပိုင်နယ်
"လူသားတွေချစ်တတ်ဖို့ရန်နဲ့ ဘုရားသခင်အပေါ် သစ္စာရှိဖို့ရန် ကြိုးစားနေလျက် ..."

အမည်　　အက်စတာလျှင်ဝီးနိုဝ်
မွေးသက္ကရာဇ်　　၂၈-၃-၁၉၈၅
လူမျိုး　　ချင်း
အသင်းတော်　　သန့်ရှင်းသူအပေါင်းအသင်းတော်
သာသနာပိုင်နယ်　　မန္တလေးသာသနာပိုင်နယ်
"ကျောင်းတော်ကြီးက ပေးတဲ့အတွေ့အကြုံဟာ ကွင်းထဲရောက်တဲ့အခါအထောက်အကူဖြစ်မှာပါ။"







အမည်　　စောထီစိုး
မွေးသက္ကရာဇ်　　၁၆-၆-၁၉၈၅
လူမျိုး　　ကရင်
အသင်းတော်　　ရှင်ဂျေရာဂျက်အသင်းတော် (သံတောင်ကြီး)
သာသနာပိုင်နယ်　　တောင်ငူသာသနာပိုင်နယ်
"ဘဝ၏နာရီကို ဘုရားသခင် တစ်ကြိမ်တစ်ခါ သံပတ်ပေးထားသည့်အတွက် သံပတ်မကုန်ခင် နှောင်တရကြပါ။"


အမည်　　စတီဗင်စောသာဒူးစိုး
မွေးသက္ကရာဇ်　　၆-၅-၁၉၈၃
လူမျိုး　　ကရင် (စကော)
အသင်းတော်　　ရှင်ယောဟန်အသင်းတော်
သာသနာပိုင်နယ်　　ဘားအံသာသနာပိုင်နယ်
"နက်နဲလှသော ဘုရားသခင်၏နှုတ်ကပတ်တော်ကိုသင်ယူခွင့်ရသောကြောင့် မိမိကိုယ်ကို ဂုဏ်ယူမိပါတယ်။"





အမည်　　ဖရန်စစ်လောရင့်စ်
မွေးသက္ကရာဇ်　　၁၈-၈-၁၉၈၃
လူမျိုး　　Indian (Tamil)
အသင်းတော်　　သန့်ရှင်းသောတြိနတိကသိဒြယ်ကျောင်းတော်
သာသနာပိုင်နယ်　　ရန်ကုန်သာသနာပိုင်နယ်
"ဇာတ်စုံပေါ်ကသရုပ်ဆောင်ဟာ အကောင်းဆုံးဟန်ဆောင်မှုနဲ့ အကယ်ဒမီရနိုင်ပေမယ့် လောကဇာတ်ခုံပေါ်မှာ တကယ့်သရုပ်ဆောင်ဖြစ်ဖို့ကတော့ သမ္မာကျမ်းစာဆိုတဲ့ဇာတ်ညွှန်းကိုကျေညက်ဖို့တော့လိုလိမ့်မယ်။"

အမည်　　ဒေးဗစ်ဆလိုင်းဘူးထန်ပိုင်
မွေးသက္ကရာဇ်　　၁၃-၉-၁၉၈၃
လူမျိုး　　ချင်း
အသင်းတော်　　ရှင်ဗာနဗအသင်းတော် (ပုံတာနုံး)
သာသနာပိုင်နယ်　　စစ်တွေသာသနာပိုင်နယ်
"သူတစ်ပါးအကြိုက် မလုပ်ပေးနိုင်လည်း မကြိုက်တာမလုပ်မိအောင်၊ မပြုံးပြနိုင်ရင်တောင်မှ အမုန်းစိတ်မပွားအောင် ကြိုးစားကြပါစို့။"






အမည်　　ပီတာနိုင်းနေအောင်
မွေးသက္ကရာဇ်　　၁၈-၁၂-၁၉၈၂
လူမျိုး　　ချင်း+ရှမ်း
အသင်းတော်　　ရှင်မာကုအသင်းတော် (ပြည်မြို့)
သာသနာပိုင်နယ်　　ရန်ကုန်သာသနာပိုင်နယ်
"အသက်တာကို ပြန်လည်ပြင်ဆင်ပြီး ဘုရားရဲ့အမှုတော်ကို ထမ်းဆောင်ဖို့ပြင်ဆင်နေပါပြီ။"

အမည် နော်မှိုင်းနင်းမွန်း
မွေးသက္ကရာဇ် ၁၁-၁၁-၁၉၈၃
လူမျိုး ကရင် (ဘွဲ)
အသင်းတော် ရှင်အခြေအသင်းတော် (မြောက်ဒဂုံ)
သာသနာပိုင်နယ် ရန်ကုန်သာသနာပိုင်နယ်
"ဘုရားကိုမမေ့ဘဲ အမြဲဆုတောင်းဖို့မှာကြားတဲ့ မိဘရဲ့စကားကို နှလုံးသွင်း၍ ပညာနှီးရည်သာမက ရင့်ကျက်မှုကိုရရှိစေတဲ့ H.C.T.C မှ ဆရာ၊ ဆရာမများကို ကျေးဇူးတင်လျက် ...."






အမည် ဝီလျံစိုင်းသူအောင်
မွေးသက္ကရာဇ် ၄-၁၁-၁၉၈၇
လူမျိုး ချင်း+ရှမ်း
အသင်းတော် ရှင်မာကုအသင်းတော် (ပြည်မြို့)
သာသနာပိုင်နယ် ရန်ကုန်သာသနာပိုင်နယ်
"ယုံကြည်ခြင်းဆိုတဲ့ ဓားတစ်လက်ကို နှုတ်ကပတ်တော်သမ္မာကျမ်းစာဆိုတဲ့ ဓားသွေးကျောက်ပေါ်မှာ သွေးမှ အလွန်ထက်မြက်သောဓားတစ်လက်ဖြစ်လာသကဲ့သို့ စစ်မှန်သော၊ ဝိညာဉ်အသက်တာရင်သန်တဲ့ ခရစ်တော်နောက်လိုက်ဖြစ်လာမှာ သေချာတယ်။"

အမည် ရှယ်နော်ဆဲဂေဝါးဖော
မွေးသက္ကရာဇ် ၁၂-၁၁-၁၉၈၃
လူမျိုး ကရင်
အသင်းတော် ရှင်မာကုအသင်းတော် (၁၃ မိုင်)
သာသနာပိုင်နယ် တောင်ငူသာသနာပိုင်နယ်
"ရသမျိုးစုံ၊ အသိပညာနဲ့ ရင့်ကျက်မှုများစွာပေးတဲ့ ကျောင်းတော်ကြီးမှာနေရတာ အပျော်ဆုံးပါ။"





အမည် ဆလိုင်းဗင်ယာမိန်
မွေးသက္ကရာဇ် ၉-၉-၁၉၈၀
လူမျိုး ချင်း (ခေါင်စို)
အသင်းတော် ရှင်မဿဲအသင်းတော် (ပါးဝ)
သာသနာပိုင်နယ် စစ်တွေသာသနာပိုင်နယ်
"ဘုရားသခင်ရဲ့အမှုတော်မြတ်ထမ်းဆောင်ဖို့ သမ္မာကျမ်းစာကိုလေ့လာရန် သင့်တော်သောနေရာ ဖြစ်ပါတယ်။"

အမည် နော်ဂျူးနာ
မွေးသက္ကရာဇ် ၉-၁-၁၉၈၂
လူမျိုး ကရင်
အသင်းတော် ရှင်ပေတရုအသင်းတော် (နမ္မတူ)
သာသနာပိုင်နယ် မန္တလေးသာသနာပိုင်နယ်
"နှုတ်ကပတ်တော်သည် ပျားရည်တကာထက်ချို၍ သန်လျက်တကာ့ထက် ထက်မြက်လှပါ၏။ နှုတ်ကပတ်တော်ကိုဆာငတ်သောနှလုံးသားများ ရှိစေလိုပါတယ်။"








အမည် ဖလောရင့်စ်ခိုင်အေးအေးသင်း
မွေးသက္ကရာဇ် ၂၃-၈-၁၉၈၁
လူမျိုး ချင်း (အရှို)
အသင်းတော် ရှင်ပေါလုအသင်းတော် (ကြာအင်း)
သာသနာပိုင်နယ် ရန်ကုန်သာသနာပိုင်နယ်
"ဘဝအသက်တာရင့်ကျက်မှုများကို တည်ဆောက်ပေးနေတဲ့ ဘုရားသခင်နဲ့ ကျောင်းတော်ကြီးကို ကျေးဇူးတင်ပါတယ်။"

အမည် စောဘွယ်ဟီထူး
မွေးသက္ကရာဇ် ၁၄-၂-၁၉၈၄
လူမျိုး ကရင် (ဘွဲ)
အသင်းတော် ရှင်ဂျူဂျက်အသင်းတော် (သံတောင်ကြီး)
သာသနာပိုင်နယ် တောင်ငူသာသနာပိုင်နယ်
"ဘုရားသခင်ရဲ့ ဗိပြင်တဲ့ယယ်သားကောင်းတစ်ဦးဖြစ်ဖို့ရန် သုညဘဝမှ အပြည့်ကိန်းတစ်ခုဖြစ်လာအောင် ကြိုးစားပြင်ဆင်လျက် ....."





အမည် ဒေ့လုဒီယာ
မွေးသက္ကရာဇ် ၁၈-၁၂-၁၉၈၃
လူမျိုး ချင်း (ခူမီး)
အသင်းတော် ရှင်ပေတရုအသင်းတော် (ပိန္နဲတပင်)
သာသနာပိုင်နယ် စစ်တွေသာသနာပိုင်နယ်
"ဒုက္ခ၊ သုခဆိုတာ ဘဝအသက်တာမှာခံစားရမယ်။ ဒီတော့ ... အသက်ရှင်စဉ်အခါ ခံနိုင်ရည်ရှိရှိနဲ့သာ အသက်ရှင်ကြပါစို့။"

အမည် မေရီနန့်စုစုမြိုင်
မွေးသက္ကရာဇ် ၂၈-၁၂-၁၉၈၂
လူမျိုး ကရင် (ပိုး)
အသင်းတော် ရှင်လုကာအသင်းတော် (ဒေါ်ပုံ)
သာသနာပိုင်နယ် ရန်ကုန်သာသနာပိုင်နယ်
"ကျွန်မရဲ့အသက်တာမှာ ခံနိုင်ရည်ရှိဖို့၊ ရင့်ကျက်မှုရှိဖို့အတွက် ကျွန်မကြုံတွေ့ရတဲ့ အတွေ့အကြုံ၊ အခက်အခဲတွေအားဖြင့် ဘုရားသခင်က လေ့ကျင့်ပေးတယ်လို့ခံစားမိပါတယ်။"





အမည် စာရာနန့်ဝင်းဝင်းမော်
မွေးသက္ကရာဇ် ၁၅-၄-၁၉၈၂
လူမျိုး ကရင် (ပိုး)
အသင်းတော် ရှင်လုကာအသင်းတော် (ဒေါ်ပုံ)
သာသနာပိုင်နယ် ရန်ကုန်သာသနာပိုင်နယ်
"လူတွေကိုကြည့်ရတာ စိတ်ညစ်တယ်၊ ဘုရားသခင်ကိုတွေ့တော့ ငြိမ်းချမ်းသွားတယ်။"

အမည် ဂရေစီဆိုင်းနုပန်
မွေးသက္ကရာဇ် ၂၃-၁၁-၁၉၈၄
လူမျိုး ရှမ်း+ကချင်
အသင်းတော် ရှင်ဂါဗြေလအသင်းတော် (လုံးခင်)
သာသနာပိုင်နယ် မြစ်ကြီးနားသာသနာပိုင်နယ်
"ကျွန်မအတွက် ဘုရားသခင်က အကောင်းတွေပဲပြင်ဆင်ပေးတယ်ဆိုတာကို ယုံကြည်ပါတယ်။ ယုံကြည်ခြင်းဖြင့် လျှောက်လှမ်းကြပါစို့ ...."





အမည် မသဲစောမြတိုး
မွေးသက္ကရာဇ် ၂၆-၁၁-၁၉၇၅
လူမျိုး ကရင် (စကော)
အသင်းတော် ရှင်ပေါလုအသင်းတော် (ဘစိုင်း)
သာသနာပိုင်နယ် ရန်ကုန်သာသနာပိုင်နယ်
"ဝယ်မရနိုင်တဲ့အသိပညာများရခဲ့သလို ဘုရားဆိုတာ သိခဲ့၊ တွေ့ခဲ့ရပါပြီ။ နောင်တရဆိုတာ သိရပါပြီ။ အံ့သြစရာပါ ကျောင်းတော်ကြီးရယ် ..."

အမည် နော်လုံ့လုံ့ရွှေ
မွေးသက္ကရာဇ် ၁-၂-၁၉၇၈
လူမျိုး ကရင်
အသင်းတော် သန့်ရှင်းသောကားတိုင်အသင်းတော် (တိုးတိုးပင်)
သာသနာပိုင်နယ် တောင်ငူသာသနာပိုင်နယ်
"မိုးစက်ကလေးတွေဟာ ညှိုးနွမ်းနေတဲ့ မြက်ခင်းပန်းပင်ကလေးတွေကို လန်းဆန်းသွားနိုင်သလို ကျွန်မဟာလည်းပဲ အသက်ရှင်စဉ်အခါ ခံစားချက်မတူညီကြတဲ့လူတွေကြားထဲမှာ အားလုံးအတွက် မိုးစက်ကလေးကဲ့သို့ဖြစ်ချင်တယ်။"





အမည် စောဒေါ်နေထူး
မွေးသက္ကရာဇ် ၂၃-၅-၁၉၆၄
လူမျိုး ကရင်
အသင်းတော် ရှင်ပေတရုကသိုဗြယ်အသင်းတော်
သာသနာပိုင်နယ် ဘားအံသာသနာပိုင်နယ်
"အမှုတော်ဆောင်ဖို့ ကျမ်းစာကျောင်းတက်ရင် ပိုရင့်ကျက်လာမယ်လို့ ခံယူမိတယ်။ တကယ်တော့ ကျမ်းစာကျောင်းဟာ အမှုတော်ဆောင်ရန်အတွက် လှေခါးထစ်ပါပဲ။"

အမည် စောမိုးဇက်ကာစိုထော
မွေးသက္ကရာဇ် ၃-၈-၁၉၈၄
လူမျိုး ကရင် (စကော)
အသင်းတော် ရှင်မသဲအသင်းတော် (သစ်စေးတောင်)
သာသနာပိုင်နယ် တောင်ငူသာသနာပိုင်နယ်
ဘုရားအတွက် အမှုကြီးပေးဆပ်ချင်တယ်
"အသုံးတော်ခံချင်တယ်။ ဒါပေမဲ့ လက်တွေ့တကယ်ဖြစ်မလာပါဘူး။ တစ်ခုတော့သိလိုက်ရတယ်။ ရှိသည့်အတိုင်း အစေခံဖို့ပါပဲ ..."








အမည် ကက်သရင်းနှင်းနုထွေး
မွေးသက္ကရာဇ် ၅-၈-၁၉၈၇
လူမျိုး ကရင် (ပိုး)
အသင်းတော် ရှင်မာရီအသင်းတော် (ပါလဲ့)
သာသနာပိုင်နယ် ရန်ကုန်သာသနာပိုင်နယ်
"ကျောင်းတော်ကြီးဟာ ပျော်စရာကောင်းသလို တွေ့မြင်ကြုံတွေ့နေရတဲ့အရာအားလုံးဟာ အံ့သြစရာတွေပါပဲ။"

အမည် စောပန်းရွှေ
မွေးသက္ကရာဇ် ၂၃-၃-၁၉၈၄
လူမျိုး ကရင်
အသင်းတော် ရှင်ပေါလုကသိုဗြယ်ဘုန်းကြီးပိုင်နယ်၊ ရှင်ပေတရုအသင်းတော်
သာသနာပိုင်နယ် တောင်ငူသာသနာပိုင်နယ်
"လူမည်သည်ကား မိမိဉာဏ်အားဖြင့် တံရွှာန်ကဲ့သို့ဖြစ်၏။ ယေရမိအနာဂတ္တိကျမ်း ၁၀း၁၄ (က)"





အမည် ရွှန်စောဘာမူး
မွေးသက္ကရာဇ် ၈-၁၁-၁၉၈၃
လူမျိုး ကရင်
အသင်းတော် လိဝ်သိုဘုန်းကြီးပိုင်နယ်
သာသနာပိုင်နယ် တောင်ငူသာသနာပိုင်နယ်
"အမျိုးမျိုးသော အားနည်းမှုတွေ၊ အခက်အခဲတွေကြားထဲမှာ ပြင်ဆင်ခွင့်ရတဲ့အတွက် မပြောတတ်လောက်အောင် ဝမ်းမြောက်မိပါတယ်။"

အမည် မာဂရက်မိုင်းရာ
မွေးသက္ကရာဇ် ၁၆-၁၂-၁၉၈၃
လူမျိုး ကချင် (ကိုန်းဇော)
အသင်းတော် ရှင်ယောဟန်အသင်းတော် (ဟိုပင်)
သာသနာပိုင်နယ် မြစ်ကြီးနားသာသနာပိုင်နယ်
"အနတ္တ၊ အနတ္တ အရာခပ်သိမ်းသည် အနတ္တဖြစ်၏။ ဒေသနာကျမ်း ၁း၂"





အမည် နန့်ခက်နိုင်ဦး
မွေးသက္ကရာဇ် ၅-၂-၁၉၈၅
လူမျိုး ချင်း+ကရင်
အသင်းတော် ရှင်ပေါလုအသင်းတော် (ကြာအင်း)
သာသနာပိုင်နယ် ရန်ကုန်သာသနာပိုင်နယ်
"အမှုဆောင်ခြင်းအသက်တာမှာ မထိုက်တန်တဲ့ကျွန်မ လေးနှစ်တာ အမှုတော်ရန်ပြင်ဆင်ခွင့်ရခဲ့ပါပြီ။ ရှေ့ဆက်ပြီး ဘုရားရှင်ကို သစ္စာရှိစွာဆက်ကပ်ဖို့ ကြိုးစားလျက် ...."

အမည်　　ခရစ္စတိုဖာ စောကျော်ဒီမူး
မွေးသက္ကရာဇ်　　၁၅-၁၂-၁၉၈၂
လူမျိုး　　ကရင် (စကော)
အသင်းတော်　　ရှင်ပေတရုကာသီဖြယ်အသင်းတော်
သာသနာပိုင်နယ်　　ဘားအံသာသနာပိုင်နယ်
''ဘဝအသက်တာမှာ အကြီးမားဆုံးသုခချမ်းသာသည်
ချစ်ခြင်းမေတ္တာဖြစ်၏။ ချစ်ခြင်းမေတ္တာဖြင့် ဘဝကိုတည်ဆောက်ကြပါစို့ ....''





အမည်　　အက်စတာလွမ်ရာ
မွေးသက္ကရာဇ်　　၁၉-၂-၁၉၈၅
လူမျိုး　　ကချင်
အသင်းတော်　　ရှင်မာကုအသင်းတော် (နန့်စီးအောင်)
သာသနာပိုင်နယ်　　မြစ်ကြီးနားသာသနာပိုင်နယ်
''အဖူးသည် ခါးဟန်ရှိသော်လည်း ချိုသောပန်းဖြစ်လိမ့်မည်။''

အမည်　　မိုင်တင်မိုးလွင်
မွေးသက္ကရာဇ်　　၄-၂-၁၉၈၄
လူမျိုး　　ချင်း
အသင်းတော်　　ဂေသရေမန်အသင်းတော် (ပေါက်ခေါင်း)
သာသနာပိုင်နယ်　　ရန်ကုန်သာသနာပိုင်နယ်
''ဘုရားသခင်၌ တိုးဝင်ချဉ်းကပ်မှုများလေလေ
စုံစမ်းခြင်း များများခံရလေလေပါပဲ။ ဒါပေမဲ့ ဘုရားသခင်က စာတန်ကိုအောင်နိုင်တယ်ဆိုတာ
အပြည့်အဝယုံကြည်ကြပါလို့ ခွန်အားပေးလျက် ....''





အမည်　　ခရစ္စတီးနော်တကူဖော
မွေးသက္ကရာဇ်　　၁၅-၁၁-၁၉၈၁
လူမျိုး　　ကရင် (ပွို)
အသင်းတော်　　ရှင်ရော့ဂျက်အသင်းတော် (သံတောင်ကြီး)
သာသနာပိုင်နယ်　　တောင်ငူသာသနာပိုင်နယ်
''အသက်တာတွင် ဆင်းရဲခြင်းနဲ့စတင်တွေ့ခြင်းသည် အောင်မြင်ခြင်းလက်ဆောင်ဖြစ်နိုင်ပါသည်။''
"A poor start in life can be the gift of brilliance."

အမည်　　ယောရှုစရဲထွဋ်အောင်
မွေးသက္ကရာဇ်　　၁၅-၄-၁၉၈၁
လူမျိုး　　ကရင် (ပိုး)
အသင်းတော်　　သန့်ရှင်းသူအပေါင်း (ဂရမ်း)
သာသနာပိုင်နယ်　　ရန်ကုန်သာသနာပိုင်နယ်
''ခရစ်တော်အတွက် သူရဲကောင်းတစ်ယောက်ဖြစ်လာလိမ့်မယ်လို့ မထင်ခဲ့ပါဘူး။''







အမည်　　ယောနနော်ဂျာ
မွေးသက္ကရာဇ်　　၁၉-၂-၁၉၈၄
လူမျိုး　　ကချင် (မိတုံ၊ ဖောင်လာ၊ အင်လမ်း၊ ဝနာ)
အသင်းတော်　　ခရစ်တော်ဘွဲ့ခံ ကာသိဖြယ်အသင်းတော်
သာသနာပိုင်နယ်　　မြစ်ကြီးနားသာသနာပိုင်နယ်
အမှုတော်အရှမ်းဆောင်ချင်ပြီ ''မနေနိုင်တော့ဘူး''

အမည် ဂိုမ်းစ်ဟိန်းလတ်ရာဇာ
မွေးသက္ကရာဇ် ၂၆-၃-၁၉၈၂
လူမျိုး ဗမာ+ကရင် (အဖေ ဗမာ၊ အမေ ကရင်)
အသင်းတော် ရှင်ပေတရုအသင်းတော် (နမ္မတူ)
သာသနာပိုင်နယ် မန္တလေးသာသနာပိုင်နယ်
''ကျွန်တော့်ကို ရွေးကောက်ခဲ့တဲ့ ဘုရားသခင်ရဲ့အကြံအစည်တော်နဲ့ မေတ္တာတော်ဟာ
လူဦးနှောက်နဲ့မမီနိုင်လောက်အောင် ကျယ်ပြန့်လှပါတယ်ဗျာ ...''






အမည်　　ရေချယ်တင်နီလှိုင်
မွေးသက္ကရာဇ်　　၃၀-၁၁-၁၉၈၃
လူမျိုး　　ချင်း (ကူကီး)
အသင်းတော်　　သန့်ရှင်းသူအပေါင်း (တမူး)
သာသနာပိုင်နယ်　　မန္တလေးသာသနာပိုင်နယ်
''ဘုရားရှင်ရဲ့အရိပ်အောက်၌ အမှုဆောင်ဖို့ ခိုဝင်နေတဲ့အချိန်မှာတောင်
လူဆိုတဲ့ အတ္တနောက်ကို ဖက်တွယ်မိတဲ့အချိန်ဟာ မရေတွက်နိုင်အောင်ပါလား။''

အမည် နော်ယွာပေါ
မွေးသက္ကရာဇ် ၅-၃-၁၉၈၃
လူမျိုး ကရင် (စကော)
အသင်းတော် ရှင်ပေတရုကာသီဖြယ်အသင်းတော်
သာသနာပိုင်နယ် ဘားအံသာသနာပိုင်နယ်
''အသင်းတော်အတွက် ကျရာကဏ္ဍ၌ အကောင်းဆုံးလုပ်ဆောင်ပါမည်။''






အမည် ဒေးဗစ်လော့ဒ်အောင်
မွေးသက္ကရာဇ် ၂-၄-၁၉၈၂
လူမျိုး ကချင် (ဂိုနီးဖော)
အသင်းတော် ရှင်ပေါလုအသင်းတော် (ဆားမော်)
သာသနာပိုင်နယ် မြစ်ကြီးနားသာသနာပိုင်နယ်
''ကျွန်တော် ဘာမှမတတ်သော်လည်း သခင်ဘုရားအမြဲအားပေးနေမည်ဟု
ယုံကြည်မျှော်လင့်လျက် .... (ဖိလိပ္ပိ ၄း၁၃)''

အမည် နော်လွင်သီတာမြင့်
မွေးသက္ကရာဇ် ၁၆-၁၁-၁၉၇၇
လူမျိုး ဗမာ+ကရင်
အသင်းတော် ရှင်မာကုအသင်းတော် (ကမ်းနီ)
သာသနာပိုင်နယ် တောင်ငူသာသနာပိုင်နယ်
"ယေရှုခရစ်တော်ဟာ ကျွန်ုပ်ကိုရော၊ သင့်ကိုရော ချစ်တယ်။
ဒါကြောင့် လူသားအချင်းချင်းမုန်းဖို့ ဘုရားသခင် အခွင့်ပေးမထားပါဘူး။"





အမည် မိုင်မေရီ ဥဒိန်
မွေးသက္ကရာဇ် ၁၉-၆-၁၉၇၀
လူမျိုး ချင်း
အသင်းတော် ရှင်မသဲအသင်းတော် (ဥသျှစ်ပင်)
သာသနာပိုင်နယ် ရန်ကုန်သာသနာပိုင်နယ်
"စေလိုရာစေ သွားမယ်ကွယ်။"






I. In this academic year, the college enrolls with (7) Faculties, (6) adjunct lecturers and (2) adjunct lecturers of continuous theological education.

A. Faculties

1. Revd. Dr. Simon Be Bin Htoo - Principal
2. Revd. Dr. Samuel San Myat Shwe - Dean of Studies
3. Saya John Thet Lwin - Dean of Students
4. Revd. Mark Saw Maung Doe - Lecturer
5. Revd. Andrew Mahn Zaw Lwin - Lecturer
6. Revd. Reginald Bennett - Lecturer
7. Sayama Saga Hkawng Tawng - Lecturer



B. Adjunct Lecturers
1. Sayagyi Saw Aung Hla Tun
2. Sayama Grace Mee
3. Sayama Christina May Mya Tun
4. Sayama Kareng Tawng
5. Sayama Sheila Mya Mya Nyein
6. Sayama Wai Wai Myint

C. Adjunct Lecturers of continuous theological education.
1. Revd. Samuel Htang Oak
2. Saya Saw Si Hai

II. There are (57) Students. (27) Female and (31) male.
A. Enrollment by Class

| Year | Female | Male | Total |
| --- | --- | --- | --- |
| First Year | 3 | 9 | 12 |
| Second Year | 4 | 6 | 10 |
| Third Year | 10 | 7 | 17 |
| Final Year | 9 | 9 | 18 |

B. Enrollment by Diocese

| | |
| --- | --- |
| Yangon | - 19 |
| Mandalay | - 8 |
| Taungoo | - 12 |
| Myitkyina | - 7 |
| Sittway | - 6 |
| Hpa-an | - 5 |

C. 2005-2006 Graduates
B.Th - (2)

III. Staff
A. Office
1. Sayama Naw Mar Tha
2. Nant Thandar Win

B. Library
1. Saya John Thet Lwin (Librarain)
2. Sayama Wai Wai Myint (Assistant Librarian)
3. Naw Marcy

C. Others
1. U Saw Mya Thinn (Driver)
2. S' Aung Thein (Gardener)
3. Nant Yee Yee Win (Cook)



# ၂၀၀၆- ၂၀၀၇ ပညာသင်နှစ်ကျောင်းသူ/သားများ

| ပထမနှစ် | သာသနာပိုင်နယ် |
| --- | --- |
| ၁။ လုကာထွန်းထွန်းဝင်း | ရန်ကုန် |
| ၂။ ဆယ်မြူရယ်စအိုက်ဇက်ကျော် | ရန်ကုန် |
| ၃။ ကလေမင် ဆလိုင်းဇော်မော်ဦး | ရန်ကုန် |
| ၄။ နော်ဝါဝါချို | ရန်ကုန် |
| ၅။ ယောဟန်လတ်ခိုဂင်း | မန္တလေး |
| ၆။ စောဂျိုမူးကပေါ် | တောင်ငူ |
| ၇။ စောဘဲရီထူး | တောင်ငူ |
| ၈။ စတီဗင်မွေဆီး | စစ်တွေ |
| ၉။ အိုက်သိန်းလင်း | စစ်တွေ |
| ၁၀။ အဲလစ်ဇဘက်နုနုအောင် | စစ်တွေ |
| ၁၁။ ယောဟန်ဆိုင်းလတ် | မြစ်ကြီးနား |
| ၁၂။ မာသရွှယ်နန် | မြစ်ကြီးနား |

| ဒုတိယနှစ် | သာသနာပိုင်နယ် |
| --- | --- |
| ၁။ ခရစ္စတိုဖာ စကြည်မင်းစိုး | ရန်ကုန် |
| ၂။ ရိုစလင်းမိုင်ရီရီမော် | ရန်ကုန် |
| ၃။ မသဲစောမာနယ်ထူး | မန္တလေး |
| ၄။ ယောဟန်ကျင်ဇဆွန် | မန္တလေး |
| ၅။ အက်စတာလျင်ပီးနိမ် | မန္တလေး |
| ၆။ မော်နီကာလျင်နေကြောင် | မန္တလေး |
| ၇။ စောထီစိုး | တောင်ငူ |
| ၈။ နော်ကညောဖော | တောင်ငူ |
| ၉။ စောယာကုပ် | ဘားအံ |
| ၁၀။ စတီဗင်စောသာဒူးစိုး | ဘားအံ |


| တတိယနှစ် | သာသနာပိုင်နယ် |
| --- | --- |
| ၁။ ဖရန်စစ်လောရင့်စ် | ရန်ကုန် |
| ၂။ ပီတာစိုင်းနေအောင် | ရန်ကုန် |
| ၃။ ဝီလျံစိုင်းသူအောင် | ရန်ကုန် |


| | |
|---|---|
| ၄။ မသဲစောမြတ်ိုး | |
| ၅။ မေရီနန့်စုစုမြိုင် | ရန်ကုန် |
| ၆။ စာရာနန့်ဝင်းဝင်းမော် | ရန်ကုန် |
| ၇။ ကက်သရင်းနှင်းနုထွေး | ရန်ကုန် |
| ၈။ နော်ရှိုင်းနှင်းမွန်း | ရန်ကုန် |
| ၉။ ဖလောရင့်စ်မိုင်အေးအေးသင်း | ရန်ကုန် |
| ၁၀။ နော်ဂျူနာ | ရန်ကုန် |
| ၁၁။ စောဘွယ်ဟီထူး | မန္တလေး |
| ၁၂။ နော်လုံ့လှဲရွှေ | တောင်ငူ |
| ၁၃။ ရှယ်နော်ဆဲဂေဝါးဖော | တောင်ငူ |
| ၁၄။ ဆလိုင်းပင်ယာမိန် | တောင်ငူ |
| ၁၅။ ဒေးဗစ်ဆလိုင်းဘူးထန်ပိုင် | စစ်တွေ |
| ၁၆။ အွေ့လုဒီယာ | စစ်တွေ |
| ၁၇။ ဂရေစီဆိုင်းနုပန် | စစ်တွေ |
| | မြစ်ကြီးနား |

## စတုတ္ထနှစ်

| | |
|---|---|
| ၁။ ယောရှုစရဲထွဋ်အောင် | သာသနာပိုင်နယ် |
| ၂။ နန့်ခက်ခိုင်ဦး | ရန်ကုန် |
| ၃။ မိုင်မေရီညွန့် | ရန်ကုန် |
| ၄။ မိုင်တင်မိုးလွင် | ရန်ကုန် |
| ၅။ ဂျိမ်းစ်ဟိန်းလတ်ရာဇာ | ရန်ကုန် |
| ၆။ ရေချယ်တင်နီလှိုင် | မန္တလေး |
| ၇။ စောမိုးဇက်ကစ်ိုထော | မန္တလေး |
| ၈။ ဗွန်စောဘာမူး | တောင်ငူ |
| ၉။ စောပန်းရွှေ | တောင်ငူ |
| ၁၀။ နော်လွင်သီတာမြင့် | တောင်ငူ |
| ၁၁။ နော်ခရစ္စတီးတကူဖော | တောင်ငူ |
| ၁၂။ ခရစ္စတိုဖာစောကျော်ဒိုမူး | တောင်ငူ |
| ၁၃။ စောဒေါနေထူး | ဘားအံ |
| ၁၄။ နော်ယွာဟေ | ဘားအံ |
| ၁၅။ ယောနနော်ဂျာ | ဘားအံ |
| ၁၆။ ဒေးဗစ်လော့ဒ်အောင် | မြစ်ကြီးနား |
| ၁၇။ မာဂရက်မိုင်းရာ | မြစ်ကြီးနား |
| ၁၈။ အက်စတာလွမ်ရာ | မြစ်ကြီးနား |
| | မြစ်ကြီးနား |










ကျမ်းစာထဲမှာ
ရှိသမျှကို စွန့်ပြီး ဘုရားနောက်
လိုက်ရမယ်လို့ ပြောတာ
ဦးချမ်းသာက ဘာလို့
မလိုက်တာလဲ ဟင်...
သူက ခရစ်ယာန်မှ
မဟုတ်တာဗျ...
ဟိုက်!
2006


ကျောင်းတက်မီ
မွေးစာကြွ ထိုင်သို့ရောက်သော်....
ကျောင်းပြီးသော်.......
Idea ~
(FINAL YEAR)
Cartoon ~





ဆရာ့ ကိုတွေ့တိုင်း ကွမ်းစားနေတာဘဲ တွေ့တယ်ဗျာ...
မင်းတို့ဘုရားကျောင်းမှာ ဝါးစရာဆိုလို့ ကွမ်းဘဲ ရှိတာကိုးကွ...

## မွေခံထိုက်စေ

နောင်တော်ကြီး

ဇမ္ဗူတစ်လွှားမှာပ
မြန်မာများရယ်လို့
ဆပွားလို့အရောင်ရှိန်
မမှေးမှိန်ခဲ့ပေဘု
မိုးတိမ်မှာလွင့်ပျံခဲ့ပေပေါ့ . . . ။

သာသနာ့ဂုဏ်
အမျိုးဂုဏ်
စာပေဂုဏ်
ထွန်းပြောင်လို့လက်ပေရော့
ရှေ့ဆောင်လို့ထွက်လေတော့
တိုးတက်ခဲ့သာသနာ
ဘာဝနာပွားခဲ့ကြပေပေါ့ . . . ။
တို့မျိုးမြန်မာညီနောင်ဖွား
နိုးကြားခဲ့ကြပေပေါ့ . . . ။
ကဗျာမှာကာရန်ဆင့် လေမှာလွင့်
ရင်နှင့်အမျှခံစားခဲ့ရပေပေါ့ . . . ။



တုန်ခါခဲ့တဲ့သည်ကိုင်းဖျား
ခိုနား၊ ပျံသွားရှိခဲ့ပြားလည်း
သူပေးတဲ့အမွေ၊ မြေမှာကျန်ခဲ့
ရှင်ခြင်းနှင့်သေခြင်း
ကွေကွင်းလို့မပိုင်းခြားမီ
သာသနာ့ဂုဏ်၊ အမျိုးဂုဏ်၊ စာပေဂုဏ်
ထွန်းပြောင်လို့လက်ပေရော့ . . . ။

(၃၀-၅-၂၀၀၆) ရက်နေ့တွင် ဘုန်းတော်ဝင်စားပြီဖြစ်သော အနားယူသာသနာပိုင်ချုပ်ကြီး ဒေါက်တာ အန်ဒရေ ဦးမြဟန် (သို့) မောင်ပေါက်စည် (မန်းတက္ကသိုလ်) အား ဤကဗျာအားဖြင့် တူတော်မောင် ဂုဏ်ပြုအပ်ပါသည်။






## ဆန္ဒတစ်ခု

စောမုတ်ဆိတ် (ကေတု)

မြင်နေရတယ်
အညာလွယ်သစ်ရွက်တွေ
လေပြည်ကျိုစယ်ရင်တောင်
မြေပြင်ပေါ်မှာကြွေ . . .

သိနေတာပဲ
အရာရာကို လည်စင်းပေးနေတဲ့
အရောင်မဲ့စိတ်ဓာတ်တွေ
လောကရဲ့တစ်နေရာမှာ
ဒဏ်ရာတွေနဲ့သေ . . .

ဖြစ်စေချင်တာပါ
ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်း
ကမ္ဘာမြေရဲ့တစ်နေရာမှာ
ပျံ့နှံ့ရှုပ်ပွနေစေချင်တယ် . . .



## သွေးစက်တို့၏နာရီ

စာပန်းချီ

◆ ဦးခေါင်းခွံအရပ်က ကြုံဆိုလျက်
ကမ္ဘာမြေကြီးရဲ့ထုထည်ကလေး...ယ်
နေကာပူ၊ ရင်ကာပူ
လှောင်ပြောင်မှုတွေတွဲလွဲ
သူ့ရင်ခွင်ကိုခွဲ။

◆ ဒဏ်ရာတွေ ဗရပျစ်နဲ့
နာကျင်ခြင်းအကျီဝကို လျှော်ဖွတ်ဖို့
အပြာရောင်ခွက်တွေ သွေးစွန်းနေတယ်
နောက်ဆုတ်လို့လည်းမဖြစ်
ရှေ့ဆက်ဖို့ ကမ္ဘာ့ဌာန်းထိုင်ပါမှ
ဗုဒ္ဓဘာဝတွေ သီကုံးဖွဲ့ဆိုလျက်
သွေးစက်၊ ချွေးစက်တို့ လွင့်မျော။

◆ အိမ်ပြန်ချိန်လည်းရောက်
အနိစ္စတို့နဲ့လမ်းလျှောက်
ပိုးလို့ပက်လက် အနိဋ္ဌာရုံဆည်းဆာမှာ
ကားတိုင်နာရီလက်တံတွေ ခိုစီးရင်း
ရှိုးစင်းတဲ့မျက်ရည်တွေနဲ့
သူငိုလိုက်တယ် . . . သူအိပ်ခဲ့တယ်။



## တို့တာဝန်

စောဟဲပီး (ထီးဒေး)

ကျမ်းစာကျောင်း
ခေါင်းလောင်းသံစဉ် ချိုလွင်လွင်
လေတွင်လွင့်ပျံ့ တို့အသံ
ဖူးတံပွင့်လွှာ ပန်းစုံစွာ
ကျောင်းဥယျာဉ်မှာ အလှဖြာ။

ဆရာ/မများ
ကြီးမားမေတ္တာစေတနာ
များစွာသောင်းသောင်းတပည့်ပေါင်း
ကောင်းအောင်သင်ပြဆိုဆုံးမ
ရှေ့ဆောင်လမ်းပြလူ့ဘဝ။

ကျောင်းသူ/သားများ
နားခိုရောက်လာဒီကျောင်းမှာ
အနာဂတ်အတွက်မှန်းမျှော်လျက်
ဘက်စုံပညာဆည်းပူးကာ
ထမ်းဆောင်ကြမှာ တို့တာဝန်။



# မိတ်ဆွေစစ်ကိုရှာဖွေတွေ့ရှိခြင်း

J. နငယ်တူ

* ရင်ခွင်ဟင်းလင်း
ဝေါ်မွတ်နှလုံးသားနဲ့
နေခြည်နုနုမှာ
မိတ်ဆွေရှာပုံဖွင့် . . .။

* ကဗျာတစ်ခု၊ အခြေပြု
သူနဲ့မိတ်ဖွဲ့ခရီးဆက်
"တယ်ပူတဲ့နေ၊ ထီးလည်းမပါတော့ မင်းဆီမှာ
ပါတဲ့သူနောက် ကျွန်မလိုက်သွားပြီ"

* ဟူး . . . ရက်စက်ပါပေ့လောကကြီးရယ် . . .။

* ဝါသနာတစ်ခု အခြေပြု
သူနဲ့မိတ်ဖွဲ့၊ ခရီးဆက်
"ရေဆာတယ်ဟေ့၊ ရေလည်းမပါ မင်းဆီမှာ
ပါတဲ့သူနောက် ငါလိုက်သွားပြီ"

ဟူး . . . ပေးဆပ်မှုကင်းတဲ့လောကကြီးပါလား . . .။

* နေမင်းသူရိန် အရောင်မှိန်လို့
လူလည်းမောပန်း စိတ်ညှိုးငွမ်း
မြစ်ကမ်းနံဘေးငေးနေတုန်းမှာ
"မိတ်ဆွေ၊ မြစ်ရဲ့တစ်ဖက်၊ ငါနဲ့လိုက်ခဲ့"
ဒဏ်ရာငါးချက်၊ သံဆူးခက်နဲ့ ကိုယေရှု
အကြင်နာစကားဆိုလာတယ် . . .
"ငါနဲ့မိတ်ဖွဲ့၊ မင်းဘဝကောင်းစားမယ်"

* ပျော်ဖွယ်အတိ၊ ခရီးဆုံး၏ . . .။

(ယောဘ ၂၂း၂၁ ကိုအခြေပြုသည်။)






# မေမေ့ထံသို့

ပိုင်ကြီး

✝ မေမေ . . .
သားလေးကိုမွေး၊ ထွေးပိုက်စဉ်က
သားလှမျက်နှာကြည့်ပြီး
မေမေစဉ်းစားခဲ့တယ်၊
". . .အိမ်ထောင်မစွမ်း ဖြစ်လာတဲ့အခါ
ငါ့သား ငါ့အနား အားကိုးစရာ . . . " တဲ့။
✝ မေမေ . . .
သားလေးကိုယုယ၊ ပြုစုစဉ်က
သားလှလက္ခဏာကြည့်ပြီး
နှုတ်ဖျားထိပ်က နှလုံးတေးကျူးခဲ့တယ်၊
". . . တို့တိုင်းတို့ပြည် ဇာတိမြေအတွက်
ရတနာတစ်ပါး . . . " တဲ့။
✝မေမေ . . .
မေမေ့အနား၊ သားကြီးပြင်းစဉ်က
သားရဲ့စရိုက်ကိုကြည့်ပြီး
မေမေမှတ်ချက်ချခဲ့တယ်၊
". . . .တို့လူမျိုးအတွက်
သူရဲကောင်းတစ်ယောက် . . . " တဲ့။
✝ ခုတော့ . . . သား
မေမေ့အနားက ခေတ္တပျောက်
H.C.T.C ရောက်နေပြီ၊
မေမေ့အတွက် အားကိုးရာမက
လူများအတွက် အားကိုးရာ . . .
တိုင်းပြည်အတွက် ရတနာမက
အသင်းတော်အတွက် ရတနာ . . .
လူမျိုးအတွက် သူရဲကောင်းမက
ဘုရားအတွက် သူရဲကောင်း . . . ဖြစ်ဖို့ ပြင်ဆင်နေပါပြီ။

ကျမ်းစာကျောင်းတက်နေသည့် သား/သမီးနှင့်ဝေးသောမိခင်များ
(အထူးသဖြင့် လေးမြို့ဒေသမှမေမေ) ကို ရည်စူးလျက် . . .





## လူထဲကလူ
ကောင်းထက်လူ

နင်လားတဲ့လူ
ငါလားတဲ့လူ
အတူတူ အပိုရှုချင်စမ်းနဲ့
လူထဲကလူ . . .

ဘုရားမှဘုရား
အလင်းမှအလင်း
ခွဲခြားခြင်းအရာ
ဗလာနတ္ထိ
ချစ်ခြင်းမေတ္တာအစစ် . . .

မာန်မာနလွှမ်းခြုံ
ကောင်းကင်ဘုံမှာ
ပြန်ဆုံတစ်နေ့
အကောက်အကွေ့
အမည်းအဖြူ
အေးအေးပူပူ
အတူတူပါလားဟဲ့
ကွဲပြားတဲ့စိတ်ရိုင်း
မှိုင်းတိုက်လို့ပြားချပ်
ဒီမျှ ဒီဘဝ
နောင်တတွေရ ဆက်ကပ် . . . ဆက်ကပ်





## ဘယ်သူတွေမသိ ဘုရားသိ
နော်ဇား

အပြုံးနဲ့ညဏ်ဆင်　　ပြသနာပြင်
အကွက်ဝင်ရင်　　မုန့်တိုင်းဝင်
ဘယ်သူတွေမသိ　　ဘုရားသိ
သတိပေးလိုက်ရပါဘီ ။　　။

အပြုံးပန်းတွေဆင်　　နှလုံးသားမှာနတ်ဆိုးဝင်
ကွယ်ရာရောက်ရင်　　ကဲ့ရဲ့ချင်
ဘယ်သူတွေမသိ　　ဘုရားသိ
သတိပေးလိုက်ရပါဘီ ။　　။

ဒီရင်မှာနာကျင်　　အမှားကိုအမှန်ထင်
ဒီလောကရင်ခွင်　　ဘယ်လိုအသက်ရှင်
ဘယ်သူတွေမသိ　　ဘုရားသိ
သတိပေးလိုက်ရပါဘီ ။　　။

ဘယ်လိုပင်နေချင်　　အချိန်ရောက်ရင်
တရားစီရင်　　သခင့်ရှေ့တွင်
ဘယ်သူတွေမသိ　　ဘုရားသိ
သတိပေးလိုက်ရပါဘီ ။　　။



# စဉ်ဆက်မပြတ် ဓမ္မပညာသင်ကြားခြင်း

## သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်

မြန်မာနိုင်ငံ ခရစ်ယာန် အသင်းတော်၊ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်သည် ၁၉၉၃ ခု၊ မတ်လမှ စ၍ အရှေ့တောင်အာရှကျမ်းစာကျောင်းများအသင်းကြီး၏ အသိအမှတ်ပြုခြင်းကိုခံရသော ဓမ္မတက္ကသိုလ်တစ်ခုဖြစ်ပါသည်။ တစ်နည်းအားဖြင့် ဆိုရသော် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှ သင်ကြားပေးသော သင်ကြားမှုများသည် အရည်အသွေးပြည့်မီသော သင်ကြားမှု၊ အကဲဖြတ်စနစ်ဖြင့် အရည်အသွေး စစ်ဆေးခြင်းတို့သည်လည်း ပြည့်မီကြောင်း အသိအမှတ်ပြုခံရခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ဓမ္မဝိဇ္ဇာဘွဲ့သာမက ဓမ္မအတွေးအခေါ်ပညာနှင့် အဆင့်မြင့်ဓမ္မပညာများ ဖြန့်ဖြူးပေးနိုင်သောဓမ္မတက္ကသိုလ်တစ်ခုဖြစ်ပါသည်။ အရည်အသွေးပြည့်မီသောဓမ္မတက္ကသိုလ်တစ်ခုဖြစ်ပေါ်လာရန်အတွက် သင်ကြားပို့ချပေးသော ဆရာ၊ ဆရာမများသည် အရည်အသွေးပြည့်မီခြင်း၊ စာကြည့်တိုက်လည်း စာအုပ်အရေအတွက်သာမက အဆင့်မြင့်သောစာကြည့်တိုက်ဖြစ်ရန် လိုအပ်ခြင်းနှင့် သုံးစွဲသော ငွေကြေးပမာဏတို့သည်လည်းအချိုးညီညီ၊ ကဏ္ဍအသီးသီးတွင် အသုံးပြုရန် လိုအပ်ခြင်းတို့လည်း ပါဝင်ပါသည်။

သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်သည် သာသနာပိုင်နယ်အသီးသီးရှိ လုပ်သက် (၅)နှစ်ထက်ကျော်လွန်သော ဘုန်းတော်ကြီးများနှင့် အချိန်ပြည့် ဓမ္မအမှုတော်ဆောင်များအတွက် ဓမ္မပညာဆက်လက်လေ့လာဆည်းပူးနိုင်ရန် အခွင့်အလမ်းကို အချိန်ကြာမြင့်စွာ သုတေသနပြုလုပ်ဆောင်လျက် သာသနာပိုင်ချုပ်နယ် ဗဟိုကော်မတီအဖွဲ့သို့လည်းကောင်း၊ သာသနာ့လွှတ်တော်ချုပ်များသို့လည်းကောင်း အဆင့်ဆင့်တင်ပြကာ အကြံဉာဏ်များတောင်းခံခဲ့ပါသည်။ အချို့သော ဓမ္မအမှုတော်ဆောင်များသည် လောကီပညာရပ်များကို အခြေအနေမပေးသောကြောင့် ပြီးဆုံးအောင် တက်ရောက်နိုင်ခြင်းမရှိဘဲ၊ ကျမ်းစာကျောင်းများသို့ တက်ရောက်ကာ ဓမ္မအမှုတော်ဆောင်များ ဖြစ်လာခဲ့ကြရပါသည်။ သူတို့တွင် လောကီပညာများကို ပြီးဆုံးအောင် မသင်ယူခဲ့ရသော်လည်း ထက်မြက်သောဉာဏ်ရည်နှင့် အစွမ်းသတ္တိများ ရှိကြပါသည်။ ဥပမာအားဖြင့် စစ်တွေသာသနာပိုင်နယ်မှ ဦးတုတ်ယိုးသည် ၁၉၅၀ ပြည့်နှစ်နောက်ပိုင်းတွင် မြန်မာကျမ်းစာကျောင်း (ယခု မြန်မာနိုင်ငံခရစ်ယာန်ဓမ္မတက္ကသိုလ်) တက်ရောက်နိုင်ရန် ဘုန်းတော်ကြီးကင်နွန်ဦးရွှေဒေါင်းနှင့် ဒေါ်နေစိန်တို့ထံတွင် မြန်မာစာကို တစ်နှစ်သင်ယူခဲ့ပါသည်။ ထို့နောက် မြန်မာကျမ်းစာကျောင်းတွင် တက်ရောက်သင်ယူရာ လက်ရှိအတန်းထဲတွင်ရှိနေသော့သူများနည်းတူ အရည်အသွေးရှိကြောင်း တွေ့ခဲ့ရပါသည်။

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်သည် အဆိုပါအခြေအနေအရပ်ရပ်ကိုသုံးသပ်ပြီး (၂၀၀၆-၂၀၀၇) စာသင်နှစ်မှစ၍ ဘုန်းတော်ကြီးများ မွမ်းမံသင်တန်းအစား ဓမ္မအမှုတော်ဆောင်များ စဉ်ဆက်မပြတ် ဓမ္မပညာသင်ကြားရေးအစီအစဉ်ကို အကောင်အထည်ဖော်ရန် အတည်ပြုဆုံးဖြတ်ခဲ့ပါသည်။ တစ်နှစ်လျှင် သင်တန်းကာလမှာ (၄) လ ဖြစ်ပြီး သုံးကြိမ်တက်ရောက်ရပါမည်။ နှစ်စဉ်ဆက်တိုက် တက်ရောက်နိုင်သကဲ့သို့ (၆) နှစ်အတွင်း (၄) လသင်တန်း (၃) ကြိမ် တက်ရောက်နိုင်ပါသည်။ သင်တန်းကာလတွင် စာတွေ့လက်တွေ့သင်ယူခြင်းရှိပါသည်။ သင်တန်း (၃) ပတ် တက်ရောက်ပြီး အရည်အသွေးပြည့်မီသော ဓမ္မအမှုတော်ဆောင်များကို ဓမ္မအမှုတော်ဆောင်ဘွဲ့ (Bachelor of Ministry) အပ်နှင်းမည်ဖြစ်ပါသည်။ အဆိုပါဘွဲ့သည် ဓမ္မဝိဇ္ဇာဘွဲ့ကဲ့သို့သော ဘွဲ့အမျိုးအစားဖြစ်ပါသည်။

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှအပ်နှင်းသော ဘွဲ့ဒီဂရီများသည် နိုင်ငံတကာအသိအမှတ်ပြုသောဘွဲ့ဒီဂရီများဖြစ်သကဲ့သို့ အသင်းတော်တွင်လည်း ထိရောက်စွာ အမှုတော်မြတ်ထမ်းဆောင်နိုင်ရန် တပ်ဆင်ပေးသော အမှုတော်ဆောင်ရန်တန်ဆာပလာ ဖြစ်ပါသည်။ အသင်းတော်တွင် ခေတ်၊ စနစ်နှင့်လျော်ညီစွာ အမှုတော်မြတ်ထမ်းဆောင်နိုင်ရန် ဖြည့်ဆည်းပေးခြင်းဖြစ်ပါသည်။ အသင်းတော်ရှင်သန်တိုးတက်ရေးအတွက် အကြံကောင်း၊ ဉာဏ်ကောင်းများဖြင့် အမှုတော်မြတ်ထမ်းဆောင်ရန်ဖြစ်ပါသည်။ အလားတူပင် ဝိညာဉ်ရေးနှင့်သက်ဆိုင်သောဝတ်ပြုခြင်းများအားဖြင့် အသက်တာကိုပြန်လည်သုံးသပ်ပြီး ဘုရားသခင်ထံ တိုးဝင်ချဉ်းကပ်နိုင်ရန် အချိန်ယူခြင်းလည်းဖြစ်ပါသည်။ ဝိညာဉ်ရေးရင့်ကျက်လာစေရန် စာပေ၊ ကျမ်းဂန်များ ဖတ်ရှုလေ့လာခြင်းများသာမက ဆုတောင်းခြင်း၌ အားကြီးခြင်း၊ မိတ်သဟာယဖွဲ့ခြင်း စသည့်အရာများကိုပြန်လည်၍လုပ်ဆောင်ခြင်းလည်း ဖြစ်ပါသည်။

> နိုင်ငံတကာအသိအမှတ်ပြုသော ဘွဲ့ဒီဂရီများဖြစ်သကဲ့သို့ အသင်းတော်တွင်လည်း ထိရောက်စွာ အမှုတော်မြတ်ထမ်းဆောင်နိုင်ရန် တပ်ဆင်ပေးသော အမှုတော်ဆောင်ရန်တန်ဆာပလာ ဖြစ်ပါသည်

အချုပ်အားဖြင့် ဆိုရသော် အမှုတော်ဆောင်များအတွက် စဉ်ဆက်မပြတ် ဓမ္မပညာသင်ကြားရေးအစီအစဉ်သည် ဝိညာဉ်ရှင်သန်စေရန်အတွက် အချိန်ယူခြင်း၊ စာပေများကို လေ့လာသင်ယူခြင်း၊ ဘုရားကျောင်းအသီးသီးသို့ လှည့်လည်၍ မိတ်သဟာယဖွဲ့ခြင်းတို့ဖြင့် အမှုတော်ဆောင် တစ်ဦးတစ်ယောက်စီတို့၏အသက်တာကို ရှင်သန်နိုးကြားရန်ဖြစ်ပါသည်။ ဘုရားသခင်၏ ဘုန်းတော်ထင်ရှားရန်ဖြစ်ပါသည်။ ❑



# အချိန်ကိုစီမံခန့်ခွဲသည့် ခရစ်ယာန်ဘဏ္ဍာစိုး

ဦးအောင်လှထွန်း
(အကျိုးဆောင်ဓမ္မကထိက)
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၊ ရန်ကုန်မြို့

၁။ အချိန်နှင့်အလုပ်

အလုပ်တစ်ခုကို အောင်မြင်စွာ လုပ်ကိုင်နိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော အဓိကအရာများမှာ (၁) လုပ်အား၊ (၂) လုပ်ငန်းနှင့်သက်ဆိုင်သော အချက်အလက်၊ (၃) ပစ္စည်းအရင်းအမြစ်၊ (၄) လုပ်ငန်းအတွေ့အကြုံနှင့် (၅) အချိန်တို့ပင်ဖြစ်သည်။

အချိန်သည် လူ့ဘဝအသက်တာတွင် မရှိမဖြစ် လိုအပ်သော ကုန်ကြမ်းပစ္စည်းဖြစ်၏။ အချိန်တစ်နေ့တာကုန်သွားသည်နှင့်အမျှ အသက်တာရှင်သန်တိုးတက်ရေးအတွက် တစ်ခုခုကိုပြုလုပ်ခဲ့ကြသည်သာဖြစ်၏။ လူတစ်ဦး၏အသက်တာတွင် အောင်မြင်မှုရှိသည် မရှိသည်ဆိုသောအချက်မှာ အချိန်ကို ထိရောက်စွာ အသုံးပြုသည့်အပေါ်တွင် မူတည်နေ၏။ ထို့ကြောင့် သမ္မာကျမ်းစာတွင် . . .

"ကျေးဇူးတော်၌လည်းကောင်း၊ ငါတို့ကို ကယ်တင်တော်မူသောအရှင်သခင်ယေရှုခရစ်ကို သိကျွမ်းခြင်း၌လည်းကောင်းကြီးပွားကြလော့ . . ." (၂ပေ ၃း၁၈) ဟု ဖော်ပြထား၏။

၂။ လူတိုင်း တူညီသောအချိန်ကိုရကြ၏။

အချိန်သည် တန်ဖိုးရှိလှ၏။ ကုန်လွန်သွားသောအချိန်ကို လုံးဝပြန်မရနိုင်ပေ။ ကျွန်ုပ်တို့အားလုံးသည် အချိန်ကိုပို၍ရသည်။လျော့၍ရသည်ဟူ၍ တစ်ဦးတစ်ယောက်မျှမရှိပေ။ လူတိုင်းသည် တစ်နေ့လျှင် (၁၄၄၀) မိနစ်၊ (၂၄) နာရီ၊ တစ်ပတ်လျှင် (၁၆၈) နာရီကို သာတူညီမျှရကြသည်ဖြစ်ရာ၊ ချမ်းသာသည် ဖြစ်စေ၊ တစ်နေ့တာအတွက် တူညီသောချိန်ကိုရကြ၏။ သခင်ယေရှုခရစ်ကိုယ်တိုင် လောက၌အသက်ရှင်စဉ် တစ်နေ့လျှင် (၂၄) နာရီကိုသာ အများနည်းတူရခဲ့၏။

၃။ ကျွန်ုပ်တို့အားလုံး အချိန်ကိုဖြုန်းကြ၏။

အချိန်သည် အလွန်တန်ဖိုးရှိ၍ မမျှော်မှန်းနိုင်သည့်အရာများကိုဖြစ်စေနိုင်သည့်စွမ်းအား ရှိသော်လည်း ကျွန်ုပ်တို့အားလုံးသည် ဆင်ခြင်ကင်းမဲ့စွာ အချိန်ကို ဖြုန်းတီးခြင်းပြုကြ၏။ အချိန်သည် အစားထိုး၍မရမည့်သူ့ကိုမျှမစောင့်၊ လူတိုင်း၏အသက်တာကို အချိန်က ဆုံးဖြတ်ပေး၏။ လူတိုင်း အချိန်ကို လိုသလောက်မရနိုင်။ ထို့ကြောင့် သခင်ယေရှုက အချိန်ရှိခိုက် လုံ့လစိုက်ရန် . . .

"ငါ့ကို စေလွှတ်တော်မူသောသူ၏အမှုကို နေ့အချိန်၌ရှိစဉ်တွင် ငါပြုရမည်။ အဘယ်သူမျှမပြုနိုင်သောအချိန် တည်းဟူသော ညအချိန် လာသေး၏" (ယော ၉း၄) ဟုမိန့်တော်မူခဲ့၏။ ကျွန်ုပ်တို့ရရှိထားသောအချိန်ကိုမသုံးပါက အလိုလို လုံးဝပျောက်ကွယ်သွားမည်ဖြစ်ရာ ကျွန်ုပ်တို့အတွက် အကန့်အသတ်ဖြင့် ပေးထားသောအချိန်ကို တန်ဖိုးရှိရန်ပြုလုပ်နိုင်သည့် တစ်ခုတည်းသောနည်းလမ်းမှာ ငွေကို အဝင်နှင့်အထွက်အပေါ်မူတည်၍ လျာထားအသုံးပြုသကဲ့သို့ အချိန်ကို လျာထားအသုံးပြုခြင်းပင်ဖြစ်၏။

လူတိုင်း အချိန်ကို အကန့်အသတ်နှင့်ရရှိထား၏။ ရရှိထားသောအချိန်ကို အလုပ်လုပ်ရန်နှင့် ဘုရားသခင်အား မိတ်သဟာယပြုရန်အချိန် ရှိရမည်ဖြစ်သကဲ့သို့ ကိုယ်လက်လှုပ်ရှားအားကစားရန်အချိန်၊ အများအကျိုးသယ်ပိုးရန်အချိန်သည်လည်း ရှိရမည်ဖြစ်၏။ အချိန်ကိုတန်ဖိုးထားသော ခရစ်ယာန်ဘဏ္ဍာစိုးတိုင်းသည် ဘယ်အရာကိုမျှ ဥပေက္ခာမပြု၊ အချိန်ကို သူ့နေရာနှင့်သူ အသုံးပြုကြ၏။

၄။ အချိန်ကိုစီမံခန့်ခွဲခြင်းသည် မိမိကိုယ်ကို စီမံခန့်ခွဲခြင်း ဖြစ်၏။

အချိန်ကုန်သက်သာစေသည့် တစ်ခုတည်းသောနည်းလမ်းမှာ အချိန်ကို စည်းကမ်းတကျ အသုံးပြုခြင်းပင်ဖြစ်၏။ ထို့ကြောင့် ခရစ်ယာန်ဘဏ္ဍာစိုးတိုင်းသည် အချိန်ကို စီမံခန့်ခွဲတတ်ရမည် ဖြစ်၏။ အမှန်စင်စစ် အချိန်ကိုစီမံခန့်ခွဲခြင်းသည် မိမိကိုယ်ကို စီမံခန့်ခွဲခြင်းဖြစ်သည်ကို တွေ့ရမည်ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အချိန်ကို သုံးသူနှင့်ဖြုန်းသူမှာ မိမိကိုယ်တိုင်ပင်ဖြစ်၏။ မိမိကိုပေးထားသောအချိန်အား မည်ကဲ့သို့အသုံးပြုခဲ့သည်ကို တစ်ချိန်တွင် စာရင်းရှင်း၍ သက်ဆိုင်သူကိုတင်ပြရမည်ဖြစ်၏။ သမ္မာကျမ်းစာတွင် အချိန်ကို ထိရောက်စွာအသုံးပြုရန် . . .

> "အချိန်ကိုတန်ဖိုးထားသော
> ခရစ်ယာန်ဘဏ္ဍာစိုးတိုင်းသည်
> ဘယ်အရာကိုမျှ ဥပေက္ခာမပြု၊
> အချိန်ကို
> သူ့နေရာနှင့်သူ
> အသုံးပြုကြ၏။"

"ပညာမဲ့ကဲ့သို့မဟုတ်၊ ပညာရှိကဲ့သို့ စေ့စေ့မြဲမြဲကျင့်ဆောင်မည့်အကြောင်း သတိပြုကြလော့။ ယခုနေ့ရက်ကာလသည် ဆိုးယုတ်သောကြောင့် ကာလအချိန်ကို ရွေးနုတ်ကြလော့။ (အချိန်ကို အကျိုးရှိရှိ အသုံးပြုကြလော့) (ဖေက် ၅း၁၅-၁၆) ဟု ဖော်ပြထား၏။

အချိန်ကိုအသုံးပြုရာတွင် ထားရှိသောခံယူချက်သည် အရေးကြီးဆုံးအချက်တစ်ခုဖြစ်၏။ ကျွန်ုပ်တို့သည် တစ်ခုခုကိုမလုပ်လိုပါက အချိန်မရှိဟုပြောကာ ဆင်ခြေအမျိုးမျိုးပေးလေ့ရှိပြီး မိမိလုပ်လိုသောအရာဖြစ်ပါက မည်သည့်အခက်အခဲကမှတားဆီး၍မရဘဲ အခြားအရာများကိုချန်၍ လုပ်လိုသောကိစ္စအတွက် အချိန်ပေးတတ်ကြ၏။

"အချိန်တွေ ဘယ်ရောက်ကုန်ပြီလဲ" . . ဟု ကျွန်ုပ်တို့ထံမှထွက်ခွာသွားခြင်းမဟုတ်၊ ကျွန်ုပ်တို့ဖြစ်လိုသည့်အတိုင်းမဖြစ်ဘဲ ဖြစ်စဉ်အတိုင်း အချိန်သည် ကုန်ဆုံးသွားခြင်းသာဖြစ်၏။ ထို့ကြောင့် ရရှိထားသောအချိန်အတွင်း၌ အလုပ်ကို များများပြီးအောင်လုပ်နိုင်ရန် ခရစ်ယာန်ဘဏ္ဍာစိုးတစ်ယောက်အနေနှင့် အချိန်ကို စီမံခန့်ခွဲတတ်ရမည်ဖြစ်၏။

**သူ့နေရာနှင့်သူ လုပ်ဆောင်သွားရမည့် အချိန်ဇယားကို သေချာစွာရေးဆွဲထားရမည်ဖြစ်၏။ ရေးဆွဲထားသည့်အချိန်ဇယားအတိုင်း လုပ်ဆောင်သွားရန်လည်း စီမံခန့်ခွဲတတ်ရမည်ဖြစ်၏။**

၅။ အချိန်ကိုစီမံခန့်ခွဲရာတွင် မေးခွန်းများ။

အလုပ် သို့မဟုတ် လှုပ်ရှားမှုများအတွက် စီမံချက်ကိုရေးဆွဲရာတွင် အချိန်သည် မပါလျှင်မပြီးပေ။ ထို့ကြောင့် စီမံချက်ပြုစုရာတွင် လုပ်ငန်းကို အချိန်အတိုဆုံးနှင့် ပြီးမြောက်စေရန် မေးရမည့်မေးခွန်းများ ရှိ၏။ မေးရမည့်မေးခွန်းများထဲတွင် "လုပ်ငန်းအား မည်သူ့ကို လုပ်ခိုင်းမည်နည်း" ဆိုသောမေးခွန်းကို ပထမမေးရမည်ဖြစ်၏။ စိတ်ချလက်ချ လုပ်ငန်းကိုလွှဲအပ်နိုင်သူအား ရှာရမည်ဖြစ်၏။ မလိုအပ်ဘဲ ထည့်သွင်းထားသောအလုပ်များကိုဖယ်ရှားနိုင်မှသာ လုပ်ငန်းကို လုပ်ရာတွင် လွယ်ကူပြီး အချိန်ကုန်သက်သာမည်ဖြစ်သည်။ "ဘယ်အချိန်တွင် စ၍လုပ်မည်နည်း" ဟုလည်း မေးရန်လို၏။ အချိန်မကျသေးပါက အလုပ်လုပ်မည့်အချိန်ကို ဆိုင်းသင့်က ရွှေ့ဆိုင်းရမည်ဖြစ်၏။ ထို့ပြင် "ဘာကြောင့်လုပ်ရမည်နည်း" ဆိုသောမေးခွန်းကိုလည်း မေးရမည်ဖြစ်၏။ မလိုအပ်သောအလုပ်ဖြစ်ပါက လုံးဝမလုပ်ဘဲ ဖယ်ရှားပစ်ရမည်ဖြစ်၏။ ဆက်၍ "ဘယ်မှာလုပ်မည်နည်း" ဆိုသောမေးခွန်းကိုလည်း မေးရမည်ဖြစ်၏။ သို့မှသာလျှင် လုပ်ငန်းများကို ဆက်စပ်ပြီး အစီအစဉ်တကျဖြစ်အောင် လုပ်ဆောင်နိုင်မည်ဖြစ်၏။ နောက်ဆုံးတွင် "ဘယ်လိုလုပ်မည်နည်း" ဟုလည်း မေးရမည်ဖြစ်၏။ သို့မှာ အချိန်အတိုဆုံးဖြင့် လုပ်နိုင်သောနည်းလမ်းကို ကြံဆနိုင်ပြီး အချိန်ကုန်သက်သာမည်ဖြစ်၏။

၆။ လုပ်လေရာတွင် အချိန်ကိုစီမံခန့်ခွဲခြင်းဖြင့် အစပြုပါ။

လုပ်လေရာတွင် လုပ်ငန်းသွက်လက် အောင်မြင်စွာပြီးရန်မှာ အချိန်ကိုစီမံခန့်ခွဲခြင်းအပေါ်၌ များစွာမူတည်နေ၏။ လုပ်ရမည့်အချိန်တွင် ရှိရမည့်ပစ္စည်းနှင့် လုပ်မည့်သူသည် လုပ်မည့်နေရာတွင် အချိန်ကိုက်ရှိနေရမည်ဖြစ်၏။ ဤသို့ဖြစ်ရန် သူ့နေရာနှင့်သူ လုပ်ဆောင်သွားရမည့်အချိန်ဇယားကို သေချာစွာရေးဆွဲထားရမည်ဖြစ်၏။ ရေးဆွဲထားသည့်အချိန်ဇယားအတိုင်း လုပ်ဆောင်သွားရန်လည်း စီမံခန့်ခွဲတတ်ရမည်ဖြစ်၏။

ထို့ကြောင့် စီမံအုပ်ချုပ်မှုတာဝန်ကိုယူသူအကြီးအကဲများသည် ဦးစားပေးအစီအစဉ်များထား၍ လုပ်ငန်းများကို စီမံအုပ်ချုပ်ကြ၏။ မိမိတို့အချိန်ကို ထိရောက်စွာစီမံခန့်ခွဲကာ လုပ်ငန်းကိုဦးစီးလုပ်ဆောင်ကြ၏။ မိမိလုပ်ရန်မလိုသောအလုပ်တွင် အချိန်မဖြုန်းခြင်း၊ လွှဲအပ်၍ရသောအလုပ်များကို အခြားသူအား တာဝန်ပေး လွှဲအပ်လုပ်ဆောင်စေသည်။ မိမိကိုယ်တိုင်လုပ်မှပြီးစီးမည့်အလုပ်ကိုသာ အချိန်ပေး၍လုပ်ဆောင်ခြင်းတို့ ဖြစ်ပေသည်။

အချိန်ကိုစီမံခန့်ခွဲရာတွင် ဘယ်နေရာကစရမည်နည်း။ အလုပ်ပို၍ပြီးစီးရန် ဘယ်လိုလုပ်ဆောင်မည်နည်း။ ဤမေးခွန်းများကိုဖြေနိုင်ရန်အတွက် လုပ်လေရာရာတွင် . . .

၁။ ရည်မှန်းချက်ပန်းတိုင်ရှိရမည်ဖြစ်၏။ သတ်မှတ်ထားသောအလုပ်နှင့် ပြီးရမည့်အချိန် ရှိရမည်ဖြစ်၏။

၂။ ထို့နောက် ဦးစားပေးအလုပ်များကိုသတ်မှတ်ရမည်ဖြစ်၏။

၃။ သတ်မှတ်ချိန်အတိုင်းပြီးစီးရန် စနစ်တကျ ရေးဆွဲထားသောစီမံချက်နှင့် ကြိုတင်ပြင်ဆင်မှုများ ရှိရမည်ဖြစ်၏။

၄။ ထို့နောက် လုပ်ငန်းအဆင့်ဆင့် သူ့အချိန်နှင့်သူ



ပြီးရန် အချိန်ဇယားနှင့် သတ်မှတ်ချက်များကို ထားရမည်ဖြစ်၏။

၇။ သင့်အချိန်ကိုပေးပါ။

အလုပ်လုပ်ရန် အချိန်ကိုပေးပါ . . . ။ ဤသို့အချိန်ကိုပေးခြင်းသည် အောင်မြင်ခြင်းအတွက် အဖိုးအခဖြစ်၏။

တွေးတောဆင်ခြင်ရန် အချိန်ကိုပေးပါ . . . ။ ဤသို့ အချိန်ကိုပေးခြင်းသည် သင့်ကိုစွမ်းအားပေးသည့် အရင်းမူလဖြစ်၏။

အားကစားလုပ်ရန် အချိန်ကိုပေးပါ . . . ။ ဤသို့ အချိန်ကိုပေးခြင်းသည် အမြဲနုပျိုခြင်းအတွက် လျှို့ဝှက်ချက်ဖြစ်၏။

စာဖတ်ရန် အချိန်ကိုပေးပါ . . . ။ ဤသို့ အချိန်ပေးခြင်းသည် ဉာဏ်ပညာဖွံ့ဖြိုးခြင်း၏ အရင်းမူလဖြစ်၏။

မိတ်ဆွေဖွဲ့ရန် အချိန်ကိုပေးပါ . . . ။ ဤသို့ အချိန်ပေးခြင်းသည် ပျော်ရွှင်မှုသို့သွားရာလမ်းဖြစ်၏။

သူတစ်ပါးကိုချစ်ရန်နှင့် ခင်မင်မှုကိုခံယူရန် အချိန်ပေးပါ . . . ။ ဤသို့အချိန်ပေးခြင်းသည် ကယ်တင်ခြင်းကိုရရှိသူတို့၏အခွင့်ထူးဖြစ်၏။

ပတ်ဝန်းကျင်လေ့လာရန် အချိန်ပေးပါ . . . ။ ဤသို့အချိန်ပေးခြင်းသည် အတ္တကိုမေ့၍ သင်၏စိတ်ကို လန်းဆန်းပွင့်လင်းမှုကိုပေး၏။

ရယ်ရွှင်ခြင်းအတွက် အချိန်ကိုပေးပါ . . . ။ ဤသို့အချိန်ပေးခြင်းသည် သင့်ဝိညာဉ်အတွက် တေးသံသာဖြစ်၏။

ဘုရားသခင်အတွက် အချိန်ပေးပါ . . . ။ ဤသို့ အချိန်ပေးခြင်းသည် ထာဝရတည်မြဲသည့် အသက်တာအတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်၏။

ထို့ကြောင့် သမ္မာကျမ်းစာတွင် "ထာဝရအသက်ဟူမူကား မှန်သောဘုရားသခင်တစ်ဆူတည်းဖြစ်တော်မူသော၊ ကိုယ်တော်ကိုလည်းကောင်း၊ စေလွှတ်တော်မူသောယေရှုခရစ်ကိုလည်းကောင်း သိကျွမ်းခြင်းတည်း" (ယော ၁၇း၃) ဟုဖော်ပြထား၏။ ❑

---

## အပြစ်သား

**ပထမ**

မွေးကတည်းက အပြစ်က ပါတော့
ကြီးလာသော်လည်း အပြစ်နည်းမသွားသေး
အပြစ်ဖြေဖို့ရန် ဘုရားကျောင်းသွားပြန်တော့
ဟိုလူ့ကိုအပြစ်မြင် ဒီလူ့ကိုအပြစ်မြင်
မလွယ်ပါလား အပြစ်သား . . . ။

ကောင်းမှုလုပ်ပြန်တော့၊ လောဘစိတ်ကဝင်
ပြောတော့အမှုဆောင်၊ လုပ်တော့အတုဆောင်
ဘုရားစကားကိုမနာခံ၊ ခေါင်းဆောင်စကားလည်း မနာခံ
မလွယ်ပါလား၊ အပြစ်သား . . .
နောင်တရပါတော့ အပြစ်သား . . . ။

---



# ဘုရားသခင်နှင့်အကျွမ်းဝင်၍ မိတ်သဟာယဖွဲ့ကြလော့

(ယောဘ ၂၂း၂၁)


လက်ထောက်သာသနာပိုင် ဦးရော်တင်မောင်
(ရန်ကုန်သာသနာပိုင်နယ်)


ထာဝရဘုရားနှင့် လူသားသည် ကမ္ဘာဦး ဖန်ဆင်းခြင်းအစကပင် အကျွမ်းဝင်သောမိတ်ဆွေ ဖြစ်ကြသည်။ ထိုသို့ ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကို ဖန်ဆင်းတော်မူ၏။ ဘုရားသခင်ပုံသဏ္ဍာန်တော်နှင့်အညီ လူယောက်ျား၊ လူမိန်းမကိုဖန်ဆင်းပြီးလျှင် အချင်းတို့ များပြားစွာ မွေးဖွားကြလော့။ (ကမ္ဘာဦး ၁း၂၇)။ အဦးပထမ အစကတည်းက ပုံသဏ္ဍာန်တော်နှင့်အညီ အရင်းနှီးဆုံးသောအကျွမ်းဝင်ပုဂ္ဂိုလ်နှစ်ဦး၊ လူယောက်ျား၊ လူမိန်းမတို့အား ဇီဝ၊ အရင်းအမြစ်ကို ကောင်းချီးပေးခဲ့သည်။

ထိုမှတစ်ဆင့် မွေးဖွားလာကြသော လူသားအားလုံးသည် အဖြူ အမည်း၊ အသားရောင်မခွဲဘဲ အတူတကွ နေထိုင်လာကြသည်။ ဘာသာမတူ၊ စကားအရာ ကွဲပြားခြားနားသော်လည်း အကျွမ်းတဝင်မိတ်ဆွေဖွဲ့ပြီး နေထိုင်လာကြသည်။ ချစ်ခြင်းမေတ္တာအဓိကထားပြီး အဆင့်အတန်းမခွဲဘဲ၊ လူမျိုးခြား၊ ဘာသာခြားများပင် အမျိုးသမီး၊ အမျိုးသား၊ ချစ်ကျွမ်းဝင်ကာ လက်ထပ်ကြသည်။ အကျွမ်းဝင်သော၊ အသက်တာ၊ မှန်ကန်သော၊ အကျွမ်းဝင်ခြင်းသည် လူသားအားလုံးအတွက်ဘုရားရှင်ပေးသော မှန်မြတ်သည့်တန်ဖိုးဖြစ်သည်။

မည်သည့်ကျေးလက်ဒေသမဆို၊ တိုင်းနှင့်မြို့နယ်၊ ကမ္ဘာအရပ်ရပ် အကျွမ်းဝင်ပြီး အပြန်အလှန် လေးစားကာ တန်ဖိုးထားတတ်ကြသည်။ ထိုသို့ ကောင်းမွန်သည့်တန်ဖိုးကို မည်သူက ချိုးဖောက်သနည်း။ ကမ္ဘာလူသားအားလုံးသည် မိမိတို့ကိုးကွယ်ယုံကြည်ရာ ဘုရားနှင့်ကျွမ်းဝင်၍ မိတ်သဟာယဖွဲ့တတ်ရန် ရဟန်းသံဃာများက သွန်သင်ဟောပြောကြသည်။ ကျမ်းအစောင်စောင်တို့က ဆိုဆုံးမတိုက်တွန်းကြသည်။ သို့သော် လူသည် အတ္တစိတ်ဝင်စားလာပြီး ဆိုးသွမ်းကာ ဘုရားနှင့် အကျွမ်းဝင်ခြင်းကို ချိုးဖောက်ကြသည်။ ဘုရားအတူတူ၊ ဘာသာအသီးသီးက သတ်မှတ်ထားသည့် ပညတ်များကို ဆန့်ကျင်ကြသည်။

ဘုရားသခင်နှင့်အကျွမ်းဝင်၍ အစဉ် မိတ်သဟာယဖွဲ့နိုင်ရန်အတွက် ကမ္ဘာဦးကျမ်းကာလကပင် မောရှေအားဖြင့် ပညတ်တရားကို လူမျိုးတော်အား ပေးအပ်ခဲ့သည်။ ထို ပညတ်တရားဆယ်ပါးကို လူသည် အစဉ်ထိန်းသိမ်းပြီး အကျွမ်းဝင်တတ်ရန် ဆောင်ရန်ရှောင်ရန်များကို သတ်မှတ်ပေးထားပါသည်။ ထိုအချက်



## ယေရှုဘုရားသည် ယုံကြည်သူ၊ မယုံကြည်သူ အားလုံးတို့တွင် မိတ်သဟာယဖွဲ့ရန် အာသီသရှိသည်။

ကို အင်္ဂလိကန်မိသားစုများ အထူးဂရုပြုနိုင်ရန်အတွက် အထူးသဖြင့် ပွဲတော်ဝတ်အချိန်၊ အဒိဝင်တုမှ ကွင်ကွာဂျက်စမကာလတွင် ပညတ်တရား (၁၀) ပါးကို ဖတ်ရွတ်ပြီး ဝတ်ပြုကြသည်။ ထိုအရာသည် ဘုရားရှင်နှင့် အကျွမ်းဝင်မိတ်သဟာယဖွဲ့နိုင်ရန်အတွက် ဘုရားရှင်က လိုက်နာစေလိုသောဆန္ဒကို ဖော်ပြခြင်း ဖြစ်သည်။ ဆုတောင်းစာအုပ်စာမျက်နှာ ၃၆၅၊ မေးအမေးအဖြေ ဆုတောင်းစာအုပ် ၃၅၁။

ယေရှုဘုရားလက်ထက်၊ ကျေးဇူးတော်ကာလတွင် စက္ကရမင်တ၊ မင်္ဂလာ (၇) ပါးအားဖြင့် ယုံကြည်သူတစ်ဦးစီနှင့်မိသားစုများအတွက် ဘုရားရှင်နှင့်နက်နဲသောအကျွမ်းဝင်ခြင်းနှင့် မိတ်သဟာယဖွဲ့နိုင်ရန် အသင်းတော်မှ သွန်သင်ခဲ့သည်။ ဆုတောင်းစာအုပ် စာမျက်နှာ ၃၅ ၌ အသင်းတော်နှင့်အမှုတော်ဆောင် ဟူ၍ ဖော်ပြခဲ့သည်။

ဆုတောင်းစာအုပ်သည် အင်္ဂလိကန်မိသားစုအတွက် ဒုတိယအမြတ်ဆုံးဖြစ်သည်။ ပထမအဓိကမှာ ကျမ်းစာအုပ်ဖြစ်သည်။ အင်္ဂလိကန်သဟာယအတွက် ဘုရားရှင်နှင့်အကျွမ်းဝင်မိတ်သဟာယဖွဲ့နိုင်ရန် အညွှန်း၏သော့ချက်မှာ ဆုတောင်းစာအုပ်ပင်ဖြစ်သည်။

အမြတ်ဆုံးသော မိတ်သဟာယဖွဲ့ခြင်းနှင့် ဘုရားသားတော်ယေရှုနှင့် အကျွမ်းဝင်နိုင်ရန်အလို့ငှာ ကပေရနေခင်မြို့၊ တရားဇရပ်တွင် ယေရှုက အဓိအလင်း မိမိဆန္ဒကို ထုတ်ဖော်ဟောကြားခဲ့ပါသည်။ ရှင်ယောဟန် ၈း၅၂-၅၉။ မိမိအသွေးအသားနှင့် အစဉ်မိတ်သဟာယဖွဲ့ရန်ဖြစ်သည်။

ယေရှုဘုရားသည် ယုံကြည်သူ၊ မယုံကြည်သူ အားလုံးတို့တွင် မိတ်သဟာယဖွဲ့ရန် အာသီသရှိသည်။

ယေရှုသည် မိမိလောကတွင် သက်ရှင်စဉ်ကာလက အဆင့်အတန်းအမျိုးမျိုးနှင့် မိတ်သဟာယဖွဲ့ခဲ့သည်။ ယေရှုသည် အသေသတ်ခြင်းခံရသော်လည်း ရှင်သောဘုရားတစ်ဆူဖြစ်ကြောင်း ကမ္ဘာကလက်ခံခဲ့သည်။ ယုံကြည်သူများအတွက် သာ၍ထူးကဲသော မိတ်သဟာယဖွဲ့ခြင်းကိုခံစားရသည်။ သေခြင်းကို သုံးရက်သာ ခံစားရသည်။ ရှင်ပြန်ထမြောက်ပြီးနောက် ရက်ပေါင်း ငါးဆယ် ဆက်လက်၍ လူသားများနှင့် မိတ်သဟာယဖွဲ့ပြန်သည်။ ထို့နောက် ကောင်းကင်ဘုံသို့ တက်ကြွသွားသည်။ အပြီးသတ်သွားခြင်းမဟုတ်။ ကောင်းကင်ဘုံသို့တက်ကြွသွားပြီးနောက် ဝိညာဉ်တော်ဘုရားကိုစေလွှတ်ကာ ယုံကြည်သူတို့ တန်ခိုးရရှိပြီး ထိုတန်ခိုးကိုအသုံးပြုကာ ယနေ့ထက်တိုင် ယေရှုဘုရားနှင့် အကျွမ်းဝင်မိတ်သဟာယဖွဲ့နေကြသည်။

ဘုရားသခင်နှင့်အကျွမ်းဝင်၍ မိတ်သဟာယဖွဲ့ကြရန်နှင့် အစဉ်ပူဇော်ရန်နည်း ရှိပါ၏။ ထိုနည်းမှာ ငါတို့သည် ဘုရားသခင်၏ကျေးဇူးတော်ကိုဝန်ခံလျက် နှုတ်ခမ်းအသီးတည်းဟူသော ချီးမွမ်းခြင်းယဇ်ကို သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင်ရှေ့တော်၌ အစဉ်ပူဇော်ကြကုန်အံ့။ ကျေးဇူးပြုခြင်း၊ ဥစ္စာဝေမျှခြင်း အမှုတို့ကို မမေ့မလျော့ကြနှင့်။ ထိုသို့သောယဇ်ကို ဘုရားသခင်သည် အားရနှစ်သက်တော်မူ၏ ဟေဗြဲ ၁၃း၁၅-၁၆။ □

# အို...အမိကျောင်းတော်ကြီး

# အိုမိခင်

Deacon
ဟေရှာယက်အောင်
(မောင်အနီစု)

အို မိခင်

မိခင်ကား ကျေးဇူးတရား ကြီးမားလှပါပေ၏။

ရှုလော့မိခင် . . .

ယနေ့ အသင်းတော်များတွင် သမ္မာတရားတည်းဟူသော ကျမ်းကိုကိုင်၍ ဒူးထောက်ဆုတောင်းကာ ပျောက်ဆုံးနေသောဝိညာဉ်ပေါင်းမြောက်မြားစွာကို ကယ်တင်ရန် ဆောင်ရွက်ပေးနေသူများကား ခရစ်တော်၏အစေခံကျွန်၊ မိခင်၏သား၊ သမီးများပင်တည်း။

(ရှင်မဿဲ ၂၈း၁၉)

နက်နဲသောနှုတ်ကပတ်တော်ကို ဖွင့်ဟသင်ကြားပေးကာ အဖဘုရားသခင်ထံ ဒုစရိုက်အပြစ်များအတွက် အသနားခံဆုတောင်းပေးနေသူ ဓမ္မဆရာ/မများနှင့် ယဇ်ပုရောဟိတ်အမှုကို ဆောင်ရွက်ပေးနေရသူ (သာသနာပိုင်၊ ဘုန်းတော်ကြီး၊ သင်းထောက်) တို့သည်ကား မိခင်၏သားသမီးများပင်ကည်း (ယော ၈း၃၂၊ ၁တိ ၃း၈-၁၃၊ ဖေက် ၄း၇-၁၃၊ ၁တိ ၃း၁-၇)။

ဘုရားသခင်အား ဂီတာလေးကိုင်၊ တူညီချီးညောင်း သံစုံသီချင်းဖြင့် နေ့ရက်စဉ်တိုင်း၊ အပတ်တိုင်းတွင် ဂုဏ်တော်ချီးမွမ်းကြသူများကားမိခင်ကျောင်းတော်ကြီးမှ မွေးဖွားပေးလိုက်သော (သား၊ သမီးများ) ၏ ပေးဆပ်ခြင်းမေတ္တာကြောင့်ပင်တည်း။

(ဆာလံ ၁၁၇၊ ၁၅၀)။

ကျောသား၊ ရင်သား မခွဲခြားဘဲ အေးအတူပူအမျှ ချစ်ခင်ရင်းနှီးစွာ သာသူ၊ နာသူမရှိ၊ ခရစ်တော်၏ချစ်မေတ္တာဖြင့် ယုံကြည်ခြင်း၏အသီးအပွင့်များကို လက်ကမ်းဆင့်ဝေငှပေးနေသူများကားမိခင်၏သားသမီးများပင်တည်း။ (၂ပေ ၁း၃-၁၀)။ နောင်လာနောက်သားများ စည်းလုံးညီညွတ်စွာ အမှုတော်ဆောင်နိုင်ရန်၊ ဦးဆောင်လမ်းပြ၊ ဒူးထောက်ဆုတောင်းပေးနေသူများကား မိခင်၏သားသမီးများပင်တည်း (တိ ၁း၁၂-၁၆)။



ခိုက်ရန်ဖြစ်ပွား၊ ဒေါသထွက်လည်း ခရစ်တော်နာမဖြင့် နှစ်သိမ့်ဖျန်ဖြေ၊ ပြန်လည်သင့်မြတ်၊ လက်ဆွဲနှုတ်ဆက်နိုင်ကြသူများကား မိခင်၏သားသမီးများပင်တည်း (ရှင်မဿဲ ၅း၃-၁၀)။

စိတ်ချယုံကြည်၊ နောင်ဘဝတွင် စိတ်အေး၊ ချမ်းသာနိဗ္ဗာန် (ထာဝရအသက်) ရောက်ကြောင်း၊ တရားအားထုတ်နိုင်အောင် အမြဲသွန်သင်ဟောပြောပေးနေသူ အမှုတော်ဆောင်များကား မိခင်၏သားသမီးများပင်တည်း (ဟေဗြဲ ၁၁း၁-၇၊ ယာကုပ် ၅း၁၃-၂၀)။

အို မိခင် . . .

မိခင်ကား သားကောင်း၊ သမီးကောင်းတို့၏ မိခင်ဖြစ်ပေ၏။ သားသမီးတို့အပေါ် မိခင်၏သွန်သင်လမ်းပြမှုသည် အလွန်မြင့်မြတ်လှပေ၏။ မိခင်၏သားသမီးများသည်လည်း ကျမ်းစာလာ၊ သမ္မာတရားအတိုင်း "နိုင်ငံတော်နှင့်ဖြောင့်မတ်ခြင်းတရား" ကို အရင်ဦးစွာရှာဖွေနိုင်ရန် သူတစ်ပါးတို့အား မိခင်၏မေတ္တာကဲ့သို့ အစွမ်းကုန်ထပ်ဆင့်အစေခံကောင်းဖြစ်အောင် ကြိုးစားနေဆဲပါပဲလေ . . . အို မိခင်။

အို မိခင် . . . ယခုနှစ်သည် မိခင်ကြီး၏ အသက်သွေးကြောဖြစ်နေသော "ငြိမ်းချမ်းမှုချိုးငှက်" ရာလုမ်မဂ္ဂဇင်း၏ (၂၅) နှစ်ပြည့်မွေးနေ့ ငွေရတုသဘင် အထိမ်းအမှတ်ကို အောက်မေ့ဂုဏ်ယူဝင့်ကြွားစွာဖြင့် ဂါရဝပြုလျက် . . .။

မိခင်ကျောင်းတော်ကြီး၏သားသမီးများဖြစ်ကြသော (သာသနာပိုင်/ဘုန်းတော်ကြီး/သင်းထောက်) ဓမ္မဆရာ/မများစ၍ ယုံကြည်သူသင်းဝင်တိုင်းအပေါ် "ငြိမ်းချမ်းမှုချိုးငှက်" ရာလုမ်မှ "အနှံ့ မေတ္တာ" ရောင်ပြန်ပေးနိုင်ကြပါစေသား . .။ မိခင်မှသင်ပေးလိုက်သော ခါးဝတ်ပုဆိုးမှာ "နာခံခြင်း၊ မြိုးခြံခြင်း၊ စင်ကြယ်ခြင်း" တရားဖြစ်ပြီး ဤခါးဝတ်ပုဆိုးအားဖြင့် ကပ်ကမ္ဘာကုန်ဆုံးသည့်တိုင်အောင် ဂုဏ်တော်ချီးမွမ်းကြရင်းဖြင့် . . .။

မိခင်ကျောင်းတော်ကြီးနှင့်အတူ တရားစီရင်ပိုင်သောသူ၊ အရှင်ခရစ်တော်၏အမှုအရာကို ရှုမှတ်ကြပါစို့။ ယုံကြည်ခြင်း၌ လိုအပ်သော ထပ်ဆင့်သော ဆုကျေးဇူးပါရမီအားဖြင့် အချင်းချင်းအပေါ် ခရစ်တော်၏မေတ္တာ၌ တည်နေကြကုန်အံ့ (၂ပေ ၁း၃-၁၀)။❑

## ဖိတ်ခေါ်ပါသည်

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်တွင် တက်ရောက်နေသော ကျောင်းသူ၊ ကျောင်းသားတစ်ဦး၏အမှန်ကုန်ကျစရိတ်မှာ တစ်နှစ်လျှင် **ကျပ်ခြောက်သိန်း**ကုန်ကျပါသည်။ ကျောင်းသားတစ်ဦးစီမှ ထည့်ဝင်ရမည့်ငွေကြေးပမာဏကို ကျပ် **တစ်သိန်းသာ** သတ်မှတ်ထားပါသည်။ မိသားစုမှလည်းကောင်း၊ အသင်းတော်မှလည်းကောင်း၊ သီးခြားအလှူရှင်များမှလည်းကောင်း၊ အဆိုပါအတိုင်းအတာကို ပေးလှူနိုင်ပါသည်။ သို့ဖြစ်ပါ၍ ကျောင်းသားဟောင်းများမှသော်လည်းကောင်း၊ အလှူရှင်များမှသော်လည်းကောင်း ပေးလှူနိုင်ပါကြောင်းနှင့် ဆက်လက်ပေးလှူနေကြသော အလှူရှင်များကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

"စေတနာစိတ်နှင့်လှူသောသူကိုသာ ဘုရားသခင် နှစ်သက်တော်မူ၏"
(ကောရိန္သုဩဝါဒစာဒုတိယစောင် ၉း၇)

# ဂရုပြုခြင်းဖြင့် အမှုတော်မြတ် ထမ်းဆောင်ခြင်း

ဘုန်းတော်ကြီး ဒေါက်တာ ရှိမုန် ဘီဘင်ထူး

ဂရုပြုခြင်း (counselling) သည် အသင်းတော်ကြည့်ရှုရာတွင် အလွန်အရေးကြီးသော အမှုတော်မြတ်ထမ်းဆောင်ခြင်းဖြစ်ပါသည်။ ဂရုပြုခြင်းဖြင့် အမှုတော်မြတ်ထမ်းဆောင်ခြင်း၏ အဓိကရည်ရွယ်ချက်မှာ စိတ်ဝေဒနာခံစားနေရသောလူသားများက ဘုရားသခင်၏တန်ခိုးတော်၊ အမှုတော်ဆောင်များ၏ ဂရုစိုက်ကူညီမစခြင်းဖြင့် ပတ်ဝန်းကျင်တွင် မိမိတို့၏တာဝန်ဝတ္တရားများကို တာဝန်သိသိဖြင့် ပြန်လည်ထမ်းဆောင်နိုင်ရန် ကူညီမစသည့် အမှုတော်မြတ်ထမ်းဆောင်ခြင်း ဖြစ်ပါသည်။

လူတိုင်းသည် မိမိနေထိုင်ရာပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာ အသက်ရှင်တတ်ရန် လိုအပ်ပါသည်။ ထိုသို့နေထိုင်ပါက စိတ်နှင့်ပတ်သက်သော ခံစားရသည့်ဝေဒနာများ မကပ်ငြိနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် ဘုရားသခင်က ပတ်ဝန်းကျင်နှင့်လိုက်လျောညီထွေစွာနေထိုင်တတ်ရန် ဇီဇသတ္တိ (Instinct) ကို လူသားတိုင်းအား ပေးသနားထားပါသည်။ အဆိုပါ ဇီဇသတ္တိက ပတ်ဝန်းကျင်နှင့် အဆင်ပြေစွာနေထိုင်နိုင်ရန် ပြုပြင်ပေးပါသည်။ အကယ်၍ လူတစ်ဦးတွင် ဇီဇသတ္တိပြုပြင်ပေးမှုချို့တဲ့နေပါက စိတ်နှင့်ဆိုင်သောခံစားမှုများဖြစ်ပွားရန် အလားအလာများရှိလာနိုင်ပါသည်။ ထို့ကြောင့် ပတ်ဝန်းကျင်နှင့် အဆင်ပြေစွာအသက်ရှင်နိုင်ရန်အတွက် အချက် (၃) ချက်က အရေးကြီးသည်ဟု ဆိုနိုင်ပါသည်။ ယင်းတို့မှာ . . .

(၁) မိမိကိုယ်ကို ကောင်းစွာထိန်းချုပ်နိုင်ခြင်း၊
(၂) လူအများနှင့်ရောနှောနေထိုင်တတ်ခြင်း၊
(၃) မျိုးဆက်များပြန့်ပွားနိုင်ခြင်းတို့ဖြစ်ပါသည်။

ကိုယ်ရည်ကိုယ်သွေး ဆိုသည်မှာ လူတစ်ဦး၏ ခံစားမှုများ၊ အတွေးအခေါ်များ၊ အခြေအနေအရပ်ရပ်ကို တုံ့ပြန်လေ့ရှိသောအပြုအမူအားလုံးကို ခြုံ၍ခေါ်ခြင်း ဖြစ်သည်။

အထက်ပါဖော်ပြပါ ကိုယ်ရည်ကိုယ်သွေးများ ကောင်းစွာ အလုပ်မလုပ်တော့ပါက စိတ်နှင့်ဆိုင်သော ခံစားမှုဝေဒနာများ ဖြစ်နိုင်သောအခြေအနေသို့ ရောက်ရှိနိုင်ပါသည်။

စိတ်ခွဲပညာ (Psychoanalysis) ၏ အဆိုအရ စိတ်ရောဂါဖြစ်ပွားရခြင်းမှာ ဇာတိပကတိနှင့်ဆိုင်သောအလိုဆန္ဒများနှင့် ထိုအလိုဆန္ဒများကို တားဆီးပိတ်ပင်သောစွမ်းအားများ မပြေမလည်ဖြစ်မှုများကြောင့် စိတ်ရောဂါဝေဒနာများဖြစ်ရသည်ဟု ဆိုပါသည်။ ထိုအခါ စိတ်ဆင်းရဲပြီး နူရိုးဆစ် (သို့မဟုတ်) ဆိုက်ကိုးဆစ်ရောဂါများရရှိကြသည်ဟုဆိုပါသည်။ ဥပမာအားဖြင့် ကလေးဘဝတွင် ပတ်ဝန်းကျင်၏ဖိစီးမှုများကို ခံစားလာခဲ့ရသည်။ လူတစ်ဦးသည် စိတ်ရောဂါဖြစ်ပွားနိုင်သည်ဟု စိတ်ပညာရှင်များက ဆိုကြပါသည်။

စိတ်ဖိစီးမှုများ၊ စိတ်ရောဂါဝေဒနာများ ဖြစ်ပေါ်မှုမရှိစေရန် အသက်ရှင်ခြင်း၌ အခြေခံလိုအပ်ချက်များနှင့်ပြည့်စုံရန်လိုအပ်ပါသည်။ ယင်းအခြေခံလိုအပ်ချက်များမှာ . . .

(၁) အစာအာဟာရ
(၂) နေထိုင်ရန်အဆောက်အဦ
(၃) အနားယူတတ်ခြင်း
(၄) သင့်တင့်သောအပူချိန်ရှိခြင်း
(၅) ခန္ဓာကိုယ်အတွင်းရှိ ဓာတ်သဘာဝများ မျှမျှတတရှိခြင်း
(၆) အရာရာကို အကောင်းဖက်ရှုမြင်တတ်ခြင်း တို့ဖြစ်ပါသည်။

အချို့သော ပညာရှင်များက စိတ်ပိုင်းဆိုင်ရာဝေဒနာများဖြစ်ပေါ်ရခြင်းနှင့်ပတ်သက်၍ အောက် ဖော်ပြပါအချက်အလက်များကိုလည်း ထည့်သွင်းစဉ်းစားရန် ဖော်ပြထားပါသည်။ ယင်းတို့မှာ . . .

(၁) မျိုးရိုးဗီဇ (Genetic)
(၂) ဇီဇသတ္တိ (Constitution)
(၃) ကိုယ်ရည်ကိုယ်သွေး (Personality)
(၄) ကြီးပြင်းလာမှုအဆင့်ဆင့်တို့၏အခြေအနေ (Critical stages of development)
(၅) စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာဖိစီးမှုများ (Psycho-social stresses)
(၆) အနာရောဂါများ (Infections)
(၇) ထိခိုက်ဒဏ်ရာရမှုများ (Trauma)
(၈) အာဟာရချို့တဲ့ခြင်းများ (Malnutrition)
(၉) အဆိပ်သင့်ခြင်းများ (Intoxications) တို့ ဖြစ်ပါသည်။

ဂရုပြုခြင်းဖြင့် အမှုတော်မြတ်ထမ်းဆောင်ခြင်းသည် ယနေ့ခေတ်အချိန်အခါတွင် အထူးလိုအပ်လျက်ရှိပါသည်။ ယနေ့မြို့ကြီးများတွင် နေထိုင်ကြသူများသည် လူဦးရေထူထပ်လာသဖြင့် အစားအသောက်၊ ရေ၊ မီး၊ နေရာထိုင်ခင်းနှင့်ပတ်သက်၍ စိတ်ဝေဒနာခံစားရပါသည်။ အချို့ဒေသများတွင်လည်း ပညာဗဟုသုတချို့တဲ့မှုကြောင့်လည်း စိတ်နှင့်ဆိုင်သောဝေဒနာများခံစားရပါသည်။ ထို့အပြင် လုပ်ငန်းခွင်အဆင်မပြေမှုများ၊ ကျန်းမာရေးမပြည့်စုံမှုများ၊ မိသားစုဆိုင်ရာအခက်အခဲများကြောင့်လည်း စိတ်ဝေဒနာခံစားရတတ်ပါသည်။

ဂရုပြုခြင်းဖြင့် အမှုတော်မြတ်ထမ်းဆောင်ခြင်းသည် ကိုယ်ခန္ဓာရောဂါဘယကင်းအောင် အကြံပေးခြင်း၊ စိတ်ကျန်းမာစေရန်နှင့် လူမှုရေးလုပ်ငန်းများတွင် ပါဝင်နိုင်ရန် လမ်းညွှန်ပေးခြင်းဖြစ်ပါသည်။ အများအားဖြင့် တွေ့ရတတ်သော စိုးရိမ်ပူပန်ခြင်းသည် လူတိုင်းတွင် အနည်းနှင့်အများရှိတတ်ကြပြီး ခန္ဓာမကျန်းမာသောသူများတွင် အဖြစ်များပါသည်။ တစ်ခါတစ်ရံ ကိုယ်ခန္ဓာဆိုင်ရာရောဂါဟုထင်မြင်ယူဆပြီး ကုသကြသောကြောင့် ငွေကြေးကုန်ကျများပြီး မသက်သာနိုင်သောရောဂါအဖြစ်သို့ပင် ရောက်စေပါသည်။ ထို့ကြောင့် အမှုတော်ဆောင်များအနေဖြင့် ဂရုပြုခြင်းဖြင့် အမှုတော်မြတ်ထမ်းဆောင်ခြင်းအားဖြင့် စိတ်နှင့်ဆိုင်သော ကျန်းမာရေးမှာကောင်းမွန်လာပြီး လူ့ဝန်းကျင်သာယာစိုပြည်လာရန်သာရှိပါသည်။

ထိရောက်စွာ ဂရုပြုခြင်းဖြင့် အမှုတော်မြတ်ထမ်းဆောင်နိုင်ရန် အဓိကအချက်မှာ ဘုရားသခင်ထံမှလာသောချစ်ခြင်းမေတ္တာဖြင့် အစွမ်းကုန်လုပ်ဆောင်ခြင်း ဖြစ်ပါသည်။ ဆုတောင်းစာအုပ်ထဲတွင် ဘုရားသခင်သည် မကျန်းမာသူတို့၏ အားကိုးရာခွန်အား၊ ဝမ်းနည်းသူတို့မှီခိုရာဖြစ်ကြောင်း ဖော်ပြထားပါသည်။ ကိုယ်ခန္ဓာ၊ စိတ်ဝိညာဉ်ဒုက္ခရောက်သူများသည် ဘုရားသခင်၏ကျေးဇူးကရုဏာတော်ကြောင့် ကျန်းမာခြင်း၊ ရွှင်လန်းခြင်းများကိုရရှိစေသည်ဟုလည်း ဖော်ပြထားပါသည်။ အချုပ်အားဖြင့်ဆိုရသော် ဂရုပြုခြင်းဖြင့် အမှုတော်မြတ်ထမ်းဆောင်ခြင်းဆိုသည်မှာ အကူအညီလိုအပ်နေသူများကို အရှင်ဘုရား၏နွေးထွေးသောမေတ္တာအားပေးခြင်း၊ ဝေဒနာရှင်တင်ပြလာသည်ကို လေးလေးနက်နက်နားထောင်၍ နားလည်မှုရှိစွာဖြင့် အတူဝေမျှခံစားခြင်းဖြင့် အဆိုပါပုဂ္ဂိုလ်နှင့်ဆွေးနွေးရာမှပေါ်ထွက်လာသော ဆွေးနွေးချက်များမှတစ်ဆင့် အားပေးကူညီခြင်း ဖြစ်ပါသည်။❑

# ဖြစ်ပါရစေ

ဗုတ်စောင် (ရှီးမ)

ရှေးဦးစွာ သန့်ရှင်းသောကျောင်းတိုင် မမွ တက္ကသိုလ်တက်ရောက်ခွင့်ရတဲ့အတွက် ဘုရားသခင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းမိပါတယ်။ ကျွန်မဘဝဟာ ခရစ်ယာန်မိသားစုအသိုင်းအဝိုင်းထဲက ကြီးပြင်းလာခဲ့ပါတယ်။ ငယ်ငယ်ကတည်းက သိတတ်စအရွယ်ကစပြီး ကျမ်းစာကျောင်းတက်ဖို့ ဘုရားရဲ့အမှုတော်မှာပါဝင်ဖို့ ရည်ရွယ်ခဲ့တယ်။ ဒါပေမဲ့ ဘုရားရဲ့အမှုတော်ဆောင်လုပ်ဖို့ပြောတဲ့ ကျွန်မဟာ Sunday School ဆိုတာ လုံးဝမသိနားမလည်ခဲ့ပါဘူး။ တနင်္ဂနွေနေ့ဆိုရင် ဘုရားကျောင်းသွားတယ်၊ သီချင်းဆိုမယ်၊ ပျော်မယ်၊ ပါးမယ်၊ ဘုရားသခင်ဟာ ဘယ်လိုဘုရားလဲ၊ ဘယ်လောက်ထိ ကျွန်မဘဝအတွက် အရေးပါလဲ၊ အမှုတော်ဆောင်ခြင်းဟာ ဘယ်လောက်ထိ လေးနက်လဲ၊ တန်ဖိုးရှိလဲ ဆိုတာ ကျွန်မ စဉ်းစားမိခဲ့ပါဘူး။ ကျမ်းစာကျောင်းက ဆရာ၊ ဆရာမတွေမြင်ပြီး တက်ချင်တဲ့ဆန္ဒတစ်ခုတည်းနဲ့ပဲ အမှုတော်ဆောင်ချင်ခဲ့မိတယ်။

ဒီလိုနဲ့ပဲ (၁၀) တန်းအောင်မြင်ပြီး ကျွန်မ အရမ်းတက်ချင်ခဲ့တဲ့ Holy Cross Theological College ကိုတက်ရောက်ခွင့်ရခဲ့တယ်။ ကျောင်းရောက်တော့ ကျွန်မ တုန်လှုပ်ချောက်ခြားမိတယ်။ ပထမနှစ်ဆိုတော့ ဘာမှအတွေ့အကြုံမရှိ၊ ဘာလုပ်ရ၊ ဘာကိုင်ရမှန်းမသိ၊ မနေတတ်၊ မထိုင်တတ်သူ၊ လူမှုရေးလည်းနားမလည်၊ လူတောလည်းမတိုးရဲ အစစအရာရာ အားနည်းချက်တွေနဲ့ပါပဲ။ ကျွန်မ ကျောင်းမရောက်ခင် ထင်ထားတာနဲ့ လက်တွေ့ကျင့်သုံးနေရတာ တအားကွာခြားလွန်းလှတယ်။ စုံစမ်းနှောင့်ယှက်ခြင်းတွေနဲ့လည်း တွေ့ကြုံရပါတယ်။ ဟင်းမျိုးစုံစားနေရသလိုပဲ။ လူတွေရဲ့နှလုံးသားစာမျက်နှာမျိုးစုံ ဖတ်ရတယ်။ လူတွေကိုကြည့်ပြီးနားမလည်နိုင်ခြင်းတွေနဲ့အမျှ နှလုံးသားမှာ မျက်ရည်မိုးတွေ ရွာသွန်းနေမိတယ်။ ကျွန်မအတွက် ပျော်ရွှင်ခြင်းတွေနည်းပြီး ဝမ်းနည်းမှု၊ စိတ်အားငယ်ခြင်းတွေ ပိုများလာခဲ့ပါတယ်။ ဘုရားကိုလည်း စိတ်ကျေနပ်တဲ့အထိ ရှာလို့မရခဲ့ပါဘူး။ စိတ်တည်ငြိမ်မှုလည်း မရှိခဲ့ပါဘူး။ သည်လိုနဲ့ပဲ ဒုတိယနှစ်ကို ပြန်ရောက်လာခဲ့ပါပြီ။ နှစ်စဉ်နှစ်တိုင်း ကျောင်းမတက်ခင် ဝတ်စောင့်ခြင်းအစီအစဉ်ရှိပါတယ်။ ပထမနှစ်တုန်းက ဝတ်စောင့်ခြင်းပြုလုပ်တဲ့အခါမှာ ဘာမှန်းမသိ၊ နားမလည်ခဲ့ဘူး။ ဒုတိယနှစ်ရောက်တော့ ဘုရားကို သေချာရှာပြီး အကျွမ်းဝင်ပြီး မိတ်သဟာယဖွဲ့တဲ့အခါ၊ အစာရှောင်ဆုတောင်းပြီး ဝတ်ပြုတဲ့အခါ ဒုတိယနှစ်မှာ ရင်ဆိုင်ရမယ့်စုံစမ်းနှောင့်ယှက်ခြင်းတွေ ဘုရားက ကျွန်မကို အဖြေ မြောက်မြားစွာ ပေးနိုင်ပါတယ်။ ပထမနှစ်တုန်းကလို ရင်ဆိုင်ရတဲ့ စုံစမ်းနှောင့်ယှက်ခြင်း ကြုံရတဲ့အခါတိုင်းမှာလည်း တည်ငြိမ်စွာနဲ့ ဖြေရှင်းနိုင်ခဲ့တယ်။ ကျွန်မ ကျောင်းတက်ရတာလည်းပဲ ပိုပျော်မိတယ်။ ဘုရားရဲ့အမှုတော်မှာပါဝင်ခွင့်ရတာလည်း ပီတိဖြစ်မိတယ်။ အမှားနဲ့အမှန်ကို ခွဲခြားတတ်လာပါတယ်။ ဘုရားသခင်ဟာ ကျွန်မအတွက် နွေးထွေးတဲ့မေတ္တာစစ်ဖြစ်ပြီး အကြိမ်ကြိမ်လဲကျခံခဲ့ရတဲ့ အမှောင်ထဲမှာ အခုတော့ ဘဝရဲ့အလင်းပိုင်ရှင်ကို တကယ်ရှာလို့တွေ့ခဲ့ပြီ။ ဒါကြောင့် ဘယ်လိုအခြေအနေပဲရောက်ရောက် ဘုရားရဲ့အမှုတော်မှာ သစ္စာရှိစွာနဲ့ ပါဝင်ဆက်ကပ်မယ်လို့ ခံယူခဲ့ပါတယ်။ အမိပွာယ်ရှိပြီး ပျော်ရွှင်တဲ့ဘဝကိုရရှိလာအောင်လည်း ကြိုးစားသွားမယ်လို့ ရည်ရွယ်ထားခဲ့ပါတယ်။ ကျောင်းတော်ကြီးဟာ ကျွန်မဘဝအတွက် ထာဝရကောင်းကင်ဘုံပါပဲ။ ကျွန်မထံမှာ အရင်တုန်းကမရရှိခဲ့တဲ့ စိတ်ရှည်ခြင်း၊ သည်းခံခြင်းတွေဟာ ကျောင်းတော်ကြီးရောက်မှပဲ တိုးပွားလာခဲ့ပါတယ်။ ကျွန်မအတွက် ဘဝပေးသင်ခန်းစာတွေ ကျောင်းတော်ကြီးမှာပဲရရှိခဲ့ပါတယ်။ အချိန်ကိုလည်း အကျိုးရှိစွာသုံးတတ်လာခဲ့တယ်။ ဒါတွေဟာ ဘုရားသခင်က ကျွန်မကို အမှုတော်ဆောင်ခြင်းအသက်တာအတွက် လမ်းညွှန်ပေးတယ်လို့ ယုံကြည်ပါတယ်။ ကျွန်မဘဝမှာ ဘုရားရဲ့အမှုတော်ကိုထမ်းရွက်ခြင်းသာ အမြတ်ဆုံးလို့သိခဲ့ရတယ်။ ဒါကြောင့် ချစ်သောမိတ်ဆွေတို့ . . ဘုရားသခင်ကို အမှန်တကယ်ယုံကြည်ပြီး အားကိုးခြင်းဖြင့် အကျွမ်းဝင်မိတ်သဟာယဖွဲ့ကြည့်ပါ။ ထူးဆန်းသောရူပါရုံနှင့် ဝမ်းမြောက်ပျော်ရွှင်ခြင်းကို ရလိမ့်မယ်။ John 15: 5-7။❑

---

## $B_6$ ဟင်း

မိုင်ရနော် (B.Th I)

နက်ပေါက် - ညီမလေးက လူသစ်လား။
လိုအင့် - ဟုတ်ကဲ့။
နတ်ပေါက် - ညီမလေး၊ ခေါင်းမူးဖူးသလား။
လိုအင့် - မမူးဖူးဘူး၊ ဒါပေမဲ့ ဒီကျမ်းစာကျောင်းကိုလာတဲ့အခါ ကားစီးလွန်းလို့ ခေါင်းမူးဖူးတယ်။
နတ်ပေါက် - ဟုတ်လား၊ အဝေးကြီးကလာတာပေါ့နော်။ အခုရော မူးသေးလား။
လိုအင့် - အင်း . . . မူးသေးတယ်။
နတ်ပေါက် - ဒါဆိုရင် ဘာမှမပူနဲ့သိလား၊ ဒီကျမ်းစာကျောင်းရောက်တဲ့သူတိုင်း အမူးပြေကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ($B_6$) အမူးပြေဟင်း (အဝါရောင်အလုံးလေးတွေ) ကျွေးလို့ကွ။

မှတ်ချက် ။ ။ $B_6$ (ပဲဟင်း)

# ဒုက္ခထဲမှာ ဘုရားသခင်နဲ့အကျွမ်းဝင်ပြီး စိတ်သဟာယဖွဲ့နိုင်လောက်အောင် ဘုရားကိုယုံကြည်စိတ်ချနိုင်တဲ့ သမ္မာတရား (၃) ခု

ကိုရယ် (သတ္တာ)

ဘုရားကိုယုံတယ်လို့ ပြောနေတာတွေ ကြားဖူးကြမှာပါ။ ဒါပေမဲ့ မေးချင်တာတစ်ခုကတော့ ကိုယ်ကောင်းစားနေချိန်မှာ ဘုရားကိုယုံကြည်စိတ်ချသလို ဒုက္ခအခက်အခဲပြဿနာတွေနဲ့ စုံစမ်းခြင်းတွေကိုရင်ဆိုင်ကြုံတွေ့နေချိန်မှာရော ဘုရားကိုယုံကြည်စိတ်ချနိုင်ပါ့မလားဆိုတာပါ။ သမ္မာကျမ်းစာကပေးတဲ့ ဘုရားကို ယုံကြည်စိတ်ချနိုင်ဖို့ အရေးကြီးတဲ့ သမ္မာတရား (၃) ခုကို ပြောပြဆွေးနွေးချင်ပါတယ်။

ပထမသမ္မာတရား ကတော့ "ဘုရားဟာ ချစ်ခြင်းမေတ္တာနဲ့ ပြည့်ဝစုံလင်မှုရှိနေတယ်" ဆိုတာပါပဲ။ ဒီတော့ ဘုရားက သူ့ရဲ့ချစ်ခြင်းမေတ္တာနဲ့ သူ့ရဲ့ သားသမီးတွေကို အမြဲထာဝရ အကောင်းဆုံးတွေကိုပဲ လုပ်ဆောင်ပေးနေမှာဖြစ်ပါတယ်။ ကိုယ်က ဘုရားရဲ့ချစ်ခြင်းမေတ္တာကို သံသယဖြစ်နေမယ်ဆိုရင် ကိုယ့်ရဲ့အခက်ခဲဆုံးလို့ထင်ရတဲ့အချိန်မှာ ဘုရားကို ယုံကြည်စိတ်ချနိုင်တော့မှာ မဟုတ်ပါဘူး။ ဒါကြောင့် ဘုရားရဲ့ချစ်ခြင်းမေတ္တာကို တကယ်နားလည်သဘောပေါက်ပြီး အသိအမှတ်ပြုထားဖို့လိုပါလိမ့်မယ်။ ယောဘဆိုတဲ့သူက ဘုရားဟာ သူ့ကိုချစ်တယ်ဆိုတာ သိခဲ့ပါတယ်။ယောဘကို ချစ်ခဲ့တဲ့ဘုရားက ဒီကနေ့ လူသားအားလုံးကိုလည်း ချစ်နေပါတယ်။ ကျွန်တော်တို့အပေါ် ဘုရားသခင်ရဲ့ချစ်မေတ္တာပြည့်ဝစုံလင်ပေမယ့် ကျွန်တော်တို့က ကိုယ်ဖြစ်စေချင်သလို ဖြစ်မလာတာမျိုးကြုံလာရင် "ဘုရားက ငါ့ကို ချစ်တယ်ဆိုရင် ငါ့အသက်တာထဲမှာ ဒါမျိုးတွေ၊ ဟိုဟာမျိုးတွေ ဘာကြောင့် ဖြစ်နေရတာလဲ" ဆိုပြီး မေးခွန်းထုတ်တတ်ကြပါတယ်။ တကယ်တော့ ဒီလိုမေးခွန်းကို စတန်က တိုးတိုးလေး မေးခိုင်းနေတာပါ။ ဒါမှ ဘုရားရဲ့ချစ်ခြင်းမေတ္တာအပေါ် ကျွန်တော်တို့သံသယဝင်လာမှာဖြစ်လို့ပါ။ ဒီလို သံသယဖြစ်လာတာနဲ့ စတန်က ကျွန်တော်တို့ကို ဆက်ပြီး ကိုင်တွယ်အသုံးပြုသွားတော့မှာဖြစ်ပါတယ်။ တကယ်တော့ ဘုရားရဲ့ချစ်ခြင်းမေတ္တာကြောင့် ကျွန်တော်တို့အသက်တာမှာ ဒုက္ခ၊ ပြဿနာ၊ စုံစမ်းခြင်းနဲ့ ခက်ခဲတာတွေကို ရင်ဆိုင်စေတာပဲ ဖြစ်ပါတယ်။ ဘုရားက ကျွန်တော်တို့ မထင်မိ၊ မခံစားမိတဲ့ပုံစံနဲ့လည်း ချစ်နေတတ်ပါတယ်။ ဒီတော့ ဘုရားက ကျွန်တော်တို့ကို ပုံစံမျိုးစုံနဲ့ အမြဲတမ်းချစ်နေတယ် ဆိုတာသိဖို့ နိုင်လုံတဲ့ အကြောင်းတရား (၃) ခုရှိပါတယ်။

ပထမ အကြောင်းတရားကတော့ "ဝိသေသချစ်မေတ္တာ" လို့ ပြောနိုင်တဲ့ ဘုရားရဲ့ကတိတော် ဝိသေသကိုက ချစ်ခြင်းမေတ္တာရှိနေတယ်ဆိုတာပါပဲ။ ဥပမာပြောရရင် ၁ ယောဟန် ၄း၈ မှာ "ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏" ဆိုတဲ့ ဘုရားရဲ့ဂုဏ်ရည်တော်နဲ့ ဝိသေသတစ်ခုကိုပြောထားပါတယ်။ ဒီလိုဝိသေသရှိတဲ့ဘုရားက သူ့ရဲ့ သားသမီးတွေအတွက် "အကောင်းဆုံး" ဆိုတာကလွဲပြီး ဘာကိုမှ လုပ်ဆောင်ပေးမှာ မဟုတ်ပါဘူး။ ဒုတိယအကြောင်းတရားကတော့ "လက်ဝါးကပ်တိုင်ပေါ်မှာ ဘုရားက ပေါ်လွင်ထင်ရှားစွာနဲ့ပြတဲ့ ချစ်ခြင်းမေတ္တာ" ပဲဖြစ်ပါတယ်။ ဘုရားသခင်ရဲ့ချစ်ခြင်းမေတ္တာကို ကားတိုင်ပေါ်မှာ ဖော်ပြတာထက် ပိုပြီးဖော်ပြနိုင်တဲ့နည်းလမ်းလည်း မရှိတော့ပါဘူး။ ဘုရားရဲ့အကောင်းဆုံးကိုတောင်းပေးခဲ့တဲ့ ချစ်ခြင်းမေတ္တာကို သံသယဖြစ်စရာအကြောင်းကိုမရှိပါဘူး။ တတိယအကြောင်းတရားကတော့ ပဋိညာဉ်ပြုတဲ့ ချစ်ခြင်းမေတ္တာကြောင့်ပဲဖြစ်ပါတယ်။ ဟေဗြဲ ၈း၁၀ မှာ "နောင်ကာလအခါ ဣသရေလအမျိုးသားတို့၌ ငါပေးအံ့သော ပဋိညာဉ်တရားဟူမူကား . . . ငါသည် သူတို့၏ဘုရားဖြစ်မည်။ သူတို့သည်လည်း ငါ၏လူဖြစ်ကြလိမ့်မည်" လို့ပြောထားပါတယ်။ ဒီပဋိညာဉ်က ကျွန်တော်တို့ဟာ ဘုရားရဲ့သားသမီးတွေဖြစ်သွားမယ်ဆိုတာမျိုးပါ။ ဒီတော့ အဲဒီအကြောင်းတရား (၃) မျိုးအပေါ် အခြေခံပြီး ကိုယ့်ရဲ့ဒုက္ခပြဿနာနဲ့ ခက်ခဲတဲ့အချိန်တွေမှာ ဘုရားက သူ့ရဲ့ချစ်ခြင်းမေတ္တာနဲ့လွှမ်းခြုံထားမယ်ဆိုတာကိုသိပြီး ဘုရားရဲ့ချစ်ခြင်းမေတ္တာကို ယုံကြည်နေနိုင်ပါတယ်။

> တကယ်တော့
> ဘုရားရဲ့ချစ်ခြင်းမေတ္တာကြောင့်
> ကျွန်တော်တို့အသက်တာမှာ
> ဒုက္ခ၊ ပြဿနာ၊ စုံစမ်းခြင်းနဲ့
> ခက်ခဲတာတွေကို
> ရင်ဆိုင်စေတာပဲ ဖြစ်ပါတယ်။

ဒုတိယသမ္မာတရားကတော့ "ဘုရားဟာ အကန့်အသတ်မရှိတဲ့ ဉာဏ်ပညာတော်ကိုပိုင်ဆိုင်တယ်" ဆိုတာပါပဲ။ ဒီတော့ ဘုရားက သူ့ရဲ့ ဉာဏ်တော်နဲ့ ကျွန်တော်တို့အတွက် ဘာအကောင်းဆုံးလဲဆိုတာကို သိနေပါတယ်။ ဒါ့ကြောင့် ကျွန်တော်တို့အသက်တာမှာ ကျွန်တော်တို့နားမလည်နိုင်တဲ့ကိစ္စတွေကို ဘုရားက သူ့ရဲ့ဉာဏ်တော်နဲ့ လုပ်ဆောင်နေတာပဲဖြစ်ပါတယ်။ ကျွန်တော်တို့က ဘုရားရဲ့နည်းလမ်းနဲ့ဉာဏ်တော်ကို သံသယရှိတာနဲ့ ကိုယ့်ဟာကိုယ် ကောင်းတယ် မှန်တယ်လို့ထင်တာတွေကို လုပ်မိတတ်ပါတော့တယ်။ တကယ်တမ်းတော့ ဘုရားရဲ့ဉာဏ်ပညာတော်ထက် ပိုပြီးကောင်းတာကို ဘယ်သူကမှမလုပ်နိုင်ဘူးဆိုတာကိုသိရင် ကိုယ်နားမလည်နိုင်တာတွေအတွက်လည်း ဘုရားကိုယုံကြည်စိတ်ချနေနိုင်မှာဖြစ်ပါတယ်။ ဒီတော့ ကိုယ့်အသက်တာမှာ ဖြစ်ပျက်နေတာတွေ၊ ကိုယ်မလိုချင်တာတွေ၊ မဖြစ်ချင်တာတွေအတွက် ဘုရားကိုမေးခွန်းထုတ်ရင်လည်း ဘုရားက ရှင်းလင်းချက်တွေပေးနေမှာမဟုတ်ပါဘူး။ ဥပမာပြောရရင် ယောသပ်က ဖာရောဘုရင်ရဲ့နန်းတော် အကျဉ်းထောင်ထဲမှာ မတရားအကျဉ်းကျခံနေရတဲ့ကိစ္စက ဘာကြောင့်လဲဆိုတာကို ဘုရားက ရှင်းမပြခဲ့ပါဘူး။ ဒါပေမဲ့ ဘုရားက သူ့ရဲ့ဉာဏ်ပညာတော်နဲ့လုပ်ဆောင်နေတာဖြစ်လို့ အကောင်းဆုံးဆိုတာကလွဲပြီး တခြားဘာမှဖြစ်မှာမဟုတ်ပါဘူး။ ခရစ်တော်နဲ့ပတ်သက်တဲ့ မွေသဘောတွေကို တော်တော်လေးသဘောပေါက်ခဲ့တဲ့ ရှင်ပေါလုက ရောမ ၁၁း၃၃ မှာ "ဘုရားသခင်၏ပညာနှင့်ဉာဏ်တော်သည် အလွန်ကျယ်ဝန်းနက်နဲ့စွတကား။ စီရင်တော်မူချက်တို့ကို အဘယ်သူမျှ စစ်၍မကုန်နိုင်၊ ကြံတော်မူရာလမ်းတို့ကို လိုက်၍ရှာသော်လည်း မတွေ့မမှီနိုင်" လို့ ဝန်ခံခဲ့ရပါတယ်။ ဒါကြောင့် ဘုရားရဲ့သဘောသဘာဝနဲ့ အခြေခံသမ္မာတရားတွေကို သိထားတာက ပိုပြီးတန်ဖိုးရှိသလို ယုံကြည်စိတ်ချမှုကိုလည်း တည်ဆောက်ပေးမှာဖြစ်ပါတယ်။

> ကိုယ့်ရဲ့ဒုက္ခပြဿနာနဲ့ ခက်ခဲတဲ့အချိန်တွေမှာ ဘုရားက သူ့ရဲ့ချစ်ခြင်းမေတ္တာနဲ့ လွှမ်းခြုံထားမယ် ဆိုတာကိုသိပြီး ဘုရားရဲ့ ချစ်ခြင်းမေတ္တာကို ယုံကြည်နေနိုင်ပါတယ်။

တတိယသမ္မာတရားကတော့ "ဘုရားဆီမှာ အရာခပ်သိမ်းကို လွှမ်းမိုးချုပ်ကိုင်ထားတဲ့ အနန္တတန်ခိုးတော်ရှိတယ်" ဆိုတာပါပဲ။ ဒီတော့ ဒီကမ္ဘာလောကမှာ ဖြစ်ပျက်နေတာအားလုံးကို ဘုရားက လွှမ်းမိုးချုပ်ကိုင်ထားနိုင်ပါတယ်။ တကယ်လို့ ဘုရားရဲ့မျက်ကွယ်မှာ တစ်ခုခုဖြစ်ပျက်နေနိုင်တယ်ဆိုရင် ဘုရားကိုကျွန်တော်တို့ ဆက်ပြီးယုံကြည်စိတ်ချစရာအကြောင်းမရှိနိုင်တော့ပါဘူး။ ဒါပေမဲ့ ဘုရားမသိတဲ့၊ ဘုရားမစီမံနိုင်တဲ့ကိစ္စ တစ်ခုမှမရှိအောင် ဘုရားက အားလုံးကိုလွှမ်းမိုးချုပ်ကိုင်ထားတဲ့တန်ခိုးကိုပိုင်ဆိုင်ပါတယ်။ ဥပမာပြောရရင် ရှင်မဿဲ ၁၀း၂၉ မှာ "သင်တို့အဘ အခွင့်မရှိလျှင် ထိုစာငှက်တစ်ကောင်မျှ မြေသို့မကျရ" လို့ပြောထားသလို ယောဟန် ၁၉း၁၁ မှာ "အထက်အရပ်မှအခွင့်ကိုမရလျှင် မင်းကြီးသည် ငါ့ကိုအဘယ်သို့မျှ မပြုပိုင်" လို့ပြောထားပါတယ်။ ဒီတော့ စာငှက်တစ်ကောင်ကို မြေပေါ်ကျစေတဲ့အခွင့်ပေးသလို သားတော်ကို ကားတိုင်မှာအသတ်ခံရဖို့ ခွင့်ပေးတာ ဘုရားသခင်ပဲဖြစ်ပါတယ်။ ဒီတော့ ဘုရားက အရာခပ်သိမ်းကို လွှမ်းမိုးချုပ်ကိုင်နေတယ်ဆိုတာကို သံသယဖြစ်စရာအကြောင်း လုံးဝမရှိနိုင်ပါဘူး။

> လေယာဉ်ပျံပျက်ကျတာတွေ
> လျှော်လှုပ်တာတွေ
> ဆူနာမီလှိုင်းရိုက်တာခံပြီး
> ဒုက္ခရောက်ကြ
> အပြစ်မဲ့တဲ့လူတွေ
> သေရတဲ့ကိစ္စတွေမှာရော
> ဘုရားက
> ခွင့်ပြုပြီးပါဝင်နေလား

တချို့လူတွေ မေးတတ်တာကတော့ . . . "လေယာဉ်ပျံပျက်ကျတာတွေ၊ လျှော်လှုပ်တာတွေ၊ ဆူနာမီလှိုင်းရိုက်တာခံပြီး ဒုက္ခရောက်ကြ၊ အပြစ်မဲ့တဲ့လူတွေသေရတဲ့ကိစ္စတွေမှာရော ဘုရားက ခွင့်ပြုပြီးပါဝင်နေလား" ဆိုတာမျိုးပါ။ ဟုတ်ပါတယ်။ ဘုရားရဲ့စီမံအုပ်စိုးမှုအောက်မှာ ဖြစ်ပျက်နေတာတွေပါ။ ကျွန်တော်တို့အသက်ရှင်နေတဲ့လောကကြီးက အပြစ်ဒုစရိုက်တွေနဲ့ အဲဒီအပြစ်ဒုစရိုက်တွေရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေနဲ့ပြည့်စုံတဲ့ လောကကမ္ဘာကြီးထဲမှာပါ။ ဒီတော့ ဘုရားရဲ့မူလအလိုဆန္ဒမဟုတ်ပေမယ့် ခွင့်ပြုထားတဲ့ကိစ္စတွေ အများကြီးရှိနေနိုင်ပါတယ်။ အဲဒါတွေရဲ့ ရေရှည်ရလဒ်တွေကို ကျွန်တော်တို့က လူသားဉာဏ်နဲ့မသိပေမယ့် ဘုရားကတော့ သူ့ရဲ့ဉာဏ်ပညာတော်နဲ့ အကောင်းဆုံးကိုပဲ စီမံအုပ်စိုးလုပ်ဆောင်ခွင့်ပြုနေတာပဲဖြစ်ပါတယ်။ ဒီတော့ ဘုရားက အရာခပ်သိမ်းကို စီမံလွှမ်းမိုးတဲ့တန်ခိုးရှိတယ်ဆိုတာ ကျွန်တော်တို့က သိသိမသိသိ ဘုရားကို ယုံကြည်စိတ်ချနေနိုင်ပါတယ်။ ဘုရားက ဘယ်လိုဘုရားလဲဆိုတာသိရင်၊ သမ္မာတရားကိုသိရင် ဘုရားဘာလုပ်တယ်ဆိုတာကို သံသယဖြစ်မှာမဟုတ်တော့ပါဘူး။ ဒီတော့ ဘုရားရဲ့သားသမီးတစ်ယောက်ရဲ့စိတ်ထဲမှာ "မတော်တဆ" တို့၊ "တိုက်ဆိုင်တာ" တို့၊ "ကံကောင်းလို့" ဆိုတာမျိုးမရှိသင့်ပါဘူး။ တချို့ပြောတတ်တာက "ငါ့ကို သူက အလုပ်ဖြုတ်နိုင်တယ်၊ နေရာရွှေ့ပစ်နိုင်တယ်" ဆိုတာမျိုးပါ။ ကိုယ်တော်အခွင့်အာဏာရှိတဲ့သူက ကိုယ့်ကို အဲဒီလိုလုပ်နိုင်တယ်လို့ ယုံနေရင် အရာခပ်သိမ်းကိုလွှမ်းမိုးချုပ်ကိုင်ထားတဲ့ဘုရားက ခွင့်ပြုတာတွေပဲဖြစ်မှာပါ။ ဒီလို ဘုရားကခွင့်ပြုတာကို ကျွန်တော်တို့က ကြိုက်ချင်မှကြိုက်ပါလိမ့်မယ်။ ဒါပေမဲ့ ဘုရားကတော့ သူ့ရဲ့ချစ်ခြင်းမေတ္တာ၊ ဉာဏ်ပညာတော်၊ အရာခပ်သိမ်းကိုလွှမ်းမိုးတဲ့ စီမံအုပ်ချုပ်မှုတန်ခိုးအောက်မှာ ခွင့်ပြုထားတာဖြစ်လို့ "အကောင်းဆုံး" ဆိုတာထက်တော့ ဘယ်တော့မှလျော့ကျမှာမဟုတ်ပါဘူးဆိုတာကို ယုံကြည်စိတ်ချနေနိုင်ပါတယ်။ ဒီသမ္မာတရား (၃) ခုကိုသိခဲ့တဲ့ ယောဘကတော့ သူ့အသက်တာရဲ့အဆိုးဝါးဆုံးအချိန်၊ ဘုရားက ဘာတွေလုပ်ပြီး ဘာကြောင့်ခွင့်ပြုတယ်ဆိုတာမသိခဲ့ပေမယ့် သူ့ရဲ့စိတ်နှလုံးသားထဲမှာ လုံခြုံစိတ်ချသေချာမှုတွေနဲ့ ဘုရားကို အကျွမ်းဝင်မိတ်သဟာယဖွဲ့နိုင်ခဲ့သလို နိဂုံးရလဒ်ကောင်းချီးတွေကိုလည်း ဝမ်းမြောက်မှုနဲ့ရနိုင်ခဲ့တယ်ဆိုတာ သက်သေခံနေပါတယ်။ ❑

ဘုရားဂုဏ်တော်ကိုချီးမွမ်းရင်း . . .

# ဘုရားသခင်ခေါ်ရာ မငြင်းတော့ပါ

ဘဲရီထူး

ကျွန်တော်က တောင်ငူသာသနာပိုင်၊ ကလေ ဝါ ဘုန်းကြီးပိုင်နယ်၊ ဟိုးချီးရွာမှလူငယ်တစ်ဦး ဖြစ်ပါ တယ်။ သန့်ရှင်းကားတိုင်ဓမ္မတက္ကသိုလ်မှာ ပထမနှစ် တက်ရောက်နေပါတယ်။ မိဘက စောရွှေလေ နှင့် နော် နှိုင်းလေ ဖြစ်ပါတယ်။ အဖေနဲ့နေတယ်။ အမေကိုတော့ အရွယ်ရောက်မှ သေချာသိခဲ့တယ်။ (၉) တန်းနှစ်မှာ တစ်ခါ၊ ကျမ်းစာကျောင်းတက်ခါနီးမှာတစ်ခါ အမေ့ဆီ သွားလည်ခဲ့တယ်။ ကျွန်တော့်ဘဝမှာဆိုရင် ကျမ်းစာ ကျောင်းတက်မယ်လို့ မမျှော်လင့်ခဲ့ပါဘူး။ ဒါပေမဲ့ ဘုရား ကိုယုံကြည်တယ်၊ ဘုရားကျောင်းကိုလည်း အမြဲသွား တယ်။ ဘာဖြစ်လို့ ကျမ်းစာကျောင်းမတက်ချင်တာလဲ ဆိုတော့ အကြောင်းအမျိုးမျိုးပါပဲ။ ကျွန်တော်ဟာ စကားနည်းတဲ့လူတစ်ယောက်ဖြစ်တယ်။ ပြီးတော့ ဆု တောင်းရမှာလည်း တအားကြောက်တယ်။ လူငယ်တွေ၊ ဓမ္မပညာကလေးတွေနဲ့ သိပ်မပေါင်းတတ်ဘူး။ ဒါပေမဲ့ ဆင်းရဲသောသူ၊ အငိုချို့တဲ့သောသူ၊ မိဘမဲ့ကလေးတွေ ကိုမြင်ရင်လည်း အရမ်းသနားတယ်။ ကူညီချင်တယ်။ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်တဲ့အခါ စိတ်ကူး တစ်ခုပေါ်လာတယ်။ ဘာလဲဆိုတော့ "ငါ လူမှုကယ် ဆယ်ရေးအဖွဲ့ထဲဝင်မယ်။ ဒါမှမဟုတ် စီးပွားရှာပြီး ရတဲ့ ပိုက်ဆံနဲ့ မိဘမဲ့ကျောင်းနဲ့ဆင်းရဲသားတွေကို ကူညီမယ်၊ လှူဒါန်းမယ်။ ဒါပေမဲ့ စိတ်ကူးတာတွေမဖြစ်လာခဲ့ဘူး။

အဲဒီတော့ ကျွန်တော့်ဦးလေးက ကျွန်တော့်ကို ပြော တယ်။ မင်း ကျမ်းစာကျောင်းတက်ပါလား။ ကျွန်တော် က ပြန်ပြောတယ်။ ကျွန်တော်က စကားမှသိပ်မပြော တတ်တာ။ ဒါပေမဲ့ စဉ်းစားကြည့်ဦးမယ်။ အဲဒီတော့ ဘယ်ကျမ်းစာကိုသတိရလဲဆိုတော့ (ထွက်မြောက်ရာ ကျမ်း ၄း၁၀-၁၅) မောရှေက ဘုရားသခင်နိုင်းတာကို ငြင်းတယ်။ "အကျွန်ုပ်သည် နှုတ်သတ္တိမရှိ၊ နှုတ်လေး၊ စကားနှေးနှေးပြောတတ်သောသူဖြစ်ပါ၏" ဘုရားသခင် ကလည်း "လူကို ဘယ်သူဖန်ဆင်းသလဲ" တဲ့။ ဒီကျမ်း ပိုဒ်ကိုဖတ်ပြီး ကျွန်တော့်ကိုယ်ကျွန်တော် ဆက်ကပ် တယ်။ ဘုရားသခင် ကျွန်တော့်ကို တကယ်အဲလိုရှိရင် ခေါ် တော်မူပါ။ ကျွန်တော့်ကို လိုရာအသုံးပြုတော်မူပါ လို့ ဆုတောင်းလိုက်တယ်။ ကျွန်တော်ဆိုလိုချင်တာက လူတွေဟာ ရယူချင်တာတွေ အများကြီးရှိတယ်။ လုပ် ချင်တာလည်း အများကြီးရှိတယ်။ ဒါပေမဲ့ ဘုရားသခင် အလိုတော်မရှိရင် ဖြစ်မလာပါဘူး။ ကျွန်ုပ်တို့ပတ်ဝန်း ကျင်မှာ ယုံကြည်ခြင်း မခိုင်မြဲသေးသူ၊ ခရစ်တော်ကို မလက်ခံသေးသောသူ များစွာရှိပါတယ်။ ကျွန်တော်တို့ ကိုဘုရားသခင်ပေးထားတဲ့အစွမ်းအစလေးနဲ့လုပ်ဆောင် မယ်ဆိုရင် ခရစ်ယာန်အသင်းတော်ကြီးဟာ တစ်နေ့ တခြား ကြီးပွားလာမှာဖြစ်ပါတယ် ဆိုတာကို ခွန်အား ပေးလိုက်ပါတယ်။❑



# ဓမ္မဟောင်းမှ နာမ်ဝိညာဉ်များအကြောင်း (SPIRITS)

ဘုန်းတော်ကြီး မာကုစောမောင်ဒို

ကမ္ဘာ့နေရာဒေသများစွာ တို့၌ လူတို့သည် တန်ခိုးရှင်ကြီး (ထာဝရဘုရား) ကို ယုံကြည်ကြပေ မယ့် နတ်ဘုရားငယ်များတို့ကို ပို၍ ဝတ်ပြုကြတယ်၊ အစေခံကြပါတယ်။ ကြည့်ရတာ တန်ခိုးရှင်ကြီးဟာ လူ တွေနဲ့အလှမ်းကွာဝေးလွန်းပြီး သူ့ကို လက်လှမ်းမမီနိုင်ဘူး၊ မတွေ့နိုင်ဘူး လို့ လူတွေခံစားမိကြတယ်။ အဲသလို မျိုး ထင်စရာဖြစ်နေပါတယ်။အဲဒီလို ယူဆနေတဲ့လူတွေဟာ တစ်ဆက် ထဲမှာပဲ နတ်ဘုရားငယ်များဟာ တန်ခိုးရှိပြီး သူတို့၏အသက်တာမှာ တိုက်ရိုက်ပါဝင်ပတ်သက်နေတယ်လို့ ယူဆကြပါတယ်။ အဲဒီအကြောင်း ကြောင့် နတ်ဘုရားငယ်များက သူ တို့ကို အခက်အခဲများ (ဝါ) ဖျားနာမှု များမှ ကာကွယ်ပေးရန် မျှော်လင့် ချက်ဖြင့် နတ်ဘုရားငယ်များကို ပူ ဇော်သက္ကာတွေနဲ့ပူဇော်ဆက်ကပ်ကြ ပါတယ်။ ယေဘုယျအားဖြင့် လူတွေ ကိုးကွယ်ဝတ်ပြုတဲ့နတ်ဘုရားနှစ်မျိုး နှစ်စားရှိပါတယ်။

(၁) လောကသဘာဝနှင့် ဆိုင်တဲ့ဝိညာဉ်များ၊ လောကကမ္ဘာ နှင့် အထူးသဖြင့် ကောက်ပဲသီးနှံ ကောင်းမွန်ခြင်းတို့အပေါ်တွင်ဩဇာ အာဏာလွှမ်းမိုးမှုရှိကြောင်း ယုံ ကြည်ကြပါသည်။

(၂) သေသူများ၏ဝိညာဉ် များ၊ လူထု (လူ့အဖွဲ့အစည်း) နဲ့ တစ်ဦးချင်းရဲ့အသက်တာပေါ်မှာ

ဩဇာအာဏာလွှမ်းမိုးမှုရှိကြောင်း ယုံကြည်ကြပါတယ်။

နတ်ဘုရားများ (ဝါ) ဝိညာဉ်များကို ကိုးကွယ်ခြင်းကိစ္စရပ်များတို့နှင့်ပတ်သက်ပြီး ကိုယ်ပိုင်တွေးခေါ်မှု မှန်ကန်စွာပြုလုပ်နိုင်ရန် နတ်ဘုရားငယ်များ (ဝါ) ဝိညာဉ်များကို ကိုးကွယ်ခြင်းနှင့်ပတ်သက်၍ ကျမ်းစာရေးသားသောသူများတို့၏ သဘောထား (ဆိုလိုချက်) ကို နားလည်ရန် လိုအပ်ပါတယ်။ (သူတို့အချိန်ကာလတုန်းက တန်ခိုးရှင်ကြီးကိုမကိုးကွယ်ဘဲ ဘာကြောင့် နတ်ဘုရားများ၊ အမျိုးမျိုးသောဝိညာဉ်များကို ကိုးကွယ်ရတာလဲ ဆိုတဲ့အချက်ကို ကျမ်းစာရေးသူများ ရှင်းလင်းတင်ပြလိုတဲ့အတိုင်း မှန်မှန်ကန်ကန် နားလည်ရန်လိုအပ်။) ဤကိစ္စများကို ရှင်းရှင်းလင်းလင်း နားလည်ရန် ဓမ္မဟောင်းက ကျွန်ုပ်တို့ကို များစွာအကူအညီပေးပါသည်။

ဓမ္မဟောင်းကို စစ်ဆေးလေ့လာတဲ့အခါ ဦးစွာတွေ့ရှိရတဲ့အချက်ကတော့ ဣသရေလလူမျိုးများတို့ဟာ ထာဝရဘုရား (အရှင်ဘုရား) နဲ့ပတ်သက်လို့ အဝေးကြီးမှာ ရောက်နေတယ်။ အနားကပ်လို့မရဘူးဆိုတာ မတွေးခဲ့ကြဘူး။ ထိုအရှင်သည် မိမိလူမျိုးတော်နှင့်အတူရှိနေကြောင်း၊ မိမိကိုယ်ကို လူမျိုးတော်သိရန် အစဉ်ဖော်ပြလျက်ရှိကြောင်း၊ ပုဂ္ဂိုလ်ချင်းဆက်သွယ်ပြုရန်လိုလားသောအရှင်ဖြစ်ကြောင်း၊ ဓမ္မဟောင်းတစ်ခုလုံး ရေးသားတဲ့သူတွေဟာ လူသားများဖြစ်ကြပါတယ်။ ဒီလူတွေဟာ အသက်ရှင်တော်မူတဲ့ဘုရားနဲ့ပတ်သက်ပြီး တစ်ဦးချင်းအနေပဲဖြစ်ဖြစ်၊ လူထု၊ လူတစ်စုအနေပဲဖြစ်ဖြစ် တွေ့ကြုံပြီးသားလူတွေဖြစ်ပါတယ်။ ပရောဖက်များနဲ့ ကဗျာဆရာများကလည်း ဘုရားရှင်၏ကောင်းချီးမင်္ဂလာရရှိဖို့ ထိုဘုရားရှင်အားကိုးကွယ်ခြင်းနဲ့ အစေခံဝန်ထမ်းခြင်းအားဖြင့် ဘုရားရှင်ကို တုံ့ပြန်ကြဖို့ မကြာခဏ (တစ်ကြိမ်ပြီးတစ်ကြိမ်) သူတို့ကို တိုက်တွန်းခဲ့ကြပါတယ်။ ဓမ္မဟောင်းသည် ဘုရားရှင်ရဲ့ အမှန်တကယ် လူတွေနဲ့အတူ တည်ရှိခြင်းနဲ့ လူတွေကြားမှာ သက်ဝင်လှုပ်ရှားခြင်း အကြောင်းအရာများကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါတယ်။

ထိုအကြောင်းကြောင့် ဣသရေလလူမျိုးတို့အသက်တာ၌ မမြင်ရသောဝိညာဉ်များအား ယုံကြည်ရန် နေရာမရှိသလောက်ပင်ဖြစ်ပါသည်။ (spiritual beings• မမြင်ရသောဝိညာဉ်များ) (spiritual beings ၏တိုက်ရိုက်အဓိပ္ပာယ်မှာ "ဝိညာဉ်ရေးဆိုင်ရာသက်ရှိများ" ဖြစ်ပေမယ့် ထိုသို့အဓိပ္ပာယ်မျိုး ယူရန် မဆီလျော်ပါ။) ဓမ္မဟောင်း ရေးသားသူများ နတ်ဘုရားငယ်များကို ကိုးကွယ်ခြင်းအမှုအား ဘယ်သောအခါမှ အားမပေးပါ။ ဓမ္မဟောင်းရေးသူအတော်များများ ထိုနတ်ဘုရားငယ်များအားကိုးကွယ်ခြင်းဟာ မိုက်မဲသောအမှုနှင့် ထာဝရဘုရားကို သိသူများအဖို့ မပြုအပ်တဲ့အမှု၊ ပြုရန်မထိုက်တန်သောအမှုလို့ ထင်ထင်ပေါ်ပေါ် ရှုတ်ချခဲ့ကြပါတယ်။

**ဣသရေလလူမျိုးများတို့ဘိုးဘေးများတို့အား အောက်မေ့သတိရခြင်းကိုတန်ဖိုးထားကြပေမယ့် ၎င်းတို့၏ဝိညာဉ်များထံအကူအညီမတောင်းရကြောင်း သွန်သင်ခြင်းခံရပါတယ်။**

ဓမ္မဟောင်းမှာဖော်ပြထားတဲ့ သဘာဝဝိညာဉ်များ (နတ်ဘုရားများ) ကို ကိုးကွယ်ဖို့အနီးစပ်ဆုံးအရာမှာ "ဗာလ" ဘုရားကို ကိုးကွယ်ခြင်းဖြစ်ပါတယ်။ ဣသရေလနိုင်ငံနှစ်ပြည်ထောင်ကွဲပြီးအချိန်ကာလ ဣသရေလလူမျိုး (မြောက်ပိုင်း) အချို့တို့ဟာ ဗာလဘုရားနဲ့တကွ ထာဝရဘုရားကိုပါ ကိုးကွယ်သင့်ကြောင်းထင်မြင်ခဲ့ကြပါတယ်။ ဗာလဘုရားဟာ ကောက်ပဲသီးနှံကောင်းခြင်းနဲ့ မိသားစုကြီးများ ပေးနိုင်တယ်လို့ ယူဆကြပါတယ်။ ဧလိယဟာ ဤကိုးကွယ်မှု (cult) မျိုး ဣသရေလလူမျိုးတို့အား ထာဝရဘုရားအား အစေခံခြင်းမှဝေးစေလိမ့်မည်ဖြစ်ကြောင်း ကြိုတင်သိမြင်ခဲ့၍ ဤကိုးကွယ်မှု (cult) ကို ဆန့်ကျင်ခဲ့ပါတယ် (၁ ဘုရင် ၁၈း၂၁)။ ယောရှိမင်းရဲ့ ဘာသာရေးပြုပြင်ပြောင်းလဲခြင်းထဲမှာ ဗာလဘုရားကိုးကွယ်တဲ့အခါ သုံးတဲ့အရာများကို ဖျက်ဆီးခြင်းများ ပါဝင်ပါတယ် (၂ဘုရင် ၂၃း၄)။ ဟောရှေနဲ့ယေရမိပရောဖက်နှစ်ပါးစလုံး ဤကိုးကွယ်မှုကို ဆန့်ကျင်ခဲ့ကြပါတယ်။ (ဟော ၉း၁၀-၁၇၊ ယေရမိ ၁၁း၁၃)။ ထာဝရဘုရားဟာ စကြဝဠာနဲ့ ၎င်းထဲမှာရှိတဲ့အရာအားလုံး ဖန်ဆင်းခဲ့ပြီးဖြစ်ပါတယ်။ ဒီပရောဖက်တွေဟာ သဘာဝတရားမှာ တန်ခိုးရှိတဲ့အရာတွေအများကြီးရှိကြောင်းနဲ့ လူတွေက အဲဒီအရာတွေကို ပိုမိုသိလာအောင် လုပ်ဆောင်ကြပြီး ထိန်းချုပ်အသုံးပြုနိုင်ကြကြောင်း သိခဲ့ကြပါတယ်။ လေနဲ့ရေ၊ မီးနဲ့ဆီးနှင်းခဲတို့ဟာ လူတွေကို ဖျက်ဆီးနိုင်တယ်၊ (ဝါ) လူတွေက ၎င်းတို့ကို အသုံးချနိုင်ပါတယ်။ ဒါပေမဲ့ ဒီတန်ခိုးတွေဟာ "ဝိညာဉ်များ" မဟုတ်၊ ဘုရားနှင့်အတူ ၎င်းတို့ကို ကိုးကွယ်ရန်မဟုတ်ပေ။ ၎င်းတို့ဟာ စဉ်းစားနိုင်သောဉာဏ်မရှိ(ဝါ) ခံစားမှုလည်းမရှိ၊ လူတွေရဲ့ဆုတောင်းခြင်းကိုလည်း အဖြေပေးနိုင်တဲ့တန်ခိုးမရှိကြပေ။

တခြား လူများကဲ့သို့ ဣသရေလလူမျိုးအချို့က ဘိုးဘေးဝိညာဉ်များကိုယုံကြည်ကြပြီး ၎င်းတို့ဟာ တန်ခိုးရှိပြီး လူတွေရဲ့ အသက်တာအပေါ် အကျိုးသက်ရောက်မှုရှိတယ်လို့ ယုံပါတယ်။ ရှောလုဘုရင်သည် သေပြီးသော ရှမွေလဝိညာဉ်ထံ လမ်းညွှန်ချက်တောင်းခံခဲ့သည်။ (၁ရှမွေ ၂၈း၃-၉)။ သို့သော် သူသည် မိမိ၏ခံယူချက်သဘောထားကို ပြန်လည်ဆန့်ကျင်ပြီး ပြုလုပ်နေကြောင်း တွေ့ရပါတယ်။ ဤပုံပြင်၌ပါသော ရှောလုနှင့်ရှမွေလတို့ကို ဆက်သွယ်ပေးတဲ့ မိန်းမဟာ "နတ်ဘုရား" နှင့်ဆက်သွယ်မှုရှိကြောင်း မိမိကိုယ်မိမိ ထင်မြင်ပါတယ် (၂၈း ၁၃)။ ဤသည်မှာ သေသူများတို့နဲ့ ဆက်သွယ်ရန်ကြိုးစားခြင်းရဲ့ အရေးပါတဲ့ အန္တရာယ်အစိတ်အပိုင်းတစ်ခု ဖြစ်ပါတယ်။ အန္တရာယ်ကား ဘုရားရှင်နဲ့အမှန်တကယ်သက်ဆိုင်တဲ့ကိုးကွယ်ခြင်းကို သူတို့အား ပေးခြင်းပဲဖြစ်ပါတယ်။ ပရောဖက်ဟေရှာယဟာ ထိုသို့သောအရာတို့ကို ဣသရေလပြည်၌မဖြစ်ရန် ရှုတ်ချခဲ့ပါတယ်။ "လူတို့သည် မိမိဘုရားသခင်၌ မဆည်းကပ်အပ်သလော" (ဟေ ၈း၁၉)။ D အုပ်စုဥပဒေထဲမှာ သေပြီးသူနဲ့ဆက်သွယ်တဲ့ ကြားခံလုပ်ဆောင်သူများတို့ထံ ဆည်းကပ်သူများတို့ထံလည်း ညစ်ညူးစေကြောင်း ဖော်ပြထားပါတယ် (Lev ၁၉း၃၁၊ ၂၀း၆)။ ထိုသူတို့ဟာ အပြစ်ဒဏ်ခံထိုက်ကြပါတယ် (Lev ၂၀း၂၇)။ သေသူများနဲ့ပတ်သက်ပြီး ဓမ္မဟောင်းရေးသူများ၏အတွေးအခေါ်မည်သို့ရှိသည်ကို လာမည့်အခန်းကြီးတစ်ခုမှာ လေ့လာကြမှာဖြစ်ပေမယ့် အခုနားလည်ထားရမှာက သေသူများ၏ဝိညာဉ်များကို မကိုးကွယ်ရပါ။ ဣသရေလလူမျိုးများတို့ ဘိုးဘေးများတို့အား အောက်မေ့သတိရခြင်းကို တန်ဖိုးထားကြပေမယ့် ၎င်းတို့၏ဝိညာဉ်များထံ အကူအညီ မတောင်းရကြောင်း သွန်သင်ခြင်းခံရပါတယ်။ အကြောင်းကတော့ ကူညီမစခြင်းသည် ထာဝရဘုရားထံတော်မှသာ လာပါသည် (ဆာလံ ၁၂၁း၁-၂)။

မြဲမြဲကြည့်မယ်ဆိုရင် ဓမ္မဟောင်း စာရေးဆရာများသည် "နာမ်ဝိညာဉ်များ" (ဝါ) "ဝိညာဉ်များ" တို့အား ကိုးကွယ်ခြင်းကို ငြင်းပယ်ခဲ့ကြပြီး ထာဝရဘုရားကိုသာ အစေခံရမှာဖြစ်ကြောင်း ပဓာနပြုကြပါတယ်။ (ထာဝရဘုရားကိုသာ အစေခံရမှာဖြစ်ကြောင်း အလေးအနက်ထားပြီးပြောဆိုခဲ့ကြပါတယ်)

မှတ်ချက် - ဘာသာပြန်တဲ့အခါ အတတ်နိုင်ဆုံး တိကျစွာ ပြန်ပါ။ စကားလုံးတစ်လုံး၏အဓိပ္ပာယ်အမျိုးမျိုးကိုရှာဖွေပြီး ဘာသာပြန်တဲ့အကြောင်းအရာ (subject & context) ကို အခြေခံပြီး မည်သို့အဓိပ္ပာယ်ပြောင်းလဲသွားပုံကိုလည်း အစဉ်သတိပြုပါ။ သို့မှသာ မှန်ကန်တဲ့အဓိပ္ပာယ် ကောက်နိုင်ပါမယ်။ (D/21070706)

# ဘုရားသခင်ထူးတော်မူပြီ

## ဆလိုင်းကိုယာ

ဦးစွာ ဘုရားသခင်ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ဝေးလံသောဒေသမှ ဘုရားသခင်ရွေးချယ်တော်မူသောကြောင့် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်တွင် တက်ရောက်ခွင့်ရခဲ့ပါတယ်။ ယခု ကျွန်တော် သက်သေခံလိုသည်မှာ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်သို့ ရောက်ရှိနိုင်ရန် ဘုရားသခင်ကူညီခဲ့သောဖြစ်ရပ်တစ်ခုကို ဝေမျှချင်ပါတယ်။

၂၀၀၄ ခုနှစ်၊ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်ဝင်ခွင့်အောင်မြင်ပြီး ဓမ္မတက္ကသိုလ်တွင် ၂၀၀၄ ခုနှစ်၊ မေလ (၂၅) ရက်ရောက်ရှိရန် အကြောင်းကြားစာကို လက်ခံရရှိခဲ့ပါတယ်။ ထိုအကြောင်းကြားစာကို နောက်ကျမှလက်ခံရသည့်အတွက် ခရီးစဉ်နှေးခဲ့ရပါတယ်။ ထို့ကြောင့် ကျန်ရှိသောနေ့ရက်တွင် ဓမ္မတက္ကသိုလ်သို့ရောက်နိုင်ရန် စီစဉ်ရတော့တယ်။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့မှာ ရန်ကုန်-စစ်တွေ အဝေးပြေးဂိတ်တည်ရှိသောမြို့ဖြစ်ပါတယ်။ ကားဖြင့် ခရီးသွားမည့်သူများ ထိုမြို့မှ ခရီးပြုရပါတယ်။ ကျွန်တော်ဟာ ကျောက်တော်မြို့သို့ မေလ (၂၁) ရက်နေ့၌ရောက်ခဲ့ပြီး (၂၃) ရက်ထွက်မည့် ကားလက်မှတ်ရရှိရန် ကြိုးစားခဲ့ပါတယ်။ သို့သော် အဆင်မပြေခဲ့ပါ။ အကြောင်းမှာ မကြာသေးမီက မုန်တိုင်းနှင့် မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ကားလမ်းများပျက်စီး၍ ကားထွက်မည့်ရက်များကို သက်ဆိုင်ရာက အပြောင်းအရွှေ့လုပ်သောကြောင့် ဖြစ်ပါတယ်။ အချိန်မရှိတဲ့ကြားထဲမှာ ခက်ခဲမှုများကြုံခဲ့ရသောကြောင့် စိတ်ပျက်ဖွယ်ကောင်းလှပါတယ်။ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်ကိုလည်း နောက်ကျ၍ မရောက်ချင်ပါ။ မေလ (၂၃) ရက်တွင် ခရီးထွက်မှ ရန်ကုန်သို့ အချိန်မီရောက်နိုင်မှာဖြစ်ပါတယ်။ ဘာမှအဆင်မပြေသေးသောကြောင့် စိတ်ပူပန်ဝမ်းနည်းလာခဲ့ပါတယ်။ အကူအညီရှာသော်လည်း မရခဲ့ပါ။ မေလ (၂၃) ရက်နေ့ရောက်ရန် နေ့ဝက်သာလိုတော့တယ်။ နေမင်းကြီးလည်း တဖြည်းဖြည်း အားအင်လျော့ပြီး နေဝင်ချိန်ကိုပျိုးနေပေပြီ။ ကျွန်တော့်အစွမ်းအစတွေနှင့် ဘယ်လိုမှမကြံတတ်တော့ပေ။ ဒါပေမဲ့ ဘုရားသခင်ကို ဆုတောင်းဖို့ကျန်သေးကြောင်း သတိရလာတယ်။ ကျမ်းစာကိုဖတ်၍ အခက်အခဲအတွက်ဆုတောင်းခဲ့ပါတယ်။ ဆုတောင်းတဲ့အတိုင်းပါပဲ၊ ဘုရားသခင်ဟာ အဖြေပေးခဲ့ပါတယ်။ ကားလမ်းပျက်၍ရပ်ဆိုင်းထားသော (၁၉) ရက်နေ့ထွက်ရမည့်ကား (၂၃) ရက်နေ့ထွက်ရမည် ဖြစ်ပါတယ်။ (၁၉) ရက်ထွက်ရမည့် ခရီးသည်တစ်ဦးက ရန်ကုန်သို့မသွားချင်သောကြောင့် သူ့ကားလက်မှတ်ကို ကျွန်တော့်ကိုပြန်ရောင်းလာပါတယ်။ ကျွန်တော်မယုံနိုင်အောင် ခံစားခဲ့ရပါတယ်။ မျက်ရည်လည်းကျမိပါတယ်။ မိမိအမှားများကို ဝန်ချမိပါတယ်။ ကျွန်တော် အစကတည်းက ဘာကြောင့် ဘုရားသခင်အား မခေါ်မိသလဲ၊ ဘုရားသခင်ဟာ အရာခပ်သိမ်းကို တတ်စွမ်းနိုင်တယ်ဆိုတာ သတိရခဲ့ရင် ကျွန်တော် ဒီလိုခံစားရမှာ မဟုတ်ဘူး စသဖြင့် စဉ်းစားခဲ့ပါတယ်။ ဤသို့ ဘုရားသခင်၏ပို့ဆောင်မှုဖြင့် သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်သို့ အချိန်မီရောက်နိုင်ခဲ့ပါတယ်။

ဤသို့ အဆင်ပြေအောင်ပြုလုပ်နိုင်ခြင်းသည် ကျွန်တော်၏အစွမ်းအစ မဟုတ်ပါ။ ဘုရားသခင်အား ဖိတ်ခေါ်၍ ကျွန်တော်၏အော်ဟစ်သံကို ဘုရားသခင်ကြားခဲ့တယ်။အကယ်၍ ကျွန်တော်သာ ဘုရားသခင်ထံ မိမိအခက်အခဲအတွက်တောင်းလျှောက်ခြင်း၊ ကူညီမစရန် ဖိတ်ခေါ်ခြင်းမရှိပါက ကူညီမည်မဟုတ်ပါ။ ဘာကြောင့်လဲဆိုရင် (ယေရမိ ၃၃း ၃) တွင် . . .

"ငါ့ကိုခေါ်လော့၊ ငါထူးမည်။ ကြီးသောအရာ၊ သင်မသိနိုင်အောင် နက်နဲသောအရာတို့ကို ငါပြမည်" ဟုဖော်ပြထားပါတယ်။ကျွန်တော့်အသက်တာတွင် ကျွန်တော်မတတ်နိုင်တဲ့ ဤအခက်အခဲကို ဘုရားသခင်အား ခေါ်သောအခါ ဤကျမ်းချက်အတိုင်း ပြည့်စုံလာခဲ့ပါတယ်။

ဘုရားသခင်ဟာ အရာခပ်သိမ်းအပေါ် သိမြင်တော်မူသောဘုရားလို့ယုံကြည်သော်လည်း ထိုသခင်ကို ကျွန်ုပ်တို့ဖက်မှ မစရန်ခေါ်ခြင်း၊ ကူညီရန်တောင်းခံခြင်းမရှိပါက ကူညီမည်မဟုတ်ကြောင်း (ယေရမိ ၃၃း၃) တွင် ဆင်ခြင်နိုင်ပါတယ်။ ဘယ်လိုအခက်အခဲတွေပဲ ရင်ဆိုင်ရသည်ဖြစ်စေ ဘုရားသခင်အားဖိတ်ခေါ်ရင် အမှန်ပင် နက်နဲသောအရာကိုပြမှာဖြစ်ပါတယ်။ ရောမဩဝါဒစာ ၈း၂၆ (က) တွင် "ငါတို့မတတ်နိုင်သောအရာမှာ ဝိညာဉ်တော်သည် မစတော်မူ၏" ဟု ရှင်ပေါလုလည်း သက်သေခံထားပါတယ်။ လောကလူသားများဖြစ်တဲ့အတွက် အခက်အခဲများကြုံကြရမှာပဲ။ ဒါပေမဲ့လည်း ဘုရားသခင်ဟာ သင်နှင့်ကျွန်ုပ်တို့အား ကူညီရန်၊ ကျွန်ုပ်တို့၏ဖိတ်ခေါ်သံကို အစဉ်အမြဲ နားထောင်နေသူဖြစ်ကြောင်း အစဉ်သတိရကြပါစို့. . ။❑



---

### Animal မဟုတ်တဲ့ ကျွန်တော်တို့ပါ

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ် (၂၀၀၆-၀၇ စာသင်နှစ်) မှာ ကျောင်းသားသစ် (၁၂) ဦး တက်ရောက်တယ်။ ကျွန်တော့်စိတ်ထဲမှာ သခင်ခရစ်တော်တမန်တော်ကို ပြန်ရွေးလိုက်ပြီလို့ ခံယူမိတယ်။ နယ်အသီးသီးကလာတဲ့လူတွေဆိုတော့ နာမည်ကလည်း စုံတယ်လေ။ အတန်းကြီးတချို့က ဘယ်လိုပြောလဲ ဆိုတော့ ပထမနှစ်ကျောင်းသားတွေဟာ Animal တွေပဲ။ ဘာဖြစ်လို့လဲဆိုတော့ နာမည်တွေက ထူးခြားလို့ပါ။ ကျွန်တော့်နာမည်က စောဘဲရီထူးဆိုတော့ (ဘဲကလေး) လို့ခေါ်ကြတယ်။ တစ်ယောက်က ဂျိမ္မူးကဘော် ဆိုတော့ (ဂျီ)၊ တစ်ယောက်က လက်ခိုဂင်ဆိုတော့ (ခိုကလေး)၊ တစ်ယောက်က မွေဆီ ဆိုတော့ (မြွေ)၊ တစ်ယောက်က သိန်းလင်း ဆိုတော့ (သိန်းငှက်) . . . ။

ဟာ . . . ထင်တဲ့အတိုင်း လွဲသွားပြီ။ ဒါပေမဲ့ အဲဒီနာမည်ကိုခေါ်ရင် စိတ်ဆိုးတယ်ဆိုတာမရှိဘဲ အပြုံးနဲ့သာ တုံ့ပြန်တယ်။ အဲဒီနာမည်ကိုခေါ်ခြင်းဖြင့် တစ်ယောက်ကိုတစ်ယောက် ပိုရင်းနှီးလာတယ်။


နာမည်အရင်းမမှတ်မိရင် အဲဒီနာမည်ခေါ်ရင်လည်း စိတ်မဆိုးပါ။

ဘဲကလေးမဟုတ်တဲ့ကျွန်တော်
(ပထမနှစ်)

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် (အင်္ဂလီကန်)
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်

# စိန်ရတုစမှုသဘင်ပွဲတော်ကြီး

(၁၉၃၅-၂၀၁၀)



## ချီးမြှောက်ခြင်း၊ နှာခံခြင်း၊ စင်ကြယ်ခြင်း

ပြုလုပ်မည့်နေ့ရက်။ ။ ၂၀၁၀ ခုနှစ်၊ ဒီဇင်ဘာလ၊ ပထမအပတ်
ပြုလုပ်မည့်နေရာ။ ။ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်
၁၀၄၊ အင်းယားလမ်း
ကမာရွတ်မြို့နယ်၊ ရန်ကုန်။

စီမံအုပ်ချုပ်ရေးကော်မတီ
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်



၂၀၀၆ ခုနှစ်၊ သန့်ရှင်းသောတားတိုင်ဓမ္မတက္ကသိုလ် ကျမ်းစာကျောင်း ပညာသင်နှစ်စတင်သောနေ့မှ တစ်လပြည့်မြောက်သော ၁၅-၆-၂၀၀၆ နေ့၌ ဘုန်းတော်ကြီးများအားသစ်လောင်း (၄) လသင်တန်းသားများနေထိုင်ရာ အဆောင်ရှေ့မှအမှိုက်ပုံကြီးအား စည်ပင်သာယာအမှိုက်ကျုံးကားကြီးရောက်ရှိလာပြီး နွေရာသီကာလတစ်လျှောက်လုံး ပုံထားခဲ့သော သစ်ရွက်ခြောက်၊ မြက်နှင့် စွန့်ပစ်အမှိုက်များကို (၃) ခေါက်တိတိ ကျုံးယူသယ်ဆောင်ရှင်းလင်းနေကြောင်း တွေ့ရပါသည်။ ဤသည်မှာ လုပ်ရိုးလုပ်စဉ် ပုံထားသောအမှိုက်များကို ငွေကုန်ကြေးကျခံပြီး ရှင်းလင်းမှပဲ ကျောင်းတော်ကြီး သာယာသွားမည်ဖြစ်ပါသည်။ ထို့အတူ ရက်ခြားလည်း ကျောင်းကားဖြင့် ညနေပိုင်းတွင် အမှိုက်များသယ်ဆောင်စွန့်ပစ်လျက် ရှိနေပါသည်။ ဤသို့ပြုမှသာ သန့်ရှင်းသာယာလှပသောကျောင်းတော်ကြီးဖြစ်လာမည် ဖြစ်ပါသည်။ အမှိုက်ဆိုလျှင် ရှင်းပစ်ရမည်မှာ လူတိုင်း မငြင်းနိုင်သော လုပ်ရိုးလုပ်စဉ် လုပ်ရမည့်သဘာဝတရားပင် မဟုတ်ပါလေလော။




## တမာသွင်(သန့်လျင်)

### အမှိုက်ထဲကငွေ

'အမှိုက်ကစ ပြာသဒ်မီးလောင်' ဆိုသောစကားပုံအရ အမှိုက်ဆိုလျှင် တန်ဖိုးမရှိ၊ အသုံးမကျ၊ အန္တရာယ်ရှိသည့်သဘော၊ ကောင်းကျိုးအစား ဆိုးကျိုးပြုသောသဘောကို ဆောင်လျက်ရှိပါသည်။

ထို့ကြောင့် ကျွန်တော်တို့အနေဖြင့် အားသစ်လောင်းသင်တန်း တက်ရောက်နေသော ဘုန်းတော်ကြီးများအဆောင်ရှေ့ရှိ အမှိုက်ပုံကြီးကို မီးရှို့ရှင်းလင်းရန် လက်ယားနေသော်လည်း မိုးရာသီဖြစ်၍ မိုးဖြိုင်ဖြိုင်ရွာသွန်းနေသည့်အတွက် လက်တွေ့မလုပ်နိုင်ဖြစ်နေသည့်အချိန်တွင် စည်ပင်သာယာအမှိုက်ကျုံးကားကြီး လာရောက်ကျုံးသွားသောကြောင့် ရှင်းလင်းသွားပါသည်။

အမှိုက်များရှင်းလင်းသွားသော်လည်း ကျွန်တော့်စိတ်ထဲ၌ မရှင်းလင်းနိုင်ဘဲ အတွေးများစွာ ဝင်လာခဲ့ပါသည်။ ထိုအမှိုက်အတွက် ငွေကုန်ကြေးကျခံရကာ ရှင်းလင်းရခြင်းကြောင့်လည်းကောင်း၊ ထိုအမှိုက်များသည် အမှန်ပင် အသုံးမကျသောအရာများဖြစ်နေသလား ဆိုသည်ကို အတွေးများ ဆင့်ပွားခဲ့ခြင်းဖြစ်ပါသည်။

'အမှိုက်ထဲကရွှေ' ဆိုသောစကားလေးကိုလည်း စဉ်းစားမိပါသည်။ အမှိုက်သည် လူတွေအတွက် အမှန်ပင် တန်ဖိုးမဲ့အသုံးမကျတော့သည်ပဲလား။

ဘုရားသခင်ကျေးဇူးတော်ကြောင့် ၂၀၀၁ ခုနှစ်က ဂျပန်သို့ အာရှကျေးလက်ဖွံ့ဖြိုးရေးသိပ္ပံ (Asia Rural Institute) သို့ (၉) လကြာ သွားရောက်စဉ် ကမ္ဘာပေါ်၌ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဂျပန်နိုင်ငံ၏ အခြေခံအကြောင်းအရင်းတစ်ရပ်ကိုလေ့လာသိရှိလာရသည်မှာ အမှိုက်များကို အလေအလွင့်မရှိစေဘဲ သူ့နေရာနှင့်သူ ပြန်လည်အသုံးချအကျိုးပြုစေသောကြောင့်ဖြစ်ကြောင်း လေ့လာသိရှိရပါသည်။

မြန်မာစကားတစ်ရပ်ရှိပါသည်။ 'မစားတတ်ရင် ခါး၏'၊ 'မသွားတတ်ရင် မှား၏'၊ 'မထားတတ်ရင် များ၏' ဟုဆိုပါသည်။ သူ့နေရာနှင့်သူ စားတတ်၊ သွားတတ်၊ ထားတတ်လျှင် အမှိုက်ဆိုတာ ရှိမှာမဟုတ်တော့ပေ။ ဂျပန်တို့သည် စားတတ်၊ သွားတတ်၊ ထားတတ်ရန် ဦးစွာသင်ကြားခြင်းများ ပြုလုပ်ပါသည်။ အစားအသောက်များကို ကျန်းမာရေးကိုဂရုစိုက်ပြီး ကယ်လိုရီဖြင့်တွက်ချက်ပြီး အစားအစာတိုင်းတွင် ကယ်လိုရီနံပါတ်များရေးသွင်းဖော်ပြထားကြပါသည်။ စည်းကမ်းစနစ်ဖြင့် သွားလာကြပါသည်။ မီးရထား၊ ကားများ၊ ဘူတာဂိတ်များတွင် စနစ်တကျ တန်းစီစနစ်ဖြင့် သွားလာကြရသည်။ မီးပွိုင့်ကူးသည့်အခါတွင် ရဲရှိရှိ မရှိရှိ လူကူးမျဉ်းကျားမှကူးကြပါသည်။

> သူ့နေရာနှင့်သူ
> စားတတ်၊
> သွားတတ်၊
> ထားတတ်လျှင်
> အမှိုက်ဆိုတာ
> ရှိမှာမဟုတ်တော့ပေ။



> ထမင်းကျန်ဟင်းကျန်
> များကိုလည်း နေ့စဉ်
> လွှင့်ပစ်စရာမလိုဘဲ
> ဝက်စာအဖြစ်
> အသုံးပြုခြင်းကြောင့်
> ဝက်မွေးမြူရေးအတွက်
> အစာကုန်ကျမှုမရှိဘဲ
> ဝင်ငွေတိုးစေနိုင်ပါသည်။

**ထိုနည်းတူ** အမှိုက်များစွန့်ပစ်သည့်နေရာတွင်လည်း အမှိုက်များ**ကို တစ်ပေါင်းတစ်စည်း** တစ်နေရာတည်းမဟုတ်ဘဲ စည်းကမ်းတကျ သူ့**အမျိုးအစားအလိုက်** သတ်မှတ်ခွဲခြားထားကြပါသည်။ ဆွေးမြေ့တတ်သော သစ်ရွက်နှင့် မီးဖိုချောင်စွန့်ပစ်ပစ္စည်းများက တစ်နေရာ၊ စက္ကူကဒ်ထူ ပလပ်စတစ်များကတစ်နေရာ၊ သံဘူးခွံ၊ ပုလင်းများကတစ်နေရာ ခွဲခြားထားပါသည်။ ထိုစွန့်ပစ်အမှိုက်များကို (Recircle) ပြုလုပ်အသုံးချမှုများ ပြုလုပ်ကြပါသည်။ အရှင်ခရစ်တော်ကိုယ်တော်တိုင် မုန့် (၅) လုံးနှင့် ငါး (၂)ကောင်အား ကျေးဇူးတော်ချီးမွမ်း၊ လူ (၅၀၀၀) ကိုကျွေးမွေးပြီး ပိုလျှံသော အကျိုးအပဲ့များကို လွှင့်မပစ်ဘဲ ပြန်လည်ကောက်သိမ်းရာ တောင်း (၁၂) တောင်း ရရှိကြောင်းတွေ့ရပါသည်။ ဂျပန်နိုင်ငံ၌ အမှိုက်များကို စနစ်တကျသူ့နေရာနှင့်သူ ပြန်လည်အသုံးပြုသောကြောင့် သုံးမရ လွှင့်ပစ်ရသောအမှိုက်မရှိဘဲ တန်ဖိုးရှိလာသောအမှိုက်များ ဖြစ်ပေါ်အသုံးပြုလာကြရသည်။

သစ်ရွက်၊ မြက်နှင့် မီးဖိုချောင်စွန့်ပစ်ပစ္စည်းများကို Compost သစ်ရွက်ဆွေးမြေသြဇာပြုလုပ်၍ သီးပင်စားပင် ပန်းပင်များအတွက် လိုအပ်သာမြေသြဇာ ရရှိစေပါသည်။

စွန့်ပစ်စက္ကူ ကဒ်ထူများကို စက္ကူစာရွက်ပြုလုပ်သောစက်ရုံများသို့ တင်ပို့ရောင်းချခြင်း၊ ရေသန့်ဘူးခွံ၊ သံဘူးခွံများကို ကော်ကျိုစက်၊ သံကျိုစက်များသို့ရောင်းချခြင်းများဖြင့် ထုတ်ကုန်အသစ်ပြုလုပ်ခြင်းအတွက် များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

ထမင်းကျန်ဟင်းကျန်များကိုလည်း နေ့စဉ် လွှင့်ပစ်စရာမလိုဘဲ ဝက်စာအဖြစ်အသုံးပြုခြင်းကြောင့် ဝက်မွေးမြူရေးအတွက် အစာကုန်ကျမှုမရှိဘဲ ဝက်မှဝင်ငွေတိုးစေနိုင်ပါသည်။ ဝက်၏စွန့်ပစ်မစင်အတွက် ကျန်းမာရေးမထိခိုက်စေဘဲ စနစ်တကျကွန်ကရစ်ခြံဖြင့်ထားရှိကာ ဝက်မစင်မှ (Bio Gas) ပြုလုပ်ပြီး ထမင်းဟင်းချက်ရန်အတွက်အသုံးပြုနိုင်သော ဓာတ်ငွေ့ရရှိသကဲ့သို့ မြေသြဇာအတွက် ကောင်းမွန်သောသဘာဝမြေသြဇာများလည်း ရရှိနိုင်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့ဘဝအသက်တာ၌လည်း တစ်ခါတစ်ရံ အမှိုက်ကဲ့သို့ စွန့်ပစ်ခြင်းအဖြစ်သို့ရောက်ရှိတတ်သော်လည်း ဘုရားသခင်သည် (မိဘတို့သင့်ကိုစွန့်ပစ်သော်လည်း ငါသည် သင့်ကိုမစွန့်ဟုကျမ်းစာ၌ ဖော်ပြထားသကဲ့သို့ ဘုရားသခင်ဘုန်းတော်ထင်ရှားစေခြင်းအလို့ငှာ ပြန်လည်မွမ်းမံပြုပြင် အားသစ်လောင်းခြင်းအားဖြင့် အမှိုက်ထဲကရွှေကဲ့သို့ အသုံးကျတန်ဖိုးရှိနိုင်ရန် ဘုရားသခင်ထံ ဆက်ကပ်ကြပါစို့ ,✱. ။□



# ဖြူဖြူကျော်သိန်း

တွေ့ နိုင် ဆုံ ခြင်း

■ မင်္ဂလာပါ . . . မဖြူဖြူကျော်သိန်း။

● မင်္ဂလာပါ။

■ ကျွန်တော်တို့ကတော့ သန့်ရှင်းသောကားတိုင်မဂ္ဂဇင်းမှ ဖြစ်ပါတယ်။ ဖြူဖြူကျော်သိန်း ဆိုတာ နာမည်အရင်းလား၊ နောက်ပြီး မွေးသက္ကရာဇ်နဲ့ လူမျိုးကိုလည်း သိပါရစေ။

● နာမည်အရင်းက ဖြူဖြူသိန်း ပါ။ မွေးသက္ကရာဇ်က (၂၂-၄-၁၉၈၁) ပါ။ လူမျိုးကတော့ ဗမာလူမျိုးပါပဲ။

■ မဖြူဖြူကျော်သိန်း ဂီတလောကထဲကို ဘယ်အချိန်ကတည်းက စတင်ဝင်ရောက်ခဲ့လဲ ဆိုတာ သိပါရစေ။

● ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက်၊ Strand Hotel - I.C Show ကနေ စတင်ပြီး ဖြူဖြူ့ကို စင်တင်ပေးခဲ့တာပါ။ ၂၀၀၃ခုနှစ်



နိုဝင်ဘာလမှာ ဖြူဖြူရဲ့တစ်ကိုယ်တော် "လုံးဝမသက်ဆိုင်တော့ပါ" ထွက်ခဲ့ပါတယ်။ အဲဒီကစပြီး ဒီလောကထဲကို ရောက်လာခဲ့ရတာပါ။

■ မဖြူဖြူ ထွက်တဲ့စီးရီးခွေထဲမှာ ဘယ်အခွေအပေါ်မှာ အားရကျေနပ်မှုရှိပါသလဲ။

● ဆိုထားသမျှသီချင်းတွေအကုန်လုံး အားရပါတယ်။ တစ်ကိုယ်တော်အနေနဲ့ကတော့ "လုံးဝမသက်ဆိုင်တော့ပါ" တစ်ခွေတည်းထွက်ရပါသေးတယ်။ အတွဲခွေအနေနဲ့ဆိုရင်တော့ ဆယ်ခွေလောက်ရှိပါပြီ။ နောက်ထပ် တစ်ကိုယ်တော်အနေနဲ့ ဒီနှစ် ပွင့်လင်းရာသီထဲမှာ ထွက်ဖို့ရှိပါတယ်။

■ အဆိုတော်တစ်ယောက်ဖြစ်လာမယ်လို့ရော မျှော်လင့်ထားဖူးလား။

● ငယ်ငယ်တုန်းက အဆိုတော်သိပ်ဖြစ်ချင်တာ၊ ဒါပေမဲ့ လူက စိတ်သာကူးတာပါ၊ ဒီလိုမျိုးကြီးဖြစ်လာမယ်လို့ ဘယ်သူက တထစ်ချကြီး ထင်ရဲမလဲ၊ ဒီလိုမျိုး မြန်မြန်ဆန်ဆန် ဖြစ်လာလိမ့်မယ်လို့လည်း မထင်ဘူး။ ကျေးဇူးတော်သက်သက်ကြောင့်ပါပဲ။

■ အခုလို ကျော်ကြားတဲ့အဆိုတော်တစ်ယောက်ဖြစ်လာဖို့ ဘယ်လိုကြိုးစားခဲ့ပါသလဲ။ သီချင်းဆိုလေ့ကျင့်မှုကို ဘယ်လိုပြုလုပ်ခဲ့ပါသလဲ။

● ဖြူဖြူငယ်ငယ်ကတည်းက ဖြူဖြူတို့မိသားစုက သီချင်းဆို သိပ်ကြိုက်တာ၊ ဗမာသီချင်းပဲဖြစ်ဖြစ်၊ အင်္ဂလိပ်သီချင်းပဲဖြစ်ဖြစ် အရမ်းကြိုက်တဲ့အခါကျတော့ ကိုယ်က ဘာမှနားမလည်ခင်အရွယ်ကတည်းက Music ဆိုတာ ကိုယ်နဲ့ရင်းနှီးမှုရှိပါတယ်။ Sunday School မှာ ဘုရားသီချင်းတွေဆိုတာကနေပြီး သီချင်းဆိုတတ်လာတယ်။ ဒီလိုပဲ ကိုယ့်ဟာကိုယ်ဆိုလိုက်၊ နားထောင်လိုက်လုပ်နေတာရှိပါတယ်။ (၁၀) တန်းအောင်ပြီးတဲ့အချိန်မှာ ဆရာဦးစောနုရဲ့ အဆိုသင်တန်းမှာတော့ တစ်နှစ်ကုန်အောင် လေ့ကျင့်ဖူးပါတယ်။ နောက်ပိုင်းကတော့ ကွာယာ၊ ဓမ္မသံစုံတွေဆိုတဲ့အခါ ဖြူဖြူက Soprano ဆိုပါတယ်။ အဲဒီကနေ ဖြူဖြူ့အသံ ပိုပြီးအလေ့အကျင့်ရတာပါ၊ အခုနောက်ပိုင်းကတော့ သီချင်းနားထောင်တယ်၊ ဆိုကျင့်တယ်။

■ နိုင်ငံခြားခရီးစဉ်ရော ရှိခဲ့ဖူးလား။

● ဟုတ်ကဲ့ရှိပါတယ်၊ ကျေးဇူးတော်ကြောင့် ဖြူဖြူ မနှစ်တုန်းက စက်တင်ဘာမှာ ကိုရီးယားတစ်ခေါက်၊ မနှစ်က ခရစ္စမတ်မှာပဲ မလေးရှားကိုသွားတယ်။ ဒီနှစ်စပိုင်း ဇန်နဝါရီလကုန်လောက် တရုတ်နှစ်သစ်ကူးအချိန်မှာ မလေးရှားကို တစ်ခေါက်သွားခဲ့တယ်။

■ ကျော်ကြားတဲ့အဆိုတော်တစ်ယောက် ဖြစ်လာဖို့ မဖြူဖြူရဲ့မိသားစုက ဘယ်အတိုင်းအတာထိ ကူညီပံ့ပိုးပေးပါသလဲ။

● ဒီလိုမျိုး အောင်မြင်ကျော်ကြားတဲ့သူတစ်ယောက်ဖြစ်ဖို့ဆိုတာ ဘုရားသခင်ရဲ့ကျေးဇူးတော်သက်သက်ကြောင့်ပါ၊ ပြီးတော့ ဖြူဖြူ့မိသားစုရဲ့ ပံ့ပိုးကူညီမှုလည်း အများကြီးပါခဲ့ပါတယ်။ ဆိုရိုးစကားရှိတယ်လေ၊ မိဘရဲ့ကောင်းချီးမပါရင် သားသမီးတစ်ယောက်ဟာ မအောင်မြင်နိုင်ဘူးဆိုတာရှိတယ်လေ၊ ဒါဟာ မိဘရဲ့ပံ့ပိုးမှုကောင်းချီးပါ၊ ဖြူဖြူရဲ့မမဆိုရင် ဖြူဖြူ့ကိစ္စမှာ အောက်ခြေသိမ်းကအစ လုပ်ပေးခဲ့တယ်။ အကျီဒီဇိုင်းတွေကအစ အကြံဉာဏ်ပေးခဲ့ပါတယ်။

■ သီချင်းဆိုတဲ့စတိုင်တွေ၊ အဝတ်အစားတွေက သူများနဲ့ကွဲပြားနေတယ်။ အပြင်မှာရော ဒီလိုပဲလား။

● ဖြူဖြူက အပြင်မှာဆိုရင် သာမန်မိန်းကလေးတစ်ယောက်လိုပါပဲ။ မျက်မှန်နဲ့ ဝက်ခြံနဲ့ပေါ့နော် (ရယ်လျက်)။ ဆေးရုံမှာကျတော့ ဆရာဝန်တစ်ယောက်လိုပဲ ဝတ်ပါတယ်။ ဒါပေမဲ့ ဖြူဖြူတို့ အနုပညာသမားကျတော့ ပရိသတ်အမြင်မှာ အမြဲတမ်းလှပနေဖို့လိုတယ်။ အဝတ်အစားဟာ အဓိကအရေးပါတဲ့ကဏ္ဍမှာရှိပါတယ်၊ Show ပွဲတွေဆိုရင် လာကြည့်တဲ့သူတွေထက် ပိုပြီး ထူးခြားနေဖို့ လိုတယ်။ မဟုတ်ရင် ကိုယ့်ကို ဘာလို့ သူတို့လာကြည့်နေတော့မှာလဲ။ အဲဒီတော့ ပရိသတ်တွေနဲ့ထိတွေ့ရတော့မယ်ဆိုရင် အဝတ်အစားတွေကို ထူးခြားအောင်ဝတ်



ပါတယ်။ အလုပ်မှာတော့ အဝတ်အစားက အဓိက မကျဘူးလေ။ အဝတ်လှလှဝတ်ထားလို့ လူတစ်ယောက်ရဲ့အသက်ကို ကယ်နိုင်တာမှမဟုတ်တာ၊ ဒါကြောင့် သူ့နေရာနဲ့သူ ဝတ်ပါတယ်။

■ သီချင်းဆိုတဲ့အလုပ်နဲ့ ဝန်ထမ်းအလုပ်မှာ ဘယ်အရာက အားသာသလဲ၊ အလုပ်လုပ်တဲ့အခါ အချိန်ဇယား ဘယ်လိုကန့်သတ်ထားပါသလဲ။

● ဖြူဖြူ ကျောင်းတက်တဲ့အချိန်တုန်းကတော့ စာမေးပွဲတွေက တစ်ပတ်မှာ နှစ်ခု သုံးခုဖြေရတာတွေရှိပါတယ်။ စာမေးပွဲအတွက် စာကျက်ရတာပေါ့နော်၊ တစ်ဖက်မှာလည်း ဖြူဖြူဝါသနာပါတဲ့ ဂီတကို စတင်လုပ်နေပြီး အချိန်မှုအောင်လုပ်နိုင်ဖို့ဆုတောင်းပါတယ်။ သူများတွေလို ကျူရှင်မတက်ဖြစ်ပါဘူး။ ကျောင်းကို မှန်မှန်တက်တယ်၊ ဆေးရုံ မှန်မှန်သွားတယ်။ ဖြူဖြူအစ်မကလည်း စာတော်တဲ့ဆရာဝန်တစ်ယောက်ဆိုတော့ ဖြူဖြူစာမေးပွဲအတွက် လိုအပ်တာတွေကို သင်ပြပေးနိုင်တယ်၊ ဒါ့ဟာလည်း ဘုရားပြင်ဆင်ပေးထားတာပါ။ အလုပ်သင်ဆရာဝန်ဆိုတဲ့အခါ စာမေးပွဲတော့ မရှိတော့ဘူးပေါ့နော်၊ Duty ရှိတဲ့ရက်မှာ Show ရှိတယ်ဆိုရင် သူငယ်ချင်းတွေနဲ့ ပြောပြီး Duty လဲတာမျိုး ရှိတယ်။ ဖြူဖြူအနေနဲ့ သတ်သတ်မှတ်မှတ် အချိန်ဇယားဆွဲထားတာတော့ မရှိပါဘူး။ အလျဉ်းသင့်သလို လုပ်သွားတာပါပဲ။

■ အခုလက်ရှိ ဘာရာထူးနဲ့ ဘယ်မှာ တာဝန်ထမ်းဆောင်နေပါသလဲ။

● ဖြူဖြူ အခု house Surgeon ဆင်းနေပါတယ်၊ အလုပ်သမားဆေးရုံမှာပါ၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ်လကုန်ဆိုရင် ဖြူဖြူ အလုပ်သင်တာဝန်ပြီးပါပြီ။

■ ရှေ့ဆက်ရမယ့်အနာဂတ်အတွက် ပညာရေးမျှော်မှန်းချက်နဲ့ ရည်ရွယ်ချက်ကိုသိပါရစေ။

● ပညာရေးအနေနဲ့ဆိုရင် ဖြူဖြူ့အနေနဲ့ house Surgeon ပြီးသွားပြီဆိုရင် ဖြူဖြူမျှော်မှန်းခဲ့တဲ့အတိုင်းအတာကို တစ်ပိုင်းတစ်စပြည့်မီသွားပြီလို့ ပြောလို့ရပါတယ်။ ဖြူဖြူအနေနဲ့ တခြားအနုပညာအလုပ်တွေကို လုပ်ချင်ပါသေးတယ်၊ ဒါပေမဲ့ ဘုရား ပြင်ဆင်ပေးတဲ့အပေါ်မှာပဲ မူတည်ပါတယ်။

■ သီချင်းဆိုတဲ့အခါမှာ Gospel Song နဲ့ Love Song ဆိုတဲ့အခါ ခံစားချက်ကွာဟမှုရှိပါသလား။

● ကွာပါတယ်၊ လောကသီချင်းဆိုတဲ့အခါ လောကအရာတွေနဲ့ပြီးသွားတယ်၊ သီချင်းကပျော်တယ်ဆိုရင် ပျော်တယ်၊ ဝမ်းနည်းတယ်ဆိုရင် ဝမ်းနည်းတယ်၊ အဆုံးစွန်ထိခံစားရတာလည်းရှိတယ်၊ Gospel ကိုဆိုတဲ့အခါ ဝမ်းနည်းဝမ်းသာမှုကို ပူးတွဲခံစားရတယ်။ ကိုယ်က အရမ်းသိမ်ငယ်သေးနုတ်တယ်လို့ ခံစားရတယ်၊ ကိုယ့်ကိုယ်ကို စုတ်ပြတ်သွားတယ်လို့လည်း ခံစားရတယ်။ ဘာမှကိုမရှိတော့တဲ့သူတစ်ယောက်လို ဖြစ်သွားတယ်။

■ အခု မဖြူဖြူပါဝင်နေတဲ့အသင်းတော်အပေါ် လူငယ်တွေရဲ့ပါဝင်ဆက်ကပ်မှုကို ဘယ်လိုမြင်ပါသလဲ။

● ဖြူဖြူအားရပါတယ်၊ ဖြူဖြူက မအားတော့ မပါဝင်နိုင်တာပါ၊ တနင်္ဂနွေနေ့မှာတော့ ပါဝင်တာများတယ်။ အဲဒီမှာ ကွာယာ၊ Solo ဆိုတယ်၊ လူငယ်တွေကတော့ တက်တက်ကြွကြွပါပဲ။



■ ကိုယ့်ရဲ့ဝိညာဉ်တိုးတက်ရေးအတွက် ဘုရားသခင်နဲ့ ဘယ်လိုမိတ်သဟာယဖွဲ့ပြီး၊ တစ်နေ့မှာ ဘယ်လောက်များ ဘုရားသခင်ကိုအချိန်ပေးပါသလဲ၊

● အဲဒီမှာ ဖြူဖြူပြောချင်တာရှိတယ်၊ ကိုယ့်အနေနဲ့ ကိုယ့်ရဲ့ရှာဖွေရရှိတဲ့အထဲက ဆယ်ဖို့တစ်ဖို့ အမြဲဖယ်ပြီးတော့ ဆက်ကပ်ပါတယ်။ ဒါပေမဲ့ အခု ဖြူဖြူ ကျမ်းစာကို ပိုသိလာတာနဲ့အမျှ နားလည်လာတာတစ်ခုက ကိုယ်ရတဲ့ငွေကြေးဥစ္စာရဲ့ ဆယ်ပုံတစ်ပုံကိုဆက်ကပ်ခြင်းကိုပဲ ဆယ်ဖို့တစ်ဖို့လို့ ခေါ်တာမဟုတ်ပါဘူးတဲ့။ ကိုယ်ပိုင်တဲ့အချိန်ရဲ့ဆယ်ပုံတစ်ပုံကိုလည်း ဆက်ကပ်ရပါတယ်တဲ့၊ အဲဒီတော့ ဖြူဖြူအနေနဲ့တော့ ပစ္စည်းဥစ္စာကို ဆယ်ဖို့တစ်ဖို့ ဆက်ကပ်နိုင်ပေမယ့် အချိန်ဆယ်ဖို့တစ်ဖို့ကိုတော့ ပြည့်အောင် ဆက်ကပ်နိုင်တဲ့အတိုင်းအတာထိ မရောက်သေးပါဘူး။ ဒါပေမဲ့ အချိန်တိုင်းမှာ ဆုတောင်းတယ်၊ ဆက်ကပ်တယ်၊ အတတ်နိုင်ဆုံးတော့ ဘုရားနဲ့နီးအောင်နေပါတယ်။

■ မဖြူဖြူမှာ မွေးချင်းမောင်နှမ ဘယ်နှစ်ယောက်ရှိပါသလဲ၊

● ဖြူဖြူတို့ ညီအစ်မနှစ်ယောက်ပဲရှိပါတယ်၊ ဖြူဖြူနဲ့ ဖြူဖြူ့အစ်မက (၇) နှစ်ကွာပါတယ်။ ဖြူဖြူက ဖြူဖြူ့အစ်မက ဒေါက်တာညိုညိုသိန်းပါ၊ အငယ်ပါ။ ဖြူဖြူ့အစ်မက ဒေါက်တာညိုညိုသိန်းပါ၊ သူက အခု ခွဲစိတ်အထူးကု M.Sc Final တက်နေပါတယ်။ ဖေဖေက ဦးကျော်သိန်း၊ မေမေက ဒေါ်တင်တင်ကြည်ပါ။

■ မဖြူဖြူမှာ Christian name ရှိပါသလား၊

● Christian name က ဖြူဖြူမွေးကတည်းက မရှိခဲ့ပါဘူး။ ဖြူဖြူ့နာမည်ရင်းက ဖြူဖြူသိန်းပါ၊ အခွေထုတ်မှ ဖြူဖြူ့အဖေနာမည်အပြည့်အစုံကို ယူလိုက်တာပါ၊ ဖြူဖြူ လောလောဆယ် ကျမ်းစာသင်တန်းတစ်ခု BSF မှာတက်နေပါတယ်။ အဲဒီသင်တန်းကျမှ အန်တီတစ်ယောက်က Christian name မှည့်ပေးထားက Parscle ဖြစ်ပါတယ်။ အဓိပ္ပာယ်ကတော့ passover လို့ပြောပါတယ်။

■ မဖြူဖြူ တကယ်လို့ လုပ်ငန်းတာဝန်အရနဲ့ နယ်ပြောင်းရမယ်ဆိုရင် ဒီက အဆိုတော်အနေနဲ့ သိပ်ပြီး ကွာဟမှုဖြစ်သွားမယ်ပေါ့နော်၊ အဲဒီလိုဖြစ်ခဲ့မယ်ဆိုရင် ဘယ်လိုမျိုးတွေးထားလဲ၊

● အဲဒီလိုမေးခွန်းတွေ ခဏခဏကြုံရပါတယ်၊ ဖြူဖြူကတော့ အရင်ကတည်းက ဆုတောင်းပါတယ်၊ ဘုရားက တစ်ခုတည်းလုပ်စေချင်ရင် တစ်ခုတည်းပေးလိမ့်မယ်။ အခုအချိန်မှာတော့ ဖြူဖြူ အတိအလင်းမကြေညာချင်သေးပါဘူး။ ဘုရားက ထင်ထင်ရှားရှားပြပြီး လုပ်ခိုင်းပြီဆိုရင် ဖြူဖြူ့ဘက်က ထုတ်ဖော်ပြောကြားမှာပါ။ ဖြူဖြူ့အတွက် ဒီကိစ္စက အမှုကြီးပေါ့နော်။ ဒါပေမဲ့ ဖြူဖြူ ယုံကြည်ပါတယ်။ ဘုရားက နေ့စဉ်ကိစ္စအသေးအဖွဲတွေတောင် တာဝန်ယူတယ်ဆိုရင် ဒီ ကြီးမားတဲ့ကိစ္စမှာလည်း တာဝန်ယူဖြေရှင်းလိမ့်မယ်လို့ ယုံပါတယ်။ ဖြူဖြူ စိတ်တော့မပူပါဘူး။


■ ရှာလုမ်ပရိသတ်အတွက် စကားလက်ဆောင် . . ။

● ဖြူဖြူရဲ့အင်တာဗျူးကိုပဲဖြစ်ဖြစ်၊ ရှာလုမ်မဂ္ဂဇင်းကိုပဲဖြစ်ဖြစ် ဖတ်မိတဲ့သူတစ်ယောက်စီတိုင်း ဘုရားသခင်ရဲ့လက်ရာတော်တို့ထိမှုကို ခံစားနိုင်ပါစေ၊ အယောက်စီတိုင်းကို ဘုရားကောင်းချီးပေးပါစေလို့ ရင်ထဲကနေ ဆုတောင်းပေးပါတယ်။ ဘုရားအကြောင်းကိုသိဖို့ မျိုးစေ့ချတယ်ဆိုတာက ဖြူဖြူတို့အနေနဲ့ တစ်ခွန်းနှစ်ခွန်းပြောဖို့သက်သက်ပဲ။ ကျန်တဲ့အပိုင်းကတော့ ဘုရားတာဝန်ပါ။

■ အခုလို မအားမလပ်တဲ့ကြားက ရှာလုမ်မဂ္ဂဇင်းအတွက် ဖြေကြားပေးတဲ့ မဖြူဖြူကျော်သိန်းကို ရှာလုမ်မာပေဝိုင်းတော်သားများမှ အထူးကျေးဇူးတင်ပါတယ်။

● ဖြူဖြူကလည်း ကျေးဇူးတင်ပါတယ်။❑

## ဥယျာဉ်မှူးဘဝကိုနားလည်စေချင်



**ဇောဟဲပီး**
(ထီးဒေး)

ဆရာရှိမုန်သည် မွေးရာပါဝါသနာအလျောက် ခရစ်ယာန်ဘုန်းတော်ကြီးလုပ်ခဲ့သည်မှာ နှစ်အတော်ကြာခဲ့လေပြီ။ ကျေးလက် အတော်များများသို့ သူရောက်ခဲ့သည်။ ကျေးလက်၏သဘာဝအလှများနှင့် ချစ်စရာခလေးစရိုက်များကို နှစ်ခြိုက်ပျော်မွေ့ခဲ့သည်။ တပည့်မရှားသူမို့ ပီတိပွားခဲ့ရသည်မှာလည်း အကြိမ်ကြိမ်၊ ရိုးသားပြီး စေတနာအပြည့်ဖြင့် ဓမ္မပညာသင်ကြားပေးမှုကြောင့် ရောက်လေရာနေရာ၊ ဒေသတိုင်းတွင် ခင်မင်လေးစားရိုသေမှုများ ရရှိခဲ့သည်။

ဆရာမည်သည် ဥယျာဉ်မှူး၊ အမှောင်းခွင်စစ်သူကြီး၊ အမှောင်ခွင်း၍ အလင်းဆောင်သူများပင်ဖြစ်သည်။ ထို့ကြောင့် ဆရာရှိမုန်သည်လည်း ထိုကဲ့သို့ပင် ဆရာ့အလုပ်ကို တန်ဖိုးထားလေးစားမြတ်နိုးသည်။ စေတနာ၊ ဝါသနာ၊ အနစ်နာ ဆိုသောနာသုံးနာအပြင် ဗွဲ၊ လုံ့လ၊ ဝီရိယစွမ်းအားသာမက မေတ္တာနှင့်လည်း ပြည့်စုံသည်။ စေတနာအလှဖြင့် လောကကိုအလှခြယ်သသူ ဖြစ်သည်။

ဆရာရှိမုန်သည် အထက်တန်းအောင်ပြီးသောသားသမီးရှိသည်။ သားသမီးများ လူလားမြောက်သည့်အခါကျမှ မိဘတို့၏တာဝန်ဝတ္တရားကျေပွန်မှု၊ မကျေပွန်မှုတို့ကိုဆုံးဖြတ်ရသည်ဟု စာထဲတွင် ဆရာရှိမုန်ဖတ်သည်။ သားသမီးပညာရေးနှင့်ပတ်သက်လျှင် ဆရာရှိမုန်က မညည်းမညူ အားမြောက်ပြုသည်။ အားပေးတာဝန်ကျေခဲ့သည်။ မျက်နှာမငယ်စေရ၊ လပ်မှာ ရာသီအပင်လေးတွေ အလှည့်ကျစိုက်၍ အပိုဝင်ငွေရှာခဲ့သည်။



**ငါတို့ ဘုန်းကြီးတွေဆိုတာ "အေးရိပ်သာ" လို့ ခေါ်ခံရတဲ့သူတွေ။ အဲဒီ "အေးရိပ်သာ" မှာ စိတ်ထားမဖြူစင်တဲ့သူ၊ အနာဂတ်ရဲ့ပန်းဖူးငုံလေးတွေ သေစေနိုင်တဲ့ အဆိပ်ရေလောင်းမယ့်သူတွေ လက်မခံဘူးကွ၊ အဲဒါကို မင်းတို့ မြဲမြဲမှတ်ထားပါ။**

ဆရာရှိမုန်သည် ဘုန်းကြီးပီပီ ရှေ့ဆောင်လမ်းပြကောင်းတစ်ဦးအဖြစ် ပြုမူနေထိုင်ပြသည်။ သူ့သားသမီးကိုလည်း အတုယူစေသည်။ ပညာဒါန ပေးလိုသည်။ ဖူးတံဝင့်ချိနေသော ပန်းမာလာလေးများကို ပညာရေစင်လေး ပက်ဖျန်းစေလိုသည်။

လောကီ၊ လောကုတ် အကျိုးမယုတ်စေသော ဘုန်းကြီးအလုပ်ကိုပင် ဝင်ရောက်လုပ်စေချင်သည်။ ထို့ကြောင့် သားသမီးများကိုခေါ်၍ ဘုန်းကြီးအလုပ်ဝင်လျှောက်ရန်နှင့် မိမိဘဝရှေ့ရေးတက်လမ်းကို ဆရာရှိမုန် ခရေစေ့တွင်းကျရှင်းပြလျက်ရှိစဉ် သားသမီးတို့က စိတ်မပါတပါ တွန့်နေးလေးကန်သောပုံစံဖြင့် . . .

"ဟုတ်ကဲ့ . . ဖေဖေ အခုလောလောဆယ်မှာတော့ ဘုန်းကြီးဝင်လျှောက်ရင်ကောင်းမလားလို့ စိတ်ကူးထားတယ်။ ခေတ္တခဏ နားခိုတဲ့သဘောပေါ့" ဟုပြောလိုက်ရာ သားသမီးအတွက် တအားစိတ်ပျက်သွားရှာသည်။ ဆရာရှိမုန်ခမျာ မှန်းချက်နှင့်နှမ်းထွက်မကိုက်၊ အထင်နှင့်အမြင် ပါစင်အောင်လွဲ၊ အနာပေါ် တုတ်ကျ၊ နှလုံးသားဗဟိုချက်မှာ သွက်သွက်ခါအောင် လှုပ်ရှားသွားစေသော လျှော်ဒဏ်ကို နာကျင်စွာခံစားလိုက်ရသကဲ့သို့ ယမ်းပုံမီးကျ ဒေါသပေါက်ကွဲ၊ နှလုံးသားကြေမွကျသွားသကဲ့သို့ဖြစ်ကာ အံခဲပြီး ပြောလိုက်သည်။

"ဟေ့ . . . မင်းတို့ မြဲမြဲမှတ်ထား၊ ငါတို့ Holy Cross မှာ စေတနာမဲ့သူတွေအတွက် လှေကားထစ်အဖြစ် အနင်းမခံနိုင်ဘူးဟေ့။ အချောင်းသမားတွေရဲ့ လဲလျောင်းရာ၊ ကိုယ်ကျိုးသမားတွေရဲ့ခိုနားရာ၊ အကြင်နာမဲ့သူတွေရဲ့ ခွေးသိပ်ရာ၊ လူယုတ်မာသူတွေရဲ့ အပန်းဖြေရာ၊ သိုးရေခြုံတဲ့ဝံပုလွေစိတ်ဓာတ်ရှိသူတွေရဲ့မှေးစက်ရာ ဘုံရိပ်သာဇရပ်မဟုတ်ဘူး ဆိုတာကိုတော့ မင်းတို့နှလုံးသားမှာ ကမ္ပည်းအက္ခရာတင်ပြီး မှတ်ထားကွ။ ငါတို့ ဘုန်းကြီးတွေဆိုတာ "အေးရိပ်သာ" လို့ ခေါ်ခံရတဲ့သူတွေ၊ အဲဒီ "အေးရိပ်သာ" မှာ စိတ်ထားမဖြူစင်တဲ့သူ၊ အနာဂတ်ရဲ့ပန်းဖူးငုံလေးတွေ သေစေနိုင်တဲ့အဆိပ်ရေလောင်းမယ့်သူတွေ လက်မခံဘူးကွ၊ အဲဒါကို မင်းတို့ မြဲမြဲမှတ်ထားပါ" ဟူ၍ ဆရာရှိမုန်၏ရင်တွင်းမှ ပေါက်ကွဲသံများ နှုတ်ဖျားမှတစ်ဆင့် ပေါက်ကွဲပြီး ကမ္ဘာမြေကြီး သိမ့်သိမ့်ခါလောက်အောင် ဆူညံသွားတော့သည်။

ဒီမှာ သားသမီးတို့၊ ပညာတတ် လူတစ်လုံးသူတစ်လုံးဖြစ်လာအောင်ပြုစုစောင့်ရှောက်မြေတောင်မြှောက်ပေးခဲ့တဲ့သူဟာ မင်းတို့ရဲ့ ဖေဖေဆိုတာ မင်းတို့ နားလည်ပါတယ်နော။ မင်းတို့ဟာ အစာခွံ့တဲ့လက်ကိုကိုက်ဖို့ မကြံမစည်ကောင်းပါဘူး။ ဒါကို မင်းတို့ နားလည်သင့်ပါတယ်။

ဟုတ်ပါတယ်၊ တကယ်တော့ လူသားဥယျာဉ်မှူး၊ အမှောင်ခွင်းစစ်သူကြီး၊ အမှောင်ခွင်း၍ အလင်းဆောင်သူ ဆရာ/မများရဲ့ဘဝကို တနာနားလည်ပေးသင့်ပါတယ်။

ဆရာရှိမုန်လိုစိတ်ထားရှိသော ဆရာ/မအပေါင်းအား ရိုသေစွာ ဦးခိုက်လျက် . . .။❑



# ယနေ့ခေတ်လူငယ်များ အနာဂတ်ရည်မှန်းချက်

William
စိုင်းသူအောင်

လူငယ်တွေကိုပြောပြချင်တာတွေ အများကြီးပဲ။ ဒီဆောင်းပါးကိုရေးတဲ့နေရာလေးက အေးချမ်းတိတ်ဆိတ်တဲ့ အင်းယားကန်ဘောင်ဘေးက Holy Cross အမည်တပ်ထားတဲ့ ဓမ္မအမှုတော်ဆောင်များမွေးထုတ်ရာ ကျောင်းကြီးရဲ့တစ်နေရာကပေါ့။ လူငယ်လေးတွေကို စကားလေး (၃) ခွန်း လက်ဆောင်ပေးချင်တယ်။

(၁) Hard work ‧ ဝီရိယထည့်ပြီးလုပ်ရတဲ့ ခက်ခဲတဲ့အလုပ်

(၂) Risk Taking ‧ စွန့်ရဲတဲ့စိတ်နဲ့ စွန့်စွန့်စားစားလုပ်ရဲဖို့

(၃) Innovation ‧ ဆန်းသစ်တီထွင်ဖို့ (သို့) စနစ်သစ်ကိုပြောင်းလဲကျင့်သုံးဖို့

ဘဝဆိုတာ စွန့်စားခန်းပဲ မဟုတ်လား။ မစွန့်စားရင် ဘဝမရှိပါဘူး။ ဘာအခက်အခဲမှမရှိရင် အောင်မြင်ဖို့ ဘာအခွင့်အလမ်းမှမရှိပါဘူး။ အလုပ်တစ်ခုကိုလုပ်တဲ့အခါ တွေ့ရမယ့်အခက်အခဲဆိုတာ ကိုယ့်အရည်အချင်းကိုစိန်ခေါ်တာ ဖြစ်ပါတယ်။ နောက်မဆုတ်ဘဲရင်ဆိုင်ဖို့ အသင့်ပြင်ဆင်ထားရမှာပါပဲ။

မဖြစ်နိုင်ဘူးဆိုပြီး ဘာမှမလုပ်ဘဲထိုင်နေမယ်ဆိုရင် မဖြစ်ဖို့က သေချာနေပါပြီ။ ရင်ဆိုင်တွေ့ကြုံရမယ့်အခက်အခဲတွေကို ကျော်လွှားနိုင်တဲ့သူဟာ အောင်မြင်တဲ့လူဖြစ်လာပါလိမ့်မယ်။ ဆရာတော်ဦးဇောတိက မိန့်ဆိုဖူးတဲ့ဩဝါဒစကားတစ်ခုကတော့ "အောင်မြင်မှုဆိုတာ အခက်အခဲတွေကြားထဲမှာ ဝှက်ထားတယ်" လို့ မိန့်ဆိုခဲ့ဖူးပါတယ်။

"အခက်အခဲတစ်ခုကို ငါ ကျော်လွှားခဲ့ပြီး နောက်တစ်ခါ ဒီထက်ကြီးမားတဲ့အခက်အခဲကို ကျော်လွှားဦးမယ်" လို့ ကြွေးကြော်နိုင်တဲ့သူ ဖြစ်စေချင်ပါတယ်။

ဒီနေ့ လူငယ်လေးတွေ ဘာလုပ်နေသလဲ။ လေ့လာကြည့်မိပါတယ်။ လုပ်ငန်းတွေ၊ ကုမ္ပဏီတွေမှာ နေရာကောင်းရတာတွေ တွေ့နိုင်ပါတယ်။ ကိုယ်ပိုင်လုပ်ငန်းတွေတည်ထောင်နိုင်တဲ့သူတွေလည်းရှိပါတယ်။ တချို့လည်း ဘွဲ့တစ်ခုရထားပေမယ့် အဆင်မပြေတာရယ်၊ ကြိုးစားအားထုတ်မှုနည်းတာတွေကြောင့် ကားမောင်းတဲ့အလုပ်ကို လုပ်နေကြပါတယ်။ လခကောင်းရပေမယ့် ရှေ့ကိုတိုးတက်မှု ဘာမှမရနိုင်ပါဘူး။ ဟိုတယ်တွေမှာ ညှော်ကြိုလုပ်ရတဲ့သူတွေ၊ စားသောက်ဆိုင်တွေမှာ စားပွဲထိုးလုပ်နေတဲ့လူငယ်တွေကို ကြည့်လိုက်တော့ သူတို့အလုပ်ကိုသူတို့ ကျေပွန်စွာလုပ်နေကြပါတယ်။ ဒါပေမဲ့ ဒီအလုပ်မျိုးနဲ့တော့ ရပ်ဆိုင်းမနေစေချင်ပါဘူး။ ဒီထက်အဆင့်မြင့်တဲ့နေရာကိုရဖို့ ကြိုးစားစေချင်တယ်။

> ဘုရားရဲ့အမှုတော်ကို
> လုပ်ဆောင်တာပဲဖြစ်ဖြစ်၊
> လောကအလုပ်ကို
> လုပ်ဆောင်တာပဲဖြစ်ဖြစ်၊
> စိတ် ဓာတ်အင်အားအပြည့်နဲ့
> ဇွဲဝီရိယထည့်ပြီး
> တစိုက်မတ်မတ်လုပ်မယ်ဆိုရင်
> ရည်မှန်းချက်အတိုင်း
> အောင်မြင်မှာပါ။

သင်္ဘောအရာရှိဖြစ်ဖို့ Cadet ဘဝနဲ့စခဲ့တာပါပဲ။ အောက်ဆုံးအဆင့်ကဝင်ပြီး လစာနည်းနည်းနဲ့ပဲ အောက်ခြေသိမ်းအလုပ်တွေဖြစ်တဲ့ သံချေးခေါက်၊ ဆေးသုတ်၊ ကုန်းပတ်ဆေး၊ ကြိုးချည် စတာတွေ လုပ်ရတဲ့အပြင် ကိုယ်ကအနိမ့်ဆုံးအဆင့်ဆိုတော့ အထက်အရာရှိတွေခိုင်းသမျှ ကိုယ်ရေးကိစ္စတွေပါ မကျန်လုပ်ပေးရပါတယ်။ ဒုတိယအရာရှိစာမေးပွဲကိုဖြေဆိုပြီးလို့ တစ်ဆင့်တက်ရရင် အလုပ်အစ လစာအဆင်ပြေလာပါပြီ။ ပိုပြီးခက်တဲ့ Chief Mate စာမေးပွဲကိုအောင်မြင်ပြီးရင်တော့ အောက်ကသင်္ဘောသားများကို ကိုယ်က ခိုင်းလို့ရပါပြီ။ အမြင့်ဆုံးဖြစ်တဲ့ Captian ဖြစ်ပြီဆိုရင်တော့ သင်္ဘောတစ်စင်းလုံးရဲ့ဘုရင်ပါပဲ။ လခကလည်း ဆယ်ဆမကကွာခြားသွားပြီ။ ဒီအဆင့်ကိုရောက်ဖို့ကတော့ (၁၀) နှစ်မှက ကြိုးစားရပါလိမ့်မယ်။

ဘုရားရဲ့အမှုတော်ကို လုပ်ဆောင်တာပဲဖြစ်ဖြစ်၊ လောကအလုပ်ကိုလုပ်ဆောင်တာပဲဖြစ်ဖြစ်၊ စိတ်ဓာတ်အင်အားအပြည့်နဲ့ ဇွဲဝီရိယထည့်ပြီး တစိုက်မတ်မတ်လုပ်မယ်ဆိုရင် ရည်မှန်းချက်အတိုင်း အောင်မြင်မှာပါ။ ဘုရားအလုပ်လုပ်တဲ့အခါမှာ ကိုယ်လုပ်ရမယ့်လုပ်ငန်းကို တာဝန်ကျေပွန်စွာလုပ်ရမှာဖြစ်ပြီး ကျန်တဲ့လူအနေနဲ့မတတ်နိုင်တဲ့အပိုင်းကို ဘုရားကလုပ်ဆောင်ပေးမယ်လို့ အပြည့်အဝ ယုံကြည်မှုရှိသင့်ပါတယ်။ "ကောင်းကင်ပျံဖို့ စိတ်အားထက်သန်နေတဲ့သူဟာ လေးဘက်တွားခိုင်းတာကို ဘယ်လိုမှ ကျေကျေနပ်နပ်လက်ခံနိုင်မှာ မဟုတ်ဘူး။"

One can never consent to creep when one feels an impulse to soar.

ဟယ်လင်ကဲလား ဟာ မျက်မမြင်ဖြစ်ပေမယ့် ဘယ်တော့မှ၊ အားမလျှော့ဘဲ ဖြစ်ချင်တဲ့ဆန္ဒကို မဖြစ်မနေလုပ်ခဲ့ပြီး ဘဝမှာ အောင်ပွဲတွေအဆင့်ဆင့်ရခဲ့သူဖြစ်ပါတယ်။ ဇွဲအရှိဆုံးသူဖြစ်လို့လည်း ကမ္ဘာကျော်ပုဂ္ဂိုလ်ဖြစ်ခဲ့ပါတယ်။ အားကျအတုယူဖွယ်ကောင်းလှပါတယ်။

ဘယ်လိုအသက်မွေးဝမ်းကျောင်းပညာကို ရွေးချယ်သည်ဖြစ်စေ၊ အမြင့်ဆုံးကိုမျှော်မှန်းထားဖို့တော့ လိုပါတယ်။ ငွေရှာတာပဲ၊ ဘယ်လိုရရ ဒီလောက်အဆင့်နဲ့ဆိုရင် တော်လောက်ပါပြီလို့ ပေါ့ပေါ့ သဘောမထားစေချင်ပါဘူး။

ဘဝမှာကြိုးစားရုန်းကန်ပြီး လောကဓံတရားကိုအမျိုးမျိုးနဲ့ရင်ဆိုင်ပြီးမှသာ မိမိလိုရာပန်းတိုင်ကိုရောက်ကြရပါတယ်။ ရပ်ပိုင်းအောင်မြင်မှုနဲ့ ကျေနပ်မနေစေချင်ပါဘူး။ သခင်ခရစ်တော်ဘုရား ကြိုက်နှစ်သက်တဲ့စိတ်နေသဘောထားမျိုးထားပြီး အသိဉာဏ် ရင့်ကျက်သူတွေဖြစ်လာအောင်ကြိုးစားကြပါစို့လို့ တိုက်တွန်းလိုက်ပါရစေ။ ❑

ယနေ့ခေတ်ကြီးတွင် လူများသည် ၎င်းတို့၏ ရည်ရွယ်ချက်ပန်းတိုင်နှင့်ပတ်သက်သော စာအုပ်စာပေများကို ဖတ်ကြ၊ မှတ်ကြပါသည်။ မိမိကြိုက်နှစ်သက်သော ရသဆိုင်ရာစာအုပ်စာပေများကိုလည်း ဖတ်ကြပါသည်။ ဤကဲ့သို့ပင် ခရစ်ယာန်များသည်လည်း မိမိတို့၏ရည်မှန်းချက်ပန်းတိုင်ကိုသိရန်အတွက် ခရစ်ယာန်များ၏အသက်သွေးကြောဖြစ်သော သမ္မာကျမ်းစာကိုလည်း ဖတ်ကြဖို့ရန်လိုအပ်ပါသည်။

ဖတ်လည်း ဖတ်ကြပါသည်။ အသေအချာဂရုစိုက်ဖတ်တတ်သူများရှိသလို သာမန်ကာလျှံကာဖတ်သောသူများလည်းရှိပါသည်။ အသေအချာဂရုစိုက်မှတ်သားသူများထဲတွင်လည်း လက်တွေ့ဘဝအသက်တာတွင် ကျင့်ကြံသူများရှိသလို မကျင့်ကြံသောသူများလည်း ရှိပါသည်။

သမ္မာကျမ်းစာဆိုသည်မှာ ရှေးခေတ်အဆက်ဆက်က အခက်အခဲများစွာကြားမှ နည်းအမျိုးမျိုးနှင့် လက်ဆင့်ကမ်းလာခဲ့သောစာစောင်များကို စုစည်းထားခြင်းဖြစ်ပါသည်။ အခွင့်အာဏာအပြည့်ရှိ၍ ကျမ်းပိုဒ်တစ်ပိုဒ်ချင်းက ခွန်အားပေးနိုင်ပါသည်။ သက်တမ်းအရင့်ဆုံးနှင့် အဖိုးတန်ဆုံးစာအုပ်လည်း ဖြစ်ပါသည်။ သမ္မာကျမ်းစာအုပ်၏ရှေ့ဖုံးနှင့်နောက်ဖုံးကြားထဲတွင် တန်ဖိုးမဖြတ်နိုင်သော ရတနာများစွာ ရှိပါသည်။ ယခုခေတ်ကြီးတွင် မပြောပလောက်သောအဖိုးအခပေးရုံမျှဖြင့် ထိုရတနာများကို ကျွန်ုပ်တို့ရရှိနိုင်ပါသည်။

သမ္မာကျမ်းစာသည် ကျွန်ုပ်တို့ဖတ်တိုင်း ဖတ်တိုင်း မရိုးနိုင်အောင် အသစ်သောသတင်းစကားများကို အမြဲတမ်းပေးနေပါသည်။ ဘုရားသခင်နှင့် လူတို့၏ စစ်မှန်သောဆက်ဆံရေးကိုလည်း သမ္မာကျမ်းစာက ဖော်ပြနေပါသည်။ ခရစ်ယာန်အသက်တာအစစ်အမှန်နှင့် ယုံကြည်ခြင်း၏ စိတ်အချရဆုံးအရင်းမူလမှာလည်း သမ္မာကျမ်းစာပင်ဖြစ်ပါသည်။ ခရစ်ယာန်များအား ပြီးပြည့်စုံသောလမ်းညွှန်မှုကိုပေးနိုင်သည့်စာအုပ်လည်း ဖြစ်ပါသည်။

# ဖတ်စေချင်သည်

## စောကြည်ဖြူ

သမ္မာကျမ်းစာကို အသေအချာ ဂရုစိုက်ဖတ်ပြီး အချိန်ပေးကာ စဉ်းစားဆင်ခြင်ရပါမည်။ နားမလည်သည့်အရာများကို အနက်ဖွင့်ကျမ်းများနှင့်တွဲဖတ်သင့်ပါသည်။ ဤကဲ့သို့ ဖတ်သူမျိုးသာ သမ္မာကျမ်းစာတွင်းမှ ရတနာများကို ရရှိမည်ဖြစ်ပါသည်။ ထိုရတနာများကို လက်တွေ့အသုံးချနိုင်သူများသာလျှင် ဝိညာဉ်ရေးရာတွင် ရင့်ကျက်မှုရရှိနိုင်ပါသည်။

ကျွန်ုပ်တို့သည် တစ်ပတ်တစ်ခါ ဘုန်းတော်ကြီးများ၏ ဖွင့်ပြဟောကြားမှုကို ခံယူရုံမျှဖြင့် မလုံလောက်ပါ။ ထို့ကြောင့် ဖတ်ပါ၊ မှတ်ပါ၊ လက်တွေ့ကျင့်သုံးကြပါဟု တိုက်တွန်းလိုပါသည်။ ❑





# သုံးပွင့်ဆိုင်မိတ်သဟာယအစီအစဉ်

## စိနိယာမိုး

"သုံးပွင့်ဆိုင် မိတ်သဟာယအစီအစဉ်" ကို ကျင်းပလာသည်မှာ သုံးကြိမ်တိုင်ခဲ့ပြီဖြစ်သည်။ ကျောင်းသူကျောင်းသားများ အားရွှင်လန်းစွာ ပါဝင်ဆင်နွှဲခဲ့သော သုံးပွင့်ဆိုင်မိတ်သဟာယအစီအစဉ်ကို အသင်းသူအသင်းသားများအား ပြန်လည် ဝေမျှလိုပါသည်။ မြန်မာနိုင်ငံရှိ အသင်းတော်ကြီးသုံးပါး၏ ဓမ္မတက္ကသိုလ်ကျောင်းတော်ကြီး သုံးကျောင်းမှ ကျောင်းသူကျောင်းသားများ တစ်ရက်တာတွေ့ဆုံမိတ်သဟာယဖွဲ့ခြင်းသည် "သုံးပွင့်ဆိုင်မိတ်သဟာယအစီအစဉ်" ပင်ဖြစ်ပါသည်။ ရောမကာသို လစ်အသင်းတော်မှ စိန့်ဂျိုးဇက် ကက်သလစ်ရဟန်းဖြစ်တက္ကသိုလ် (C.M.S)၊ နှစ်ခြင်းအသင်းတော်မှ မြန်မာနိုင်ငံ ဓမ္မတက္ကသိုလ် (M.I.T)၊ အင်္ဂလိကန်အသင်းတော်မှ သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ် (H.C.T.C)စသည့် ကျောင်းတော်ကြီးများဖြစ်ပါသည်။

ဘုရားသခင်၏လမ်းပြမှုနှင့်အတူ ကျောင်းသားခေါင်းဆောင်များ၏ ရှုပါရုံ၊ ကျောင်းတော်ကြီးအသီးသီးမှတာဝန်ရှိသူများ၏ ကူညီပေးမှုနှင့် ကျောင်းသူကျောင်းသားများ၏ ပါဝင်ဆက်ကပ်မှုကြောင့် ဤမိတ်သဟာယအစီအစဉ် ဖြစ်လာရပါသည်။ အသင်းတော်အသီးသီးရှိ ကျောင်းသူကျောင်းသားများ ရင်းနှီးမှု ပိုမိုရရှိရန်၊ အတူတကွ လက်တွဲအမှုတော်ဆောင်နိုင်ရန် အမှုတော်ဆောင်များအချင်းချင်း အပြန်အလှန် နားလည်မှုပိုမိုရရှိလာနိုင်စေရန် ရည်ရွယ်ကာ ဤအစီအစဉ်ကို လုပ်ဆောင်ခဲ့ကြပါသည်။

၂၉-၁၀-၂၀၀၅

ရက်နေ့တွင် တတိယအကြိမ်မြောက် သုံးပွင့်ဆိုင် မိတ်သဟာယအစီအစဉ်ကို သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်တွင် ပြုလုပ်ခဲ့ပါသည်။ ဤတစ်ရက်တာ မိတ်သဟာယအစီအစဉ်၌ မိတ်သဟာယ ဝတ်ပြုဆုတောင်းခြင်း၊ မိတ်သဟာယအားကစားပြိုင်ပွဲများ၊ စာတမ်းတင်ပြဆွေးနွေးခြင်း၊ ကျောင်းအသီးသီးမှ ဂုဏ်တော်ချီးမွမ်းသီဆိုခြင်း စသည့် အစီအစဉ်များကို ကျောင်းသူကျောင်းသားများ တက်ကြွစွာ ပါဝင်မိတ်ဖွဲ့ခဲ့ကြပါသည်။

ရှေးဦးစွာ ဝတ်ပြုဆုတောင်းခြင်းအစီအစဉ်ကို နံနက် ၉း၀၀ နာရီတွင် သန့်ရှင်းသောကားတိုင်ဘုရားကျောင်း၌ ပြုလုပ်ပါသည်။ "Lord, the light of Your Love" ဓမ္မတေးဖြင့်အစပြုရာ ကျောင်းသားကျောင်းသူများ တစ်စိတ်တစ်သဘောတည်း ဂုဏ်တော်ချီးမွမ်းခဲ့ကြပါသည်။ ဆက်လက်၍ Bro. Richard Hla Min Oo ၏ ဆုတောင်းခြင်းဖြင့် ဆက်လက်ဝတ်ပြုကြပါသည်။ ထို့နောက် ဆရာမနော်ဝါးဝါးမင်းက သမ္မာကျမ်းစာ (ယော ၁၇း၂၀-၂၆) ကိုဖတ်ကြားပါသည်။ သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ် ဒု-ကျောင်းအုပ် Rev. Dr. ရှိမုန်ဘိဘင်ထူး (လက်ရှိ ကျောင်းအုပ်ကြီး) မှကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားရာတွင် "ကျောင်းတော်ကြီးအသီးသီးမှကြွရောက်လာသော ကျောင်းသားကျောင်းသူများကို ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း ယနေ့ ကျွန်ုပ်တို့တစ်ဦးတစ်ယောက်စီအား ဘုရားသခင်၏ အမှုတော်မြတ်ကို ပါဝင်ထမ်းဆောင်ရန် ရွေးကောက်ခံရခြင်းအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ယနေ့ပြုလုပ်သောအစီအစဉ်အားဖြင့် နောင်တစ်ချိန် အမှုတော်ဆောင်ကာလအတွက် များစွာအကျိုးသက်ရောက်စေမည်ဖြစ်ကြောင်း၊ ဆုတောင်းခြင်းနှင့် မေတ္တာပြခြင်းအားဖြင့်သာ ဘုရားသခင်၏ဘုန်းတော်ထင်ရှားစေနိုင်ကြောင်း" စသည်ဖြင့် ခွန်အားပေး၍ နှုတ်ခွန်းဆက်သပါသည်။

နံနက် ၉း၃၀ မှ ၁၀း၃၀ အတွင်း မိတ်သဟာယအစီအစဉ်ကို သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏ ခန်းမဆောင်တွင်ပြုလုပ်ပြီး စိန့်ဂျိုးဇက် ကက်သလစ်ရဟန်းဖြစ်တက္ကသိုလ်မှ ကျောင်းသားများက ဤအစီအစဉ်ကို ပျော်ပျော်ပါးပါး ဟာသနှောကာဦးဆောင်ကြရာ ပါဝင်သောသူများ တက်တက်ကြွကြွ ပါဝင်မိတ်ဖွဲ့နိုင်ခဲ့ကြပါသည်။ ကျောင်းတော်ကြီးအသီးသီးမှကျောင်းသူကျောင်းသားများ ရင်းနှီးချစ်ခင်မှုရရှိခဲ့ပါသည်။ နံနက် ၁၀း၃၀ မှစ၍စာတမ်းတင်ပြဆွေးနွေးခြင်းကိုပြုလုပ်ပါသည်။ စာတမ်းတင်ပြဆွေးနွေးခြင်းတွင် (မျက်မှောက်ခေတ် မြန်မာနိုင်ငံရှိ အသင်းတော်များ၏အခန်းကဏ္ဍ) စာတမ်းကို မြန်မာနိုင်ငံဓမ္မတက္ကသိုလ်မှ မောင်စန်းယု မှလည်းကောင်း၊ (ယနေ့ မျက်မှောက်ခေတ်လူ့ဘောင်အဖွဲ့အစည်းတွင် အသင်းတော်၏ကဏ္ဍ) စာတမ်းကို စိန့်ဂျိုးဇက်ကက်သလစ်ရဟန်းဖြစ်တက္ကသိုလ်မှ Bro. Raymond Wai Lin Htun မှလည်းကောင်း၊ (မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်၏ အခန်းကဏ္ဍနှင့်ရပ်တည်ချက်) စာတမ်းကို သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှ စောမိုးဇက်ကစိုထောမှလည်းကောင်း အသီးသီးဖတ်ကြားတင်သွင်းပါသည်။ ထို့နောက် ကျောင်းအသီးသီးမှ သိလိုသည်များကို ကျောင်းတစ်ကျောင်းလျှင်မေးခွန်းတစ်ခုစီ မေးမြန်းကြပြီး စာတမ်းရှင်အသီးသီးမှ ပြန်လည်ဖြေကြားပေးခဲ့ပါသည်။ တင်ပြဆွေးနွေးသွားသောစာတမ်းများသည် မျက်မှောက်ကာလတွင် အသင်းတော်များပါဝင်ပတ်သက်နေရသောအခြေအနေများနှင့် အသင်းတော်၏အခန်းကဏ္ဍကို ဖော်ညွှန်းထားပါသည်။ ကျောင်းသား၊ ကျောင်းသူများ စိတ်ပါဝင်စားစွာ ပါဝင်ဆွေးနွေးကြပါသည်။ ဤစာတမ်းများအားဖြင့် ကျောင်းသူ၊ ကျောင်းသားများ၏နှလုံးသားထဲတွင် အမှုတော်ဆောင်ရမည့်အသက်တာအတွက် တစ်စုံတစ်ခု ရရှိခံစားကြမည်ဟု ယုံကြည်မျှော်လင့်မိပါသည်။ စာတမ်းတင်ပြဆွေးနွေးခြင်းပြီးသောအခါ ကျောင်းအသီးသီးမှကျောင်းသား၊ ကျောင်းသူများ ဂုဏ်တော်သီချင်းကျူးကြေပါသည်။ သီချင်းတိုင်းသည် စည်းလုံးခြင်း၊ သင့်မြတ်ခြင်းသဘောကို ဖော်ကျူးထားသောသီချင်းများဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူများ၏ရင်ထဲတွင် "စည်းလုံးခြင်း၊ သင့်မြတ်ခြင်း" ဟူသော အသိတရားကို ရရှိခံစားစေပါသည်။

နေ့လည် ၁၂း၀၀ တွင် မိတ်သဟာယမိတ်ဆုံစားပွဲကို အတူတကွ သုံးဆောင်ကြပါသည်။ ထို့နောက် ကျောင်းတွင်းလှည့်လည်လေ့လာပြီး အနားယူကြပါသည်။ မွန်းလွဲ ၁း၃၀ မှ ၂း၃၀ အထိ မိတ်သဟာယအစီအစဉ်ကို သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မြက်ခင်းပြင်တွင် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြပါသည်။ ထို့နောက် အသင်းလိုက် အမျိုးသားခြင်းလုံးပြိုင်ပွဲနှင့် အမျိုးသမီးဘော်လီဘောပြိုင်ပွဲကို ဆက်လက်ပြုလုပ်ပါသည်။ ညနေ ၄း၃၀ တွင် နှုတ်ဆက်ခြင်းအစီအစဉ်ကို ပြုလုပ်သွားပါသည်။ ပြန်လည်သုံးသပ်ခြင်းပြုလုပ်ရာတွင် မြန်မာနိုင်ငံဓမ္မတက္ကသိုလ်မှ ဆရာမ Eunice၊ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှ ဆရာယောနနော်ဂျာ၊ စိန့်ဂျိုးဇက်ကက်သလစ်ရဟန်းဖြစ်တက္ကသိုလ်မှ Bro. Rich ard Hla Min Oo တို့မှသုံးသပ်ရာတွင် "ယခုပြုလုပ်သောအစီအစဉ်အတွက် ဝမ်းသာပီတိဖြစ်မိပါကြောင်း ရှေ့လာမည့်နှစ်များတွင်လည်း ယခုထက်ပိုမိုကောင်းမွန်သောအစီအစဉ်များဖြင့် ပို၍မိတ်သဟာယဖြစ်အောင် ဆောင်ရွက်ရန်လိုကြောင်း" စသည်ဖြင့် အသီးသီး သုံးသပ်သွားပါသည်။ ထို့နောက် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှ ကျောင်းသားရေးရာတာဝန်ခံ Rev. ရယ်ဂျိနယ်ဘက်နက်၏ ဆုတောင်းကောင်းချီးပေးခြင်းဖြင့် အစီအစဉ်ကို အောင်မြင်စွာ အဆုံးသတ် နိုင်ခဲ့ပါသည်။

တတိယအကြိမ်မြောက် သုံးပွင့်ဆိုင်မိတ်သဟာယအစီအစဉ် အောင်မြင်စွာ ပြီးဆုံးခဲ့ပေပြီ။ ဘုရားသခင်သည် ရှုကြည့်၍ ကျေနပ်အားရနေပေမည်။ **တကယ်တော့ ကျွန်ုပ်တို့သည် ဘုရားသခင်၏မိသားစုဝင်များဖြစ်ပါသည်။ စည်းလုံးမှုရှိစေရန်၊** အတူတကွ လက်တွဲအမှုတော်ဆောင်နိုင်ရန် **ဘုရားရှင်အလိုရှိပါသည်။** ဘုရားမြတ်ရှင်၏သာသနာတော်ကြီးတွင် အတူတကွ လက်တွဲအမှုတော်ဆောင်ဖို့ အချိန်တန်ပါပြီ။ အတူတကွ လက်တွဲအမှုတော်ဆောင်ခြင်းအားဖြင့် လောကကမ္ဘာကြီးကို ပြုစုစောင့်ရှောက်ဖို့ အချိန်ရောက်လာပါပြီ။ ဤမိတ်သဟာယအစီအစဉ်အားဖြင့် စတင်သော ချစ်ခင်ရင်းနှီးမှုများသည် မိတ်သဟာယအစီအစဉ် ပြီးဆုံးချိန်တွင် အဆုံးမသတ်ဘဲ မိမိ၏အမှုတော်ဆောင်အသက်တာတွင် ဆက်လက်ရှင်သန်နိုင်ဖို့ လိုပါသည်။ ဤမိတ်သဟာယအစီအစဉ်အားဖြင့် ဘုရားသခင်ဘုန်းတော်ထင်ရှားစေပါမည့်အကြောင်း ဆန္ဒပြုပါသည်။ ❑

> **တကယ်တော့**
> **ကျွန်ုပ်တို့သည်**
> **ဘုရားသခင်၏မိသားစုဝင်များ**
> **ဖြစ်ပါသည်။**
> **စည်းလုံးမှုရှိစေရန်၊**
> **အတူတကွ လက်တွဲ**
> **အမှုတော်ဆောင်နိုင်ရန်**
> **ဘုရားရှင်အလိုရှိပါသည်။**

# မီးတူး Me-too

မောင်ဆုရှင်

ဒီစကားလုံးဟာ "ငါ" ဆိုတာနဲ့ "လည်းပဲ" ဆိုတဲ့အဓိပ္ပာယ်နှစ်ခုကို ပေါင်းစပ်ထားတဲ့ဝေါဟာရပါ။ သီးခြားစကားလုံးတော့ မဟုတ်ပါဘူး။ ဒီအကြောင်းပြောတော့ "တို့လည်းလိုက်မယ် ချန်မထားနဲ့ . . ." ဆိုတဲ့ ကဗျာအချိုးလေးကို အနီးဆုံး သွားပြီးသတိရပါတယ်။ ဘယ်ကိစ္စမဆို နေရာတကာ ဝင်ပါချင်တဲ့သူမျိုးကို "ဖိုးပါချင်" လို့ အချင်းချင်း အမည်ပေးပြီး နောက်ပြောင်ခေါ်ကြတယ်။ "မီးတူး" ကတော့ "ငါလည်း ပါမယ်" ဆိုတဲ့ အဓိပ္ပာယ်ပါ။ ဒီလိုကိစ္စမျိုးတွေ လူမှုဆက်ဆံရေးမှာ ဘယ်လူမျိုး ဘယ်အရပ်မှာဖြစ်ဖြစ် တွေ့ရတတ်တာလည်း မှန်ပါတယ်။ သိပ်ပြီးပါချင်တဲ့သူဆိုရင် "ဖိုးပါချင်" လို့ လှောင်ပြောင်ပြီးတောင် ခေါ်ကြပါတယ်။ ဒါကြောင့် "ငါလည်းပဲ ဝါဒ" (me-tooism) လို့ တစ်ခါတစ်ရံ သုံးနေကြတယ်။ တစ်နည်းအားဖြင့် ခေတ်သရုပ်လို့ ဆိုရမှာပေါ့။ "မီးတူး" ဟာ လူ့အခြေခံစိတ်ထားတစ်ရပ်လည်းဖြစ်တာမို့ သိမ်းကျုံးပြီး အပြစ်ပြောလို့ကတော့ မဖြစ်ပါဘူး။ လူမှုဆက်ဆံရေးမှာ တွေ့ရတတ်တဲ့ သရုပ်လို့လည်း သတိပြုရမှာပါ။ ဘာပြုလို့လဲဆိုရင် ကောင်းတဲ့ကိစ္စကို "ငါလည်းပဲ လုပ်မယ်"၊ "ငါလည်းပဲ ကူမယ်" ဆိုတဲ့ စိတ်ထားမျိုးဆိုရင်တော့ ကောင်းပါတယ်။ ဒါပေမဲ့ မလိုလားအပ်တဲ့စိတ်ထားမျိုးဖြစ်တဲ့အတ္တကို အရင်းတည်ပြီး သူများရရင်လည်း ငါရရမယ်၊ သူများကိုပေးရင် ငါ့ကိုပေးရမယ်ဆိုပြီး ကိုယ်နဲ့ဆိုင်မဆိုင် အကြောင်းကိစ္စမရွေး၊ ကိုယ့်ဘက်ကို ဆွဲနေချင်ရင်တော့ မကောင်းဘူးပေါ့။

ဒါပေမဲ့ လောကမှာ တုပရမယ်၊ အားကျရမယ်ဆိုတဲ့သဘောတွေလည်း လိုအပ်တဲ့နေရာမှာရှိသင့်ပါတယ်။တုပသင့်လို့ အောင်မြင်သူ၊ ကျွမ်းကျင်သူတွေကိုတုပရတာ၊ အားကျသင့်လို့ ကြိုးစားအားထုတ်မှုတို့၊ သည်းခံမှုတို့ကို အားကျရတာတွေလည်း ရှိပါသေးတယ်။ ဒီတော့ ဘာကို ဘယ်လို ကိုယ်နဲ့စပ်ဆိုင်ပတ်သက်ပြီး ဆောင်သင့်တယ်။ ရှောင်သင့်တယ်၊ "ငါလည်း ပါရမယ်" ဆိုတာဟာ ကိုယ့်အဆုံးအဖြတ်ပေါ်မှာ မူတည်နေတာကို တွေ့ရပါတယ်။

ကိုယ့်အဆုံးအဖြတ် မှန်ကန်တည့်မတ်ဖို့ အတွက် လိုအပ်ချက်နှစ်ရပ်ရှိတယ်လို့ ထင်မိပါတယ်။ တစ်ရပ်က ပင်ကိုယ်စိတ်ထားဖြစ်ပြီး ကျန်တဲ့တစ်ရပ်ကတော့ အသိအမြင်ဗဟုသုတကြွယ်ဝမှုဖြစ်တယ်လို့ ဆိုချင်ပါတယ်။ ဒီနှစ်ရပ်စလုံးကိုပဲ အပြုသဘော၊ အကောင်းသဘောနဲ့ ညီညွတ်အောင်ပြုပြင်လို့ ရကောင်းပါတယ်။ "စိတ်ထားတတ်မှ မြတ်တယ်" ဆိုတဲ့စကားနဲ့အညီ မိမိစိတ်ထားကိုပြုပြင်အောင်မြင်သွားတဲ့လူပုဂ္ဂိုလ်များရဲ့ဖြစ်ရပ်တွေရှိပါတယ်။ ပင်ကိုယ်စိတ်က အထားမသင့်ရင်တောင် တဒင်္ဂဖြစ်ပေါ်တတ်တဲ့ စိတ်အနေတွေဟာ ကိုယ့်ကိုကူးစက်ပြုပြင်နိုင်ပါတယ်။ ဥပမာ - ပျော်ရွှင်ခြင်းဆိုပါတော့။ "ပျော်ရွှင်ခြင်းဆိုတာ ငွေကြေးကိုယ့်မှာမရှိဘဲနဲ့ သုံးလို့မရသလို၊ မပျော်ရွှင်ဘဲနဲ့ ပျော်ရွှင်လို့မရဘူး" လို့ အိုင်းရစ်စာရေးဆရာကြီး ဂျော့ဘားနဒ်ရှော (၁၈၆၆-၁၉၅၀) က ပြောဖူးပါတယ်။ အမေရိကန်စာရေးဆရာကြီး အော့ဒင်နက်ရှ် (၁၉၀၂-၁၉၇၁) က "ဒီကမ္ဘာလုံးကြီးပေါ်မှာ ပျော်ရွှင်ခြင်းကို ပိုင်ဆိုင်အောင် လုပ်နိုင်တဲ့နည်းလမ်းတစ်ခုပဲ ရှိတယ်။ အဲဒါကတော့ စိတ်ကောင်းရှိဖို့ပဲ" လို့ဆိုပါတယ်။

နောက်တစ်ဦးဖြစ်တဲ့ လူးဝစ်စတီဗင်ဆင် (၁၈၅၀-၁၈၉၄) ဆိုတဲ့ စကော့လူမျိုး စာရေးဆရာကြီးပြောဖူးသေးတာက "ပျော်ရွှင်ခြင်းဆိုတာ ကိုယ့်မှာ အရင်ဆွတ်ဖျန်းပြီးမှ သူများကို ဆွတ်ဖျန်းပေးလို့ မွေးကြိုင်နိုင်တဲ့ရေမွှေးတစ်မျိုးပဲ ဖြစ်တယ်" ရယ်လို့ပါ။

ပျော်ရွှင်ခြင်း၊ ချမ်းသာခြင်း၊ ကျင့်ဝတ်မြဲမြံခြင်း၊ စေတနာပေါက်ခြင်း၊ သဒ္ဓါပွားခြင်းတို့ဟာ နီးစပ်တဲ့စိတ်အနေများဖြစ်ပြီး လူတစ်ယောက်မှာ အခြေအနေအရ ဖန်တီးလေ့ကျင့်လို့ရနိုင်တာတွေ ဖြစ်ပါတယ်။

အတွေ့အကြုံကြွယ်ဝခြင်းကတော့ တဲ့။ တစ်နည်းအားဖြင့်တော့ ဒီကိစ္စဟာ အကြားအမြင်ဗဟုသုတစုဆောင်းခြင်းဖြစ်ပါတယ်။ သာဓကပြရရင် ဟိန်းနရစ်ဟိုင်း (၁၇၉၇-၁၈၅၆) ဆိုတဲ့ ဂျာမန်ကဗျာဆရာက "အတွေ့အကြုံဆိုတာဟာ ကောင်းတဲ့ကျောင်းကြီး တစ်ကျောင်းပေါ့။ ဒါပေမဲ့ ကျောင်းစရိတ်ကတော့ကြီးတယ်" လို့ ဆိုဖူးပါတယ်။ အင်္ဂလိပ်ပြဇာတ်ရေးဆရာ ဝီလျံရှိတ်စပီးယား (၁၅၆၄-၁၆၁၆) ကတော့ "ပညာဗဟုသုတရှာရေးဆိုတာဟာ တက်သစ်စ လဝန်းသာသလိုပဲ တဖြည်းဖြည်း သာရတယ်။ ရလဒ်ကတော့ လသာတဲ့အချိန်ကြာလာတာမဟုတ်ဘဲ လက်တွေ့၊ အေးမြတဲ့အကျိုးကျေးဇူးကိုရခြင်းပဲ" လို့ဆိုခဲ့ပါတယ်။

သူ့ဖို့ ကိုယ့်ဖို့ ရွေးတဲ့နေရာမှာ လူ့ကျင့်ဝတ်နဲ့အညီအညွတ်ကျင့်ကြံနိုင်တာအကောင်းဆုံးဖြစ်ပါတယ်။ ရှေးလူတို့ဆိုရိုးထဲက ကောက်နုတ်ပြီး ဆိုရရင်တော့ ပြင်သစ်နိုင်ငံမှာ ၁၉၃၆ ခုနှစ်ကနေ ၁၉၄၇ ခုနှစ်အထိ ဝန်ကြီးချုပ်လုပ်သွားတဲ့ လီယွန်ဘလန်း (၁၈၇၂-၁၉၅၀) ဆိုတဲ့ပုဂ္ဂိုလ်ကတော့ "လူ့ကျင့်ဝတ်တရားဆိုတာကို ကျွန်တော် မကြာခဏ စဉ်းစားမိတာကတော့ အမှားအမှန်ရွေးချယ်ရတဲ့အလုပ်ဟာ အဓိကပဲလို့ ကျွန်တော် ထင်တယ်" လို့ဆိုခဲ့ပါတယ်။

"ကိုယ်လည်းပါမယ်" ဆိုတဲ့ မီးတူးအမြင်ဟာ အကျိုးရလဒ်ကိုမျှော်ပြီး ဆန္ဒရှိတာဖြစ်ပါတယ်။ ကိုယ့်ကို အပြစ်ရောက်မယ့် အကျိုးပဲဖြစ်စေမယ့်ကိစ္စမျိုးကိုဆိုရင်တော့ ဘယ်သူမှမပါချင်ဘဲ လက်ရှောင်မှာဖြစ်ပါတယ်။ ကိုယ့်ဘေးကိုယ်မြင်မိတယ်ဆိုရင် မိမိကိုယ်ကို စောင့်ရှောက်ကာကွယ်ရေး (self-preservation) ပင်ကိုယ်အသိအရ "မီးတူး" မလုပ်တော့ဘူးပေါ့။ စစ်ပြီးစကာဦးနှစ်ရေးတဲ့ "ငါးနှစ်ရာသီ မြန်မာပြည်" စာအုပ်ထဲကလို ကိုလိုနီခေတ် အင်္ဂလိပ်အရာရှိကြီးတစ်ဦး အခြေအရဲ့ လက်နက်ကိုင်တွေနဲ့ အမဲလိုက်ထွက်လာလို့ သူပစ်လိုက်တဲ့ကျည်ဆန်ဟာ သားကောင်ကိုမှန်ပြီး လဲကျသွားတာတွေ့တော့ "ငါပစ်တာ . . . ငါပစ်တာ" ဆိုပြီး ပြေးသွားတယ်တဲ့။ သေနတ်မှန်တဲ့သားကောင်နားကိုရောက်တော့ သားကောင်မဟုတ်ဘဲ လူတစ်ယောက်ဖြစ်နေတာတွေ့တော့ "နင်ပစ်တာ . . . နင်ပစ်တာ" လို့ နောက်လိုက်တပည့်တစ်ယောက်ကို လွှဲချပစ်တယ်ဆိုတဲ့ အဖြစ်မျိုးလိုပါပဲ။

ဒီဆောင်းပါးရေးနေရင်း ကောက်ဖတ်မိတဲ့ ဂျာနယ်တစ်စောင်ထဲမှာ ကိုယ်ကျိုးစီးပွားကို ရှေ့တန်းမတင်သင့်တဲ့အကြောင်း ရေးထားတဲ့ဆောင်းပါးတစ်ပုဒ်ကို တိုက်တိုက်ဆိုင်ဆိုင်သွားတွေ့ပါတယ်။ "အတွေးသစ်ဂျာနယ်" ထဲက "ညွန့်အေး (အင်း၀)" ရဲ့ "အောင်မြင်ချမ်းမြေ့ဖို့ဆိုတာ" အမည်နဲ့ဖော်ပြတဲ့ဆောင်းပါးပါ။ အဲဒီဆောင်းပါးမှာ သူဖတ်ဖြစ်တဲ့စာတွေထဲက အတွေးတစ်ခုကိုထုတ်ယူပြီးပြောရာမှာ "လူတွေဟာ ကိုယ်ကျိုးအတ္တကိုရှေ့တန်းတင်လေ ဆင်းရဲလေပါ။ ကျရှုံးလေပါပဲ။ ဘာကြောင့်လဲဆိုတော့ ချမ်းသာသယောင်နဲ့ ရင်ထဲမှာ စိတ်ဆင်းရဲနေရလို့ပါပဲ။ စိုးရိမ်ပူပန်မှုတွေ ကဲနေရတာရယ်။ ကိုယ်ကျိုးတွေဖြစ်မလာမှာကို ကြောင့်ကြနေရတာတွေရယ်ကြောင့် မမြင်ရတဲ့ငရဲထဲ ၀ဲလည်နေရတယ်လို့ ဆိုရမှာပေါ့" လို့ ယေဘုယျလောကအမြင်တစ်ခုကိုဖော်ပြထားတာဟာ "မီးတူ . . " အတွေးပေါ်လာရင် ဆင်ခြင်ဖို့ထောက်ကူပါတယ်။ မြန်မာတို့ဆိုရိုးအသုံးအနှုန်းမှာ "ငါနှင့် ငါသာ နိုင်းစရာ"၊ "ငါသာငါထက် မာန်မတက်နှင့်"၊ "ကိုယ့်ထက် သာမနာလို"၊ "ကိုယ့်လိပ်ပြာ ကိုယ်မရှက်" စတဲ့ ထည့်ပြောစရာစကားလုံးတွေဟာ ဆင်ခြင်တတ်အောင် သတိပေးတဲ့အတွေးတွေပဲလို့ ဆိုရပါလိမ့်မယ်။

ဒါကြောင့် ကိုယ်လည်း ပါချင်တဲ့ကိစ္စမှာ စိတ်ထားရယ်၊ အတွေ့အကြုံဗဟုသုတရယ် မှန်ကန်တည့်မတ်ဖို့အမြင် အကျိုးအကြောင်းသင့် တွေးခေါ်တတ်ဖို့လိုတဲ့အကြောင်း တွေးမိပါတယ်။ ❑

---

## ၀မ်းနည်းကြေကွဲခြင်း

### သာသနာပိုင်ချုပ်ကြီး ဒေါက်တာအန္ဒြူးဦးမြဟန်
(B.A, Ph.D, D.S.L, D.D) (အနားယူ)
အသက် (၇၅) နှစ်

အသင်းတော်တွင် အဖသဖွယ်၊ သိုးထိန်းကြီးသဖွယ် ကြည်ညိုချစ်ခင်လေးစားရသော သာသနာပိုင်ချုပ်ကြီး ဒေါက်တာအန္ဒြူးဦးမြဟန် (အနားယူ) သည် (၃၁-၅-၂၀၀၆) ရက်နေ့တွင် မမျှော်လင့်ဘဲ တပည့်တော်များနှင့်ခွဲခွာသွားသည့်အတွက် တပည့်တော်တို့၏ရင်ထဲတွင် အတိုင်းမသိသောကြေကွဲ၀မ်းနည်းခြင်းဖြစ်သည်သာမက နိုင်ငံတော်နှင့်အသင်းတော်ကြီးတစ်ခုလုံးအတွက် ကြီးမားသောဆုံးရှုံးမှုတစ်ရပ်ပင်ဖြစ်ကြောင်း ခံစားရပါသည်။ ဆရာတော်ကြီးသည် တပည့်တော်တို့နှင့်မရှိတော့သော်လည်း ဆရာတော်ကြီး၏ ယုံကြည်ခြင်းခြေရာများအတိုင်း ဆက်လက်လိုက်လျှောက်နေမည်ဖြစ်ပါသည်။ ဆရာတော်ကြီး၏နာမ်၀ိညာဉ်သည် အဖဘုရားသခင်ထံပါးတွင် ငြိမ်ချမ်းစွာ နားနေခွင့်ရပါစေသော် . . .။

ဆရာတော်ကြီးအား အစဉ်အမြဲသတိရလျက်
H.C.T.C မှသားသမီးများ

---



# မျိုးစေ့ကမိမိဟာသာပေါက်ပြီး ကြီးပြင်းခြင်းပုံဥပမာ
(ရှင်မာကု ၄း၂၆-၂၉)

အစေခံကျွန်မာကု(H.C.T.C)

ဤ ပုံဥပမာသည် ပုံပြင်တစ်ခုမဟုတ်ဘဲ သခင်ယေရှုအသက်ရှင်ခဲ့သောတိုင်းပြည်၌ လယ်သမားတိုင်းပြုခဲ့သောအရာဖြစ်ပါသည်။

လယ်သမားတစ်ဦးသည် မိမိမြေကိုထွန်ယက်ပြီး မျိုးစေ့ကိုကြဲ၏။ ထိုကဲ့သို့ ပြုပြီးနောက် အခြားလုပ်နိုင်စရာမရှိတော့ပေ။ ထို့နောက် သူသည် လယ်ထဲ၌ အခြားလုပ်စရာများကိုသာ အာရုံစူးစိုက်ပြီး လုပ်ကိုင်ပေတော့သည်။ ကျွဲနွားများကိုအစာကျွေးခြင်း၊ လယ်ထွန်ကိရိယာများကိုပြုပြင်ခြင်းနှင့် အိမ်ကိုပြုပြင်ခြင်းအလုပ်များကိုလုပ်ဆောင်ပါသည်။ သူချထားသောမျိုးစေ့သည် တဖြည်းဖြည်းကြီးထွားလာသည်ကိုသိနေ၍ တစ်နေ့တာနေ၀င်မိုးချုပ်သောအခါ သူသည် နှစ်ခြိုက်စွာအိပ်စက်သည်။ နံနက်မိုးသောက်ကာ မျိုးစေ့များဆက်လက်ကြီးထွားလာသည်ကို သတိပြုမိခဲ့ပါသည်။ တစ်ပတ်၌ မြက်ပင်ကဲ့သို့ စိမ်းသောအစွက်ကလေးများ၊ နောက်တစ်ပတ်တွင် အဖူးအငုံများအထိကြီးလာဖို့ မျိုးစေ့များမည်သို့ကြီးထွားလာကြောင်း တွေးတောပူပန်မှုအလျဉ်းမရှိ။ ပေါက်လာသောအပင်များထံမိုးရေရရှိရန် ပေါင်းသင်နေပါသည်။ သို့သော်လယ်သမား၏အကူအညီ လုံး၀မပါဘဲ အပင်များ မိမိတို့ဘာသာ ကြီးထွားလာပါသည်။ သီးနှံမှည့်၀င်းသည်အထိ သူ၏အကူအညီမပါဘဲ အပင်များ မိမိတို့ဖာသာ ဆက်လက်ကြီးထွားပါသည်။ သူသည် ကောက်ရိတ်ရုံမျှသာတည်း။

ဤပုံဥပမာသည် သခင်ယေရှု အမှုတော်ဆောင်ခြင်း ပထမနှစ်ကာလအတွင်း ပြောခဲ့ဖွယ်ရာရှိပါသည်။ အမှုတော်စတင်ထမ်း

ဆောင်ခဲ့ပြီ၊ သို့သော် အခက်အခဲများစွာရှိနေသည်။ ယုဒဘာသာရေးခေါင်းဆောင်များ သူ့ကိုဆန့်ကျင်နေကြသည်။ သူတို့အတွက် အုံ့ဩဖွယ်နိမိတ်လက္ခဏာများ လုပ်လိုလုပ်ငြားစိတ်ဖြင့်သာ သာမန်လူများ သူ့နောက်လိုက်နေကြသည်။ တမန်တော်များပင်လျှင် တစ်ခါတစ်ရံ စိတ်ပျက်နေကြပါသည်။ ယေရှုက ဘုရားသခင်သည် အသစ်သောနည်းလမ်း စတင်အုပ်စိုးနေပြီ။ (မာကု ၁း၁၅) ကိုဖတ်ပါ။ သို့သော် ဖြစ်ပျက်နေသည့်အခြေအနေကို ကြည့်လိုက်ပါက သံသယဝင်စရာကောင်းနေပါသည်။ "တစ်နေ့သောအခါတွင် ဘုရားသခင်သည် လူသားအားလုံးကိုအုပ်စိုးမည်" ကို ယုံကြည်ရန် ခဲယဉ်းလှပါသည်။

တမန်တော်များတို့သည် အခြားသူအချို့ကဲ့သို့ပင် စိတ်မရှည်ကြတော့ပေ။ ထိုအချိန်က ဇံသာနု (ခေါ်) မျိုးချစ်များက ရောမကိုလိုနီအစိုးရကို ဆန့်ကျင်သောလှုပ်ရှားမှုများ ရှိခဲ့ပါသည်။ (တမန် ၅း၃၆-၃၇)။ ရောမကောရာဇ်မင်းကိုဖယ်ရှားနိုင်မှသာ ဘုရားရှင်ကို ၎င်းတို့၏အုပ်စိုးသောအရှင်နှင့်ဘုရင်အဖြစ် ပေါ်ပေါ်ထင်ထင် ကြေညာနိုင်မည်ဖြစ်ကြောင်း ယုံကြည်ကြပါသည်။ တမန်တော်များထဲမှ "ရှိမုန်" သည် ထိုကဲ့သို့သော ဇံသာနုအဖွဲ့ဝင်တစ်ဦးဖြစ်ပါသည်။

ရှင်လုကာ ၄း၁-၁၃ တွင်ဖော်ပြသော သခင်ယေရှု၏စုံစမ်းခြင်းခံရသောအဖြစ်အပျက်ကိုကြည့်လျှင် သခင်ယေရှုသည်ပင်လျှင် ဘုရားရှင်သည် ယုဒလူမျိုး၏ဘုရင်ဖြစ်ကြောင်း အတိအလင်းကြေညာရန် အဓမ္မ (အကြမ်း) နည်းဖြင့်လုပ်ဆောင်ရန် သွေးဆောင်ခြင်းခံရဖွယ် ရှိပါသည်။ ဤအခြေအနေမျိုး၌ သခင်ယေရှုသည် ဤ "လယ်သမားတစ်ဦးနှင့် သူ၏မျိုးစေ့များ" ပုံဥပမာကို ပြောခဲ့ဟန်ရှိပါသည်။ အဓိကပေးလိုသော သတင်းစကားမှာ "မျိုးစေ့ကိုကြဲပြီးသား" ဆိုလိုသည်မှာ "ဘုရားရှင်သည် အမှန်တကယ်ပင် စတင်အုပ်စိုးနေပါပြီ။ သင်တို့ယုံကြည်ရခက်သော်လည်း ဘုရားရှင်သည် အမှန်တကယ်ပင် အသစ်သောနည်းလမ်းဖြင့် လူများကြားတွင် တည်ရှိပြီး အလုပ်လုပ်ဆောင်နေပါပြီ။" ရလဒ်သည် သင်တို့လက်ထဲတွင် မရှိဘဲ သူ့ (ဘုရားရှင်) လက်ထဲတွင်သာရှိပါသည်။ မျိုးစေ့များသည် မိမိတို့ဖာသာ ကြီးထွားနေကြပါသည်။ လယ်သမားများ အတင်းတွန်းပြီး ကြီးထွားစေသည်မဟုတ်ပါ။

## လက်တွေ့ကျင့်သုံးနိုင်ရန် အကြံပေးချက်အချို့

၁။ ခရစ်ယာန်တစ်ဦးသည် ဘုရားရှင်ကို ယုံကြည်စိတ်ချသောကြောင့် မိမိပူပန်ခြင်းတို့ကို ထိန်းချုပ်နိုင်သည်။

ဘုရားရှင်သည် ကမ္ဘာလောကကြီးအတွက်နှင့် ကျွန်ုပ်တို့အတွက် အကြံအစည်ရှိသောကြောင့် သူ့အပေါ် လုံးလုံးလျားလျား မှီခိုနိုင်ပါသည်။ လုံးလုံးလျားလျား စိတ်ချနိုင်ပါသည်။ မိမိအကြံအစည်တော် အောင်မြင်ရန် ဖော်ဆောင်နိုင်သောတန်ခိုးရှိပါသည်။ မည်သည့်အဖြစ်အပျက်ကမှ မတားဆီးနိုင်ပေ။ လောကတွင် လူသားများ အကုန်အစင်သေဆုံးသည့်တိုင် ဘုရားရှင်၏အကြံအစည်တော်ကို မည်သည့်အရာကမျှ မတားဆီးနိုင်ပေ။

သခင်ယေရှုသည် မိမိအသက်ရှင်သည့်ပုံစံအတိုင်း ယုံကြည်စိတ်ချမှုအပြည့် ရှိပါသည်။ "မစိုးရိမ်နှင့်" (မဿဲ ၆း၂၅၊ ၂၈၊ ၃၁၊ ၃၄) ဟူသောစကားကို မကြာခဏပြောရုံသာမက သူလုပ်ဆောင်ရမည့်လုပ်ငန်းတစ်ခုလုံးကို အပူအပင်ကင်းစွာဖြင့် လုပ်ဆောင်နေကြောင်း၊ မသေမီနေ့ရက်များ၌ပင်လျှင် လုပ်ဆောင်ရမည့်လုပ်ငန်းများကို ပူပင်သောကမရှိဘဲ လုပ်ဆောင်ခဲ့ပါသည်။ ဘုရားရှင်အား ယုံကြည်စိတ်ချရာ၌ (၃) မျိုး ပါရှိပါသည်။ ဆက်လက်ထိန်းချုပ်ထားမည်ဖြစ်ကြောင်း ယုံကြည်စိတ်ချပါသည်။

ယနေ့ ကျွန်ုပ်တို့သည် ဖြစ်ပျက်နေသောအရာတို့ကို မြင်တွေ့ရသည့်အခါ စိတ်သောကရောက်ဖို့နှင့် မျှော်လင့်ခြင်းကင်းမဲ့ရန် အကြီးအကျယ်သွေးဆောင်ခြင်းခံနေရကြပါသည်။ ခရစ်ယာန်များ တိုင်းပြည်မှနှင်ထုတ်ခံနေရကြောင်း မြင်တွေ့နေကြရပါသည်။ ကမ္ဘာ



နေရာအတော်များများတို့၌ စစ်မက်ဖြစ်ပွားနေသည်ကို မြင်တွေ့ကြရပါသည်။ ကျွန်ုပ်တို့သည် မျှော်လင့်ခြင်းကင်းမဲ့ပြီး "ဘုရားရှင်သည် လူသားများအပေါ် အုပ်စိုးနိုင်ပါမည်လော" ဟူ၍ပြောဆိုရန် စုံစမ်းသွေးဆောင်ခြင်း ခံရကြပါသည်။

ပုံဥပမာ၌ဖော်ပြသော လယ်သမားသည် ညအခါ ကောင်းစွာ အိပ်စက်နေပါသည်။ ကျွန်ုပ်တို့သည် ညအခါကောင်းစွာအိပ်မပျော်ရခြင်းမှာ တစ်ခါတစ်ရံ ဘုရားရှင်ကို ကောင်းကောင်းစိတ်မချရသောကြောင့် (သို့) လုံလောက်သော စိတ်ချမှုမရှိသောကြောင့် ဖြစ်ပါသည်။

၂။ ခရစ်ယာန်တစ်ဦးသည် ဘုရားရှင်ကို ယုံကြည်စိတ်ချသောကြောင့် စိတ်မရှည်ခြင်းကို မည်သို့ကျော်လွှားအောင်မြင်ရမည့်အကြောင်း သင်ယူနေပါသည်။

သခင်ယေရှုသည် သူ့လုပ်ငန်းများကို လုပ်ဆောင်ရာတွင် အံ့ဩဖွယ်ကောင်းလောက်အောင် စိတ်ရှည်ပြီး အလောတကြီးမရှိပေ။ လုပ်ဆောင်ရမည့်အရာများအတွက် အချိန်ကောင်းစွာရှိကြောင်းကို သိရှိထားသော်လည်း ပျာယာခတ် မနေပါ။ ဘုရားရှင်သည် အရာခပ်သိမ်းကိုထိန်းချုပ်ထားကြောင်း ရှင်းရှင်းလင်းလင်း ယုံကြည်ပါသည်။ ဤအကြောင်းကြောင့် သူသည် ဆုတောင်းခြင်း၌ များစွာအချိန်ပေးခဲ့ပါသည်။ ဤအကြောင်းကြောင့်လည်း သူသည် အရေးမကြီးသူများ (ဘဝနိမ့်ကျသူများ) နှင့်တကွ ဘာသာရေးခေါင်းဆောင်များထံ ကျေကျေနပ်နပ်ဖြင့် (အချိန်ပေးပြီး) လည်ပတ်ခဲ့ပါသည်။

စိတ်မရှည်ခြင်း၊ ပျာယာခတ်ဖြစ်နေခြင်းနှင့် အလွန်အကျွံ အလုပ်လုပ်ခြင်းတို့သည် ယနေ့ ပညာတတ်သူများအတွက် အထူးကြုံတွေ့ရသော စုံစမ်းခြင်းများဖြစ်ပါသည်။ လူကုံထံများ (ချမ်းသာသူများ) ကို ကြည့်ပြီး "သူတို့အလုပ်လုပ်ကြသည့်အတွက် ငွေရှာနိုင်ကြသည်" ဟု ပြောဆိုကြပါသည်။ အာကာသယာဉ်များကိုလွှတ်ပြီး အခြားဂြိုလ်များကို ပိတ်စေနိုင်သော ပိပ္ပံပညာရှင်များကိုကြည့်ပြီး "ဤသို့လုပ်နိုင်ခြင်းသည် ကြိုးကြိုးစားစားအလုပ်လုပ်ကြသောကြောင့်" ဖြစ်ကြောင်း ကျွန်ုပ်တို့ပြောနေကြပါသည်။ ဤသို့ဖြင့် ကျွန်ုပ်တို့သည် အရေးကြီးသောပြဿနာများအားလုံးကို အအိပ်လျှော့ပြီး အလုပ်ကြိုးစားလုပ်ကိုင်ခြင်းအားဖြင့် ဖြေရှင်းနိုင်သည်ဟု ထင်မြင်လာကြသည်။ ထင်သည့်အတိုင်းမဟုတ်ပါ။ ခင်ပွန်းနှင့်ဇနီး (နှစ်ဦး) ချစ်ချစ်ခင်ခင်ဖြင့် အတူနေထိုင်ရန် မကြိုးစားဘဲ (မသင်ယူဘဲ) ဟိုပြေးသည်ပြေး၊ ညနက်သည့်အထိ အလုပ်ကိုယ်စီလုပ်နေကြသည်။ အပြစ်ရှိနေသည်ဟု ခံစားနေရသူတစ်ဦးအနေဖြင့် အလုပ်ပိုမိုကြိုးစားလုပ်ခြင်းအားဖြင့် ဘုရားရှင်၏ခွင့်လွှတ်မှုရရှိသော ငြိမ်သက်ခြင်း (အရသာ) ကို မခံစားရပေ။ ဤကဲ့သို့သောအခြေအနေမျိုးများတွင် မည်သည့်အချိန်တွင် အလုပ်ကြိုးစားရန်နှင့် မည်သည့်အချိန်တွင် အလုပ်ကိုရပ်နားရန် သိရှိဖို့ အရေးကြီးပါသည်။ နိုင်ဂျီးရီးယားလော်ရီကားတစ်စီးပေါ် တွေ့ရသော "သွားစေ၊ ဘုရားလုပ်စေ" ပုံဥပမာသည် ဤအတိုင်းဆိုလိုသည်။

၃။ ခရစ်ယာန်တစ်ဦးသည် ကြီးထွားဖို့အတွက် အခွင့်အရေးပေးသည်။

ဤပုံဥပမာသည် ကျွန်ုပ်တို့တွေ ပျင်းရိဖို့ အားမပေးကြောင်း တွေ့မြင်ခဲ့ပြီးဖြစ်ပါသည်။ ပျင်းရိသောလယ်သမားများသည် အောင်မြင်သောလယ်သမားများမဟုတ်ချေ။ ပုံဥပမာထဲတွင် လယ်သမားသည် မျိုးစေ့များအတွက် မြေကိုပြုပြင်ပေးသည်။ မျိုးစေ့များပေါက်ပြီးကြီးထွားနိုင်ရန် အခွင့်အရေးများ ဖန်တီးပေးသည်။ မျိုးစေ့ကြဲပြီး ပေါင်းများရှင်းလင်းသည်။ ထိုနေ့ရက်များ၌ လယ်သမားတစ်ဦးအနေဖြင့် လုပ်စရာ များစွာရှိပါသည်။ ဥပမာ - အပင်များပြောင်းရွှေ့ပေးခြင်း၊ မြေဩဇာကျွေးခြင်းနှင့် ပေါင်းပင်ကိုသေစေသောဆေးများ ပက်ဖျန်းပေးခြင်း အစရှိသဖြင့် . . . ။

ဘုရားရှင်သည် မိမိလုပ်ငန်းများကိုလုပ်ဆောင်နိုင်ရန် ကျွန်ုပ်တို့အနေဖြင့် အခွင့်အရေးဖန်တီးပေးရမည်။ ထိုအခွင့်အရေးမျိုး အခြားသူများအတွက်နှင့် မိမိတို့အတွက် ဖန်တီးပေးရမည်။

မြို့ထဲတွင်နေသောလူများအတွက် အိမ်အလုံအလောက် တည်ဆောက်ပေးဖို့ ကျွန်ုပ်တို့က အစိုးရကိုတိုက်တွန်းပေးပါသည်။ အိမ်များသည် လူကိုကောင်းစေမည်မဟုတ်ပါ။ သို့သော် မသန့်ရှင်းသောအိမ်ခန်းကျဉ်းလေးများထဲတွင် လူများပြည့်ကျပ်နေပါက ဘုရားရှင်က သူတို့ကို မည်သို့ပြောနေကြောင်း ကြားနာရန် အလွန်ခက်ခဲပါလိမ့်မည်။

**ဆရာဝန်များ** လူတွေကိုကာကွယ်ဆေးထိုးသည့်အခါဖြစ်စေ၊ ခွဲစိတ်ပေးသည့်အခါဖြစ်စေ လုပ်လေ့လုပ်ထရှိပါသည်။ လူ့ခန္ဓာကိုယ်က ရောဂါခုခံအားရှိရန် သို့မဟုတ် ခွဲထားသည့်ဒဏ်ရာ မိမိအလိုအလျောက် ပြန်ကောင်းရန်အခြေအနေမျိုး ဖန်တီးပေးပါသည်၊ အမှန်တကယ် ကုသပေးသောသူမှာ ဘုရားသာဖြစ်ပြီး ဆရာဝန်များမဟုတ်ပါ။ (ဆရာဝန်များက လူနာတစ်ဦး ပြန်ကောင်းလာနိုင်ရန် လိုအပ်သောအခြေအနေမျိုးကိုသာ ဖန်တီးပေးသည်။)

**အလုပ်ကြိုးစားသော**သင်းအုပ်ဆရာတစ်ပါးသည်လည်း ထိုနည်းအတိုင်းပင် လုပ်ဆောင်ပါသည်။ လူတွေကြား ဘုရားရှင်အလုပ်လုပ်နိုင်ရန် အခွင့်အရေးများ ဖန်တီးပေးရုံသာရှိပါသည်။ သူတို့နှင့်တွေ့ဆုံခြင်း၊ သူတို့၏ ရင်ဖွင့်သံများကိုနားထောင်ပေးခြင်း၊ သူတို့နှင့်စကားပြောခြင်း၊ သူတို့အတွက် ဆုတောင်းပေးခြင်းတို့ကို ပြုလုပ်ပါသည်။ ဤသို့လုပ်ဆောင်ခြင်းသည် မိမိအနေဖြင့် အကောင်းဆုံးလုပ်ဆောင်ခြင်းဖြစ်ပြီး ဤသူတို့ကို ဘုရားရှင်ထံ ဆက်ကပ်အပ်နှံပြီး မိမိအနေဖြင့် ပူပန်သောကရောက်ခြင်းမရှိပေ။

## ကျွန်ုပ်တို့၏အခြေအနေကိုကြည့်ရှုခြင်း
## Seeing our own situation

ပုံဥပမာကို ပြန်ကြည့်ကြစို့။ ကျွန်ုပ်တို့သည် မကြာခဏ ထိုလယ်သမားအခြေအနေမျိုးနှင့် ကြုံရတတ်သည်။ ကျွန်ုပ်တို့သည် အချို့ကိစ္စများတွင် ကြိုးကြိုးစားစား လုပ်ဆောင်ကြသည်။ ယခုအခါတွင် ဘုရားရှင်သည် ထွက်ပေါ်လာမည့်ရလဒ်ကိုကြည့်ရှုပေးမည်ဖြစ်ကြောင်း ယုံကြည်ပါသလော ဟု မေးခွန်းထုတ်ရပါမည်။ ယုံကြည်စွာဖြင့်နေဖို့ရန်နှင့် စိတ်ပူပြီးနေရန် နှစ်ခုထဲမှ တစ်ခုခု ရွေးချယ်နိုင်ခွင့်ရှိပါသည်။ ဘုရားရှင်ကိုယုံကြည်ပါက ကျွန်ုပ်တို့၏အခြေအနေကို နည်းလမ်းသစ်ဖြင့် ရင်ဆိုင်နိုင်ပါမည်။ ဤသို့အဖြစ်မျိုး မကြာခဏကြုံတွေ့ရတတ်ပါသဖြင့် ဥပမာအနည်းငယ်သာ လိုအပ်ပါသည်။ (ဥပမာအနည်းငယ်ပြရုံနှင့် လုံလောက်ပါသည်။)

**မိန်းကလေးတစ်ဦး၏မိဘများသည်** သူမ ကောင်းစွာကြီးပြင်းလာရန် **မိမိတို့ အကောင်းဆုံးလုပ်ဆောင်ပေးခဲ့ကြပြီး၊** ယခုအခါ သူသည် ကျောင်းထွက်ပြီး အခြားမြို့တစ်မြို့သို့ ပြောင်းရွှေ့အလုပ်လုပ်လျက်ရှိနေပြီ။ မိဘတို့အနေဖြင့် ရွေးချယ်စရာလမ်း ပေါ်လာပါသည်။ သူမအတွက် ပူပန်နေမည်လော။ သို့မဟုတ် "ငါတို့သူမအတွက် အကောင်းဆုံးလုပ်ပေးခဲ့ပြီ၊ နောင်တွင်လည်း သူမထံ စာမှန်မှန်ရေးခြင်း၊ မှန်မှန်ဆုတောင်းပေးခြင်းအားဖြင့် သူမအတွက် ဆက်လက်ပြီး အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ပေးပါဦးမည်။ သူမ့အသက်တာသည် ဘုရားရှင်လက်ထဲတွင်ရှိပါသည်။ ဘုရားရှင်ကို ယုံကြည်စိတ်ချရသကဲ့သို့ သူမကိုလည်း ယုံကြည်စိတ်ချပါသည်။" (ပူပန်သောကရောက်ခြင်းအားဖြင့် အသက်ကို တစ်ထွာမရှည်စေနိုင်ဟု ခရစ်တော်ယေရှု မိန့်မှာခဲ့သည်ကို သတိရပါ။ လုပ်စရာရှိတာတွေ အကောင်းဆုံးလုပ်ပြီး ကျန်တာတွေ ဘုရားရှင်လက်ထဲအပ်ပါ။ ဘုရားရှင်လုပ်ပေးမည်ဖြစ်ကြောင်း ယုံကြည်စိတ်ချပါ။ အစစအရာရာ ဘုရားရှင်ထံအပ်နှံထားသည်ဆိုပြီး ဘာမှမလုပ်ဘဲနေခြင်းသည်လည်း အလိုတော်မဟုတ်ပါ။ မိမိလုပ်နိုင်သည့်အပိုင်းကို **အသားကုန်လုပ်၊** မလုပ်နိုင်သည့်အပိုင်းကို ဘုရားရှင်ထံ စိတ်ချလက်ချအပ်နှံရန် **သဘော**တရားသည် ဤပုံဥပမာက အဓိကပေးလိုသောသတင်းစကား၊ သင်ခန်းစာ၊ သွန်သင်ချက်ဖြစ်ပါသည်။)□



# ကြိုးညှိသူ
# တေးအိမ်ပြည့်

ဂီတာ (Guitar) တစ်လုံးတွင် ယေဘုယျအားဖြင့် မတူညီသောတူရိယာကြိုး (၆) ကြိုး ရှိပါသည်။ ခြွင်းချက်အနေနှင့် တစ်ခါတစ်ရံ (၁) နှင့် (၂) ကြိုးတို့၌ ကြိုး (၂) ကြိုး စီ တပ်ဆင်ကာ တီးခတ်ကြပါသည်။ ထိုကွဲပြားနေသော တူရိယာကြိုး (၆) ကြိုးတို့တွင် ကိုယ်ပိုင်အသံများ၊ ပိုင်ဆိုင်ထားပါသည်။ ဓမ္မတေးဂီတသည် လူသားတို့၏စိတ်နှလုံးသားကို နူးညံ့စေပြီး ဝမ်းနည်းခြင်းမှ ဝမ်းသာဝမ်းမြောက်ခြင်းသို့ ပြောင်းလဲနိုင်စွမ်းရှိပါသည်။ လူသားတို့အား သာယာနာပျော်ဖွယ်ကောင်းသောသံစဉ်များ ဖြန့်စေနိုင်ရန် ညှိသောသူသည် အလွန်အရေးကြီးသော အခန်းကဏ္ဍ၌ပါဝင်ပါသည်။ ကြိုးညှိသောသူသည် No. 1 နှင့် No. 6 ကြိုးတို့ကို Key-E၊ No. 2 ကြိုးကို Key-B၊ No. 5 ကြိုးကို Key-A ဟူသော သံစဉ်အနေအထားသို့ ရောက်အောင် ညှိနိုင်ရန်လိုအပ်ပါသည်။ အထက်ပါ Keys သံစဉ်များအတိုင်း ညှိယူပြီး လိုချင်သော၊ ကော့ဒ်တစ်ခုခုအား ကိုင်လိုက်သောအခါ သာယာနာပျော်ဖွယ်ကောင်းသော သံစဉ်တစ်ခု ဖြစ်ပေါ်လာပါမည်။ အကယ်၍ ကြိုးညှိသူသည် လိုအပ်သောအသံနှင့် Keys များအတိုင်း ညှိယူနိုင်မှုမရှိပါက မည်သည့်နည်းနှင့်မျှ သာယာငြိမ့်ညောင်းသောအသံကို ဖန်တီးနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် လောကကြီးအား သာယာပြီး နားယူချင်စဖွယ်ကောင်းသောသံစဉ်ကို ပေးကမ်းနိုင်ရန် ကြိုးညှိသောသူသည် အထူးအရေးကြီးကြောင်း တွေ့ရပါသည်။

ဥပမာကား ကိုယ်တစ်ခုတည်း၌ အင်္ဂါအများရှိသည်ဖြစ်၍ ထိုတစ်ခုတည်းသော ကိုယ်အင်္ဂါအပေါင်းတို့သည် များလျက်နှင့် ကိုယ်တစ်ခုတည်းဖြစ်သကဲ့သို့. . .။ (၁ကော ၁၂း၁၂)

ကိုယ်ခန္ဓာတစ်ခုတွင် များပြားလှစွာသော အင်္ဂါရပ်များရှိကြောင်း လူတိုင်းလက်ခံပါမည်။ ထိုကွဲပြားနေသောအင်္ဂါများက သူ့အလုပ်နှင့်သူ အလုပ်လုပ်မှသာ ခန္ဓာကိုယ်က အဆင်ပြေစွာလှုပ်ရှားနိုင်မည်ဖြစ်သည်။ ထိုနည်းတူ အသင်းတော်တွင် လူတန်းစားပေါင်းစုံ၊ အလွှာပေါင်းစုံဖြင့် ကွဲပြားသောဆုကျေးဇူးများ ပိုင်ဆိုင်ထားသော ယုံကြည်သူများဖြင့် တည်ဆောက်ထားပါသည်။ ထိုယုံကြည်သူတို့အား မိမိတို့၏ ဘုရားပေးဆုကျေးဇူးများ၊ အသုံးပြုလာစေရန်အတွက် သာယာနာချင်စဖွယ်ကောင်းသော ဂီတသံအား ဖန်တီးပေးနိုင်သော ကြိုးညှိသူက ညှိယူတတ်ရန် လိုအပ်ပါသည်။ ထို့ကြောင့် ကြိုးညှိသူအဖြစ် သင်နှင့် ကျွန်ုပ်တို့ ပါဝင်အစေခံကြပါစို့လား မိတ်ဆွေ။□

လေပြည်လေး ဖြည်းညင်းစွာ တိုက်ခတ်လို့လာ . . .
သင်းပျံ့သောမွှေးရနံ့များ ဆောင်ကြဉ်းခဲ့ရာ . . .
စိတ်နှလုံးကြည်လန်းဆန်းပြိမ်းချမ်းလှတာ . . .

ကမ်းခြေသဲသောင်မှ ကြည်စိမ်းနေသည့်ပင်လယ်ပြင်ကြီးကို ငေးမျှော် ကြည့်လျက် ရေပြင်ကိုဖြတ်သန်းတိုက်ခတ်လာသည့် လေပြည်ညင်းလေးများကို ရှူရှိုက်ခွင့်ရတိုင်း ငယ်စဉ်က အော်ဟစ်သီဆိုခဲ့သည့် ကဗျာလေးကို တီးတိုး ရေရွတ်ဆိုမိမြဲ ဖြစ်သည်။ ထို့မျှမကသေးပါ။ တောင်တန်းကြီးများပေါ် ဖြတ်ကျော်လျက်လည်းကောင်း၊ မျက်စိတစ်ဆုံး၊ လယ်ကွင်းပြင်များပေါ် ဖြတ်ကျော်လျက်လည်းကောင်း၊ ဖြတ်သန်းတိုက်ခတ်လာသည့် လေပြည်လေးများနှင့် ဆုံဆည်းခွင့်ရတိုင်း ယင်းကဗျာလေးကိုရွတ်ဆိုမိပါသည်။

တကယ်တော့လည်း လူသားတိုင်း၏ဘဝဟာ ကျန်းမာကြံ့ခိုင်မှုအတွက် သန့်ရှင်းလတ်ဆတ်သော၊ ရနံ့သင်းပျံ့သောလေသန့်များကို ရှူရှိုက်ခွင့်ရရန် လိုအပ်သည် မဟုတ်ပါလား။

◆ ◆ ◆

ကျွန်မသည် 'လေ' ဟူသည့် သဘာဝပစ္စည်းကို စိတ်ဝင်စားမိသည်။ လေပြည်လေညင်းကလေးများကို မြတ်နိုးသည်။ စစ်ကိုင်းတံတားကျော်ပြီဆိုမှဖြင့် နှုတ်ဆက်တတ်သည့်တမာရနံ့လေပြည်လေညင်းကလေးများ၊ ပုပ္ပားနယ်မြေဝင်သည်




# နှလုံးသားသန့်စင်လေ ဒီဇင်ဘာမွှန်း



ဆိုသည်နှင့်ကြိုဆိုတတ်သည့် စကားဝါရနံ့လေပြည်ကလေးများ၊ ညောင်ဦးမြို့ဝင်သည်နှင့်သင်းပျံ့လာတတ်သည့် သနပ်ခါးရနံ့လေပြည်ကလေးများကို သတိရခဲ့လမ်းသည်။ ယုတ်စွအဆုံး နေ့စဉ် ရုံးအလာ ဆူးလေဘုရားကိုကားကွေ့သည်နှင့် မြစ်ကမ်းဘက်ဆီမှ မဟာဗန္ဓုလပန်းခြံကိုဖြတ်ကျော်လျက် တိုးဝှေ့တိုက်ခတ်လာသည့် လေနုအေးကိုပင် ကသောကမျော ရှူရှိုက်မိသေးသည်။

ကမ္ဘာကြီးကို ထွေးပွေ့ထားသည့် လေထုအလွှာကြီးတွင် အကြမ်းအားဖြင့် အလွှာသုံးပိုင်း ရှိကြောင်း သက်ရှိသက်မဲ့များကို ပျော်ကျဖျက်ဆီးနိုင်သည့် တစ်စက္ကန့်လျှင် မိုင်ပေါင်း (၁၈၆၀၀၀) နှုန်းဖြင့် အပူချိန် (၆၀၀၀) ဒီဂရီစင်တီဂရိတ်ကို သယ်ဆောင်လာသည့်နေ၏အလင်းရောင်စွမ်းအင်ကိုကာကွယ်နေသည့် ကမ္ဘာ့အသက်ကယ်ခါးပတ်ကြီးမှာ ကမ္ဘာကြီးအထက် မိုင် (၃၀၀) မှ စတင်ဖုံးလွှမ်းထားသည့် အလွှာစုံလေဟာနယ်ထုကြီးဖြစ်ကြောင်း၊ နေ၏စွမ်းအင်ဖြင့် သံသရာလည်လျက် ကမ္ဘာကြီးအား အသက်ရှင်လှုပ်ရှားစေသော မိုးလေဝသ ကွန်ရက်ကြီးတွင် လေသည် အဓိကနေရာမှပါဝင်နေကြောင်း မှတ်သားခဲ့ဖူးသည်။

နာရီလက်တံ ပြောင်းပြန်လှည့်သကဲ့သို့ လက်ဝဲရစ်တိုက်ခတ်လှည့်ပတ်သည့်လေပွေများဘင်္ဂလားပင်လယ်အော်နှင့် အိန္ဒိယသမုဒ္ဒရာတွင် ဟာရီကိန်းဟုခေါ်သည့် မုန်တိုင်းများအကြောင်း ကြားလျှင်မူ ရင်သိမ့်တုန်ဖြစ်ရသည်။

ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု၏ အကျိုးသက်ရောက်မှုကလည်း ကမ္ဘာကြီးသို့ ပျံ့နှံ့လျက်ရှိသည်။ လေသန့်မှုအခြေအနေလမ်းညွှန်ချက်များအတွင်း လူတို့တွင်ရှိသည့် ခံနိုင်ရည်အမျိုးမျိုးပေါ်မူတည်လျက် ရောဂါအမျိုးမျိုး ဖြစ်ပွားကြသည်။ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ရင်ကျပ်ပန်းနာရောဂါသည်များနှင့် စက်မှုလုပ်သားများမှာ အန္တရာယ်နှင့်ရင်ဆိုင်ရလျက် မသန့်သောလေတို့ကိုရှူရှိုက်ရသောပမာဏလည်း ပိုလာလေသည်။ ဒုံဇုန်းခေတ်ကြောင့် လေရှူရှိုက်ရာလမ်းတစ်လျှောက်နှင့် အဆုတ်တို့တွင် ထိခိုက်ပျက်စီးနိုင်သည်ဟု ဆိုပါသည်။ မည်သို့ဆိုစေ၊ ကိုယ်ခန္ဓာစိတ်ဝိညာဉ် ကျန်းမာအောင် လေသန့်သန့်ရှူရှိုက်ဖို့ လိုအပ်လှပါသည်။

◆ ◆ ◆

လွန်ခဲ့သည့်နှစ်က အာရှနိုင်ငံတစ်ခုမှသူငယ်ချင်းက သူ အလုပ်အကိုင်သစ်ပြောင်းရွှေ့ကြောင်း စာလှမ်းရေးသည်။

"အရင်အလုပ်ထက်ကောင်းတဲ့နေရာကို ပြောင်းလိုက်ပြီ၊ အဲဒီမှာက လေဆိုးလေညစ်လည်း မရှိဘူးလေ"

ကျွန်မတို့ဆီတွင် အလုပ်အကိုင်ကောင်း ဟူသည်ကို လစာနှင့်၊ ဂုဏ်ဒြပ်နှင့်၊ ဝါသနာနှင့်ထပ်တူကျမှု စသည်များဖြင့် တိုင်းတာကြလျက် သာသည့်နေရာဆီသို့ ရွှေ့ပြောင်းလုပ်ကိုင်ကြသည်။ သူတို့နိုင်ငံများတွင်မူ ပတ်ဝန်းကျင်ဆိုင်ရာအလိုက် လေသန့်ရှူရှိုက်ရမှုနှင့် တိုင်းဖြတ်ရသည့်အတွက် တစ်မျိုးအံ့ဩမိရသည်။

ယခုနောက်ပိုင်းတွင်မူ ကမ္ဘာ့ဒေသအသီးသီး၌ လေသန့်ရရှိမှုအခြေအနေများ အားလျော့လာပြီဖြစ်သည်။ ထို့မျှမက လူတို့ရှူရှိုက်နေကျအလကားရသည် ဟူသောလေမှာ တန်ဖိုးအကြီးဆုံးကုန်ပစ္စည်းတစ်ရပ်ဖြစ်လာနေပြီဖြစ်သည်။ မနေ့တစ်နေ့က မြန်မာ့ရုပ်မြင်သံကြားမှထုတ်လွှင့်သောနိုင်ငံတကာသတင်းတစ်ပုဒ်တွင် လူများသည် လေသန့်ကို အားလပ်သည့်အချိန်တွင် ဝယ်ယူရှူရှိုက်ရကြောင်း ထုတ်လွှင့်သွားသည်။ တစ်နည်း လေသန့်ရောင်းသူနှင့် လေသန့်ဝယ်ယူရှူရှိုက်သူ ဈေးကွက်ထွန်းကားလာပြီဖြစ်သည်။ ယမန်နှစ်ပိုင်းက ပတ်ဝန်းကျင်ထိန်းသိမ်းရေးအခြေအနေများတွင် တောမီးလောင်ခြင်း၊ စက်ရုံ အလုပ်ရုံများမှအန္တရာယ်ရှိသည့်လေများ၊ မီးခိုးများကြောင့် ကောင်းကင်ယံမသန့်ရှင်းတော့ဘဲ ယင်းအခိုးအငွေ့များမှ တစ်ဆင့် ဖြစ်ပေါ်လာသည့်မိုးရေများတွင် အက်ဆစ်ဓာတ်များပါဝင်လျက် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများဖြစ်ပေါ်ခဲ့သည်။ ဆာလဖာဒိုင်အောက်

ဆိုဒ်ဓာတ်၏အကျိုးဆက်ဖြစ်သော အက်ဆစ်မိုးများလျော့ပါးရေးအတွက် သစ်ပင်များစိုက်ပျိုးကြရန်နှင့် လေညစ်ကိုစုပ်ယူပြီး လေသန့်ကိုထုတ်လွှတ်ဖလှယ်ပေးသည့်သစ်တောများ မပြုန်းတီးအောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များက နှိုးဆော်ကြသည်။

ကမ္ဘာလုံးဆိုင်ရာ စွမ်းအင်နှင့် လူ့ပတ်ဝန်းကျင်ကိစ္စ၌ အကျုံးဝင်သည့် ကမ္ဘာကြီးပူနွေးလာမှုနှင့်ပတ်သက်၍ ၁၉၉၆ ခုနှစ်မှစ၍ နိုင်ငံပေါင်း (၁၇၈) နိုင်ငံ သဘောတူညီမှုကတိကဝတ်များရှိခဲ့သည်။ လေညစ်လေဆိုးထုတ်လွှတ်မှုအတွက် နိုင်ငံတကာအဆင့်ညှိနှိုင်းကြရာတွင် ကမ္ဘာပေါ်တွင် ၁၉၉၀ ပြည့်နှစ်ကာလက ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်၊ မီသိန်းဓာတ်၊ ဆာလဖာဒိုင်အောက်ဆိုဒ်ဓာတ် စသည့်ဓာတ်ငွေ့များပေါ်ထွက်မှုပမာဏကို အခြေပြု၍ လျှော့ချရန်သတ်မှတ်ခဲ့ကြခြင်းဖြစ်သည်။

အမှန်တကယ်ကမူ ပတ်ဝန်းကျင်လေထုကို ညစ်ညမ်းစေသော လူတို့ဖန်တီးသည့် အဆိပ်သင့်လေညစ်များမှာ တစ်မျိုးတည်းမဟုတ်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်နှင့်အတူ အခြားဓာတ်ငွေ့ခြောက်မျိုး ပါဝင်သေးသည်။ ယင်းတို့ကို ဖန်လုံအိမ်အကျိုးသက်ရောက်မှုဓာတ်များဟု ကမ္ဘာ့ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့က သတ်မှတ်သည်။

လေထုမသန့်စင်မှုကြောင့်ဖြစ်ပေါ်လာသည့် နှင်းပုပ်များဖုံးလွှမ်းနေသည့် အအေးပိုင်းနိုင်ငံများ၊ ညစ်ညမ်းလေထုကြောင့် မှုန်မှိုင်းနေသည့် အာရှမြို့တော်များ၊ တောမီးလောင်မှုကြောင့် ပတ်ဝန်းကျင်နိုင်ငံများအထိ ပျံ့နှံ့နေသည့် မီးခိုးလုံးကြီးများ၊ ယာဉ်အမျိုးမျိုးနှင့် စက်ရုံအမျိုးမျိုးကထွက်သည့် ဓာတ်ညစ်ဓာတ်ငွေ့များကိုကာကွယ်ရန် မျက်နှာဖုံးစွပ်ဝတ်ထားကြရသည့် နိုင်ငံသားများ၊ ဆိုဖာထိုင်ခုံပေါ် ကိုယ်လျော့စိတ်ဖြေထိုင်လျက် အောက်ဆီဂျင်ဓာတ်ငွေ့ဝယ်ယူရှူရှိုက်ဖြည့်တင်းသန့်စင်နေကြရသည့် မြို့နေလူများကို မီဒီယာများမှတစ်ဆင့် မြင်တွေ့ရသည့်အခါ ကိုယ်တိုင်အသက်ရှူမွန်းကျပ်လျက် ပင်လယ်ကမ်းခြေတစ်နေရာဆီ အပြေးသွားချင်ခဲ့မိပါသည်။

မြို့ပြတွင်နေထိုင်သူများအတွက်မူ လေကိုဝအောင်ရှူရှိုက်ခွင့်ရဖို့ ခက်ခဲလှပေသည်။

လေးထောင့်ပတ်ပတ်လည်ကာရံထားသည့် အဆောက်အအုံ၏ တတိယထပ်ထောင့်စွန်းတွင် ဝရန်တာလေးတစ်ခုရှိပါသည်။ကံကောင်းလှစွာ ကျွန်မ၏ရုံးခန်းဖြစ်သဖြင့် တံခါးဖွင့်သည်နှင့် လေပြည်ကလေးများက စိတ်နှစ်သိမ့်တည်ငြိမ်မှုကို ခံစားခွင့်ပေးပါသည်။

**အမှန်တကယ်ကမူ**
**ပတ်ဝန်းကျင်လေထုကို**
**ညစ်ညမ်းစေသော**
**လူတို့ဖန်တီးသည်**
**အဆိပ်သင့်လေညစ်များမှာ**
**တစ်မျိုးတည်းမဟုတ်။**

အကြောင်းကိစ္စအမျိုးမျိုးနှင့်ခရီးသွားစဉ် တောင်တန်းကြီးများအပေါ်ရောက်သည့်အခါ၊ မြစ်ပင်လယ်ရေပြင်ပေါ်ဖြတ်ခွင့်ရသည့်အခါ၊ လယ်ကွင်းကြီးများကို မျှော်ကြည့်ခွင့်ရသည့်အခါ ကျွန်မသည် ခေါင်းကိုပင့်၊ ရင်ကိုမြှင့်လျက် လတ်ဆတ်သန့်ရှင်းသည့် လေများကို အချိန်ရသရွေ့ ရှူရှိုက်မိပါသည်။





ကျွန်မ၏ဖခင်တွင် အဆုတ်အားနည်းသည့်ရောဂါရှိသဖြင့် လေသန့်ရှူရှိုက်ရန် ဆရာဝန်က တိုက်တွန်းပါသည်။ ပင်လယ်ကမ်းခြေသို့ မသွားနိုင်သဖြင့် ကျွန်မတို့ရပ်ကွက်အားကစားကွင်းပြင်ကြီးနံဘေးရှိ ကုက္ကိုနှင့်ညောင်ပင်ရိပ်ကိုခိုကာ ကွင်းပြင်ကိုဖြတ်တိုက်လာသည့်လေကို ရှူကြသည်။ တစ်ခါတစ်ရံ မနီးမဝေး လှိုင်မြစ်ကမ်းပါးရှိပန်းခြံတွင်းသို့ သွားရောက်ကြသည်။

"သမီးရေ လေကောင်းလေသန့်ရှူလိုက်တာနဲ့ အဖေအတော့်ကို နေကောင်းသွားတယ်။ အဆုတ်အားရှိသွားသလိုပဲ။ တကယ်တော့ အဆုတ်အားနည်းသူတွေသာ လေကောင်းလေသန့်လိုတာမဟုတ်ပါဘူး။ လူတိုင်းအတွက် လိုအပ်တာပါ။ အထူးသဖြင့် နှလုံးသားတွေကို လေကောင်းလေသန့်နဲ့ ဆေးကြောသန့်စင်သင့်တယ်"

ငယ်စဉ်ကမူ အဖေ့စကားနှင့်ဆက်နွယ်၍ အဓိပ္ပာယ်အတိုင်းအတာတစ်ခုကို သဘောပေါက်သော်လည်း အသက်အတန်ရလာပြီး ဘဝခရီးကိုရုန်းကန်ရသည့်အခါ နှလုံးသားညစ်ညမ်းသည့် လုပ်ဖော်ကိုင်ဖက်များနှင့်ကြုံဆုံရသည့်အခါ သူတို့ကို ပင်လယ်ကမ်းခြေတစ်နေရာသို့ ခေါ်ဆောင်သွားလျက် လေကောင်းလေသန့်ရှူရှိုက်စေရန် အတွေးပေါ်မိသည်။ သူတို့ကျန်းမာသွားကြလေမည်လား။

လေသန့်စင်ခြင်းကိစ္စနှင့် ကမ္ဘာ့ပတ်ဝန်းကျင် သာယာစိုပြည်ရေးအတွက် အရာအားလုံးသည် ကွန်ရက်ပမာဆက်နွယ်နေကြောင်း သဘောပေါက်ရပါသည်။

လောက၌ ဘဝရပ်တည်ရေးအတွက် အသက်ရှင်ရုန်းကန် လှုပ်ရှားကြရာတွင် သဘာဝပတ်ဝန်းကျင်သို့ လေဆိုးလေညစ်များ လွှတ်မှုလျှော့ချရန်လိုအပ်သကဲ့သို့ လေသန့်စင်အောင်လည်း ဖန်တီးပြုပြင်မှုများ၊ ကာကွယ်တည်ဆောက်မှုများ ပြုလုပ်ရမည်ဖြစ်ပါသည်။

ထို့အတူ မိမိပတ်ဝန်းကျင်၌ပျံ့လွင့်နေတတ်သည့် မသမာလေဆိုးလေညစ်များဒဏ်ကိုရင်ဆိုင်နိုင်ရန်နှင့် ညစ်ညမ်းသည့်လေများ မကျရောက်စေရန် မိမိနှလုံးသားကြံ့ခိုင်ဖို့ သန့်စင်သည့်လေများ ရှူရှိုက်ရပေမည်။ ထိုမျှမကသေး၊ မိမိစိတ်သဏ္ဌာန်နှင့်ပတ်ဝန်းကျင်တွင် လေကောင်းလေသန့်များကိုသာ ပျံ့နှံ့နိုင်ရန် ကြိုးစားရမည်ဟူသော အတွေးဖြင့် ကဗျာလေးကို ရေးစွတ်မိပြန်ပါတော့သည်။

လေပြည်လေး ဖြည်းညင်းစွာ တိုက်ခတ်လို့လာ . . .
သင်းပျံ့သောမွှေးရနံ့များ ဆောင်ကြဉ်းခဲ့ရာ . . .
စိတ်နှလုံးကြည်လန်းဆန်း ငြိမ်းချမ်းလှတာ . . .။❑

# လူကုန်ကူးခြင်းဆိုင်ရာ သိကောင်းစရာ

ကရိုင်တောင်



(၂၁) ရာစုတွင် ကမ္ဘာ့တစ်ဝှမ်း အလေးထားလာသောဖြစ်စဉ်များအနက် တစ်ခုမှာ လူကုန်ကူးခြင်း (Human Trafficiking) ဖြစ်ပါသည်။ ကျွန်ုပ်တို့အဖို့ မထူးဆန်းလှသော လူကုန်ကူးမှုသည် သမ္မာကျမ်းစာလာ ယောသပ်အားဖြင့် ရင်းနှီးပြီး ဖြစ်ပါသည်။ ကြီးနိုင်ငယ်ညှဉ်းသဘောမျှသာထား၍ အရေးကြီးသည်ဟု မထင်မှတ်ခဲ့ကြပေ။ သို့သော် နယ်နိမိတ်ဖြတ်ကျော်၍ ဂိုဏ်းဖွဲ့ပြီးပြုလုပ်သောပြစ်မှုတို့ကိုဆန့်ကျင်သည့် ကုလသမဂ္ဂကွန်ဗင်းရှင်း၏အနက်အဓိပ္ပာယ်ဖွင့်ဆိုချက်အရ လူကုန်ကူးခြင်း (Trafficiking in person) ဆိုသည်မှာ အောက်ပါနည်းများကိုအသုံးပြုပြီး လူများကိုစုဆောင်းခြင်း၊ ပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း (သို့မဟုတ်) လက်ခံခြင်းတို့ဖြစ်သည်။ ဖော်ပြပါနည်းများမှာ အင်အားသုံးခြင်း (သို့မဟုတ်) ခြိမ်းခြောက်ခြင်း (သို့မဟုတ်) တခြားသောအဓမ္မပြုခြင်း၊ ပြန်ပေးဆွဲခြင်း၊ ပြစ်မှုဆန်သော လိမ်လည်လှည့်ဖြားခြင်း၊ အာဏာကိုအလွဲသုံးစားပြုခြင်း (သို့မဟုတ်) ရပ်တည်ရန် ခက်ခဲနေသောအခြေအနေအပေါ်တွင် အလွဲသုံးစားပြုခြင်း (သို့မဟုတ်) တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူအား အကျိုးအမြတ်ပေးခြင်း (သို့မဟုတ်) လက်ခံခြင်းဖြင့် အချုပ်ကိုင်ခံရသောသူအား ခေါင်းပုံဖြတ်ရန် ရည်ရွယ်သောလုပ်ရပ်အားလုံးကိုဆိုလိုပါသည်။ ခေါင်းပုံဖြတ်သည်ဆိုရာတွင် အနည်းဆုံး တစ်ဦးတစ်ယောက်အား ပြည့်တန်ဆာလုပ်ခိုင်းစေခြင်း (သို့မဟုတ်) အခြားပုံစံဖြင့် လိင်ဆိုင်ရာခေါင်းပုံဖြတ်ခြင်း (သို့မဟုတ်) ကျေးကျွန်သဖွယ်ပြုခြင်း (သို့မဟုတ်) ကျွန်ကဲ့သို့ အလုပ်ကိုလုပ်ရသောအခြေအနေ (သို့မဟုတ်) ခန္ဓာကိုယ်တွင်းမှ အင်္ဂါများ ဖယ်ပစ်ခံရခြင်းတို့အားလုံးကို ဆိုလိုပါသည်။

လူကုန်ကူးမှုနှင့်ပတ်သက်၍ ကြီးလေးသော ပြစ်ဒဏ်/ဥပဒေများကို နိုင်ငံတော်မှ (၁၃-၉-၀၅) ရက်နေ့တွင် ကြေညာပြီးဖြစ်သောကြောင့် အထူးဂရုပြုကြရပါမည်။ ကျွန်ုပ်တို့ ခရစ်ယာန်အသိုင်းအဝိုင်းတွင် အပြန်အလှန်ကူညီမှု၊ အခမဲ့ဝန်ဆောင်မှုနှင့် လုပ်ငန်း ရှာဖွေပေးမှု၊ လူခေါ်လာပေးခြင်း၊ လိုအပ်သည့်နေရာသို့ ရောက်အောင်ပို့ဆောင်ပေးခြင်း စသောစေတနာ့ဝန်ထမ်းအလုပ်များသည် ပြစ်မှုဥပဒေနှင့်လွတ်နိုင်ပါမည်လော။ အထူးသဖြင့် ဓမ္မအမှုတော်ဆောင်





ဆရာများသည် ရပ်ရွာတကာလှည့်၍ အသင်းတော်များကိုကြည့်ရှုပေးကြရပါသည်။ မိမိအသင်းသူ/သားများ အကူအညီတောင်းလာပါကလည်း လက်မနှေးမေတ္တာပေး၍ ကူညီတတ်ကြသည်။ အလုပ်မရှိသောသူများအား လုပ်ငန်းရှာဖွေပေးခြင်း၊ အလုပ်ရပါက မိမိနေအိမ်တွင် စုဆောင်းထားကာတည်းခိုစေခြင်း၊လုပ်ငန်းခွင်အရောက် ပို့ဆောင်ခြင်း၊ အလုပ်ရှင်အား လွှဲပြောင်းပေးထားပြီး စသောဖြစ်စဉ်များကို အသင်းတော်ကြည့်ရှုရသောဆရာတို့က ကိုယ်တိုင်ကိုယ်ကျ လုပ်ကိုင်ပေးတတ်ကြပါသည်။ ကူညီပေးကြသည်။

တစ်ခါတစ်ရံ တစ်ရွာမပြောင်း သူကောင်းမဖြစ် ဆိုသကဲ့သို့ မိမိရပ်ရွာ၌အကျိုးမပေးဟုဆိုကာ ပြောင်းရွှေ့သွားလာလိုကြသည်။ လုပ်ကိုင်လိုကြသည်။ ထိုစိတ်ကူးသစ်များကြောင့် လောကဖက်လာကာ ပတ်ဝန်းကျင်မှဖြားယောင်းသွေးဆောင်ခြင်း၊ လိမ်ညာလှည့်ဖြားခံရခြင်း၊ အတင်းအဓမ္မ အင်အားသုံးခြိမ်းခြောက်ခြင်းများကြုံတွေ့ကြရတော့သည်။ "အသွားမတော် တစ်လှမ်း"ကြောင့်ပဲ။ "သေချင်တဲ့ကျားတောပြောင်း" သကဲ့သို့ ဖြစ်သွားသည်။ ပြောင်းရွှေ့သွားလာနေထိုင်ခြင်းကိစ္စ တိုင်းတွင် လူကုန်ကူးမှု မမြောက်ပါ။ သို့သော် ကာယကံရှင်အား ကြိုတင်ပြောထားသောလစာများ မပေးခြင်း၊ လုပ်အားခခေါင်းပုံဖြတ်ခြင်း စသည့်ကိစ္စများ ပါဝင်လာပါက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေနှင့်ငြိစွန်းနေပြီဖြစ်သည်။ လူကုန်ကူးသည်ဆိုရာ၌ ပြည်ပသို့ ပို့ဆောင်သူများရှိသကဲ့သို့ ပြည်တွင်း၌လည်း ဖြစ်နိုင်ပါသည်။ ဥပမာ - အိမ်ဖော်၊ ကလေးထိန်း၊ ထမင်းချက်၊ စားပွဲထိုး စသည့်အလုပ်များကိုဘန်းပြလျက် သတ်မှတ်ထားသောလခမပေးဘဲ ခေါင်းပုံဖြတ်ခြင်း၊ ကာယကံရှင်နှင့်ပတ်သက်သော ဖုန်းနံပါတ်မှတ်ထားသော စာရွက်စာတမ်းများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ခရီးသွားလက်မှတ်များသိမ်းထားခြင်း၊ ကျွန်ကဲ့သို့ အလုပ်ကိုလုပ်ရခြင်း၊ လိင်ကျွန်သဖွယ်လုပ်စေခြင်း၊ အနိုင်ကျင့်ခြင်း၊ ပြည့်တန်ဆာလုပ်စေခြင်း စသည်များကို လုပ်ကိုင်စေလေ့ရှိပါသည်။

ထို့ကြောင့် မိမိအသင်းတော်ဝင်မိသားစုများ၏စားဝတ်နေရေးဘဝသာယာရေးအတွက် ခရီးသွားဟန်လွှဲကူညီကြသောအမှုဆောင်ကြီးများသည် မိမိနိုင်ငံတွင်း၌ပင် လူကုန်ကူးမှုဥပဒေပြစ်ဒဏ်နှင့် မလွဲမသွေရင်ဆိုင်ကြရမည်ကို အထူးသတိချပ်သင့်ပါသည်။ အကယ်၍ ပြည်တွင်းအလုပ်အကိုင် ကူညီရှာဖွေပေးလိုပါက သက်ဆိုင်ရာ (ရယက) သို့ အနည်းဆုံး အသိပေးထားသင့်ပါသည်။

လူကုန်ကူးမှု ဟူသော လူမှုရေးဖြစ်ရပ်ဆိုးကြီးသည် လူ့အသိုင်းအဝိုင်းတွင် အမှန်တကယ်ဖြစ်နေသည်ကို လက်ခံကြရပေမည်။ ပြောမယုံ၊ ကြုံဖူးမှသိဆိုသကဲ့သို့မိမိပတ်ဝန်းကျင်ခေတ်အခြေအနေကို မျက်စိဖွင့် နားစွင့်လျက် နေထိုင်ကြရပါမည်။ အရပ်ထဲတွင် လူပွဲစားဟုပြောလျှင် ဂုဏ်ယူဝင့်ကြွားကြသောသူများရှိပါသည်။ ရောင်းစားခံရမည်ဟု သတိပေးလျှင်လည်း ဘယ်သူက ချိန်ခွင်ပေါ်တက်မှာမို့လို့ ရောင်းစားခံရမှာလဲဟု ဘုတောခြင်းကိုလည်း ခံကြရပါသည်။ မိမိနိုင်ငံထက် နိုင်ငံခြားတွင် လုပ်အားခပိုရသည် ဟူသော ဖြားယောင်းသွေးဆောင်ခြင်းကြောင့် ပြည်ပသို့ ပို၍သွားလာလိုကြသည်မှာအဆန်းမဟုတ်ပေ။ လူကုန်ကူးခြင်း ဟူသောဖြစ်ရပ်ဆိုးနှင့် မကြုံကြရလေအောင် အောက်ပါအချက်များနှင့်ကြိုတင်ကာကွယ်နိုင်ကြရပါမည်။ ပြည်ပသို့ အမှန်တကယ်သွားရောက်လုပ်ကိုင်လိုပါလျှင် . . .

(၁) နိုင်ငံကူးလက်မှတ် (ပတ်စ်ပို့) အပြည့်အစုံနှင့် မိမိသွားမည့်ခရီးစဉ်/အရပ်ဒေသအကြောင်း အသေအချာ ကြိုသိရပါမည်။

(၂) ယုံကြည်စိတ်ချရသူ၊ အတွေ့အကြုံရှိသောသူများကိုချဉ်းကပ်ပြီး ဆောင်ရန်/ရှောင်ရန် ကြိုတင်မှတ်သား သင်ခန်းစာယူကြရပါမည်။

(၃) အလုပ်အကိုင်အခြေအနေ၊ လခ၊ အလုပ်အကိုင်နှင့်ပတ်သက်သောအရည်အချင်း မိမိ၌ ရှိမရှိ ဆန်းစစ်ရန်လိုသည်။

(၄) မိမိသွားလိုသောအရပ်ဒေသ၏ ဘာသာစကား၊ အခြားယဉ်ကျေးမှုနှင့်ထုံးတမ်းစဉ်လာများကိုလည်း သိထားသင့်ပါသည်။

(၅) မိမိတစ်ယောက်တည်းလုပ်ရသည့်အလုပ် (အိမ်ဖော်) အလုပ်သည် အများနှင့်ဝိုင်းလုပ်ရသည့် စက်ရုံလုပ်သားဘဝထက် ပို၍အန္တရာယ်ကြီးပါသည်။ ယုံကြည်စိတ်ချရသည့်အိမ်ရှင်မျိုး ဖြစ်ဖို့လိုပါသည်။

(၆) အကယ်၍ ပြဿနာတစ်ခုခုဖြစ်လာလျှင် ဆက်သွယ်ရမည့်၊ အကူအညီတောင်းလို့ရမည့် အဖွဲ့အစည်းများ၏နာမည်၊ လိပ်စာနှင့် ဖုန်းနံပါတ်များကို ကိုယ်နှင့်မကွာထားရှိလျက် မိမိရောက်သောနိုင်ငံ၌ ဖုန်း မည်ကဲ့သို့ဆက်ရသည်ကိုလည်း ကြိုတင်သိထားကြရပါမည်။

(၇) အဓိကအရေးကြီးဆုံးမှာ ဘယ်သောအခါမျှ ကြိုတင်ငွေယူပြီးသော်လည်းကောင်း၊ ငွေချေးငှားပြီးသော်လည်းကောင်း ခရီးစဉ်ကိုမစသင့်ပေ။ အဆင်ပြေမည်/မပြေမည်ကို မည်သို့မျှ ကြိုတင်မသိနိုင်ပေ။ အကြွေးနှင့်ချည်နှောင်ခံထားရပြီး ဘဝနစ်မွန်းသွားသူများစွာ ရှိပါသည်။

ကျွန်ုပ်တို့သာသနာနယ်မှ အထူးသတိချပ်သင့်သောဥပဒေတစ်ရပ်မှာ လူကုန်ကူးမှုကျူးလွန်ရန်အလို့ငှာ လိမ်လည်လှည့်ဖြားသူတစ်ဦးဦးအား မွေးစားခြင်း သို့မဟုတ် ထိမ်းမြားလက်ထပ်ခြင်းနှင့် လူကုန်ကူးခံရသူကို ပြည်ပသို့ထွက်ခွာနိုင်ရန်ဖြစ်စေ၊ ပြည်တွင်းသို့ဝင်ရောက်နိုင်ရန်ဖြစ်စေ လိုအပ်သော စာရွက်စာတမ်းအထောက်အထား၊ စာတမ်းအမှတ်အသား (သို့မဟုတ်) တံဆိပ်ကိုအတုပြုလုပ်ခြင်း (သို့မဟုတ်) တရားမဝင်ရယူပေးခြင်းကိုပြုမိလျှင် နိုင်ငံတော်မှ ထိုသူကို အနည်းဆုံး ထောင်ဒဏ်လည်းချမှတ်နိုင်သည်ကို သိစေလိုပါသည်။ သာသနာနယ်မညစ်နွမ်းစေရေးအတွက် လူကုန်ကူးမှုအန္တရာယ်စက်ကွင်းမှ ရှောင်ရှားနိုင်ကြစေရန် သာသနာနွယ်ဝင်သူအားလုံးအား စတိမ္ပအသိပေးပါရစေ။ နိုင်ငံတော်အတွက်တန်ဖိုးရှိသောသူ တစ်ဦးချင်းဖြစ်စေရန် မေတ္တာဖြင့် အစဉ်ဆုတောင်းလျက်။ ❑

(2002,2005) Trafficking သင်တန်းများမှ ကောက်နုတ်ဖော်ပြထားပါသည်။)



နှင်းစက်တွေ တသီတတန်းကြီး အဖြိုင်ဖြိုင်ရွာသွန်းချိန် ငါ့ခန္ဓာ၊ ငါ့စိတ်၊ ငါ့ ရင်အုံကို ဘယ်သူနွေးထွေးစေနိုင်ပါ့မလဲ။ ရာသီအလှည့်ကျလို့ ဖြစ်တည်နေတဲ့ ဆောင်းဟေမာန်က ငါ့ကို တိတိတာတာ နှောက်ပြောင်နေလေခြင်း . . .။

ရုပ်ခန္ဓာတစ်ခု ချမ်းတယ်၊ အေးတယ် ဆိုတာကို အသာထားလိုက်စမ်းပါ။ ဘဝတစ်ခုလုံး အေးစက်နေတယ်ဆိုတာ လောကမှာ အသက်ရှင်တဲ့လူတစ်ယောက်အဖို့တော့ လွယ်မယ်မထင်ဘူးဗျာ။ ထင်ရာလည်း မဖြစ်၊



ဘုရားကျောင်းထဲက

# လွယ်အိတ်

Jonah

ကြင်ညာလည်း မချစ်၊ ဖေဖေနဲ့ မေမေကို အဓိပ္ပာယ်နက်စွာနဲ့ ကျွန်တော် လွမ်းရင်း မောတယ်ဗျာ။ ဖေဖေနဲ့မေမေသာရှိနေခဲ့ရင် ငါ့ဘဝ ဘယ်လောက်ချွေးထွေးနေမလဲနော်။ ဆောင်းရာသီမှာ အဖေမရှိ အမေမရှိတဲ့လူတွေကို ပိုပြီးကိုယ်ချင်းစာမိလာသလိုပဲ။

လွမ်းရင်းလည်း မဖြစ်တော့တဲ့အခြေအနေမှာ ဖြစ်ချင်တာလည်းဖြစ်၊ ဖြစ်သင့်တာလည်းဖြစ်ဆိုပြီးရုန်းကန်နေတဲ့ဘဝအသိတစ်ခုနဲ့တော့ အခက်အခဲတွေမတန်တဆ ငါ့ကျောမှာပိနေမယ်ဆိုတာ ကျွန်တော့်ရဲ့အမြင်တစ်ခုထဲဖြစ်နေမလား။

ဖြစ်ပျက်ပြီးခဲ့တာတွေ အမှတ်မရှိတော့ဘဲ ပေါ့ပေါ့ပါးပါး နေတော့မယ်ဆိုပြီး ကြိုးစားတိုင်းလည်း လက်ရှိအခြေအနေ အနီးအနား အချိန်စက်ဝန်းတွေကြားမှာ ရင်ဆိုင်ရမယ့်အခက်အခဲလေးတွေ အနည်းဆုံးတစ်ခုခုတော့ရှိနေပါလေရဲ့။ ယခုလည်း ဆိုတဲ့အချိန်နောက်မှာ ဒီလိုဗျ။

မနက်ဖြန် ဆိုရင် တို့ကျောင်းမှာ အတန်းခရစ်စမတ် ကျင်းပတော့မယ်။ ခရစ်စမတ်ဆိုတော့ ဝမ်းမြောက်ခြင်းအထိမ်းအမှတ်နဲ့ လက်ဆောင်တွေအချင်းချင်း ဖလှယ်ကြမယ်ပေါ့။ ကိုယ်ချစ်ခင်သူ၊ ကိုယ်လေးစားသူ၊ ကိုယ်မြတ်နိုးသူတွေကို ဝမ်းမြောက်ပျော်ရွှင်ခြင်း အထိမ်းအမှတ်နဲ့ အသိတစ်ခုရရှိစေဖို့ လက်ဆောင်တွေ ပေးကြတော့မယ်ပေါ့။

လောကကြီးမှာကျွန်တော် လေးစားသူရှိ၏။ ကျွန်တော် ချစ်မြတ်နိုးသူရှိ၏။နောက်ဆုံးကျွန်တော် အချစ်ဆုံးသောသူလည်းရှိ၏။ ကျွန်တော်လည်းသူတို့ကို ဝမ်းမြောက်စေချင်တယ်။ကျွန်တော့်ရဲ့လက်ဆောင်နဲ့ သူတို့တစ်တွေကို ဝမ်းမြောက်ခြင်းအသိတစ်ခုရစေချင်တယ်ဗျာ။

"ကိုပီတာ . . . ကိုပီတာ ရှိလား . . ."

"ဝေး . . . ရှိတယ်ဗျို့။ ဘယ်သူတုန်း . . ဩော် . . အောင်

လောကကြီးမှာ

ကျွန်တော်လေးစားသူရှိ၏။

ကျွန်တော် ချစ်မြတ်နိုးသူရှိ၏။

နောက်ဆုံး

ကျွန်တော်

အချစ်ဆုံးသောသူလည်းရှိ၏။

ထွန်းလေးကိုး။ လာ . . . လာ အထဲဝင်ခဲ့လေ။ ဘာကိစ္စလဲ အောင်ထွန်းလေး၊ အမေခေါ်ခိုင်းလို့လား၊"

"မဟုတ်ပါဘူး . . ပျင်းလို့ လာလည်တာ . ."

"နင် ကျောင်းမသွားဘူးလား . ."

"ဟင်အင်း . . . ဒီနေ့ ကျောင်းပိတ်တယ်လေ . ."

"မပိတ်ပါဘူး။ သောကြာနေ့လေကွာ . . ."

"ဟက်ဟက် . . . ကိုယ်ပိုင်ကျောင်းပိတ်ရက်လေ . . ဩော် မဟုတ်သေးပါဘူး။နေသိပ်မကောင်းချင်လို့ အနားယူနေတာပါ . ."

"ဒါဆိုရင် အေးဆေးပေါ့"

"အင်း . . ဒီအတိုင်းပဲ ပေါ့လေ . . ."

'အောင်ထွန်းလေး' ဆိုသည့် ချာတိတ်သည် အသက်ဆယ့်တစ်နှစ်အရွယ်သာရှိသေးသည်။ အသက်ငယ်သော်လည်း သွက်လက်သည်၊ ဉာဏ်နီဉာဏ်နက်များသည် စာအုပ်စာပေများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိသည်။အတွေးအခေါ် ကောင်းသည် ငြင်းခုံတတ်သည်။ ပွင့်ပွင့်လင်းလင်းဆက်ဆံတတ်သူဖြစ်သည်။ လူကြီးများနှင့် လိုက်လျောညီထွေစွာ ပေါင်းသင်းတတ်သည့် ကလေးတစ်ဦးဖြစ်ပါသည်။ အခုလည်း ကြည့်ပါလား၊ စကားပြော ညက်နေတာပဲ။ လူကြီးတစ်ယောက်အလားပါပဲ။

"ကိုပီတာ . . ခရစ်စမတ် နေ့ကြီးရောက်တော့မယ်နော်။မပျော်



ဘူးလား . . အထွန်းကတော့ အရမ်းပျော်တယ်။ ဖေဖေကတော့ အထွန်းကို လက်ဆောင်အများကြီး ဝယ်ပေးမယ်တဲ့။ နောက်ပြီး ဘုရားကျောင်းမှာလည်းကလေးတွေကိုလက်ဆောင်ပေးဦးမယ်တဲ့။ ပျော်လိုက်တာ"

ကလေးရေ . . ပျော်တော့ ပျော်ချင်တာပေါ့။ ဒါပေမဲ့ ကိုပီတာရဲ့သဘာဝက ကလေးရဲ့သဘောသဘာဝနဲ့မှ မတူတော့တာ။

ကျွန်တော်ပြုံးမိသည်။

ကလေးရယ်၊ မင်းသာ ငါ့ရဲ့ခံစားချက်တွေ၊ အခက်အခဲတွေကိုနားလည်ကူညီဖြေရှင်းပေးနိုင်ရင် သိပ်ကောင်းမှာပဲနော်။ ငါ့ရင်ထဲမှာ ခံစားနေရတာတွေ၊ ရင်ဆိုင်ကြုံတွေ့နေရတာတွေကို ကလေးသိအောင် ဖွင့်ချပြလိုက်ချင်ပါတယ်။ ဒါပေမဲ့ ကလေးကိုအားနာပါတယ်။

"အထွန်းလေး . . . မင်းသာ ကိုပီတာနဲ့ရွယ်တူဆိုရင် ဘယ်လောက်ကောင်းမလဲနော် . . ."

"ဘာဖြစ်လို့တုံး"

"အခက်အခဲရှိရင် အကူအညီရအောင်လို့ပါ . . ."

"ကိုပီတာကလည်း အခုလည်းရပါတယ်။ ကဲ . . ကျွန်တော် ဘာကူညီပေးရမလဲပြော . . ."

"မင်းက ငယ်ပါသေးတယ်။ မင်းဆီမှာ ငါလို တက္ကသိုလ်ကျောင်းသားတစ်ဦးက အကူအညီတောင်းရမှာ ရှက်တယ်ကွာ . . ."

"ကိုပီတာကလည်း ခေတ်မီတဲ့အတွေးအခေါ်တွေ ပိုင်ဆိုင်

**ငါ့ရင်ထဲမှာ**

**ခံစားနေရတာတွေ၊**

**ရင်ဆိုင်ကြုံတွေ့**

**နေရတာတွေကို**

**ကလေးသိအောင်**

**ဖွင့်ချပြလိုက်ချင်ပါတယ်။**

**ဒါပေမဲ့ . . .**

ထားသလိုလိုနဲ့ ဒီနေရာမှာတော့ ညံ့သွားပြီး လူတိုင်းမှာ အစွမ်းအစတွေရှိတယ်ဆိုတာမသိတာလည်းမဟုတ်၊ ကလေးဆိုပြီး ကျွန်တော့်ကို အထင်သေးတာလား။ ခေတ်နောက်ကျတဲ့ အယူတွေ ဘေးဖယ်ထားလိုက်စမ်းပါ။ ကဲ . . . ဘာအကူအညီလိုလဲ။ ကျွန်တော်ကူညီမှာပေါ့။

အောင်ထွန်းလေးရဲ့ စကားလုံးတွေက ကျွန်ုပ်ကို မလုံမလဲ ဖြစ်စေတာတော့ အမှန်ပဲ။ တကယ်ဆိုရင် ကျွန်တော့်ဘဝအခြေအနေဟာ ညည်းချင်းသံပြိုင်တွေနဲ့ ပြည့်နှက်နေလို့ စိတ်ထွက်ပေါက်များရမလား ဆိုပြီး ချာတိတ်ကို အခက်အခဲတွေပြောပြဖို့ ဆုံးဖြတ်လိုက်မိပါတယ်။

"ထွန်းလေးရေ . . . အခု ကိုပီတာ ငွေသုံးထောင် ကြုံမရဖြစ်နေတယ်။ ချေးမယ်ဆိုလည်း ဘယ်

သူမှ ချေးပေးမှာမဟုတ်ဘူး။ ချေးလည်း မချေးဖူးဘူး။ ဘာလုပ်ဖို့လဲ ဆိုရင် မနက်ဖြန် ကိုပီတာတို့ကျောင်းမှာ အတန်းခရစ်စမတ်လုပ်မယ်။ ဦးပီတာချစ်တဲ့ကောင်မလေးကို ခရစ်စမတ်လက်ဆောင်ပေးချင်လို့ပါ"

ထွန်းလေးက ကျွန်တော့်ကိုမော့ကြည့်နေပြီး . . .

"ကိုပီတာကလည်း ချစ်သူကို ခရစ်စမတ်လက်ဆောင်မပေးလည်းရတာပဲ။ ဘာဖြစ်လို့ပေးချင်ရတာလဲ . . ."

သူက ကျွန်တော့်ကို ရိုးသားစွာဖြင့် မေးသောမေးခွန်း ဖြစ်သည်။

"ဘာလဲ၊ ချစ်သူကို ခရစ်စမတ်လက်ဆောင်ပေးရမယ်လို့ လူကြီးတွေက သတ်မှတ်ထားလို့လား"

"ဒီလိုတော့ မဟုတ်ဘူးလေကွာ . . ဘုရားသခင်က လူသားတွေကိုချစ်ပြီး သားတော်ယေရှုကို လူတွေဝမ်းမြောက်ခြင်းရအောင်ဆိုပြီး လက်ဆောင်အဖြစ်ပေးခဲ့တယ်လေ။ ဒါကြောင့် ကိုပီတာလည်း ချစ်တဲ့ကောင်မလေးကို ဝမ်းမြောက်စေချင်တဲ့အသိတစ်ခုနဲ့ မှတ်မှတ်ရရ လက်ဆောင်ပေးချင်လို့ပါ . . ."

"အင်း . . . ဒီလိုဆိုရင်တော့ ဟုတ်သလိုလိုတော့ ဖြစ်သားပဲ . . . ။ ဒါပေမဲ့ ဒီအဖြေကို ကျွန်တော် သိပ်မကြိုက်ဘူး . . ."

အောင်ထွန်းလေးက ကျွန်တော့်ကို ဆက်မငြင်းတော့ပေ။

"ကိုပီတာ . . ကျွန်တော်က တစ်ရက်မှာ တစ်ရာမှန့်ဖိုးရတာ ငွေသုံးထောင်ဆိုရင် အမေနဲ့အဖေ့ဆီ တောင်းရင်လည်း ပေးမှာမဟုတ်ဘူး။ ပိုက်ဆံစုမယ် ဆိုရင်တော့ မနက်ဖြန်မှာပဲ ခရစ်စမတ်လက်ဆောင်ပေးမယ်ဆိုတော့ မတတ်နိုင်တော့ဘူး . . ."

"အေးလေ . . ငါတောင်မှ မတတ်နိုင်တာ မင်းဆို ပိုဆိုးပေါ့"

အောင်ထွန်းလေးက ကျွန်တော့်ကို ပခုံးလှုပ်ပြသည်။

"ဟက် . . ဟက် ဒါပေမဲ့ ကျွန်တော် ကိုပီတာကိုအကောင်းဆုံး အကြံတစ်ခု ပေးနိုင်ပါတယ်။ ငွေသုံးထောင် ရကိုရစေရမယ်။ နှုတ်တော့ လုံပါစေနော် . . ."

"ဘာတွေ ကြံဦးမလို့တုန်း၊ ဆိုစမ်းပါဦး . . ."

"အင်း . . ဒီအိမ်မှာပြောလို့မဖြစ်ဘူး၊ လွယ်အိတ်တစ်လုံးယူခဲ့ပြီးရင် ဘုရားကျောင်းကို သွားရအောင် . . ."

"ဟ . . . မင်းကလည်း ဘုရားကျောင်း ဘာသွားလုပ်မှာလဲ၊ အလှူသွားခံမလို့လား မဟုတ်ပါဘူး။ လွယ်အိတ်ယူပြီး ကျွန်တော့်နောက်ကိုသာ လိုက်ခဲ့စမ်းပါ။ ကိုပီတာ လိုချင်တဲ့ငွေသုံးထောင်ရစေရပါမယ်"

ကျွန်တော်လည်း ဘာရည်ရွယ်ချက်မှန်းမသိ၊ ငွေ သုံးထောင်လိုချင်ဇောနဲ့ ကလေးတစ်ဦး၏ဦးဆောင်မှုနောက်သို့ လိုက်သွားမိ၏။

ကျွန်တော်တို့ ဘုရားကျောင်းကို ကျောက်တုံးများဖြင့် တည်ဆောက်ထားသည်။ ဗြိတိသျှဗိသုကာပညာရှင်တို့၏လက်ရာဖြင့် ပြုလုပ်ထားသည်။ ရှေးဟောင်းကျောင်းအိုကြီးဖြစ်သည်။ ယခုလို နေ့လည်နေ့ခင်းအချိန်ဆိုလျှင် လူသူ တင်းမဲ့တိတ်ဆိတ်ကာ ဘုရားကျောင်းတွင်နေထိုင်သော ကျောင်းစောင့်နှင့် ကျောင်းထိုင်ဘုန်းကြီးမိသားစုသာ ရှိသည်။

"ထွန်းလေးရေ . . ပြန်ရအောင်ကွာ . . နင်က နေမကောင်းဘူးလည်း ပြောသေးတယ်။ ခဏနေမင်းအမေတွေ့ရင် တုတ်စာမိနေမယ်နော် . . ."

"ရပါတယ် . . လိုက်သာလိုက်ခဲ့ပါ . . ဟိုမှာ ဘုရားကျောင်းတံခါးမပိတ်ထားဘူး။ ဖွင့်ထားတယ်၊ တွေ့လား . . ။ ကျွန်တော့်စိတ်ထဲမလုံမလဲဖြစ်မိသည်။မဟုတ်တရုတ်တွေလုပ်ဖို့ခေါ်လာတာလား။

ဘုရားကျောင်း တံခါးဝကို ဖွင့်လျက် တွေ့ရသည်။ လူသူတိတ်ဆိတ်လျက်ရှိပြီး ကျောင်းစောင့်ကြီးကိုလည်း မတွေ့ရပါ။

"ကဲ . . . ကိုပီတာ၊ ဒီမှာခဏရပ် . . ကျွန်တော်ပြောပြမယ်။ ဟို ပလ္လင်ပေါ် တက်သွားလိုက်၊ ပြီးရင် ကိုပီတာရဲ့လွယ်အိတ်ကို ပန်းအိုးနောက်မှာထားခဲ့။ ပြီးရင် ကျွန်တော့်ဆီပြန်လာခဲ့။ ကျွန်တော် ဒီမှာစောင့်နေမယ် . . ."

"ဟ . . လွယ်အိတ်ထားပြီး ဘာလုပ်ရမှာလဲ . . ."

"သွားသာသွားစမ်းပါ ကိုပီတာရာ . . ."

"ကဲ . . . ဟုတ်ပါပြီဗျာ ဆရာကြီးရဲ့ . . ."

ကျွန်ုပ် ဘာမှနားမလည်နိုင်တော့ပါ။ မည်သည့်သဘောဖြင့် ဤကဲ့သို့လုပ်ခိုင်းမှန်းမသိ။ ပလ္လင်ပေါ်တွင်ပြင်ဆင်ထားသည့်အလှအပတို့ကဂုဏ်ကျက်သရေရှိလှပေသည်။ ပန်းရနံ့တို့သည်လည်း သင်းပျံ့လျက်ရှိပါသည်။ ကျွန်တော်သည် လွယ်အိတ်ကို ပန်းထိုးထားသည့် အနောက်တွင်ထားလိုက်ပြီး ထွန်းလေးရှိရာ ပြန်လာခဲ့ပါသည်။

"ဦးပီတာ . . . ဒီမှာပဲ ဒူးထောက်ပြီး ဆုတောင်းရအောင်"

"ဟင် . . ဆုတောင်းမယ် ဟုတ်လား ထွန်းလေး . . "

"ဒါပေါ့ . . ငွေသုံးထောင် ရဖို့လေ . . ."

"ဟာ . . မဖြစ်နိုင်တာ"

"ဒါဟာ ကျွန်တော့်ရဲ့ ကိုပီတာအတွက် အကြံဉာဏ်ပဲ။ ကိုပီတာမတောင်းရင်လည်း ကျွန်တော် တောင်းပေးမယ်" ဟုပြောပြီး ထွန်းလေးသည် ပလ္လင်ရှေ့တွင်ဒူးထောက်၍ ဆုတောင်းနေလေသည်။

ကျွန်တော်သည် ရှက်လည်းရှက်မိသည်။ စိတ်လည်း ညစ်လာသည်။ သို့သော်လည်း အောင်ထွန်းလေး၏အပြုအမူကြောင့်အမည်မသိသော ကြည်နူးမှုကို ခံစားရသည်။ နောက်ဆုံးတွင် ကျွန်တော်



သည်လည်း ထွန်းလေး ကဲ့သို့ ဒူးထောက်၍ ဆုတောင်းနေမိပါသည်။ နှစ်ဦးသားဆုတောင်းပြီးတော့ . . .

"ကဲ . . . ဦးပီတာ ပြန်မယ် . . ။ ဒီအကြောင်းကို ဘယ်သူ့မှမပြောနဲ့နော် . . ။ မနက်ကျမှလာကြည့်လိုက် ဝမ်းသာစေရမယ်"

"အေး . . မင်းရဲ့လုပ်ရပ်တွေကြောင့် ငါကတော့ရှုးချင်နေပြီ"

"နေဦး . . ဒီလွယ်အိတ်ကို ဒီည လုံးဝလာမယူနဲ့နော်။ ကတိတည်ပါစေ . . မနက်ဖြန်မှလာယူပါ . . ."

ကျွန်တော်လည်း ဘာတွေမှန်း မသိတော့၍ သက်ပြင်းကို "ဟင်း" ခနဲ ချမိပါသည်။

"ကဲ . . ပြန်ကြစို့ . . "

တစ်ညလုံး အိပ်မရတော့ပေ။ ဘုရားကျောင်းထဲကလွယ်အိတ်အကြောင်းကိုပဲ စဉ်းစားနေမိကာ မနက်ဖြန်အတွက် စိုးရိမ်ပူပန်နေမိပါသည်။ "ဩော် . . . ဘဝကြီးက အဖြစ်ဆိုးလိုက်တာ၊ ဖြစ်ချင်တာမဖြစ်ရ အသက်ငယ်ငယ်နဲ့ ဘဝအိုကြီးမှာ လမ်းလည်နေပြီကွယ် . . ။ ချစ်သူကိုပေးဖို့ရွေးချယ်ထားတဲ့ နက်ပြာရောင် ခေါင်းစွပ်ဦးထုပ်လေးက ဈေးကွက်သစ် ဖွင့်နေလောက်ပြီ" တစ်ညလုံးခေါင်းခဲခဲ့ပေမယ့် မနက်မိုးလင်းတော့ စိတ်က လန်းဆန်းတက်ကြွနေပါသည်။

နာရီကြည့်တော့ (၆) နာရီထိုးနေပြီ။ ငါ ဘာလုပ်ရမလဲ။ ဘုရားကျောင်းကိုပဲ သွားရမလား၊ ပိုက်ဆံပဲ လိုက်ပြီးကြံဖန်ရမလား။ ရင်ခုန်သံတွေ ပိုမိုလှုပ်ရှားပြီး ဦးနှောက်တွေက အလိုလိုအလုပ်လုပ်လာသည်။ မထူးဇာတ်ခင်းကာ ဘုရားကျောင်းမှာထားခဲ့သောလွယ်အိတ်ကိုသွားယူရန် ဆုံးဖြတ်လိုက်ပြီးသည်နှင့် ခြေလှမ်းများဟာ အလိုလို ဘုရားကျောင်းသို့ ဦးတည်နေပါသည်။

ဘုရားကျောင်းဝင်းထဲရောက်တော့ တံခါးမကြီးပိတ်ထားသည်။ သို့သော် နံဘေးနားက တံခါးပေါက်တစ်ခုကတော့ ဖွင့်လျက်ရှိနေပါသည်။ ဘုရားကျောင်းဝင်းထဲသို့ ခြေလှမ်းစတင်နင်းချသည်နှင့် စိတ်လှုပ်ရှားမှုများ ပို၍ ပို၍ မြန်လာသည်။ ဘုရားကျောင်းအတွင်းထဲသို့ ဝင်ရန်အတွက် ဘေးပတ်ဝန်းကျင် လူသူအရိပ်အကဲကိုကြည့်ရှုရာ ဘုန်းတော်ကြီးက ဝတ်လုံဖြူဖြူနှင့်ထိုင်ကာ ကမ္ဘာ့ဝန်းရှုနေသည်ကိုတွေ့ရပါသည်။ အတွင်းထဲသို့ဝင်ရန် မဖြစ်နိုင်သောကြောင့် အပြင်တွင်သာရပ်စောင့်နေလိုက်သည်။ သိပ်မကြာပါ။ ဘုန်းတော်ကြီးသည် ဘုရားကျောင်းဘေးပေါက်မှနေ၍ ထွက်သွားသည်ကိုတွေ့လိုက်ရသည်။

ဘုန်းကြီးထွက်သွားသည်နှင့်တစ်ပြိုင်နက် ကျွန်တော့်ခြေလှမ်းတွေသည် ပလ္လင်ထက်ကလွယ်အိတ်ဆီသို့ တစိုက်မတ်မတ် လှမ်းလာခဲ့သည်။ လွယ်အိတ်ကို အသာအယာမျက်လုံးမှိတ်ပြီး လှမ်းယူကာ ဘုရားကျောင်းအပြင်သို့ ထွက်လာခဲ့ပါသည်။ အပြင်သို့ရောက်သည်အထိ လွယ်အိတ်၏အတွင်းပိုင်းကို လုံးဝစမ်းသပ်ခြင်းမပြုခဲ့။ မျက်စောင်းထိုး၍ပင် မကြည့်မိခဲ့ချေ။ ဘုရားကျောင်းဝင်းအပြင်သို့ရောက်မှ ရင်ခုန်စွာ လွယ်အိတ်ကိုဖွင့်ကြည့်လိုက်တော့ ငွေနှင့်တူသောအရာ တစ်စိုးတစ်မျှမတွေ့ရ။ အဆုံးစွန်ဆုံးစက္ကူကိုပင်မတွေ့ရ။ မနေ့ကထားခဲ့သည့် ဗလာနတ္ထိလွယ်အိတ်ချည်းသက်သက်သာဖြစ်နေသည်။ ကျွန်တော်သည် လက်တွေ့မကျသည့်အဖြစ်မျိုးကို အသိဉာဏ်ကင်းမဲ့စွာလုပ်ဆောင်ခဲ့မိပါတကား။ အောင်ထွန်းလေး၏ ရှူးကြောင်ကြောင် ပေါကြောင်ကြောင် အပြုအမူလုပ်ရပ်နောက်ကို တဇွတ်ထိုးလိုက်ခဲ့မိတဲ့အတွက်လည်း ရှက်စိတ်တွေကဘဝကိုလွှမ်းမိုးထားသလို ခံစားလိုက်ရသည်။ ဘာပဲဖြစ်ဖြစ် အောင်ထွန်းလေးကိုတော့ အပြစ်မတင်လိုပါဘူး။ အချိန်တိုအတွင်းမှာ မျှော်လင့်ချက်တစ်ခုနဲ့ အသက်ရှင်ခွင့်ပေးတဲ့အတွက် ကျေးဇူးတင်မိပါတယ်။

လေးလံတဲ့စိတ်တို့ဖြင့် အိမ်သို့ပြန်ခဲ့ရာ အောင်ထွန်းလေးနှင့် ဆုံဖြစ်ပါသေးသည်။ "ကိုပီတာ ဘယ်လိုလဲ၊ ပိုက်ဆံသုံးထောင်ရပြီလား"

သူ၏မေးခွန်းကို ကျွန်တော် ဖြေပင်မဖြေချင်တော့ပါ။

"ဘယ်ရမလဲကွာ . . . ။ မင်းရဲ့လုပ်ပုံက အဓိပ္ပာယ်မှမရှိဘဲ"

"အင်း . . ဒါဆိုရင် ကျွန်

ဘုန်းကြီးထွက်သွားသည်
နှင့်တစ်ပြိုင်နက်
ကျွန်တော့်
ခြေလှမ်းတွေသည်
ပလ္လင်ထက်က
လွယ်အိတ်ဆီသို့
တစိုက်မတ်မတ်
လှမ်းလာခဲ့သည်။

တော့်လုပ်ပုံအစီပွာယ်မရှိတာမဟုတ်ဘူးထင်တယ် . . ကိုပီတာရဲ့ . . ။ ကျွန်တော်ကြားဖူးတယ် . . . ခရစ်စမတ်မှာ ပိုက်ဆံလိုရင် ဘုရားကျောင်းမှာလွယ်အိတ်ထားပြီး ဆုတောင်းရမယ်ဆိုပဲ . . . ။ ညကျရင် စန်တာခလော့စ်က ဆုတောင်းတဲ့ ပိုက်ဆံပမာဏအတိုင်း လွယ်အိတ်ထဲမှာထည့်ပေးထားတယ်လို့ ကြားဖူးလို့ပါ။ ဒါဆိုရင် ကျွန်တော် ကြားဖူးတာ မမှန်ဘူးပေါ့နော် ကိုပီတာ"

"ဘယ်မှန်ပါ့မလဲ . . . ကလေးရယ်။ ဒီသဘောတရားတွေက စိတ်ကူးယဉ်ပြီး လျှောက်ပြောတဲ့စကားကနေ ထွက်ပေါ်လာတဲ့ သဘောတရားတွေပါ။ မင်းကြီးလာရင် သဘောပေါက်နားလည်သွားမှာပါ . . ."

"ကိုပီတာရယ် . . Sorry နော်၊ စိတ်မကောင်းပါဘူး။ ကျွန်တော် ကိုပီတာ့ကို နောက်သလိုဖြစ်သွားတယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

"ရပါတယ် . . . ဘာမှစိတ်မကောင်းဖြစ်မနေပါနဲ့ . . မင်းရဲ့လုပ်ရပ်တွေဟာ မင်းရဲ့ခံစားချက်အတိုင်း မှန်ပါတယ်။ မမှားပါဘူး"

အောင်ထွန်းလေးကို ကြည့်ရတာ အင်မတန်မှ စိတ်မကောင်းဖြစ်နေဟန်တူပါသည်။ ကျွန်တော့်ကိုပင် ရဲရဲမကြည့်ဝံ့တော့ပေ။ ကျွန်တော်တို့နှစ်ယောက် စကားလည်း ဆက်မပြောဖြစ်တော့ပေ။

"ကိုပီတာ . . ကျွန်တော် သွားတော့မယ်။ အမေနဲ့ဈေးလိုက်သွားမလို့ . . . "

"အေး . . အေး သွားပါကွယ်"

အောင်ထွန်းလေးသည် ကျွန်တော်နှင့်ကျောခိုင်းပြီး သူ့အမေရှိရာဆီသို့ ပြေးထွက်သွားခဲ့ပါသည်။

ကျွန်တော်လည်း ခွေးထွေးမှုကင်းမဲ့နေတဲ့ လာရာလမ်းအတိုင်း ဆက်လျှောက်ခဲ့သည်။

"ပီတာ . . ပီတာ . . ဟေ့ ပီတာ"

နောက်မှခေါ်သံကြောင့် လှည့်ကြည့်လိုက်ရာ ဆရာမမေရီ ဖြစ်နေသည်။

"ပီတာ . . . နင် အခုတလော ဘယ်ပျောက်နေတာလဲ။ ငါ့မှာ နင် ဘုရားကျောင်းများ လာမလားလို့ မျှော်လိုက်ရတာအမောပဲ"

"ဘယ်မှမသွားပါဘူး . . ဆရာမရယ် . . အိမ်မှာပဲရှိနေပါတယ်"

"ဒါဆို အခု နင်ဘယ်က ပြန်လာတာလဲ"

ဒီမေးခွန်းကို ကျွန်တော် ဖြေရခက်နေသည်။ စကားကိုအမှန်အတိုင်းပြောရန် ခွန်အားမရှိပေ။ ဆရာမကို လိမ်ညာပြီးလည်း မပြောဝံ့ပေ။

"အင်း . . . ကျွန်တော် ဘုရားကျောင်းကပြန်လာတာပါ"

"ဟဲ့ . . . ဘုရားကျောင်းမှာ မနက်စောစောစီးစီး ဘာသွားလုပ်တာလဲ . . . ဘုရားသွားရှိခိုးတာလား . . "

ကျွန်တော် မဖြေတတ်တော့ပေ။

"ဟဲ့ . . . ငါမေးနေတယ်လေ . . . "

"ဩော် . . . အလကားပျင်းလို့ပါ"

"ဟင် . . နင်က ပျင်းရင် ဘုရားကျောင်းလာတတ်သားပဲ"

အမေးစကားထူနေသည့် ဆရာမ၏စကားလမ်းကြောင်းကို လွှဲပစ်ရန် ကျွန်တော် ဆရာမကို မေးခွန်း တုံ့ပြန်လိုက်သည်။

"ဆရာမကော၊ ဘယ်က ပြန်လာတာလဲ"

"ပြန်လာတာ မဟုတ်ဘူးကွဲ့ . . . ။ အခုမှသွားမလို့"

"ဘယ်ကိုသွားမလို့လဲ"

"ဆရာစိုင်းနေအောင် ဆီသွားမလို့"

"ဘာသွားလုပ်မှာလဲ"

"ဩော် ခရစ်စမတ်နေ့အတွက် လိုအပ်တာတွေ ကြိုစီစဉ်နိုင်ဖို့ အစီအစဉ်သွားဆွဲမလို့လေ . . . "

"ခရစ်စမတ် အတွက် ကျွန်တော် ဘာများကူညီပေးရမလဲ ဆရာမ"

"အင်း . . . အခု လောလောဆယ်တော့ ဘာမှမရှိသေးဘူး ပီတာရဲ့။ မနက်ဖြန် သန်ဘက်ခါဆိုရင်တော့ လုပ်စရာတွေများလာလိမ့်မယ်။ အဲဒီအချိန်ကျရင် ဝိုင်းလုပ်ကြတာပေါ့ . . ။ အဲဒီအချိန်ကျတော့ မလာဘဲနဲ့မနေနဲ့နော် . . . ။ ဩော် . . နေဦး ပီတာ . . နင့်ကို ဆရာမ ပေးစရာတစ်ခုရှိတယ်။ နင်လည်း အခုတလော ဘုရားကျောင်း မရောက်လာတော့ မပေးဖြစ်ဘူး။ နင့်ဆီလည်း ဆရာမ မလာနိုင်ဘူးဆိုတော့ အခုတစ်ခါတည်းပေးလိုက်မယ် . . "

ပြောပြောဆိုဆို ဆရာမသည် လက်ဆွဲအိတ်ထဲက စာအိတ်တစ်ခုကိုထုတ်ပြီး ကျွန်တော့်ကိုလှမ်းပေးသည်။

"ရော့ . . . ယူ ဒါ နင့်အတွက် တို့ဓမ္မပညာအဖွဲ့က ပေးဖို့ စီစဉ်ထားတာကြာလှပြီ"

"ဟာ . . . ဆရာမ ဒါက ဘာလဲ"

"ဩော် . . . ဒါလား၊ Sweet December ညမှာ မင်း ဓမ္မပညာကလေးတွေကို ဂီတာတီးပြီး ကူညီတဲ့အတွက် ကျေးဇူးတုံ့ပြန်တဲ့ အနေနဲ့ အလှူငွေပေးတာပါ။

"ဟာ . . . ဆရာမ ကျွန်တော်မယူဘူး၊ မယူဘူး၊ မယူရဲဘူး။ ဒီလိုအလုပ်တွေက ကျွန်တော်တို့ အမြဲတမ်းကူညီရမယ့်အလုပ်တွေပါ။ ကျွန်တော့်ရဲ့အကူအညီကို ဒီလို တန်ဖိုးမဖြတ်ပါနဲ့ . . . "

"တန်ဖိုးဖြတ်တာမဟုတ်ပါဘူး ပီတာရယ် . . နင့်ရဲ့ကူညီမှုကို ငါတို့က အသိအမှတ်ပြုတာပါ။ ယူဆိုယူ၊ ရော့ . . . စကားမရှည်နဲ့ ငါသွားစရာရှိသေးတယ်"

ဘုရားကျောင်းဝင်း
အပြင်သို့ရောက်မှ
ရင်ခုန်စွာ
လွယ်အိတ်ကို
ဖွင့်ကြည့်လိုက်တော့ . .

ကျွန်တော်၏ ဗလာနတ္ထိ လွယ်အိတ်ထဲ စာအိတ်ကို အတင်း ထည့်ပေးလိုက်သည်။

"ကဲ .. ငါ့ဆရာ စိုင်း နေအောင်ဆီသွားလိုက်ဦးမယ် ..။ မနက်ဖြန်ကျရင် လာနိုင်ရင်လာခဲ့လေ .."

ဆရာမသည် ကျွန်တော့်ကိုကျောခိုင်းရင်း လှည့်ထွက်သွားသည်။

လွယ်အိတ်ထဲက ဆရာမ အတင်းထိုးထည့်ပေးခဲ့သည့်စာအိတ် ဖြူဖြူလေးသည် ကျွန်တော့်အတွက် မည်သို့အဓိပ္ပာယ်ရှိနေမည်ကို ကျွန်တော် မသိပါ။ ဘာပဲဖြစ်ဖြစ် စာအိတ်ကိုယူပြီး ကျွန်တော် ဖွင့်ကြည့်လိုက်သည်။ စာအိတ်ထဲက ထွက်ပေါ်လာသည့်အဖြေရောင်စဉ်သည် **ကျွန်ုပ်၏ခံစားချက်များကို လင်း**လက်စေခဲ့၏။ ကျွန်ုပ်အတွက် **အဓိပ္ပာယ်များစွာ** ပြည့်နှက်လျက်ရှိသော အလှူငွေ **သုံးထောင်ကျပ်**တိတိပင်ဖြစ်သည်။ အစက ဆရာမ ပေးချိန်တွင် ထင်ထားသည့်အလှူငွေပမာဏက အများဆုံးတစ်ထောင်သာ ခန့်မှန်းထားသည်။ အခုတော့ အထင်နှင့်အမြင် လုံးဝကွာခြားနေပြီပေ။ နဖူးတွေ့ဒူးတွေ့ တွေ့မြင်ခဲ့ရပါပြီ။ ဝေဝါးအေးခဲနေသည့် ကျွန်ုပ်၏မျက်ရည်များသည် အတားအဆီးမဲ့စွာ ယိုစီးလာပါသည်။ Sorry ပဲ အောင်ထွန်းလေးရေ မင်းရဲ့လုပ်ရပ်တွေကို မထီမဲ့မြင်၊ မယုံသင်္ကာစော်ကားမိခဲ့တဲ့အတွက် ကိုပီတာကို ခွင့်လွှတ်ပါ ...။ တစ်ခါတလေ လောကကြီးမှာ အသက်တွေသာကြီးသွားပေမယ့် ရိုးစင်းတဲ့ယုံကြည်ခြင်းတွေကို ကျွန်တော်တို့ဥပေက္ခာပြုနေတတ်ကြောင်း ခံစားနားလည်ရပါတယ်။

ဘုရားသခင် ဘာမဆိုတတ်နိုင်သည် ဟူသောကျမ်းစကားကို ကျွန်ုပ်တို့ မေ့နေတတ်ကြသည်။ ဘုရားရဲ့ကျေးဇူးတော်ကြောင့် ချစ်သူလေး ဝမ်းမြောက်စေမည့်အသိတစ်ခုကို အကျွန်ုပ် ပေးနိုင်ပါပြီ။ ဩော် .. အခုတော့ နက်ပြာရောင်ခေါင်းစွပ်ဦးထုပ်ကလေးနှင့် ကျွန်ုပ်၏ ကျောင်းသွားရာခရစ်စမတ်လမ်းလေးသည် လန်းဆန်းတက်ကြွလျက်ပါ။❑

## အားပြတ်နေလို့

တိုး တိုး

တစ်ခါသော် အသင်းသားတစ်ဦးသည် သင်းအုပ်ဘုန်းတော်ကြီးထံသို့ အကူအညီတောင်းခံရန် ဘုန်းတော်ကြီးအိမ်သို့သွားရောက်ရာတွင် ဘုန်းတော်ကြီးနှင့်မတွေ့ဘဲ ဆရာကတော်နှင့်သာ တွေ့ဆုံရာ ...

ဆရာကတော် - ဘာများကူညီပေးရမလဲ၊

အသင်းသား - ကျွန်တော့်မိသားစုစားဝတ်နေရေးခက်ခဲနေလို့ ဆရာ့ အထူးသတိရဆုတောင်းပေးဖို့ လာပြောတာပါ။

ဆရာကတော် - စိတ်မကောင်းပါဘူးရှင်၊ ရှင်တို့ဆရာ အိမ်မှာဆန်မရှိလို့ အစာရှောင်ဆုတောင်းရင်း အားပြတ်နေလို့ပါ။❑



အမှတ်တော်ဆောင်

# ဒါဘဝ

ကိုမိုငမြ

ပထမဦးစွာ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်ပေးပါရစေနော်။ ကျွန်တော်ဟာ ချင်းပြည်နယ်တောင်ပိုင်း၊ ပလက်ဝမြို့နယ်၊ ဆမီးရွာမှာနေထိုင်တဲ့ အင်္ဂလီကန်အသင်းသားတစ်ဦးဖြစ်ပါတယ်။ ဘုရားရှင်ရဲ့ကျေးဇူးတော်ကြောင့် စာရေးသားခွင့်ရရှိတဲ့အတွက် ဦးစွာဘုရားရှင်ရဲ့ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ဆမီးတောရွာကလေးသည်လည်း ယခုအချိန်မှာ ရေ၊ မီး စုံလင်၊ လူမျိုးဘာသာ၊ ဌာနဆိုင်ရာပေါင်းစုံနေထိုင်တဲ့ တောမြို့ကလေးတစ်မြို့လို့ဆိုပါရစေ။ ဆမီးအင်္ဂလီကန်ရှင်မိကေလအသင်းတော်ဘုရားရှိခိုးကျောင်းသည်လည်း မြို့လယ်မှာ လှပထည်ဝါစွာ အုတ်နံရံများဖြင့် ပြုလုပ်ပြီးစီးတာတွေကို သတိရတော့ ကျွန်တော့်ရဲ့အမှုတော်ဆောင်ဘဝကို ပြန်လည်ပြီးတော့ အမှတ်ရစေတာပေါ့။ ကျွန်တော်ရဲ့အမှုတော်ဆောင်ဘဝနဲ့ငယ်ဘဝကို အနည်းငယ် ရှာလုမ်စာဖတ်ပရိသတ်များအား ဝေငှသက်သေခံချင်ပါတယ်။ ငယ်စဉ်က (ကြပ်ချောင်းရွာ) မူလတန်းကျောင်းမှာ စတုတ္ထတန်းအောင်ပြီးတော့ အဲဒီကနေ တစ်ဆင့် ၁၉၉၃ ခုနှစ်မှာ ယခုကျွန်တော်နေထိုင်တဲ့ ဆမီး အ-ထ-ကကျောင်းမှာ ပဉ္စမတန်းကနေ နမဝတန်းအထိ ဘဝကိုရုန်းကန်ပြီး ဇွဲသန္နိဋ္ဌာန်ကို သောက်သုံးခဲ့တာပေါ့။ ၁၉၉၈ ခုနှစ်မှာ (၉) တန်းအောင်ပြီး ၁၉၉၉ ခုနှစ်မှာ ယခု သာသနာ့ပိုင်ရုံးစိုက်တဲ့ ပလက်ဝမြို့မှာ အင်္ဂလီကန်ဗော်ဒါဆောင်မှာနေပြီး (၁၀) တန်းပညာကို သင်ယူဖြေဆိုခဲ့ပါတယ်။ သို့သော်လည်း ဘဝမှာ အလိုတော်နဲ့အညီ အသက်မရှင်တဲ့အတွက် (၁၀) တန်းကို (၂) နှစ်ဆက်တိုက်ရှုံးပြီး ပညာရေးလောကကို အရှုံးပေးလိုက်ပါတယ်။ ဆက်ပြီးဖြေချင်သော်လည်း မိဘမှာ တောင်သူလယ်သမားဘဝဆိုတော့ ဘာတစ်ခုမှ ဝင်ငွေမရှိပါဘူး။ ဒီလိုနဲ့ ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့မှစပြီးတော့ ရှင်ဖိလိပ္ပုဘုန်းကြီးပိုင်နယ်၊ ယခုဆမီး ရှင်မိကေလအသင်းတော်တွင်မှာ (၄) နှစ်နှင့် (၄) လအချိန်ပြည့်ဓမ္မဆရာအဖြစ် တာဝန်ယူထမ်းဆောင်ခဲ့ပါတယ်။ ဓမ္မဆရာအဖြစ် တာဝန်ယူထမ်းဆောင်တဲ့နေ့မှစပြီး လူတကာရဲ့မတရားပြောဆို၊ မနာလိုဝေဖန်ကဲ့ရဲ့မှုတွေကိုလည်း တွေ့ကြုံခံစားရပါတယ်။ စားဝတ်နေရေးအဆင်မပြေတာတွေ၊ ဒုက္ခဆင်းရဲများစွာတွေ့ကြုံရင်ဆိုင်ခဲ့ရတာပေါ့။ သို့သော်လည်း ဒီအရာတွေဟာ ခရစ်တော်ဘုရားမိန့်မှာတဲ့အတိုင်း "ကိုယ့်လက်ဝါးကပ်တိုင်ကို

နေ့တိုင်းထမ်း၍ ငါ့နောက်သို့လိုက်ရမည်" (လု ၉း၂၃) ဆိုတဲ့ကျမ်းစကားကိုသတိရပြီး အသက်တာမှာ ဆက်လက်ခွန်အားယူခဲ့ပါတယ်။ ယနေ့ ကျွန်ုပ်တို့အမှုတော်ဆောင်အသင်းသူ/သားများ အချိန်နာရီတိုင်း တွေ့ကြုံရမယ့်အရာတစ်ခုပဲလို့ ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်မှုပေးလိုက်ပါတယ်။

သို့သော်လည်း မျှော်လင့်ခြင်းမဲ့နေတဲ့ဘဝမှာ ကိုယ်တော်ဟာ ကျွန်တော်နှင့်အတူ ရှိတော်မူပြီး (၂၀၀၄-၂၀၀၅) ပညာသင်နှစ်မှာ ကိုယ်တော်ရဲ့ကြီးမားတဲ့မေတ္တာ၊ ကရုဏာတော်ကြောင့် (၁၀)တန်းအောင်မြင်ခြင်းအခွင့်နှင့်အတူ ရန်ကုန်သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်မှာ တက်ရောက်ခွင့်ရရှိခဲ့တာဟာ ကျွန်တော့်ရဲ့ကြိုးစားခြင်းမဟုတ်ဘဲ ကိုယ်တော်ရွေးချယ်တော်မူခြင်းကျေးဇူးကြောင့်သာ မဟုတ်ပေဘူးလား။ တကယ်တော့ လူ့ဘဝမှာ ဘယ်လောက်ပဲ ဒုက္ခဆင်းရဲတွေ၊ တွေ့ကြုံရင်ဆိုင်ပါစေ သခင်ဘုရားကိုယုံကြည်ခြင်း၊ မျှော်လင့်ခြင်းအရာတွေနဲ့ အသက်တာမှာ ဆက်ကပ်သွားမယ်ဆိုရင် ကိုယ်တော်ဟာ ဘယ်တော့မှပစ်မထားဘူးဆိုတာ ယုံကြည်လက်ခံပါ။ (၁သက် ၅း၁၈) မှာ "အရာရာ၌ကျေးဇူးတော်ချီးမွမ်းကြလော့" လို့ ဆိုထားတယ်မဟုတ်လား။ အမှုတော်ဆောင်ဘဝမှာ ဆင်းရဲပင်ပန်းစွာ လုပ်ဆောင်ခဲ့တဲ့အဖိုးအခတွေကို ကိုယ်တော်ဘုရား ကောင်းချီးပေးတဲ့အခါ မိသားစုထဲမှာ တစ်ယောက်ပြီးတစ်ယောက် (၁၀) တန်းအောင်သွားတယ်။ ဒါတွေဟာ ကြွားချင်လို့ရေးတာမဟုတ်ပါဘူး။ ဒီနေ့ ကျွန်တော်တို့ယုံကြည်သူတွေဟာ ကိုယ်တော်ဘုရားရဲ့ကျေးဇူးတော်ကိုရေတွက်တတ်ပြီး အသက်တာမှာ ပို၍ခရစ်တော်ဘုရားထံ ဆက်ကပ်အပ်နှံဖို့ရန် ရည်ရွယ်ချက်နှင့်ရေးသားဝေငှရခြင်းဖြစ်ပါတယ်။ ဒီလိုနဲ့ ကျွန်တော်တို့အသက်ရှင်သွားကြမယ်ဆိုရင် (ကမ္ဘာဦး ၂၁း၂-၃) မှာကြည့်တဲ့ရင် အာဗြဟံနှင့် ဇနီးစာရာတို့ သားသမီးမရရှာကြဘူး။ သို့သော်လည်း ယုံကြည်ခြင်း (Faith)၊ မျှော်လင့်ခြင်း (Hope) တစ်နည်းအားဖြင့် အလိုတော်နှင့်အညီ အသက်ရှင်တဲ့အခါ အာဗြဟံ အသက်တစ်ရာ၊ စာရာအသက်ကိုးဆယ်မှာ သား ဣဇက်ကိုမွေးလာတယ်ဆိုတာ မထူးဆန်းဘူးလား၊ ကျွန်တော်တို့လည်း ဘုရားရှင်ရဲ့ကျေးဇူးတော်ကိုရေတွက်တတ်သူဆိုရင် ကိုယ်တော်ထံမှ ကောင်းချီးမင်္ဂလာများ ရရှိခံစားကြမယ်ဆိုတာ ဝေငှချင်ပါတယ်။ အဲဒီတော့ တစ်ဖက်မှာ ယနေ့ကျွန်တော်တို့ အမှုတော်ဆောင်များ အသင်းတော်တွင် ကိုယ်တော်ဘုရားကို မျက်မှောက်ပြုလျက် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်းကို ရှေ့တန်းတင်ပြီး ကျောသား၊ ရင်သားမခွဲခြားဘဲ အမှုတော်မှာ အစဉ်ပျော်ရွှင်လုပ်ဆောင်နိုင်ပါစေလို့ ဆန္ဒပြုရင်း . . . ။❑

ဖယောင်းတိုင်

အယ်လ်တီ

အများအတွက်
အလင်းတစ်စက်ရဖို့
အသက်စတေးပေးဆပ်မည်။ ။



ကျွန်တော်တို့သည် သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်တွင် ဘုရားသခင်၏ကျေးဇူးတော်ကြောင့် ဓမ္မပညာလေ့လာဆည်းပူးရန် အခွင့်ထူးကို ရရှိခဲ့ပါသည်။ အမှုတော်ဆောင်ဘဝအသက်တာအတွက် ရှင်လန်းနိုးကြားလာစေရန် ဘုရားသခင် ပုံဆောင်ပေးသည်ဟုလည်း ယုံကြည်ပါသည်။ "ပညာလိုအိုသည်မရှိ" ဟူသောဆောင်ပုဒ်သည် ဓမ္မအမှုတော်ဆောင်များအတွက် မဖြစ်နိုင်ဟု ယခင်က ယူဆခဲ့မိပါသည်။ ယခုတွင်မူ ဓမ္မအတွေးအခေါ်ပညာရပ်များနှင့် အဆင့်မြင့်ဓမ္မပညာရပ်များကို လေ့လာဆည်းပူးခွင့်ရရှိသည့်အတွက် ယခင်ကထက်ပို၍ အားတက်မိပါသည်။ ထို့အပြင် ယခင်က သတင်းလွှာ

စဉ်ဆက်မပြတ်သင်တန်းများ၏

# မင်းတုန်းခရီးစဉ်



အားဖြင့်သာ ကြားဖူး၊ သိဖူးသောဒေသများသို့ သွားရောက်လည်ပတ်ရသော အခွင့်အရေးသည်လည်း အံ့ဩဖွယ်ဖြစ်ပါသည်။

ကျွန်တော်တို့သည် ၂၀၀၆ ခုနှစ်၊ ဇူလိုင်လ (၁၇) ရက်နေ့တွင် ရန်ကုန်သာသနာပိုင်နယ် ပြည်ဒေသန္တရနယ်တွင်ရှိသော မကွေးတိုင်း၊ မင်းတုန်းမြို့နယ်၊ တလုပွင်ရွာရှိ သန့်ရှင်းသောကားတိုင်အသင်းတော်သို့ ဓမ္မတက္ကသိုလ်မှ စတင်ထွက်ခွာခဲ့ပါသည်။ ကျွန်တော်တို့အဖွဲ့ကို ဓမ္မတက္ကသိုလ်ကျောင်းအုပ်ကြီး၊ ဘုန်းတော်ကြီးဒေါက်တာရှိမုန်ဘီဘင်ထူးက ဦးဆောင်ပါသည်။ ကျွန်တော်တို့ သင်တန်းသား (၇) ဦးအပြင် ကျောင်းအုပ်ကြီး၏ဇနီး ဆရာမဒေါ်ဝေဝေမြင့်လည်း ပါဝင်ပါသည်။ ကျွန်တော်တို့သည် ဓမ္မတက္ကသိုလ်ပိုင်မော်တော်ယာဉ် ပ/၉၉၄၂ ဖြင့် ခရီးထွက်ခွာခဲ့ပါသည်။ ကျွန်တော်တို့ကို သန့်ရှင်းသောကားတိုင်အသင်းတော်မှ လူငယ်တစ်ဦးဖြစ်သူ စောဖေဗီယန်မှ ယာဉ်မောင်းနှင်ပေးပါသည်။ ခရီးစဉ်တွင် နေပူလိုက်၊ မိုးရွာလိုက်ဖြစ်သော်လည်း ပျော်ပါသည်။ နှစ်နာရီတွင်တစ်ကြိမ်ရပ်နား၍ အနည်းငယ် အညောင်းအညာဖြေကြပါသည်။ အာဟာရမချို့တဲ့စေရန် အတွက် ဆရာမဒေါ်ဝေဝေမြင့်မှ ရေ၊ ပေါင်မုန့်၊ ကြက်ဥပြုတ်၊ ပြောင်းဖူး ပြုတ်များကိုဝယ်ပေးပါသည်။

ညနေ (၅) နာရီရောက်သောအခါ ပဲခူးတိုင်း၊ သဲကုန်းမြို့နယ်၊ အင်းမရွာသို့ ရောက်ရှိခဲ့ပါသည်။ ဓမ္မတက္ကသိုလ်တွင် ညနေ (၅) နာရီအချိန် တွင် ညစာ အမြဲတမ်းစားသုံးရသောကြောင့် ပုံမှန်အချိန်ကို သိရှိနေသော ကျွန်တော်တို့၏ဝမ်းဗိုက်က ကျွန်တော်တို့ကို သတိပေးလာပါသည်။ ကျွန်တော်တို့သည် အင်းမရှိ ရေပြာထမင်းဆိုင်တွင် ညစာစားရန် ရပ်နားခဲ့ပါသည်။ ဆိုင်ရှင်များသည် ပြည်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ တပည့်တော်များဖြစ်ပါသည်။ ကျွန်တော်တို့သည် ဓမ္မအမှုတော်ဆောင်များဖြစ်ကြောင်း သူတို့သိရှိကြသဖြင့် ဟင်းအစုံချပေးကာ ဝလင်စွာ ကျွေးမွေးပါသည်။ ကုန်ကျစရိတ်ပေးချေသောအခါ လူတစ်ဦးလျှင် ဟင်းတစ်ပွဲနှုန်းဖြင့် တွက်ချက်ကာ စာရင်းတွက်ယူပါသည်။ ညနေ (၆း၁၅) မိနစ်တွင် နဝဒေးတံတားကြီးပေါ်မှနေ၍ ဧရာဝတီမြစ်ရှုခင်း၊ ဧရာဝတီစတုတ္ထမြစ်ကျဉ်းနှင့် ဗုဒ္ဓဘာသာဝင်များအမြတ်တနိုးထားရာ ရွှေဘုံသာဘုရားကိုလည်း ရှုမြင်ခွင့် ရရှိပါသည်။ ည (၇း၃၀) တွင် တစ်ညတာ ခေတ္တရပ်နားရန် ပဲခူးတိုင်း၊ ပန်းတောင်းမြို့နယ်၊ ရှားဖြူကွင်းရွာရှိ ကျောင်းအုပ်ကြီး၏မိခင်နေအိမ်တွင် ရပ်နားခဲ့ပါသည်။ ညမအိပ်မီ ကုမ္ပလင်ဝတ်ကို ဘုန်းတော်ကြီးအောင်သွင်ဦး ၏ဦးဆောင်ခြင်းဖြင့် ဝတ်ပြုကြပြီး အိပ်စက်အနားယူကြပါသည်။

ဇူလိုင်လ (၁၈) ရက်နေ့ နံနက် (၇း၀၀) နာရီတွင် ရှားဖြူကွင်းရွာမှ မင်းတုန်းမြို့နယ်၊ တလုပွင်ရွာသို့ ခရီးထွက်ခွာခဲ့ပါသည်။ လမ်းတစ်လျှောက်လုံးတွင် စိမ်းလန်းသောသစ်ပင်၊ ဝါးပင်များ၊ လယ်ဇ န်နေကြသူများ၊ ကောက်စိုက်နေကြသူများနှင့် ပတ်ဝန်းကျင်သာယာမှုကို လေ့လာခွင့် ရရှိခဲ့ပါသည်။ ယခင်က စာအုပ်စာပေတွင်သာဖတ်ရှုခဲ့ရသောပုသိမ်၊ မုံရွာလမ်းမကြီးပေါ်တွင် ခရီးသွားခွင့်ရရှိ၍ အားရကျေနပ်မိပါသည်။

နံနက် (၁၀း၃၀) တွင် မင်းတုန်းမြို့နယ်၊ မဲဇလီကျေးရွာသို့ ရောက်ရှိပါသည်။ တလုပွင်ရွာသည် ကားသွားရောက်နိုင်ခြင်းမရှိသဖြင့် မဲဇလီရွာတွင် ဓမ္မတက္ကသိုလ်ပိုင်မော်တော်ယာဉ်ကို ထားရစ်ခဲ့ပြီး ချောင်းအတန်တန်ဖြတ်၍ ရွှံ့ဗွက်များကိုဘယ်ယိမ်းညာနွဲ့ဖြင့် ရှုန်းကန်ကာ နေ့လည် (၁၂း၃၀) တွင် တလုပွပင်ရွာသန့်ရှင်းသောကားတိုင်အသင်းတော်သို့ရောက်ရှိခဲ့ပါသည်။ ကျွန်တော်တို့ကို တလုပွင်သန့်ရှင်းသောကားတိုင်အသင်းတော်မှ အသင်းသားများက လာရောက်ကြိုဆိုပါသည်။ ဘုန်းတော်ကြီး ဦးဂျေဝင်းနှင့်မိသားစုက ကြိုဆိုကြပါသည်။ နံနက်စာအဖြစ် ငပိချက်၊ ငရုတ်သီးစပ်စပ်၊ ကြက်သားဟင်း၊ မျှစ်ပြုတ်၊ ကန့်ဘလူပင်၊ ရုံးပွေညွန့်တို့စရာများဖြင့် ကျွေးမွေးပါသည်။ ဗိုက်ရှန်းရ၍ အားကုန်သမျှကို အစားထိုးရန် အားရပါးရ စားသုံးကြပါသည်။

ညနေတွင်လည်း အလားတူ ဟင်းကို ချက်နည်းမတူဘဲ ချက်ပြုတ်ကျွေးမွေးပါသည်။ အားရပါးရ





စားပြီးနောက် ရွာသူ၊ ရွာသားများလည်း လယ်တောထဲမှပြန်ရောက်ပြီဖြစ်၍ ကျွန်တော်တို့ကို လာရောက်တွေ့ဆုံပါသည်။ ထိုအခါ ညဝတ်၊ ဝတ်ပြုခြင်းနှင့် အိမ်ကိုကောင်းချီးပေးခြင်းကို ကျောင်းအုပ်ကြီးမှဦးဆောင်ကာ ဝတ်ပြုကြပါသည်။ ဝတ်ပြုခြင်းပြီးနောက် ကျွန်တော်တို့ တစ်ယောက်စီ မိမိတို့၏ အတွေ့အကြုံကို ဝေမျှခွင့်ရရှိပါသည်။ ရွာသူ/သားများလည်း အိပ်ငိုက်ခြင်း မရှိဘဲ နားထောင်ကြပါသည်။ ကြားဖြတ်အစီအစဉ်ဖြင့် ရန်ကုန်သန့်ရှင်းသောကားတိုင်အသင်းတော်မှမိသားစုတစ်စုကလှူဒါန်းသော အဝတ်အထည်များကို ဆရာမဒေါ်ဝေဝေမြင့်မှ အိမ်ထောင်တိုင်းအား ဝေငှပေးပါသည်။

ည (၁၂း၃၀) တွင် ကျွန်တော်တို့၏အစီအစဉ်ကို ဆုတောင်းခြင်းဖြင့် ရုပ်သိမ်းခဲ့ပါသည်။ ကျွန်တော်တို့သည် ဇူလိုင်လ (၁၉) ရက်၊ နံနက် (၅း၃၀) တွင် အိပ်ရာမှထပြီး ရွာသူ/သားများပြင်ဆင်ထားသော ကောက်ညှင်းပေါင်းကိုစားပြီး နံနက် (၆း၀၀) တွင် တလုပွင်ရွာမှ ပြန်လည်ထွက်ခွာလာပါသည်။ နံနက် (၈း၀၀) တွင် မဲဇလီချောင်းတွင် ရေအဝချိုးကာ ကိုယ်လက်သန့်စင်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာလာပါသည်။ အပြန်ခရီးတွင် ညောင်ပင်သာရွာ၊ ရှားဖြူကွင်း၊ ဥသျှစ်ပင်၊ ပြည် ရှင်မာကုဘုရားကျောင်းတို့တွင် ခေတ္တရပ်နားခဲ့ပါသည်။

မကွေးတိုင်း၊ မင်းတုန်းမြို့နယ်၊ တလုပွင်ကျေးရွာရှိ သန့်ရှင်းသောကားတိုင်အသင်းတော်သို့ ခရီးထွက်ခွာခြင်းအစီအစဉ်တွင် ဗဟုသုတနှင့် ခရီးသွားအတွေ့အကြုံ များစွာရရှိခဲ့ပါသည်။ လွန်ခဲ့သော နှစ် (၂၀) ခန့်က လျှောက်လှမ်းခဲ့ရသော ရွှံ့နွံထဲတွင် အမှုတော်မြတ်အတွက် ဆက်ကပ်ခဲ့ရသောအတွေ့အကြုံကို ပြန်လည်ခံစားခွင့်ရရှိပါသည်။ ဒေသခံတိုင်းရင်းသားယုံကြည်သူများ၏ နွေးထွေးစွာကြိုဆိုခြင်း၊ ဧည့်ခံခြင်းကို ဝမ်းသာကြည်နူးမိပါသည်။ ဘုရားသခင်သည် နေရာတိုင်းတွင် ယုံကြည်သူများနှင့် အလုပ်လုပ်လျက်ရှိကြောင်းကို သိမြင်ခံစားရပါသည်။ ဤခရီးစဉ်သည် ခရီးသွားခြင်းထက် အသက်တာတွင် မိမိယုံကြည်ခြင်းကိုပြန်လည်ဆန်းစစ်ရန်၊ ဘုရားသခင်ကောင်းမြတ်ကြောင်းကိုချီးမွမ်းရန်၊ ဘုရားသခင်သည် အံ့ဩဖွယ်ဖြစ်ကြောင်း ပြန်လည်ခွန်အားယူရန် ခရီးစဉ်ဖြစ်ကြောင်း သုံးသပ်တင်ပြပါသည်။ ❑

# သူညတစ်လုံး၏သူခဘုံ

## လှကာ (H.C.Y)



ဥသြငှက်၏တေးဆိုသံက လေဟာပြင်ထဲမှာ ပဲ့တင်နေသည်။ ကြွေလွင့်နေတဲ့ အညိုရောင်သစ်ရွက်ခြောက်များ၊ ပတ်ဝန်းကျင် တစ်ခုလုံးဟာလည်း ခြောက်သွေ့လို့ . . .၊ နေမင်းကြီးကတော့ တာဝန်အတိုင်း အရှေ့အရပ်မှထိုးထွက်လာခဲ့ပြီ၊ အမိုးပြိုင်းပြိုင်းနဲ့သစ်ပင်များက နွေမနက်ခင်းကို အလှခြယ်ထားသည်။ ကုံကော်ပင်အောက်ရှိ ကွပ်ပျစ်ကလေးပေါ်မှာတော့ လူနှစ်ဦး . . .

"မင်း . . ကျမ်းစာကျောင်း တက်ရတော့မယ်နော် . . "

"အေး . . ဟုတ်တယ်"

"ပြင်ဆင်ပြီးသွားပြီလား . . . "



"ရုပ်ပိုင်းဆိုင်ရာကော၊ စိတ်ပိုင်းဆိုင်ရာကော အကောင်းဆုံးတော့ မဖြစ်သေးဘူး"

"မင်းပုံစံ ကြည့်ရတာ လေးပင်နေသလိုပဲ၊ အရင်တုန်းကလို ပျော်ပျော်နေစမ်းပါ . . . "

"ငါထမ်းရမယ့် ကားတိုင်အကြောင်း စဉ်းစားနေတာပါ၊ စဉ်းစားလေ စဉ်းစားလေ နက်နဲလေပဲ"

"မင်း နောင်တရနေပြီလား"

"နောင်တ ဆိုတာ ငါ့အဘိဓာန်ထဲမှာမရှိဘူး။ ဒီအတွက်လည်း ဘယ်တော့မှနောင်တရစရာအကြောင်းမရှိဘူး"

"သူငယ်ချင်း မင်း ဒုက္ခဆိုတာကိုတော့ ရင်ဆိုင်ရမှာနော်၊ စာတန်က မင်းအနားမှာ ကိုက်စားဖို့ အသင့်ပဲ"

"ဒုက္ခ ဆိုတာ ငါ့အတွက် လှေခါးထစ်တွေပါ။ ခရစ်တော်နဲ့ ရင်ဆိုင်ဖို့ အသင့်ရှိပါတယ်"

"မနက်ဖြန်အတွက် မစိုးရိမ်ပါဘူး။ ဒါပေမဲ့ မနက်ဖြန် အတွက်တော့ ပြင်ဆင်ထားတယ်။ ငါ တွေးမိတယ်။ ခံနိုင်ရည်ရှိပါ့မလား။ ပေါ့ပေါ့နေ ပေါ့ပေါ့စားဘ၀၊ (၁၀၉- ၁၁၀) ဆိုတဲ့ကျောနံပါတ်နဲ့ လေလွင့်နေခဲ့တဲ့လူတစ်ယောက် ခရစ်တော်ရဲ့အစေကိုခံနိုင်ပါ့မလား။ ငါက သူညပါ . . . "

"သူငယ်ချင်း တိုက်ရဲသူတို့ရဲ့လက်ထဲမှာ အောင်ပွဲဆိုတာရှိတယ်တဲ့၊ ကြိုးစားပါ။ မင်းလုပ်နိုင်မယ်လို့ ငါယုံကြည်တယ်"

"တော်သေးတာပေါ့ . . . ငါ့ကိုယုံကြည်တာ မင်းတစ်ယောက်တည်းပဲရှိတယ်၊ ငါဝမ်းသာပါတယ်ကွာ . . . "

"ငါ ကျမ်းစာကျောင်းဝင်ခွင့် ဖြေမယ်လုပ်နေချိန်၊ ဖြေပြီးအောင်စာရင်းထွက်တဲ့အချိန်၊ ဝင်ခွင့်ရတဲ့အချိန်အထိ လူတွေက ငါ ကျမ်းစာကျောင်းတက်မယ်၊ ဟုတ်လား ဆိုပြီး မျက်နှာက စပ်ဖြီးဖြီးလုပ်နေတယ်၊ ငါ့မှာ ခံရခက်လိုက်တာကွာ . . . "

"အေး . . . မင်း စိုက်တဲ့အတိုင်း ရိတ်နေရပြီ မဟုတ်လား"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ အရေခွံပဲကြည့်တဲ့လူကတော့ အရေခွံပဲ မြင်မယ်၊ နှလုံးသားကိုကြည့်တဲ့သူက နှလုံးသားကိုမြင်မှာပေါ့ . . . ငါ့ကို စပ်ဖြီးဖြီးနဲ့ပြောတဲ့သူတွေထဲမှာ အမှုတော်ဆောင်တွေက များတယ်၊ သူတို့က ဘုရားသခင်ရဲ့ အမှုတော်မှာလိမ္မာတဲ့လူ၊ ယဉ်ကျေးသိမ်မွေ့တဲ့လူတွေပဲလုပ်နိုင်တယ်။ ထင်နေလား မသိဘူး။ ငါတို့လိုလူတွေက မလုပ်နိုင်ဘူးလို့များထင်နေလားမသိဘူး။ ဒီအလုပ်ကို သူတို့ အစွမ်းအစရှိလို့ လုပ်နေတယ်လို့ မှတ်နေတဲ့လူတွေ၊ခရစ်တော်မပါရင် ဘယ်အရာမှဖြစ်မလာဘူးဆိုတာကို မေ့နေတဲ့လူတွေ၊ မာန်တက်နေတဲ့သူတွေ၊ ခရစ်တော်က အရေခွံကြည့်ခဲ့တဲ့သူမဟုတ်ဘူးဆိုတာ မင်းသိပါတယ်။ ဒါပေမဲ့ ဘာကြောင့်များ သူ့

နောင်တဆိုတာ
ငါ့အဘိဓာန်ထဲမှာမရှိဘူး။
ဒီအတွက်လည်း
ဘယ်တော့မှ
နောင်တရစရာ
အကြောင်းမရှိဘူး။

နောက်လိုက်တွေက အရေခွံကို ကြည့်ရတာလဲ၊ အဖြူရောင်ပေါ်က အမည်းစက်ကို မဖျောက်ဖျက်နိုင်ဘူးဆိုတာကို ငါ လက်မခံနိုင်ဘူး။ အဖြူရောင်ပေါ်က အမည်းစက်ကို ဖျက်ဖို့ အဖြူရောင်ပဲလိုတယ် . . . "

"မင်းရဲ့ရည်မှန်းချက်ကို မသိလို့နေမှာပါ။ မင်း . . . ဟိုးငယ်ငယ်လေးထဲက ဖြစ်ချင်တဲ့ဆန္ဒတစ်ခုက အခုတော့ပြည့်ပြီမဟုတ်လား"

"အင်း. . . ငါ့ရဲ့ ရည်မှန်းချက်တော့ပြည့်ပြီ။ ဒါပေမဲ့ ရည်မှန်းချက်ပြည့်ချင်ရတဲ့ အကြောင်းရင်းကတော့အရင်နဲ့မတူတော့ဘူး၊ "ငါ" "ဆရာ" ဆိုတဲ့အမည်နာမကို မမက်မောဘူး။ ခရစ်တော်အတွက်အစေခံကောင်းတစ်ယောက်ဖြစ်ချင်တယ်။ သခင်ခရစ်တော်ရဲ့အမှုတော်ကို ကျရာနေရာမှာ အပီအပြင်ထမ်းရွက်ချင်တယ်"

"မင်းရဲ့ ဒီလိုစိတ်ဓာတ်လေးလည်း ကျောင်းပြီးတဲ့အထိ . . ကွင်းဆင်းတဲ့အထိ ရှိပါစေလို့ ဆုတောင်းပါတယ် . . . "

"စိတ်ချပါ သူငယ်ချင်း၊ ငါ့ဘဝရွှေကြာပွင့်တစ်ပွင့်ဖြစ်လာဖို့ မဟုတ်ပါဘူး။ ရွှံ့ကျပင်ပေါက်ဖြစ်စေရမယ်"

"မင်းအခု ကျောင်းတက်မယ်ဆိုတော့ အေးဆေးပဲ မဟုတ်လား"

"ပထမပြဿနာက အိမ်က မိဘပဲ၊ မထင်မှတ်ဘဲ ငါ ဆယ်တန်းကိုအောင်သွားတော့ ငါ့အိမ်က ငါ့အပေါ် တော်တော်လေး အားကိုးချင်လာတယ်။ ဒါကလည်း မိဘတွေရဲ့ သဘာဝပဲလေ။ သားသမီးတွေအပေါ်ကို မျှော်လင့်ချက်ထားတာ သူတို့မှာ အပြစ်မရှိပါဘူး။ ဒါပေမဲ့ တစ်နေ့ ငါအဖေနဲ့အမေကို ကျမ်းစာကျောင်းတက်မယ်လို့ ပြောလိုက်တယ်။ ငါ့ရဲ့ရည်မှန်းချက်ကလည်း

**အမှန်တော့**
**မိသားစုတစ်စုဟာ**
**သုခတွေနဲ့စံနေတဲ့**
**အခါပဲဖြစ်ဖြစ်၊**
**ဒုက္ခတွေနဲ့ခံနေတဲ့**
**အချိန်ပဲဖြစ်ဖြစ်**
**တစ်စုတစ်စည်း**
**တစ်လုံးတစ်ဝတည်း**
**ရင်ဆိုင်သင့်တယ်**

အဲဒါပဲလို့ ပြောခဲ့တယ်။ အဲဒီနေ့မှာ ငါ့မိဘတွေ စိတ်မကောင်းတဲ့ အမူအရာကို ငါတွေ့ရတယ်။ သူတို့ ငါ့အပေါ်ထားတဲ့မျှော်လင့်ချက် ဖျက်ဆီးလိုက်သလိုပဲ . . . ငါတစ်ကိုယ်ကောင်းဆန်သွားလားသူငယ်ချင်း ဘာကြောင့်များ . . . မိသားစုထက် ဘုရားကိုပိုချစ်ရတာလဲ၊ ဘုရားကို မိဘထက် ပိုဦးစားပေးရတာလဲ ငါ့ကိုယ်ငါတောင် နားမလည်ချင်တော့ဘူး . . . ငါတို့ဘဝ ဟို . . . နိမ့်နိမ့်လေးမှာပါ၊ အမြင့်တစ်နေရာရောက်ဖို့အတွက်က ငါ့မှာတာဝန်ရှိတယ်"

"မင်းရဲ့ မိသားစုမှာ မင်းဘယ်လောက်အရေးပါလဲဆိုတာ ငါသိပါတယ်ကွ၊ မင်းက သားဦးပဲဟာ၊ ဒါပေမဲ့ မင်းရှာခဲ့တဲ့ နိုင်ငံတော်နဲ့ ဖြောင့်မတ်ခြင်းအတွက် မင်းဖြစ်ချင်တဲ့ဆန္ဒတွေ ပြည့်လာမှာပါကွာ . . . "

"အမှန်အတိုင်း ပြောရရင် ငါ့အဖေစီးပွားရေး အဆင်မပြေတဲ့အချိန်၊ ငါ့အမေစိတ်ပင်ပန်းနေတဲ့အချိန်၊ ငါ့ညီတွေ ညီမတွေ သူများတကာနှိမ်တာခံရတဲ့အချိန်တွေမှာ သူတို့ရှေ့မှာမားမားမတ်မတ်ရပ်တည်ပေးချင်တယ်။ အမှန်တော့ မိသားစုတစ်စုဟာ သုခတွေနဲ့စံနေတဲ့အခါပဲဖြစ်ဖြစ်၊ ဒုက္ခတွေနဲ့ခံနေတဲ့အချိန်ပဲဖြစ်ဖြစ် တစ်စုတစ်စည်း တစ်လုံးတစ်ဝတည်း ရင်ဆိုင်သင့်တယ်။ ဒါပေမဲ့ နောက်ဆို စေညွှန်ရာအစေခံရတော့မယ်၊ ဘုရားအတွက် ဘဝတစ်ခုလုံးပေးဆပ်ဖို့ ရည်ရွယ်ထား



ပေမယ့် ငါ့မိဘအတွက် ဘာပေးဆပ်ခဲ့လဲ။ ဘာကျေးဇူးဆပ်မယ်လို့ ရည်ရွယ်ခဲ့လဲ . . . "

"သူငယ်ချင်း. . . မင်းထင်ထားတာက မိဘကိုလုပ်ကျွေးပြုစုမှ မိဘကျေးဇူးဆပ်တယ်လို့ထင်နေတာကိုး၊ မင်းထင်တာလည်းမှန်ပါတယ်၊ ဒါပေမဲ့ အပြည့်အဝတော့ မဟုတ်ဘူး။ မိဘကျေးဇူးဆပ်တဲ့ပုံစံတစ်မျိုးရှိသေးတယ်။ ဒါကို မင်းလုပ်နေတယ်။ မင်းမမြင်သေးတာပါ"

"ငါ မိဘကို အခုကျေးဇူးဆပ်နေတယ် . . ဟုတ်လား။ ရှင်းစမ်းပါဦး ငါလိုက်လို့ မမီတော့ဘူး"

"မိဘတွေ မသိနားမလည် အယူလွဲနေတာတွေကို ပြုပြင်ပေးနိုင်တာ၊ မိဘရဲ့အကျင့်စရိုက်အပြုအမူကို ပြုပြင်ပြောင်းလဲပေးနိုင်တာ၊ ကိုယ့်ကြောင့် မိဘအပေါ် လူအများက လေးစားကြည်ညိုခံရတာ အများအလယ်မှာ မျက်နှာပွင့်လန်းတာ၊ ကိုယ့်ကြောင့် မိဘ ဘုရားကောင်းချီးခံစားရတာ၊ ဒါတွေကလည်း ကျေးဇူးဆပ်တာပဲကွ . . . အခုမင်းကြည့်လေ မင်းရဲ့လုပ်ရပ်ကြောင့် မင်းမိဘမျက်နှာပွင့်ရပြီ၊ လူတွေလေးစားတာကိုလည်းခံရပြီ။ သားဦးကိုဆက်ကပ်တဲ့အတွက်လည်း ကောင်းချီးတွေ ပိုပြီးခံစားရမယ်။ မင်းအခုလို နေရာမျိုးရောက်သွားတော့ မင်းမိဘစိတ်ချမ်းသာရပြီ၊ ဘာမှတွေးပူစရာမလိုတော့ဘူး။ နောင်ဆို အမှုတော်ဆောင်ဖြစ်ရင် မိဘတွေဆီမှာ မကောင်းတဲ့စရိုက်အပြုအမူအယူအဆ

**သားဦးကို**
**ဆက်ကပ်တဲ့အတွက်လည်း**
**ကောင်းချီးတွေ**
**ပိုပြီးခံစားရမယ်။**
**မင်း အခုလို**
**နေရာမျိုးရောက်သွားတော့**
**မင်းမိဘ**
**စိတ်ချမ်းသာရပြီ**

တွေနဲ့ မင်း ပြုပြင်ပေးနိုင်ပြီ။ နောက်ဆိုရင်လည်း ကျေးဇူးဆပ်ဖို့ အခွင့်အရေးရှိလာမှာပါ။ အခွင့်အရေးက တဖြည်းဖြည်းနဲ့ ရောက်လာမှာပါ။ ဒါပေမဲ့ စောင့်တတ်ဖို့ပဲလိုတယ် . . . ။"

"မင်းပြောမှပဲ ငါ့ရင်ထဲက အလုံးကြီးကျသွားတော့တယ်. . . ကျေးဇူးတင်ပါတယ် သူငယ်ချင်း"

"မင်း အမှုတော်ဆောင်မယ်ဆိုတော့ မင်းကို ငါတစ်ခုပြောချင်တယ်။ လောကရဲ့နိယာမအရ ကြည့်မယ်ဆိုရင် လူတိုင်းဟာ ကိုယ်လိုချင်တာရဖို့အတွက် တစ်ခုခုပေးဆပ်ကြရတယ် . . . ။ ဒါပေမဲ့ သူငယ်ချင်း ကိုယ်လိုချင်တာရဖို့အတွက်ပဲ မပေးဆပ်ပါနဲ့။ ဘုရားရဲ့အလိုတော်ဖြစ်လာဖို့အတွက် ပေးဆပ်ပါကွာ . . . "

"စိတ်ချပါ သူငယ်ချင်း ဘုရားရဲ့အလိုတော်ပြည့်စုံဖို့အတွက် ငါအစေခံပါ့မယ်"

"စကားတွေ ကောင်းနေလိုက်တာ . . . နေမွန်းတည့်နေပြီ အချိန်တွေကလည်း ကုန်တာမြန်လိုက်တာ . . အတူတူဆော့၊ အတူတူစား၊ အတူသွားခဲ့တဲ့ သူငယ်ချင်းတောင် နောက်ဆို ဘုရားရဲ့အမှုတော်ဆောင်တစ်ယောက် ဖြစ်တော့မှာပါလား . . ငါ့မှာတော့ လောကရဲ့အနှောင်အဖွဲ့တွေထဲက မရုန်းထွက်နိုင်သေးဘူး . . ငါမင်းအတွက် အရမ်းဂုဏ်ယူတယ်ကွာ . . . "

"ကျေးဇူးပဲ သူငယ်ချင်းရာ၊ ငါအိမ်ထဲဝင်တော့မယ် . . . မင်းရော . . . "

"ငါခဏထိုင်နေဦးမယ်"

"အင်း . . သူငယ်ချင်း မင်းရွေးချယ်ခဲ့တာ သုခဘုံလေးပါ၊ မင်းလို သူညတွေလည်း သုခဘဝလေးကို ရွေးချယ်နိုင်ပါစေလို့ ငါ ဆုတောင်းမိပါတယ်ကွာ . . . "❑

# သစ္စာရှိခြင်း

ပြည့်ငြိမ်းအေး

တရားသူကြီးမှတ်စာတစ်ခုလုံး၌ ဘုရားသခင်သည် ကမ္ဘာဦးကျမ်းမှ တရားဟောရာကျမ်းအထိ မိမိ၏ ကတိတော်များကို သစ္စာရှိစွာစောင့်ရှောက်ခဲ့ကြောင်း တွေ့ရပါသည်။ ပြစ်ဒဏ်ခတ်ခြင်းအမှုကို ဘုရားသခင်ပြုလုပ်ခြင်းရှိသော်လည်း အာဗြဟံ၊ ဣဇက်၊ ယာကုပ်တို့၏ သားစဉ်မြေးဆက်တို့အား ခါနန်ပြည်ကိုပေးမည်ဟု ကတိပေးခဲ့သည့်အတိုင်း မေတ္တာကရုဏာရှိသောဘုရား၊ အပြစ်လွှတ်သောဘုရားဖြစ်ကြောင်းကိုလည်း ဖော်ပြနေသည်။ ၂တိ ၂း၁၃ တွင် တမန်တော်ကြီး ရှင်ပေါလု မိန့်ဆိုသကဲ့သို့ "ငါတို့သည် မယုံကြည်သော်လည်း၊ ထိုသခင်သည် သစ္စာတည်သဖြင့် ကိုယ်ကိုငြင်းပယ်တော်မမူနိုင်" ဟူသောအရာကို ညွှန်ပြကြောင်း သိဖို့ရန် လိုအပ်နေပါသည်။

တရားသူကြီး (၂၃-၂၈) တွင် ရှမာရိမြို့နှင့် ယေရုရှလင်မြို့ကို တရားစီရင်ခြင်းအကြောင်း ဖော်ပြရာ၌ တောထဲ၌ ကြသရေလလူမျိုးများနှင့်ဘုရားသခင်ပြုခဲ့သော ကောင်းချီးမင်္ဂလာနှင့်ကျိန်ခြင်းအမင်္ဂလာပါရှိသည့် ပဋိညာဉ်အပေါ် ဘုရားသခင်၏သစ္စာရှိခြင်းကို ထင်ရှားစွာ ဖော်ပြနေခြင်းဖြစ်သည်။ သို့သော် ဘုရားသခင်သည် ဒါဝိဒ်မင်းနှင့် ထာဝရပဋိညာဉ်ဖွဲ့ခဲ့ခြင်းက ဘုရားသခင်၏ကတိသစ္စာကိုဖော်ပြနေခြင်းဖြစ်သည်။ မြောက်ပိုင်းနိုင်ငံသည် လုံးဝဖျက်ဆီးပစ်ခြင်းခံရသော်လည်း ယုဒအမျိုးစုကိုဖျက်ဆီးခံရမည့်ဘေးမှ လွတ်စေခဲ့ခြင်းဖြစ်သည်။ ဒါဝိဒ်အား ပေးသောကတိတော်အပေါ် ဘုရားသခင်၏သစ္စာရှိခြင်းကို ပြဆိုခြင်းပင်ဖြစ်သည်။

အာသလိသည် ဒါဝိဒ်မင်း၏မင်းမျိုးမင်းနွယ်တစ်ခုလုံးကို သုတ်သင်ဖယ်ရှားရန်ကြိုးစားသော်လည်း ထာဝရဘုရားသည် ယောရှေ၏အသက်တာကို ကယ်တင်ခဲ့သည်။ ထို့နောက် ခြောက်နှစ်ကြာသောအခါ ယောယဒက ထိုသူငယ်အား ဘုရင်အရာ၌ချီးမြှောက်ခဲ့သည်။ တာဗုလုန်နိုင်ငံသို့ သိမ်းသွင်းခြင်းခံရစဉ်တွင်ပင် ထာဝရဘုရားသည် တော်ဝင်မျိုးနွယ်မိသားစုကို မပျောက်ပျက်အောင်ထိန်းသိမ်းခဲ့ပြီး နောက်ဆုံးတွင် သူငယ်တော်ယေရှုကို ပေါ်ထွန်းစေခဲ့သည်။ (ဓမ္မရာဇဝင်စတုတ္ထစောင်သည် မျှော်လင့်ခြင်းဖြင့် အဆုံးသတ်ရခြင်းမှာ ကတိတော့်အတိုင်းပြုတော်မူသော ဘုရားသခင်၏သစ္စာရှိခြင်းကို အောက်မေ့သတိရနေရန်ဖြစ်သည်။)

ဘုရားသခင်၏သစ္စာတော်တရားသည် ဘုရားသခင်၏ဂုဏ်တော်များအနက်တစ်ခု ဖြစ်သည်။ သမ္မာကျမ်းစာတစ်အုပ်လုံးတွင် ဘုရားသခင်သည် မိမိပြုထားသောကတိတော်ကို အစဉ်စောင့်ထိန်းကြောင်းတွေ့ရပါသည်။ ဥပမာအားဖြင့် အာဗြဟံ၏ အမျိုးအနွယ်အား ခါနန်ပြည်ကိုပေးမည် ဟူသောကတိတော်ကို ပြည့်စုံစေခြင်း (ယောရှု ၁၄း၁) နှင့် မိမိ၏လူမျိုးတော်ကို ဘယ်သောအခါမှ အစဉ်မစွန့်ပစ်ဟူသော ကတိတော်ကို စောင့်ထိန်းခြင်း (ဟေရှာ ၁၀း၂၀) တို့တွင် ထင်ရှားစွာ တွေ့ရပါသည်။

ဘုရားသခင်၏သစ္စာတော်နှင့် စပ်လျဉ်းသည့် အထင်ရှားဆုံးသောသာဓကမှာ ဘုရားသခင်၏ကတိတော်အလုံးစုံကို ပြည့်စုံစေခဲ့သည်။ ယေရှုခရစ်တော်တည်းဟူသော မိမိ၏သားတော်ကို စေလွှတ်ခဲ့သည့် သာဓကပင်ဖြစ်၏။ သမ္မာကျမ်းစာတွင် ဘုရားသခင်၏ သစ္စာတော်နှင့် ဘုရားသခင်၏ခိုင်မြဲသောမေတ္တာတော်ကို မကြာခဏပင် ဆက်စပ်ဖော်ပြထားသည်ကို သတိပြုနိုင်ပါသည်။ ဘုရားသခင်သည် သစ္စာရှိတော်မူသောကြောင့် နှုတ်ကပတ်တော်သည်လည်း သစ္စာရှိ၍ ယုံကြည်ကိုးစားထိုက်လှသည်။

ဘုရားသခင်သည် သစ္စာရှိတော်မူသောကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်ကို လုံးဝအမှီပြု၍ ယုံကြည်ကိုးစားသင့်လှပေသည်။ ကျွန်ုပ်တို့သည် ခရစ်တော်၏သစ္စာရှိခြင်းကိုအတုယူ၍ အသက်ရှင်နေသောကြောင့် သစ္စာရှိခြင်းသည် ခရစ်ယာန်အသက်တာ၏ ထူးခြားသောအရည်အချင်းတစ်ခုအဖြစ် ရှိနေသင့်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့ကို သူတစ်ပါးက ယုံကြည်အားကိုးနိုင်သော အရည်အချင်းရှိသည့်လူများ ဖြစ်စေနိုင်သည်။ သစ္စာရှိခြင်းသည် ဝိညာဉ်အသီးတစ်ခုပင်ဖြစ်သည် (ဂလာတိ ၅း၂၂-၂၃)။

ဓမ္မဟောင်းကျမ်းသည် ထာဝရဘုရားသခင်ဘက်မှသစ္စာရှိခြင်း၊ ကတိတည်ခြင်းအကြောင်းကိုဖော်ပြသကဲ့သို့ ဓမ္မသစ်အပိုင်းတွင်လည်း ခရစ်တော်ယေရှု၏သစ္စာတည်ရှိမှုကို ပြည့်ဝစွာအာမခံချက်ပေး၍ ဖော်ပြထားသည်။ ယေရှုခရစ်တော်ကတိသစ္စာတည်ရှိ၍ ကမ္ဘာလောကကြီးတစ်ခုလုံးသည် လုံးဝပျက်သုဉ်းသည့်အဆင့်သို့မရောက်ရှိခြင်းပင်ဖြစ်သည်။ နှစ်ပေါင်းနှစ်ထောင်အတွင်း ယေရှုခရစ်တော်သည် ပေးထားသောကတိတော်အတိုင်းပြုသွားသောလက္ခဏာ မြောက်မြားစွာရှိခဲ့သည်။

မည်သည့်ဘေးအန္တရာယ်နှင့် တွေ့ကြုံရင်ဆိုင်ရစေကာမူ ရန်တိုက်ဖြတ်ကျော်ရန်အသင့်ရှိခြင်း၊ မည်မျှခက်ခဲသောပြဿနာက မဖြေမနေကို ရင်ဆိုင်စေကာမူ ဖြေရှင်းရန်လက်မနှေးခြင်း၊ မည်ကဲ့သို့သော သဘာဝဘေးဒဏ်နှင့်ရင်ဆိုင်ရစေကာမူ ကြံ့ကြံ့ခံတွန်းလှန်ရန် ကြိုးဆိုနေခြင်း၊ အဆုံး၌ မိမိအသက်ကိုပင် စွန့်လွှတ်ပေးဆပ်ရသည့်တိုင်ဖြစ်လာသည့် အချင်းအရာကို ရင်ဆိုင်ရန် မတွန့်ဆုတ်ခြင်းတို့သည် ယေရှုခရစ်တော်ပေးထားသောကတိသစ္စာကို ခိုင်မြဲစွာယုံကြည်ခြင်း၏ အကြောင်းတရားဖြစ်သည်။ အကျိုးဆက်မှာမူ ယနေ့ကမ္ဘာပေါ်တွင် မရေမတွက်နိုင်သော ယုံကြည်သူများသည် ယေရှုခရစ်တော်၏ကတိသစ္စာအပေါ် ကျေးဇူးတော်အဆက်မပြတ် ချီးမွမ်းနေခြင်းပင်ဖြစ်သည်။

တမန်တော်ခေတ်မှသည် ယနေ့ခေတ်တိုင်အောင် ခေါင်းဆောင်များနှင့် တပည့်တော်အပိုင်းတွင် သစ္စာတည်ခြင်း၊ ကတိတည်ခြင်းတို့တွင် စောင့်ထိန်းနိုင်သူရှိသကဲ့သို့ မစောင့်ထိန်းနိုင်သူလည်း ရှိခဲ့သည်။ သစ္စာကတိမတည်သောအသင်းတော်များသည် တစ်စတစ်စ ပြိုကွဲပျက်စီးခြင်းကိန်းနှင့် ကြုံဆုံနေရကြရပေမည်။ ဤအချက်သည် အသင်းတော်အတွင်း၌သာမဟုတ်၊ ကမ္ဘာလောကကြီးတစ်ခုလုံး လုံခြုံရန် သုံးသပ်

**ပညာရေးနယ်ပယ်ကိုကြည့်လျှင် ကတိသစ္စာမရှိကြောင့် တတ်သည့်ပညာက ကမ္ဘာလောကကြီးကို ပြန်လည်အန္တရာယ်ပြု လာနေပြီဖြစ်သည်။**

သော် ဘုရားသခင်အပေါ်တွင် သစ္စာဖောက်ခြင်း၏ အကျိုးဆက်ကို သိသာစွာဖြစ်စေ၊ မသိမသာဖြစ်စေ တဖြည်းဖြည်း ခံစားလာနေရပြီးဖြစ်ကြောင်း တွေ့ရှိကြရမည်ဖြစ်သည်။

နိုင်ငံရေးနယ်ပယ်ကိုကြည့်လျှင် ကတိသစ္စာမရှိသောကြောင့် ဆိုးကျိုးကိုရင်ဆိုင်နေရသည်။ စီးပွားရေးနယ်ပယ်ကိုကြည့်လျှင် ကတိသစ္စာမရှိသောကြောင့် အခက်အခဲကြီးမားစွာဖြစ်ပေါ်နေသည်။ လူမှုရေးနယ်ပယ်ကိုကြည့်လျှင် ကတိသစ္စာမရှိသောကြောင့် ပျက်စီးယိုယွင်းသည့်အသွင်သဏ္ဍာန်ကို ထင်သာမြင်သာမြင်နေရသည်။ ကျန်းမာရေးနယ်ပယ်ကိုကြည့်လျှင် ကတိသစ္စာမရှိသောကြောင့် ဆေးဝါးမရှိသောရောဂါဝေဒနာများ အသစ်ပေါ်လာလျက်ရှိသည်။ ပညာရေးနယ်ပယ်ကို ကြည့်လျှင် ကတိသစ္စာမရှိကြောင့် တတ်သည့်ပညာက ကမ္ဘာလောကကြီးကို ပြန်လည်အန္တရာယ်ပြုလာနေပြီဖြစ်သည်။

သိပ္ပံပညာမည်မျှထွန်းကားသည်ဆိုစေကာမူ ကျန်းမာရေးပညာ မည်မျှတိုးတက်သည်ဆိုစေကာမူ ယနေ့ ဘုရားသခင်အပေါ် သစ္စာနှင့်ကတိမတည်နိုင်မှုကြောင့် သဘာဝဘေးအန္တရာယ်ကိုလည်း အပြည့်အဝ မကာကွယ်နိုင်၊ ရောဂါဘယကိုလည်း ထိထိရောက်ရောက် မကုသနိုင်သည့်အဖြစ်အနေသို့ ရောက်ရှိနေသည်။

ကတိသစ္စာတရားနှင့်ပတ်သက်၍ မိဘအပေါ်၊ ဆရာသမားအပေါ်၊ လုပ်ငန်းခွင်အပေါ်၊ မိမိချစ်သူအပေါ်၊ မိမိဇနီးခင်ပွန်းအပေါ်၊ မိမိသူငယ်ချင်းမိတ်ဆွေအပေါ်၊ မိမိလုပ်ဖော်ဆောင်ဖက်အပေါ်၊ မိမိတိုင်းပြည်နှင့်လူမျိုးအပေါ်၊ မိမိအသင်းတော်အပေါ်၊ မိမိယုံကြည်ကိုးကွယ်သောယေရှုခရစ်တော် ထာဝရဘုရားသခင်အပေါ် မည်မျှကတိသစ္စာတည်ကြောင်းပင်ဖြစ်သည်။

ယေရှုခရစ်တော်အပေါ်ထားရှိသော ကတိသစ္စာ အမှန်တကယ်တည်လျှင် လူ့အဖွဲ့အစည်းတစ်ခုလုံးအပေါ်ထားရှိရမည့်ကတိသစ္စာသည်လည်း အလိုအလျောက်တည်ပြီးသားဖြစ်ပေသည်။ ယနေ့ဖြစ်ပျက်နေသောကတိပျက်ခြင်း၊ သစ္စာမရှိခြင်းတို့သည် မိမိယုံကြည်ကိုးကွယ်ပါသည်ဆိုသော ဘုရားသခင်အပေါ် ယုံကြည်မှုအားနည်းခြင်းမှ စတင်လာပါသည်။ အခြေအနေအရပ်ရပ်ကြောင့် ဘုရားသခင်ထက် မိမိကိုယ်မိမိအားကိုးခြင်းသည် ဘုရားသခင်ဘက်မှထားရှိသည့် ကတိသစ္စာကိုအလေးမမူခြင်း၊ ဂရုမစိုက်ခြင်း၊ ဥပေက္ခာပြုခြင်းသဘောမည်သည်။

တစ်နည်းအားဖြင့် ဘုရားသခင်အပေါ်တည်ရမည့်ကတိနှင့် သစ္စာပျက်ယွင်းရခြင်းသည် ဘုရားသခင်ကိုကြောက်ရွံ့စိတ်မရှိခြင်း၊ ရှိသေကိုင်းရှိုင်းရမည်ကိုနားမလည်ခြင်း၊ အားကိုးခိုလှုံရမည်ကိုသဘောမပေါက်ခြင်း၊ ဝတ်ပြုကိုးကွယ်ရမည်ကို အမေ့လျော့ခံခြင်း၊ အလိုတော်ကိုဝန်ခံခြင်း၊ သွန်သင်သောတရားတော်ကို လက်မခံခြင်းတို့ကြောင့်ပင်ဖြစ်သည်။

ဘုရားသခင်ဘက်မှ ထာဝရသစ္စာတည်နေပါလျက် မိမိဘက်မှသစ္စာမဲ့ခြင်း (သို့မဟုတ်) သစ္စာဖောက်



လိုက်ခြင်းကြောင့် ခံစားလာရမည့် အကျိုးဆက်ကား မဖော်ပြဖွံ့အောင် ကြောက်မက်ဖွယ်ကောင်းနေပါသည်။ မိမိမှသည် သားသမီး၊ သားသမီးမှသည် လူ့ပတ်ဝန်းကျင်၊ လူ့ပတ်ဝန်းကျင်မှသည် တစ်ကမ္ဘာလုံး ကူးစက်ပြန့်ပွားသွားနိုင်သောကြောင့်၊ ကတိနှင့်သစ္စာတရား၏ အတိမ်အနက်ကို အလေးအနက်ထား ဆင်ခြင်ရန် လိုအပ်ပေသည်။

ဘုရားသခင်သည် နာမ်ဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သောသူတို့သည် နာမ်ဝိညာဉ်နှင့်လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း ကိုးကွယ်ရမည်ဟု ထာဝရဘုရား မိန့်တော်မူခဲ့သည်။

နာမ်ဝိညာဉ်ဆိုရာ၌ ဝိညာဉ်တည်းဟူသော အသက်မရှိလျှင် လူသည် အသေဖြစ်သည်။ တစ်နည်းအားဖြင့် သစ္စာမရှိသောသူတို့၏ဝိညာဉ်သည်လည်း အသေပင်ဖြစ်သည်။ အပြစ်၏အဖိုးအခသည်လည်း သေခြင်းဖြစ်၍ သစ္စာမဲ့ခြင်း၏ပေးဆပ်မှုသည်လည်း သေခြင်းပင်ဖြစ်သည်။

သစ္စာမဲ့ခြင်း၊ မိမိတို့၏အပြစ်များကို ဝန်ချတောင်းပန်ခြင်းမပြု၊ အပြစ်လွှတ်ပါရန် တောင်းခံခြင်း မရှိသောအပြစ်သားများသည် ရုပ်ခန္ဓာအားဖြင့် အသက်ရှင်နေသော်လည်း သေနေသောသူများဖြစ်သည်။ ဤကဲ့သို့ ဝိညာဉ်ရေး၌သေသောသူတို့သည် နောက်ဆုံး၌ ထာဝရသေခြင်းတွင် အဆုံးသတ်ရသည်။ ထို့နောက် ဘုရားသခင်၏ထာဝရပြစ်ဒဏ်ခြင်းခံရပေမည်။ ဤသို့သော သေခြင်းကို ဒုတိယသေခြင်းဟုလည်း ခေါ်ဆိုသည်။

ဝိညာဉ်သေခြင်းမှလွတ်မြောက်နိုင်သည့် တစ်ခုတည်းသောနည်းလမ်းမှာ ဘုရားသခင်အပေါ် ထာဝရသစ္စာထားရှိပြီး ခရစ်တော်အားဖြင့် ဝိညာဉ်ရေး၌မွေးဖွားခြင်း (ဒုတိယမွေးဖွားခြင်း) ပင်ဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ယေရှုကိုယုံကြည်သောအခါ သစ္စာတရားပြည့်ဝလာပါက သေခြင်းမှထမြောက်ပြီး ကိုယ်တော်၌အသစ်သောအသက်တာကို အမှန်ရရှိမည်ဖြစ်သည်။ သို့မဟုတ်ပါက ထာဝရသေခြင်းတွင် အဆုံးသတ်ခြင်းခံရပေမည်။

သစ္စာဖောက်သူ၊ သစ္စာမရှိသူ၊ ကတိမတည်သူ၊ ကတိပျက်သူများအတွက် ထိုက်တန်သောပြစ်ဒဏ်မှာ ထာဝရသေခြင်းတွင် အဆုံးသတ်ခြင်းပင်ဖြစ်သည်။

သစ္စာရှိခြင်းနှင့်ပတ်သက်၍ စဉ်းစားဆင်ခြင်ဖွယ်အကြောင်းအရာ မြောက်မြားစွာရှိနေသည်။ သမ္မာကျမ်းအဆိုအရ သေးငယ်သောအမှုကိစ္စအပေါ် သစ္စာမရှိလျှင်၊ ဘုရားသခင်ကို ဟန်ဆောင်ကိုးကွယ်လျှင် သစ္စာပျက်ကွက်ရန် မခဲယဉ်းလှပေ။

ကမ္ဘာလောကကြီးသည် သစ္စာတရားဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။ သစ္စာပျက်ခြင်းကြောင့် ကမ္ဘာလောကကြီးသည် တစ်စတစ်စ ပျက်စီးယိုယွင်းလျက်ရှိသည်။ ဘုရားသခင်ဖန်ဆင်းပေးသနားတော်မူသော ကမ္ဘာလောကကြီးကို သစ္စာမဲ့စွာ ဆက်ဆံပြုမူသောကြောင့် သစ္စာမဲ့ခြင်း၏အပြစ်ဒဏ်ကို တမြေ့မြေ့ ခံစားလာကြရသည်။ ယနေ့ ဖြစ်ပျက်နေသော အနိဋ္ဌာရုံဟူသည် မေတ္တာတရားမရှိခြင်းကြောင့်ပင်ဖြစ်သည်။ မေတ္တာမရှိခြင်းသည် သစ္စာမရှိခြင်းကြောင့်ဖြစ်

**အပြစ်၏အဖိုးအခသည်လည်း သေခြင်းဖြစ်၍ သစ္စာမဲ့ခြင်း၏ပေးဆပ်မှုသည်လည်း သေခြင်းပင်ဖြစ်သည်**

သကဲ့သို့ သစ္စာမရှိခြင်းသည်လည်း မေတ္တာမရှိခြင်း ကြောင့်ပင်ဖြစ်သည်။

အသင်းတော်အတွင်း၌လည်း သစ္စာပျက်မှုများစွာ ဖြစ်ပေါ်လျက်ရှိသည်။ အသင်းတော်ခေါင်းဆောင်တို့သည် ခေါင်းဆောင်နေရာ၌ အသင်းတော်အပေါ် နေ့စဉ်နှင့်အမျှ သစ္စာဖောက်နေကြသည်။ တပည့်တော်များသည်လည်း တပည့်တော်နေရာမှနေ၍ အသင်းတော်အပေါ် သစ္စာမရှိဖြစ်နေကြသည်။ ယေရှုခရစ်တော်ဟူသောစကားလုံးကို တွင်ကျယ်စွာသုံးရင်း သစ္စာမရှိသောအပြုအမူများကို ပြုမူနေကြသည်။ သမ္မာကျမ်းစာနှုတ်ကပတ်တော် ဟူသောစကားလုံးကို အာဘောင်အာရင်းသန်စွာအော်နေရင်း သစ္စာမဲ့သည့်လုပ်ရပ်များကို ကျူးလွန်နေကြသည်။

ယုံကြည်မှုအပိုင်းတွင်လည်း တည်ကြည်မှုမရှိတော့၊ ကိုးကွယ်မှုအပိုင်းတွင်လည်း လျော့ရဲနိုင်လာသည်။ လျှုဒါန်းမှုအပိုင်းတွင်လည်း ဝတ်ကျေတန်းကျေသာ လှူဒါန်းနေကြသည်။ အသင်းတော်ရေးရာတွင်လည်း စိတ်ပါဝင်စားမှုမရှိတော့ဘဲ ကျောခိုင်းလာကြသည်။ အသင်းတော်အရေးထက်မိမိကိုယ်ရေးကိုယ်တာကို အဓိကထား ဦးစားပေးနေကြသည်။

**ဘုရားသခင်**
**ဖန်ဆင်းပေးသနားတော်မူသော**
**ကမ္ဘာလောကကြီးကို**
**သစ္စာမဲ့စွာ**
**ဆက်ဆံပြုမူသောကြောင့်**
**သစ္စာမဲ့ခြင်း၏အပြစ်ဒဏ်ကို**
**တမြေ့မြေ့**
**ခံစားလာကြရသည်။**

ယုံကြည်သူဟု အမည်ခံထားသူများသည် မိမိ၏နာမ်ဝိညာဉ်ရေးကိုပင် မထိမဲ့မြင်ပြုမူလာသည်။ သူတစ်ပါးအလယ် မကောင်းသောပုံသက်သေများကို ပြလာကြသည်။ သူတစ်ပါးအကျိုးကိုသယ်ပိုးရမည်ထက် မိမိအကျိုး၊ မိမိ၏မိသားစုအကျိုးကိုသာ သယ်ပိုးလာကြသည်။ မှန်ကန်ဖြောင့်မတ်သောလေ့လာသင်ကြားမှု ပြုရမည်ထက် မမှန်မကန်သော၊ မကျင့်ကြံမလိုက်လျှောက်အပ်သောအရာများကို လေ့လာစူးစမ်းမှုများပြုလုပ်နေကြသည်။ မေတ္တာတရားကိုအခြေခံသော စစ်မှန်သည့်ပေါင်းသင်းဆက်ဆံမိတ်သဟာယဖွဲ့ရမည့်အစား၊ ရန်ငြိုး၊ ရန်တေး၊ အမုန်းတရားတို့ဖြင့် လူ့အသိုင်းအဝိုင်းကိုတည်ဆောက်လာကြသည်။ ဤအချင်းအရာအားလုံးသည် ဘုရားသခင်အပေါ်ကိုသော်လည်းကောင်း၊ အသင်းတော်အပေါ်ကိုသော်လည်းကောင်း သစ္စာဖောက်ခြင်း၊ သစ္စာပျက်ယွင်းခြင်း၊ ကတိများကိုဖျက်ခြင်းမည်ပေသည်။

အာဒံနှင့်ဧဝမှစ၍ သစ္စာမရှိသောဣသရေလလူမျိုးများ၊ သစ္စာမရှိသောဘုရင်များ၊ သစ္စာမရှိသောပရောဖက်များမှစ၍ အသပြာသုံးဆယ်အတွက် ယေရှုခရစ်တော်အပေါ် သစ္စာဖောက်ခဲ့သော ယုဒရှကာယုတ်အထိ မည်သူမျှ ဇာတ်သိမ်းမကောင်းခဲ့ချေ။ သစ္စာမဲ့မှုကြောင့် အများနှင့်အတူ ခံစားရမည့်အပြစ်ဒဏ်၊ မိမိတစ်ဦးတည်းခံယူရမည့်အပြစ်ဒဏ်တို့သည် မဝေးဝံ့စရာ ဤကမ္ဘာ၌ဖြစ်ပျက်နေပြီဖြစ်သောကြောင့် အချိန်မီ သစ္စာတရားကို ပြန်လည်တည်ဆောက်ယူရန် အချိန်အခါက တောင်းဆိုနေပြီဖြစ်သည်။

သစ္စာမဲ့ခြင်း၊ သစ္စာမရှိခြင်း၊ သစ္စာဖောက်ခြင်းသည် မိမိတစ်ဦးတည်းက ပြုမူခဲ့သည့်တိုင်၊ ၎င်း၏အကျိုးဆက်ကို သားစဉ်မြေးဆက်ခံစားရမည်ဖြစ်၍ ဘုရားသခင်အပေါ် ပြန်လည်ပဋိညာဉ်ပြုရန် အချိန်တန်ပြီဖြစ်သည်။ ဣသရေလလူမျိုး တည်းဟူသော အစ္စရေးလူမျိုးတို့သည် ဘုရားသခင်အပေါ် သစ္စာမဲ့မှုကြောင့် ယနေ့တိုင်ပေးဆပ်နေရသည့်ဖြစ်ရပ်ကို သင်ခန်းစာယူရင်း၊ ဘုရားသခင်နှင့် အသင်းတော်အပေါ်၌ နိုင်မာမြဲမြံသော ကတိသစ္စာကို ရဲရဲဝံ့ဝံ့ ပြန်လည်တည်ဆောက်သွားရမည်ဖြစ်သည်။

သစ္စာတည်ခြင်း၊ သစ္စာစောင့်ခြင်း၊ သစ္စာရှိခြင်း၊ ကတိတည်ခြင်း စသည့်ကျင့်သုံးဆောက်တည်သူအတွက် ပြင်းထန်သောပေးဆပ်မှုရှိသည်။ သစ္စာတရားကို လက်ကိုင်ထားခြင်းကြောင့် လူလုံးမလှ ဖြစ်နိုင်သည်။ အနေအစား အဆင်မပြေဖြစ်နိုင်သည်။ ဘဝရှင်သန်မှုနွေးကွေးနိုင်မည်။ မိသားစုဘဝ ဝမ်းမဝ၊ ခါးမလှ ဖြစ်နိုင်သည်။ အဆုံးစွန်သောဖြစ်နိုင်ခြေမှာ အသက်ကိုပင်စွန့်သင့်ရင် စွန့်လွှတ်ရမည်ဖြစ်သည်။

ဘုရားသခင်အပေါ် သစ္စာရှိစွာ နာခံမှုလိုက်လျှောက်သည့်သဘောကိုဖော်ပြသည့်အချက်မှာ ယေရှုခရစ်တော်သည် ကားတိုင်ပေါ်တွင် အသက်စွန့်ခဲ့ခြင်းပင်ဖြစ်သည်။ ယုံကြည်စိတ်ချရသော တမန်တော်ကြီးများ၏သစ္စာရှိမှုကြောင့် အသင်းတော်ကြီးသည် အရှိန်အဟုန်နှင့်ကြီးပွားလာသော်လည်း ၎င်းတို့ကိုယ်၌ကမူ အသက်ဖြင့်လဲခဲ့ရသည်။

ယေရှုခရစ်၏အမှုတော်ကို ထမ်းဆောင်ခွင့်ရသောကြောင့် မော်ကော်ကား ကိုယ်ပိုင်စီးလာနိုင်သည်။ ငွေကြေးဥစ္စာချမ်းသာတိုက်အိမ်ဆောက်လာနိုင်သည်။ နဂိုကတည်းက လာသည်ဟူ၍ ဤလောကတွင်မရှိပြီ။ အမှုတော်ထမ်းချမ်းသာကြွယ်ဝသည့်အခြေအနေမှ အမှုတော်ထမ်းဆောင်သူကိုမဆိုလို။ လက်ချည်းသက်သက် စွန့်လွှတ်စွန့်စား၊ သစ္စာတရားလက်ကိုင်ထား၍ အမှုတော်ထမ်းရွက်သူစစ်မှန်လျှင် ဝေဒနာကိုရင်ဝယ်ပိုက်ရင်း သက်ဆုံးတိုင်အနစ်နာခံသွားဖို့ရန်သာရှိသည်။

သစ္စာတရားဆိုသည်မှာ မေတ္တာတရားနှင့်ထပ်တူထပ်မျှ သဘောဆောင်သည်။ ရယူပိုင်ဆိုင်လိုသည့်သဘောမရှိ။ ပေးဆပ်ရန်သက်သက်ဖြစ်သော

**သစ္စာတည်ခြင်း၊**
**သစ္စာစောင့်ခြင်း၊**
**သစ္စာရှိခြင်း၊**
**ကတိတည်ခြင်း စသည့်**
**ကျင့်သုံးဆောက်တည်သူအတွက်**
**ပြင်းထန်သောပေးဆပ်မှုရှိသည်။**

ကြောင့် သစ္စာတရားကို လူအတော်များများက ဝေးဝေးမှ ရှောင်ကွင်းသွားကြသည်။

ခေါင်းဆောင်ဖြစ်စေ၊ တပည့်တော်ဖြစ်စေ ခရစ်တော်နှင့် အသင်းတော်အပေါ် သစ္စာရှိသူမှုကား မည်သည့်တန်ဖိုးနှင့်မျှ နှိုင်းယှဉ်မရသော မည်သည့်အဖိုးအနဂ္ဃနှင့်မျှ ချင့်တွက်၍မရသောကောင်းကင်နိုင်ငံဆိုင်ရာသရဖူကို အမှန်တကယ် ဆွတ်ခူးရမည်ကားအသေအချာပင်ဖြစ်သည်။ သစ္စာရှိခြင်းသည် ဤဘဝ၏တစ်ခဏအတွက်မဟုတ်၊နောင်ဘဝ၏ထာဝရအတွက်ဖြစ်သောကြောင့် လူသည် မိမိကြိုက်နှစ်သက်မှုကို မိမိလိုသလို ရွေးချယ်သွားခွင့်ရှိပေသည်။

ကတိသစ္စာတည်သောလူသားတစ်ဦး၏ ဂုဏ်သိက္ခာထက်၊ အခြားမည်သည့်မြင့်မြတ်သောအချင်းအရာဟူ၍ ဤလောကတွင်မရှိပြီ။ □



# ငြိမ်းချမ်းခြင်း၏အရှင်

## Sarah

ကျွန်မဟာ ဆင်းရဲတဲ့ရပ်ကွက်လေးမှာ ကြီးပြင်းလာခဲ့ပါတယ်။ ကျွန်မသိတတ်စရွယ်က စပြီး ပတ်ဝန်းကျင်ကို သတိထားမိလာပါတယ်။ ကျွန်မရဲ့စိတ်ထဲမှာစဉ်းစားမိတာက ပစ္စည်းဥစ္စာချို့တဲ့ရင် မေတ္တာတရားလည်း ချို့တဲ့တတ်သလားပေါ့။ ကျွန်မရဲ့မိသားစုထဲမှာတောင် တချို့က မေတ္တာတရားကို လျစ်လျူရှုထားကြတယ်။ ကျွန်မအသိဉာဏ်တွေ ပွင့်လင်းလာတာနှင့်အမျှ လက်ရှိပတ်ဝန်းကျင်မှာ မပျော်တော့ဘူး။ အားငယ်လာမိတယ်။ ကြောက်ရွံ့မှုတွေ ဖြစ်လာတယ်။ ဒီလောကကြီးမှာ ငါ့အတွက် ဘယ်လိုအရာကမှ နှစ်သိမ့်မှုပေးနိုင်မှာလဲ၊ ဘယ်သူ့ကို စိတ်ချယုံကြည်ရမှာလဲ ဆိုတာ စဉ်းစားလာမိတယ်။ ဒီလိုအခြေအနေမျိုးနဲ့ပဲ အနှစ်နှစ်ဆယ်လောက်ကြာလာခဲ့ပါတယ်။ ကျွန်မအသက်တာမှာ ကျဆုံးမှုတွေ အမျိုးမျိုးနဲ့ရင်ဆိုင်ခဲ့ရသည်။ နာကျင်စရာအတိတ်ကာလကိုပြန်စဉ်းစားတဲ့အခါ သမ္မာကျမ်းစာကသာ ကျွန်မကို သက်သာမှုပေးစွမ်းနိုင်တာကို သိလာရတယ်။ မေတ္တာတရားဆိုတာ ယေရှုခရစ်ဆီမှာပဲ အပြည့်အဝရှိတယ်ဆိုတာကိုလည်း သိရှိလာရတယ်။ ဒါကြောင့် ကျွန်မရဲ့မေတ္တာတရားနဲ့ ခရစ်တော်ရဲ့မေတ္တာတရားကို ပေါင်းစပ်ပြီး လောကကြီးကိုနှစ်သိမ့်မယ်၊ အစေခံမယ် ဆိုတဲ့ဆုံးဖြတ်ချက်နဲ့ ကျွန်မရဲ့အသက်တာကိုပြင်ဆင်ဖို့ ဓမ္မတက္ကသိုလ်ကိုတက်ရောက်လာခဲ့တယ်။

ကျွန်မရဲ့မျှော်လင့်ချက်ကမ္ဘာလေးထဲမှာ ဓမ္မတက္ကသိုလ်ဟာ ကောင်းကင်နိုင်ငံလေးလို့ သတ်မှတ်မိပါတယ်။ ဒါပေမဲ့ လောကလူသားတွေချည်းပဲနေထိုင်ကြတာမို့ လူ့သဘောသဘာဝကိုသာ တွေ့နေရပြန်ပါ တယ်။ တစ်ခါတလေ ကျွန်မဟာ လူ့သဘောသဘာဝထဲကို ရောက်သွားလိုက်၊ ခရစ်တော်ဘုရားနဲ့ထိတွေ့လိုက်နဲ့ပဲ အလုပ်ရှုပ်နေမိတယ်။ အချိန်တော်တော်များများဟာ လောကရဲ့တပ်မက်မှုတွေကြားမှာ ဦးတည်မှေးမှိန်ပြီးအလုပ်ရှုပ်နေမိတယ်။ အလိုမပြည့်ရင် ကျွန်မစိတ်ဓာတ်ကျတယ်။ စိတ်ပျက်တယ်။ အောင်မြင်မှုတွေ၊ ကျေးဇူးတော်တွေကိုရရှိခံစားရရင် ကျေးဇူးတော်ချီးမွမ်းတယ်။ စိတ်ပျက်စရာတွေတွေ့ရင် ဘုရားကိုမေ့တယ်။ စိတ်ဓာတ်ကျတယ်။ ဒီလိုနဲ့ပဲ သံသရာလည်နေလိုက်တာ ၂၀၀၆ ခုနှစ်ရဲ့ (၅) လပိုင်းလောက်မှာ ဘုန်းတော်ကြီးတစ်ပါးရဲ့တရားဒေသနာဟာ ကျွန်မနှလုံးသားကို တိုက်ရိုက်ထိသွားပါတယ်။ "ဘုရားသခင်ကို ကားဘီးအပိုလို လိုအပ်မှတပ်ဆင်ပြီးတော့ မလိုအပ်ရင် သတိမရတာမျိုး မလုပ်ရဘူး။ ဘုရားသခင်ကို အချိန်တိုင်း သတိရရမယ်။ အချိန်တိုင်းဆက်သွယ်ရမယ်" ဆိုတဲ့စကားစုလေးဟာ ကျွန်မအတွက် သီးသန့်ဖြစ်တယ်လို့ခံယူလိုက်မိပါတယ်။ အဲဒီအချိန်ကစပြီး ဘုရားနဲ့စကား အများကြီးပြောဖြစ်လာပါတယ်။ ဘုရားသခင်ကိုလည်း ထင်ရှားစွာ တွေ့မြင်လာပါတယ်။ အသက်တာဟာလည်းငြိမ်းချမ်းလာတယ်။ သောကဆိုတာလည်း မရှိသလောက် ရှားသွားပါတယ်။ ယောဘဝတ္ထု ၂၂း၂၁ ဟာ ကျွန်မဘဝရဲ့ပဲ့ကိုင်ရှင်ပါပဲ "ဘုရားသခင်နှင့်အကျွမ်းဝင်၍ မိတ်သဟာယဖွဲ့လော့" ဘုရားရှင်နဲ့ အစဉ်အမြဲမိတ်သဟာယဖွဲ့မယ်ဆိုရင် ကျွန်မတို့လိုချင်တဲ့ ချစ်မေတ္တာသာမက အခြားအခြားသောဆုကျေးဇူးတွေဟာ မိုးကောင်းကင်ပြတင်းပေါက်တွေဖွင့်ပြီး ကျွန်မတို့ဆီကို လျှံကျလာမှာဖြစ်ပါတယ်။ ဒါကြောင့် ဘုရားသခင်ကိုတွေ့အောင်ရှာပြီး မိတ်သဟာယဖွဲ့မယ်ဆိုရင် အသက်တာငြိမ်းချမ်းသွားမှာ ဖြစ်ပါတယ်။❑

## မှတ်စ်ပါး

ကူးကူးလေး

အောင်လံတစ်ခု
စိုက်ထူဖို့ရန်
လောကဇာတ်ခုံ
လူမျိုးစုံဝယ်
ဆင့်တန်းမျိုးမျိုး
ခြားနားမှုကြား
ငါ . . . လူးလွန့်လှုပ်ရှား။
ခါတစ်ရံမှာ
ဒုက္ခတွေ့ကြုံ

အားကိုးမိသည်
လူမျိုးစုံကို။
သို့သော်
ခဏသာမျှ
ငါ့ဘဝကို
ကူညီပေးမနိုင်ကြ၏။
အဆုံးမှာတော့
ငါ၏ဒုက္ခဟူသမျှ
အမြဲထာဝရ
ဖြေရှင်းပေးသူ
မေတ္တာအရှင်
ဘုရားသခင်
မှတ်စ်ပါး၊ အခြားမရှိပြီ။

အင်္ဂလိပ်ကန်သဟာယတွင်ရှိသော ပွဲတော်မင်္ဂလာဝတ်ပုံစံများကို လေ့လာကြည့်လျှင် အခြေခံအားဖြင့် အပိုင်း (၈) ပိုင်း တွေ့ရပါသည်။ ယင်းတို့မှာ. . .

(က) ပြင်ဆင်ခန်း
(ခ) တရားတော်နာခန်း
(ဂ) လျှုဒါန်းခန်း
(ဃ) မေတ္တာပို့ခန်း
(င) အပြစ်ဝန်ချခန်း
(စ) သန့်ရှင်းစေတော်မူခန်း
(ဆ) ပွဲတော်မင်္ဂလာပေးခန်း
(ဇ) ကျေးဇူးတော်ချီးမွမ်းခန်းတို့ဖြစ်သည်။

# ပွဲတော်မင်္ဂလာဝတ်နှင့်ပတ်သက်သည့် သိကောင်းစရာများ

## ရန်ကုန်သာသနာပိုင်နယ်၊

### လစ်တာဂျီကော်မတီ

အင်္ဂလိကန်သဟာယအတွင်းရှိ ပွဲတော်မင်္ဂလာဝတ်ပြုပုံများတွင် လှူဒါန်းခန်း၊ မေတ္တာပို့ခန်းနှင့် အပြစ်ဝန်ချခြင်းတို့ကို အထားအသို မတူညီကြောင်း တွေ့ရပါသည်။ မိမိနိုင်ငံ၏ ယဉ်ကျေးမှုနှင့် အစဉ်အလာများကိုအခြေခံ၍ အပြောင်းအလဲလုပ်ထားကြောင်းတွေ့ရပါသည်။ ကျန်သောအပိုင်းများသည် မပြောင်းလဲဘဲ ကျောရိုးသဖွယ်တည်ရှိနေကြောင်း တွေ့ရပါသည်။ ပွဲတော်မင်္ဂလာတွင်ပါရှိသောအပိုင်းများကို အခန်းလိုက်တင်ပြပါမည်။



## (က) ပြင်ဆင်ခန်း

### (က-၁) ပြင်ဆင်ခြင်း

အရှင်ဘုရား၏ မိတ်သဟာယပွဲတော်အစီအစဉ်ကိုအစပြုရန် ပဏာမပြင်ဆင်သည့်အနေဖြင့် ကိုးကွယ်ခိုလှုံခြင်းဖြင့် အစပြုပါသည်။ ယင်းကိုးကွယ်ခိုလှုံခြင်း (Take Refuge)ကို အပိုင်း (၃) ပိုင်းခွဲထားပါသည်။ ယင်းအပိုင်းသည် ပွဲတော်မင်္ဂလာဝတ်ကို မြန်မာ့ရေခံမြေခံအရပြုလုပ်ရာ၌ ဗုဒ္ဓဘာသာခံယူချက်အရ ရတနာသုံးပါး (ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ) ဦးထိပ်ထားခြင်းကိုယူထားပြီး ခရစ်ယာန်ဒေသနာ၌လည်း ဘုရားသခင်မှလွဲ၍ မြင့်မြတ်သောသူမရှိသည့်အတွက် တြိနတိဘုရား (ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်) ၌ ကိုးကွယ်ခိုလှုံခြင်းအဖြစ် ရွတ်ဆိုရန် ခွဲထားခြင်းဖြစ်ပါသည်။ ဤသို့ပြုလုပ်ခြင်းမှာ ဘုရားသခင်ကို အားကိုးလိုစိတ်များ ပွားများစေရန်လည်းကောင်း၊ ဘုရားသခင်ထံ ချဉ်းကပ်ရန်မထိုက်တန်သော မိမိအခြေအနေမှန်ကို သိမြင်၍ ဘုရားရှင်ထံချဉ်းကပ်ရန်အတွက် အဆင်သင့်ဖြစ်အောင်ပြုလုပ်ခြင်းဖြစ်ပါသည်။ ဤပဏာမပြင်ဆင်ခြင်းကို ပရိသတ်များနှင့်အတူတကွသော်လည်းကောင်း၊ ကုညီသူနှင့်သော်လည်းကောင်း ဘုန်းတော်ကြီးက ပြုလုပ်နိုင်သည်။

### (က-၂) ဝင်ကြွယ်ခြင်းပတ္ထနာ

ပဏာမပြင်ဆင်ပြီးသောအခါ ပွဲတော်မင်္ဂလာဝတ်ကို စတင်သည့်အနေဖြင့် ဘုန်းတော်ကြီးက ဝင်ကြွယ်စေခြင်းအဖို့ ပတ္ထနာကိုရွတ်ဆိုပါသည်။ ဝင်ကြွယ်စေခြင်းပတ္ထနာကို ရာသီအလိုက် အဒ်ဝင်တုမှ ကွင်ကွာဂျက်စမာအထိ ပတ္ထနာတစ်ခု၊ လင်းတုဝါတွင်းမှ ဝဋ္ဋင်ပွဲနေ့အထိ ပတ္ထနာတစ်ခု၊ တြိနတိကာလတစ်လျှောက်လုံးအတွက် ပတ္ထနာတစ်ခု စီမံထားပါသည်။ ဤပတ္ထနာ၏ အဓိကရည်ရွယ်ချက်မှာ ဝတ်ပြုကိုးကွယ်သူတို့သည် သန့်ရှင်းသောဝိညာဉ်တော်၏ အုပ်စိုးခြင်းခံယူလျက် ဘုရားရှင်၏ရှေ့တော်မှောက်တွင် ထိုက်တန်စွာ ဝတ်တော်ကိုဖြည့်နိုင်ရန်အတွက်လည်းကောင်း၊ ဤသို့ ထိုက်တန်စွာပြုနိုင်ရန်မှာလည်း မိမိ၏မစင်ကြယ်သောစိတ်နလုံးကို သခင်ယေရှုခရစ်၏အသွေးတော်ဖြင့် ဆေးကြောခြင်းအားဖြင့်သာဖြစ်နိုင်ကြောင်း သိရှိရန် နှိုးဆော်ခြင်းဖြစ်ပါသည်။

### (က-၃) ပညတ်တော်များ

ဤသို့ ဝင်ကြွယ်ခြင်းအတွက် ပြင်ဆင်ပြီးသောအခါ မိမိကိုယ်ကို ပြန်၍စစ်ဆေးနိုင်ရန်လည်းကောင်း၊ ရှေ့ဆက်မည့်အသက်တာအတွက် အခြေခံရရှိရန်အတွက်လည်းကောင်း၊ ကျူးလွန်သောအပြစ်များရှိပါက ဝန်ချတောင်းပန်ရင်း ကျေးဇူးတရားကိုခံယူနိုင်ရန်လည်းကောင်း ပညတ်တော်ကို ကြားနာခြင်းပြုရပါမည်။ အဒ်ဝင်တုမှ ကွင်ကွာဂျက်စမာအထိ ထွက်မြောက်ရာကျမ်း ၂၀း၁-၁၇ တွင်ဖော်ပြသော ပညတ်တော်ဆယ်ပါးကို ရွတ်ဆိုပါသည်။ ဤပညတ်တော်သည် ခမည်းတော်ဘုရားက လူသားတို့အတွက် ပေးခဲ့သောပညတ်တော်ဖြစ်ပါသည်။ ထိုပညတ်တော်ကို ဘုန်းတော်ကြီးရွတ်ဆိုပြီးနောက် ဆာလံ ၁၁၉း၃၃ ကို ပရိသတ်က ပြန်လည်ဖြေဆိုရပါသည်။

လင်းတုဝါတွင်းမှ ဝဋ္ဋင်ပွဲနေ့အထိ မဿဲ၅း၃-၁၁ တွင်ဖော်ပြသော မင်္ဂလာတရားတော် ရှစ်ပါးကို ဘုန်းတော်ကြီးက ရွတ်ဆိုပါသည်။ ဤ မင်္ဂလာတရားတော်ကို လူသားတို့လိုက်နာရန် သခင်ယေရှုက သွန်သင်ပေးသော သားတော်ယေရှု၏ပညတ်တော်ဖြစ်ပါသည်။ ထို့နောက် ပရိသတ်က ကြားနာပြီးနောက် ဆာလံ ၁၂၈း၁ ဖြင့် ပြန်လည်ဖြေဆိုပါသည်။

တြိနတိကာလတစ်လျှောက်လုံးတွင် ပါရမီသုံးပါးဖြစ်သည့် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်းနှင့်ဆိုင်သောကျမ်းချက်များကို ဘုန်းတော်ကြီးက ရွတ်ဆိုပါသည်။ ဤပါရမီသုံးပါးသည် လူသားများလိုက်နာရန် တမန်တော်ကြီးများက သန့်ရှင်းသောဝိညာဉ်တော်

ဘုရား၏လမ်းညွှန်ချက်ဖြင့် သွန်သင်ပေးသော သန့်ရှင်းသောဝိညာဉ်တော်ဘုရား၏ပညတ်တော်ဖြစ်ပါသည်။ ဤပါရမီသုံးပါးဖြစ်သည့် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်းတို့ကို ဗုဒ္ဓဘာသာတွင်ဖော်ပြသော ပညာ၊ သီလ၊ သမာဓိတို့ကိုအခြေခံ၍ ခရစ်ယာန်ဘာသာတရား၏ အခြေခံသီလပါရမီများအဖြစ်လည်း ဖော်ပြထားပါသည်။ ဤသုံးမျိုးတွင် ပရိသတ်များက ပြန်လည်ဖြေဆိုရန် သီးခြားကျမ်းချက်ပေးထားပါသည်။

ယုံကြည်ခြင်းအတွက် ပရိသတ်များပြန်လည်ဖြေဆိုရန် ယောဟန် ၁၁း၂၇ ကိုလည်းကောင်း၊ မျှော်လင့်ခြင်းအတွက် ဆာလံ ၄၃း၅ ကိုလည်းကောင်း၊ ချစ်ခြင်းအတွက် ယောဟန် ၂၁း၁၅ ကိုလည်းကောင်း အသုံးပြုထားပါသည်။

### (က-၃)နှုတ်ဆက်ခြင်း

ပွဲတော်ဝတ်ကို ဘုရားသခင်ကိုယ်တိုင် တည်ရှိပါဝင်၍ တောင်းခံသည့်အနေဖြင့် ဘုန်းတော်ကြီးနှင့် လူပရိသတ်တို့သည် ပြန်လည်နှုတ်ဆက်ခြင်းပြုပါသည်။

## (ခ)တရားတော်နာခန်း

### (ခ-၁)နေ့ရက်ဆိုင်ရာပဋ္ဌနာ

အသင်းတော်တွင် ရာသီအလိုက် သတ်မှတ်ထားသော တနင်္ဂနွေများ၊ ပွဲနေ့ကြီးများရှိပါသည်။ သက်ဆိုင်ရာပွဲနေ့များအတွက် စီမံပြုစုသတ်မှတ်ထားသော ဆုတောင်းချက်များရှိပါသည်။ ဤသို့သတ်မှတ်ထားခြင်းမှာ ဝတ်ပြုသူများအားလုံးက ထိုနေ့အတွက် အဓိကထားပြီး အာရုံပြုဆုတောင်းနိုင်ရန်ဖြစ်ပါသည်။

### (ခ-၂)ကျမ်းချက်များ

အသင်းတော်တွင် ရာသီအလိုက် သတ်မှတ်ထားသော တနင်္ဂနွေများ၊ ပွဲနေ့ကြီးများအတွက် သတ်မှတ်ထားသည့် ဓမ္မဟောင်းကျမ်းချက်၊ ဩဝါဒကျမ်းချက်၊ ဧဝံဂေလိကျမ်းချက်များကို ရွေးချယ်သတ်မှတ်ထားပါသည်။ ဓမ္မဟောင်းကျမ်းချက်ကို ခမည်းတော်ဘုရား မိန့်မြွက်တော်မူသည့်စကားများကို ကြားနာသည့်အနေဖြင့် ဖတ်ကြားပါသည်။ ဩဝါဒကျမ်းချက်ကို ကောင်းသော ခရစ်ယာန်များ၏ကျင့်ဝတ်အတိုင်း လက်တွေ့နေထိုင်ရန် တိုက်တွန်းနိုးဆော်သည့်အနေဖြင့် ဩဝါဒကျမ်းချက်များကို ဖတ်ကြားခြင်းဖြစ်ပါသည်။ ဧဝံဂေလိကျမ်းချက်သည် ခရစ်တော်၏ကြားနာခြင်းအားဖြင့် မိန့်မှာတော်မူချက်များကို ဖော်ပြသောကြောင့် ဧဝံဂေလိကျမ်းကို ကြားနာခြင်းအားဖြင့် ဝမ်းမြောက်ရွှင်လန်းခြင်းကို ဖြစ်စေခြင်းနှင့် ခွန်အားကိုရရှိစေပါသည်။ ဤသို့ ကြားနာရာတွင် ရိုသေသောသဘောဖြင့် မတ်တပ်ရပ်၍ ကြားနာရပါသည်။

### ခ-၃)တရားဟောချက်

သမ္မာကျမ်းစာတော်မှ ဝမ်းမြောက်ဖွယ်ရာသတင်းများလိုက်နာရန်ဩဝါဒကို ကြားနာပြီးနောက် ဘုန်းတော်ကြီးက တရားဟောပါသည်။ ဤသို့ တရားဟောရာတွင် အသင်းတော်နှင့်ပတ်သက်၍ သွန်သင်ခြင်းများ၊ ဒေသနာဆိုင်ရာ သွန်သင်ခြင်းများ၊ ယုံကြည်ခြင်းဆိုင်ရာသွန်သင်နိုးဆော်ခြင်းများကိုပြုရမည်ဖြစ်သောကြောင့် ဘုရားသခင်၏ အဖြစ်မှန်တရားတော်စစ်ကိုသာ ဟောကြားရမည်ဖြစ်ပါသည်။

### (ခ-၄)နိစိန်ယုံကြည်ချက်

နေ့ရက်ဆိုင်ရာ ဆုတောင်းပဋ္ဌနာ၊ ကျမ်းချက်များ၊ တရားဟောချက်တို့ကို ကြားနာပြီးနောက် မိမိတို့၏ယုံကြည်ခံယူမှုကို ပို၍ခိုင်မြဲစေရန်လည်းကောင်း၊ အများရှေ့တွင်သက်သေခံရန်လည်းကောင်း တစ်ကမ္ဘာလုံးရှိ ခရစ်ယာန်များနှင့်အတူ ဘိုးဘေးတို့အတည်ပြုခဲ့ကြသော နိစိန်ယုံကြည်ချက်ကို မတ်တပ်ရပ်လျက် ယုံကြည်ခြင်းဖြင့် ရွတ်ဆိုကြပါသည်။

## (ဂ)မေတ္တာပို့ရန်

ယုံကြည်ချက်ကို ဝန်ခံပြီးသောအခါ မိမိကိုယ်နှင့် မေတ္တာ၊ သဒ္ဓါစိတ်များ ပွားများလာသောကြောင့် မိမိအတွက်သာမက ပတ်ဝန်းကျင်ရှိလူသားအားလုံးနှင့် အသင်းတော်အတွက် မေတ္တာပို့သရန် စိတ်ဆန္ဒများ ပေါ်ပေါက်လာသည်။ ဤသို့ မေတ္တာပို့သရာတွင် အပိုင်း သုံးပိုင်းခွဲထားပြီး မေတ္တာပို့သပါသည်။

ပထမပိုင်းတွင် ဦးဆောင်သူမှာ ကာသိုလစ်အသင်းတော်သည် ဖြောင့်မတ်ခြင်း၊ စည်းလုံးခြင်းဖြင့် တည်ရှိရန်လည်းကောင်း၊ သာသနာပိုင်နှင့် သံဃာဆရာအပေါင်းတို့သည် တာဝန်များကိုဆောင်ရွက်ရာတွင် ဘုရားသခင်ထံမှဆုကျေးဇူးများရရှိရန် မေတ္တာပို့သပါသည်။ ပရိသတ်က ကိုင်ရီ (Kyries) သုံးကြိမ်ဆိုကာ တုံ့ပြန်ပါသည်။

ဒုတိယပိုင်းတွင် ဦးဆောင်သူက နိုင်ငံတော်အစိုးရနှင့် အရာရှိများတို့အတွက် ဖြောင့်မတ်တည်ကြည်စွာအုပ်ချုပ်နိုင်ရန်အတွက်လည်းကောင်း၊ ဧဝံဂေလိတရားတော်နှံ့ပြားရန်အတွက် လုပ်ဆောင်သော သားသမီးများကို ကောင်းချီးပေးရန်အတွက်လည်းကောင်း၊ ယုံကြည်သူသည် နှုတ်ကပတ်တော်ကို ကြားနာ၍ ဘုရားသခင်ထံမှရရှိသော ဆုကျေးဇူးအတိုင်း အမှုတော်မြတ်တွင် ပါဝင်စေရန်လည်းကောင်း စုတေပြီးသောယုံကြည်သူများ၊ သန့်ရှင်းသူတို့၏ အသက်တာအတွက် မေတ္တာပို့ဆုတောင်းပေးပါသည်။ ပရိသတ်က ကိုင်ရီ ဒုတိယပိုင်းကို သုံးကြိမ်ရွတ်ဆိုပါသည်။

တတိယပိုင်းတွင် ဦးဆောင်သူက စိုက်ပျိုးမွေးမြူသူများအတွက်လည်းကောင်း၊ မကျန်းမာသူများအတွက်လည်းကောင်း၊ ခရီးသွားလာနေသူများအတွက်လည်းကောင်း၊ ဆင်းရဲနွမ်းပါးသူများနှင့် လိုအပ်နေသူများအတွက် မေတ္တာပို့သပေးပါသည်။ ပရိသတ်က ကိုင်ရီ တတိယပိုင်းကို သုံးကြိမ်ရွတ်ဆိုပါသည်။

## (ဃ)အပြစ်ဝန်ချခြင်း

ဤသို့ အများအတွက် မေတ္တာပို့သပြီးသောအခါ မိမိကိုယ်ကို စစ်ဆေးခြင်းပြုရန် ဘုန်းတော်ကြီးက နိုးဆော်ပါသည်။

### (ဃ-၁)နိုးဆော်ချက်

မိမိတို့ပြုမိသော အပြစ်ဒုစရိုက်များကြောင့် ဘုရားရှင်ထံချဉ်းကပ်ရန် မထိုက်တန်သော်လည်း ဘုရားသခင်၏ကျေးဇူးတော်ကြောင့်သာ စက္ကရမင်တမင်္ဂလာကို ခံယူခွင့်ရှိသည်ကိုသိမြင်ပြီး ဘုရားသခင်ထံ မိမိအပြစ်ဒုစရိုက်များကို ဝန်ချတောင်းပန်ရန် ဘုန်းတော်ကြီးက နိုးဆော်ပါသည်။

### (ဃ-၂)အပြစ်ဝန်ချခြင်း

ဤသို့ နိုးဆော်ပြီးသောအခါ ဝတ်ပြုသူတို့သည် မိမိတို့၏အခြေအနေမှန်ကို သိမြင်၍ နောင်တရခြင်း၊ ပြုမိသောအပြစ်များအတွက် ပူဆွေးဝမ်းနည်းခြင်းဖြစ်သောကြောင့် ရှေ့ဆက်မည့်အသက်တာတွင် လူသစ်စိတ်သစ်ဖြင့် ဖြောင့်မတ်သောအသက်တာအတိုင်း အသက်ရှင်နိုင်ခွင့်ပြုရန် မိမိတို့၏အပြစ်များကို ဝန်ချတောင်းပန်ကြပါသည်။

### (ဃ-၃)အပြစ်ဖြေလွှတ်ခြင်း

ယုံကြည်ခြင်းဖြင့် နောင်တရ၍ ဘုရားရှင်ထံချဉ်းကပ်သောသူတို့အား ဘုရားရှင်က ကရုဏာသက်ခြင်း၊ အပြစ်ဖြေလွှတ်ခြင်း၊ အသစ်သောအသက်တာပြောင်းလဲခြင်းရရှိရန်အတွက် အသင်းတော်က အပ်နှင်းထားသောအခွင့်အာဏာဖြင့် ဘုန်းတော်ကြီးက အပြစ်ဖြေလွှတ်ခြင်းပဋ္ဌနာကို ဆုတောင်းခြင်းဖြင့်ရွတ်ဆိုပါသည်။ ဤသို့ပြုလုပ်ပြီးနောက် နောင်တရသူများအားဘုရားရှင်က အမှန်တကယ် ခွင့်လွှတ်တော်မူကြောင်း သိလာရန် သခင်ယေရှုနှင့် တမန်တော်များတို့ မိန့်မှာတော်မူခဲ့သော နှစ်သိမ့်ဖွယ်ရာစကားများကို ဖတ်ကြားပါသည်။

## (င)လှူဒါန်းခန်း

အသင်းတော်လုပ်ငန်းဟူသမျှသည် ဝတ်ပြုကိုးကွယ်ခြင်းနှင့်သက်ဆိုင်ပါသည်။ ထို့ကြောင့် ခွင့်ပြုထားသော ကြော်ငြာများဖြစ်သည့် ဝတ်ပြုခြင်းအချိန်

များ၊ အထူးပွဲနေ့ကြီးများ ရောက်သည့်နေ့ရက်များ၊ ပွဲနေ့ဆိုင်ရာ ဝတ်ပြုခြင်းများနှင့်ပတ်သက်၍ သိစေရန် ကြော်ငြာပါသည်။ ကြော်ငြာပြီးနောက် ပူဇော်သက္ကာများ လှူဒါန်းရန် နှိုးဆော်သည့် အထူးရွေးချယ်ထားသော ကျမ်းချက်များကို ဘုန်းတော်ကြီးက ဆိုပါသည်။

**(င-၁) အလှူငွေကောက်ခံခြင်း**

ဘုန်းတော်ကြီးက လှူဒါန်းရန်အတွက် အထူးရွေးချယ်ထားသည့် ကျမ်းချက်များ ရွတ်ဆိုပြီးနောက် ဝတ်ပြုသူများသည် ဘုရားသခင်ကပေးသနားသော ဆုကျေးဇူးများနှင့်မေတ္တာကို သိမြင်လာကြပါသည်။ ထို့ပြင် အသင်းတော်တွင် မိမိတို့၏တာဝန်ဝတ္တရားများကိုလည်း သိမြင်လာကြပြီး ဘုရားသခင်ထံ တိုးဝင်ချဉ်းကပ်လိုသောစိတ်ဆန္ဒများပေါ် လာမည်ဖြစ်သည်။ ထိုအခါ မုန့်နှင့်စပျစ်ရည်ကို ပွဲတော်မင်္ဂလာတွင် အသားတော်နှင့် အသွေးတော်အဖြစ် အသုံးပြုရန် ပူဇော်သကဲ့သို့ ငွေကြေးလှူဒါန်းခြင်းလည်း တင်လှူဆက်ကပ်ရန် အချိန်ဖြစ်ပါသည်။ မိမိတို့ကိုယ်ကိုလည်း ဘုရားသခင်ထံ အသက်ရှင်သော ပူဇော်သက္ကာဖြင့် ဆက်ကပ်ရန်အချိန်လည်းဖြစ်ပါသည်။ အလှူတော်ငွေပေးလှူသောအခါ၌လည်း ဘုရားသခင်၏ဘုန်းတော်၊ နာမတော်ထင်ရှားစေရန်အတွက် အသုံးပြုရန်ဖြစ်ပါသည်။

**(င-၂) ဆက်ကပ်ခြင်း**

ကောက်ခံရရှိသောအလှူငွေများ၊ မုန့်နှင့် စပျစ်ရည်တို့ကို ပလ္လင်တော်သို့ယူဆောင်လာသည်။ ဘုန်းတော်ကြီးမှလက်ခံပြီး ရှိရှိသမျှကို ဘုရားရှင်သာ ပိုင်ဆိုင်သည်ဟူသောအချက်ကို သိမြင်လျက် မိမိတို့၏ ခန္ဓာ၊ စိတ်၊ ဝိညာဉ်နှင့် အလှူတော်ငွေများကို ဘုရားရှင် အသုံးပြုရန်အတွက် ဆက်ကပ်ခြင်းပြုကြသောအချိန် ဖြစ်ပါသည်။

**(စ) သန့်ရှင်းစေတော်မူခန်း**

ဝတ်ပြုသူများသည် ဘုရားရှင်ထံတိုးဝင်ရန် မိမိကိုယ်ကို အဆင့်ဆင့်ပြင်ဆင်လာပြီး ဘုရားရှင်နှင့် မိတ်သဟာယဖွဲ့ရန် အဆင်သင့်ဖြစ်လာပါသည်။ ထိုအခါ ဝတ်ပြုခြင်း၏ အထွဋ်အထိပ်ဖြစ်သော ပွဲတော်မင်္ဂလာခံယူရန်အတွက် မုန့်နှင့်စပျစ်ရည်ကို ပြင်ဆင်ခြင်းနှင့် သန့်ရှင်းစေခြင်းပြုလုပ်ရန် အချိန်ဖြစ်ပါသည်။

**(စ-၁) အပြစ်ဖြေလွှတ်ခြင်းစန္ဒု (Sanctus) ခေါ် ဘုန်းတော်ချီးမွမ်းခြင်း**

ပြင်ဆင်ခြင်းပြုရာတွင် ဦးစွာ အပြစ်မှကင်းလျက် နှစ်သိမ့်ခြင်းကိုရရှိခြင်းပြုရန် ပရိသတ်နှင့် ဘုန်းတော်ကြီးတို့သည် အပြန်အလှန်ရွတ်ဆိုကြရပါသည်။ ထို့နောက် ဘုရားသခင်၏ဘုန်းတော်၊ ဂုဏ်တော်ကို ချီးမွမ်းထောမနာပြုရန်အတွက် ဝတ်ပြုသူများအားလုံး၏ တာဝန်ဝတ္တရားများဖြစ်သည်ကိုသိမြင်၍ စန္ဒု(Sanctus) ခေါ် ဘုန်းတော်ချီးမွမ်းခြင်းကို ကောင်းကင်ဗိုလ်ခြေအပေါင်းတို့နှင့်အတူ ရွှင်လန်းစွာသီဆို၍ ဘုန်းတော်၏ အရိပ်အာဝါသအောက်တွင် ဝင်စားခိုလှုံခြင်းကို ပြုသည့်အချိန်ဖြစ်ပါသည်။

**(စ-၂) နိဒါန်းထူးများ**

ဘုရားသခင် ဘုန်းတော်၌ဝင်စားခွင့်ရရှိပြီး ချီးမွမ်းထောမနာပြုရာတွင် သုံးပါးတစ်ဆူဘုရားအကြောင်းကို သိကျွမ်းခြင်းအားဖြင့် ဝတ်ပြုကိုးကွယ်ခြင်းကို လေးနက်စေရန် သက်ဆိုင်ရာပွဲနေ့နှင့် ရာသီအလိုက် သတ်မှတ်ထားသော နိဒါန်းထူးများရှိပါသည်။ ဤနိဒါန်းထူးများကို အချိန်အခါပွဲနေ့အလိုက် ဘုန်းတော်ချီးမွမ်းသီဆိုရာတွင် ထည့်သွင်း၍ ဆိုရမည်ဖြစ်ပါသည်။

**(စ-၃) သန့်ရှင်းစေခြင်းပဌနာ**

ချီးမွမ်းထောမနာပြုပြီးနောက် မုန့်နှင့်စပျစ်ရည်ကို အသားတော်နှင့် အသွေးတော်အဖြစ်ခံယူနိုင်ရန် သန့်ရှင်းသော စက္ကရမင်တအသွင်သို့ရောက်ရှိရန် ဆုတောင်းပဌနာပြုရပါသည်။ သန့်ရှင်းစေခြင်းပဌနာကို ဤသန့်ရှင်းစေခြင်းပဌနာတွင် သခင်ခရစ်တော်၏ လူ့



ဇာတိခံယူခြင်းကို အာရုံပြုဆုတောင်းပြီး ကိုယ်တော်တိုင် ရွတ်ဆိုခဲ့သောစကားများဖြင့် သန့်ရှင်းစေခြင်းပဌနာကို စီကုံးရေးသားထားပါသည်။ ထို့ပြင် သန့်ရှင်းသော ဝိညာဉ်တော်ဘုရားသည် ဆက်ကပ်ရာပူဇော်သက္ကာများ အပေါ်သို့ ဆင်းသက်တော်မူပြီး သန့်ရှင်းစေရန်ဆက်ကပ်ထားသော မုန့်နှင့်စပျစ်ရည်ကိုခံယူခြင်းဖြင့် ခရစ်တော်နှင့် မိတ်သဟာယဖွဲ့ခွင့်ရရှိရန် ခရစ်တော်နှင့် တစ်လုံးတစ်ဝတည်းဖြစ်ရန် ဆုတောင်းချက်ကို ရေးသားထားပါသည်။

ပွဲတော်မင်္ဂလာဆိုင်ရာ သန့်ရှင်းစေခြင်းပဌနာတွင် စင်ကြယ်၍ ဖန်ဆင်းတော်မူသောလက်တော်အားဖြင့် ပူဇော်ဆက်ကပ်မည့် မုန့်ကိုယူဆောင်သည်ဟု ဖော်ပြထားပါသည်။ ဤအချက်သည် ဆာလံ ၁၀၂း၂၅ ဖော်ပြချက်အရ ဘုရားသခင်၏လက်တော်အားဖြင့် ဖန်ဆင်းတော်မူသောအရာကို သတိရလျက် အာရုံပြုနိုင်ရန်ဖြစ်ပါသည်။ သခင်ယေရှုဆောင်ရွက်တော်မူခဲ့သော ပွဲတော်မင်္ဂလာဝတ်ကို မုန့်ကိုယူ၍ဖဲ့တော်မူလျက် ကောင်းချီးပေးခဲ့ပါသည်။ ထို့နည်းတူ စပျစ်ရည်ဖလားကိုလည်းယူ၍ ကျေးဇူးတော်ချီးမွမ်းပြီး နှစ်မျိုးစလုံးအား သူ့ကိုသတိရစေခြင်းငှာ (မဿဲ ၂၆း၂၆-၂၈)။ သခင်ယေရှုက မိမိပြုသကဲ့သို့ တပည့်တော်တို့အား သူ့ကိုသတိရစေခြင်းငှာ ထိုသို့ပြုကြရန် မိန့်မှာခဲ့သည် (လုကာ ၂၂း၁၉)။ ထို့ကြောင့် သခင်ယေရှုတက်ကြွပြီးနောက်ပိုင်း တပည့်တော်များက သခင်ယေရှုအမိန့်တော်အတိုင်း ပွဲတော်မင်္ဂလာဆောင်ရွက်ခဲ့ကြပါသည်။ သခင်ယေရှုမိန့်မှာခဲ့သော မိန့်မှာချက်များကို သခင်ယေရှု၏ တပည့်တော်များက စောင့်ထိန်းသကဲ့သို့ ကျွန်တော်တို့ လည်း စောင့်ထိန်းခြင်းဖြစ်ပါသည်။

ရှင်ပေါလုက ပွဲတော်မင်္ဂလာဝတ်ကို ကျေးဇူးတော်ချီးမွမ်းခြင်းဝတ် (Eucharist) ဟုခေါ်ပါသည်။ ပသခါပွဲပြင်ဆင်ခြင်းဝတ်တွင် စပျစ်ရည်ခွက်ဖလား (၄) လုံးကို အသုံးပြုခဲ့ကြပါသည်။ သို့သော် သခင်ယေရှုက သန့်ရှင်းသောအပတ် ကြာသပတေးနေ့ ပွဲတော်မင်္ဂလာဝတ်တွင် စပျစ်ရည်ခွက်ဖလားတစ်ခုကိုသာသုံးပြီး ကျေးဇူးတော်ချီးမွမ်းခြင်းကို ဆိုခဲ့သောကြောင့်ဖြစ်ပါသည်။ ထို့အပြင် ပသခါပွဲသည် သိုးသူငယ်၏အသွေးကိုသွန်းလောင်းခြင်းဖြင့် ဣသရေလလူမျိုးတို့ကို လူကျွန်ဘဝမှ လွတ်မြောက်စေခြင်းဖြစ်ပါသည်။ ထို့အတူ သခင်ယေရှုပြုခဲ့သော ပွဲတော်မင်္ဂလာဝတ်သည် ခရစ်တော်၏အသွေးအားဖြင့် လူတို့၏အပြစ်ဒုစရိုက်ကျွန်ဘဝမှလွတ်မြောက်စေသော ကျေးဇူးတော်ချီးမွမ်းခြင်းကို ဖော်ဆောင်ပါသည်။ သခင်ယေရှုပြုခဲ့သောအရာအတွက် ကျေးဇူးတော်ချီးမွမ်းခြင်းပင်ဖြစ်ပါသည်။ ထို့ကြောင့် ပွဲတော်မင်္ဂလာဝတ်ဆိုင်ရာ သန့်ရှင်းစေခြင်းပဌနာသည် ဘုရားသခင်အား ကျေးဇူးတော်ချီးမွမ်းပြီး အသက်တာကို ဆက်ကပ်အပ်နှံသည့်ဆုတောင်းချက်ဖြစ်ပါသည်။

**(ဆ) ပွဲတော်မင်္ဂလာခန်း**

**(ဆ-၁) နှိမ့်ချခြင်းပဌနာ**

မိမိ၏မထိုက်တန်မှုကိုသိရှိလျက် ဘုရားသခင်နှင့် ကျေးဇူးတော်ကြောင့်သာ ရရှိသောဆုကျေးဇူးဖြင့် အသားတော်နှင့် အသွေးတော်ကို ခံယူခွင့်ရရှိကြောင်း သိမြင်ရန်၊ နှိမ့်ချရိုသေကိုင်းရှိုင်းခြင်းဖြင့် ပြင်ဆင်ထားသော သခင်ယေရှု၏အသားတော်၊ အသွေးတော်ကို ထိုက်တန်စွာခံယူခွင့်ရှိရန် အသနားတော်ခံသည့် ပဌနာဖြစ်ပါသည်။

**(ဆ-၂) သိုးငယ်တော်မြတ်ထံ အသနားခံခြင်း**

ပသခါပွဲကို ယုဒလူမျိုးက ကျင်းပရာတွင် ကျေးဇူးတော်ချီးမွမ်းရာယဇ်ကောင်အဖြစ် သိုးသူငယ်ကို ပူဇော်ကြပါသည်။ ထို့နည်းတူ ခရစ်တော်ယေရှုကလည်း လောကသားအားလုံးတို့၏ အပြစ်ကိုကယ်တင်ရန် မိမိကိုယ်ကို သိုးသူငယ်သဖွယ် ယဇ်ကောင်အဖြစ် ပေးလှူတော်မူ၍ တစ်လောကလုံး၏အပြစ်ကို ခံဆောင်တော်မူသော သခင်ခရစ်တော်ဘုရားထံ အပြစ်ဖြေလွှတ်ခြင်းအတွက် အသနားခံခြင်းဖြစ်ပါသည်။

### (ဆ-၃) ပွဲတော်ခံယူခြင်း

**အသနားခံပြီးသောအခါ** ပွဲတော်ခံမည့်သူများသည် ပွဲတော်ပလ္လင်တော်အနီးသို့သွားရောက်ပြီး အသားတော်နှင့် အသွေးတော်ကို ခံယူသည့်အချိန်တွင် ခရစ်တော်ဘုရားကိုယ်တော်တိုင် တည်ရှိနေသည်ကိုသိမြင်၍ ရိုသေနိုမ့်ချခြင်းအပြည့်အဝဖြင့်ပြုလုပ်ရမည်။ အသားတော်၊ အသွေးတော်ကိုခံယူခြင်းဖြင့် ခရစ်တော်ဘုရားနှင့် အပြည့်အဝမိတ်သဟာယ ရရှိစေသည့်အပြင် ပွဲတော်ခံယူသူတစ်ဦး၏ဘဝနှင့် လုပ်ဆောင်သူများသည် ခရစ်တော်၏ဘဝနှင့် လုပ်ဆောင်မှုတို့ တစ်လုံးတစ်ဝတည်းအဖြစ်သို့ ရောက်ရှိစေသည်။

### (ဇ) ကျေးဇူးတော်ချီးမွမ်းခန်း

### (ဇ-၁) ပတ္ထနာတော်ကြီး

မိမိ၏ကုသိုလ်အားဖြင့် မရနိုင်။ ဘုရားသခင်၏ မေတ္တာတော်အားဖြင့် ရရှိနိုင်သောဆုကျေးဇူးဖြစ်သည်။ ဘုရားသခင်နှင့် မိတ်သဟာယဖွဲ့၍ ရရှိသောဝမ်းမြောက်ရွှင်လန်းခြင်းကို ကျေးဇူးတော်ချီးမွမ်းသည့်အနေဖြင့် အားလုံးရွတ်ဆိုကြပါသည်။ ပထမရာစုတွင် ပေါ်ပေါက်ခဲ့သော တမန်တော်များမှတစ်ဆင့် တစ်ပါးအမျိုးသားများအား သခင်ဘုရားသွန်သင်သည့် သွန်သင်ချက်များဟုခေါ်သော ဒီဒခီ (Didache) စာတမ်းထဲတွင် ပတ္ထနာတော်ကြီးကို အပြစ်ဝန်ချခြင်းအနေဖြင့်လည်းကောင်း၊ ဆုတောင်းခြင်းဖြင့်လည်းကောင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်းအဖြစ်လည်းကောင်း တစ်နေ့လျှင် သုံးကြိမ်ရွတ်ဆိုရန် ညွှန်ကြားထားကြောင်း တွေ့ရပါသည်။ ပွဲတော်မင်္ဂလာဝတ်တင် ပတ္ထနာတော်ကြီးကို ကျေးဇူးတော်ချီးမွမ်းခြင်းအနေဖြင့် ရွတ်ဆိုနေခြင်းမှာ ဤအစဉ်အလာမှ ယူထားခြင်းဖြစ်ပါသည်။

### (ဇ-၂) ကျေးဇူးတော်ချီးမွမ်းခြင်းပတ္ထနာ

ကျေးဇူးတော်ချီးမွမ်းခြင်းပတ္ထနာသည် ခရစ်တော်ဘုရား၏ အသားတော်နှင့်အသွေးတော်ကို ခံယူရသောကြောင့် ဘုရားသခင့်ကျေးဇူးတော်ကို ချီးမွမ်းခြင်းဖြစ်ပါသည်။ ဘုရားသခင်ထံတော်မှရရှိသော ခံယူရရှိမည့် ဆုကျေးဇူးအမျိုးမျိုးကို သိမြင်၍ ရှေ့ဆက်မည့်အသက်တာတွင် ဖြောင့်မတ်စွာအသက်ရှင်နိုင်ရန်အတွက် တောင်းလျှောက်ခြင်းဖြစ်ပါသည်။

### (ဇ-၃) ထောမနာချက်

ထောမနာချက်သည် ခရစ်တော်ဘုရား၏ လူသားများကိုကယ်တင်ခြင်းအမှုကြောင့် ဘုရားသခင်၏ဘုန်းတော်ကို ချီးမြှောက်ခြင်း၊ ထောမနာပြုခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်းကို ပြုလုပ်ခြင်းဖြစ်ပါသည်။ ထို့အပြင် အစဉ်ချီးမွမ်းထောမနာပြုရန် ထိုက်တန်လှသောဘုရားရှင်ဖြစ်ကြောင်း ဝန်ခံခြင်းလည်းဖြစ်ပါသည်။

### (ဇ-၄) ကောင်းချီးပေးခြင်း

ကောင်းချီးပေးခြင်းကို ဖိလိပ္ပိ ၄း၇ စာသားကို ကောက်နုတ်ထားခြင်းဖြစ်သည်။ ကောင်းချီးပေးခြင်းကို ဆောင်ရွက်ရာတွင် ငြိမ်သက်ခြင်းဆုကျေးဇူးရရှိရန်အတွက်လည်းကောင်း၊ သုံးပါးပေါင်းတစ်ဆူဘုရားသည် ဝတ်ပြုသူများနှင့် အစဉ်အမြဲတည်ရှိရန်အတွက်လည်းဖြစ်ပါသည်။

## ပွဲတော်မင်္ဂလာဝတ်၏ အနှစ်သာရ

ပွဲတော်မင်္ဂလာဝတ်ကို ဖခင်အိမ်၏ မိတ်သဟာယပွဲသို့ သွားရောက်ကြသည့် ညီအစ်ကိုမောင်နှမများ၏ အနေအထားနှင့် နှိုင်းယှဉ်ဖော်ပြလိုပါသည်။

ပွဲတော်မင်္ဂလာဝတ်ကို ဖခင် (ဘုရားသခင်) ကပေးထားသော လယ်ယာလုပ်ငန်းခွင် (လောကကြီး) ၌ တစ်ပတ်တာလုပ်ဆောင်စရာရှိသည်များ (အမှုတော်ဆောင်ခြင်းများ) ကိုလုပ်ကိုင်၍ အနားယူသောနေ့ရက် (တနင်္ဂနွေနေ့) တွင် အလုပ်ခွင်မှ အစ်ကိုကြီးဖြစ်သူ (ဘုန်းတော်ကြီး) က ညီငယ်ညီမငယ်များ (ဝတ်ပြုသူ အသင်းသူ၊ အသင်းသားများ) အား ဦးဆောင်၍ အဖအိမ်တော် (ပလ္လင်တော်) သို့ပြန်လာကြ၍ ရှေ့လုပ်ငန်းများအတွက် ခွန်အားရရန် ဖခင်နှင့်အတူ မိတ်ဆုံစားပွဲ (ပွဲတော်မင်္ဂလာ) ပြုလုပ်သကဲ့သို့ဖြစ်ပါသည်။

အချိန်ကျ၍ ညီအစ်ကိုမောင်နှမများအားလုံး စုရုံးရောက်ရှိလာကြပြီး အဆင်သင့်ဖြစ်သောအခါ အရှေ့မှအစ်ကိုကြီးကဦးဆောင်၍ အားလုံးရွှင်မြူးစွာဖြင့် သီချင်းကိုသီဆို၍ လာကြပါသည်။ (ပထမဓမ္မသီချင်း) အိမ်တော်တံခါးဝသို့ရောက်လာသောအခါ ဝင်းတံခါးသည် ပိတ်ထားသည်ကိုတွေ့ရ၏။ တံခါးကြီးတွင် သော့ပေါက်မရှိ။ ဖခင်နှင့်ဆိုင်သော ဂါထာကိုရွတ်မှ တံခါးသည်ပွင့်၏။ အစ်ကိုကြီးနှင့် မောင်နှမများတို့သည် ဝင်းတံခါးတွင်ရပ်၍ ဖခင်ကြီးနှင့်ဆိုင်သောဂါထာကို အပြန်အလှန်ရွတ်ဆိုလိုက်၏။ (ကိုးကွယ်ခိုလှုံခြင်းကို ရွတ်ဆိုခြင်း)

ဤသို့ ရွတ်ဆိုသောအခါ ဝင်းတံခါးသည် ပွင့်လာ၏။ အားလုံးပျော်ရွှင်စွာဖြင့် အိမ်ခြံဝင်းထဲသို့ ဝင်လာကြ၏။ ဝင်းခြံထဲတွင် တံခါးဝမှ အိမ်တော်သို့သွားရောက်ရန် ကျောက်ဖြင့်ခင်းထားသော လမ်းရှိ၏။ ဝင်လျှင်ဝင်ချင်း လမ်း၏လက်ယာဘက်တွင် ရာသီအလိုက်အလှည့်ကျရေးထားသည့် ရေကန်သုံးခုရှိ၏။ ဆက်မသွားမီ အစ်ကိုကြီးနှင့်အတူ အားလုံးမိမိတို့စိတ်နှလုံးများကို သန့်ရှင်းစေရန်အတွက် ရေထည့်ထားသော ရေကန်တွင်းသို့ဆင်းသက်၍ သန့်ရှင်းစေခြင်းကို ပြုလုပ်ကြ၏။ (ရာသီအလိုက်ရွတ်ဆိုရန် စင်ကြယ်စေခြင်း ပတ္ထနာ)

ရေချိုးသန့်စင်ဝတ်ဆင်ပြီးသောအခါ လမ်း၏ လက်ဝဲဘက်တွင်ရှိသော ရာသီအလိုက်တပ်ဆင်ထားသော ကြည့်မှန်တစ်ချပ်ရှေ့တွင် မိမိကိုယ်ကို စစ်ဆေး၍ သပ်ရပ်အောင်ဝတ်ဆင်ခြယ်လှယ်ကြ၏။ (ခမည်းတော် ပေးသနားသောပညတ်တော်ဆယ်ပါး၊ သားတော်ပေးသနားသော မင်္ဂလာတရားတော် (၈) ပါး၊ ဝိညာဉ်တော်ဘုရားပေးသနားသော ပါရမီ (၃) ပါးတို့မှ ရာသီအလိုက် သတ်မှတ်ထားသည့်အရာကို ရွတ်ဆိုခြင်း)

ခြယ်လှယ်သန့်စင်စစ်ဆေးပြီး၍ ရှေ့သို့ဆက်ပြီးသွားရန် အဆင်သင့်ဖြစ်သောအခါ အစ်ကိုကြီးက ဖခင်ရှေ့မှောက်တွင် အားလုံးကိုယ်စား တောင်းလျှောက်ဆက်သခြင်းပြုသည်။ (နေ့ရက်ဆိုင်ရာ ပတ္ထနာကိုရွတ်ဆိုခြင်း) ထို့နောက် အစ်ကိုကြီးက ရှေ့မှဦးဆောင်၍ ကျောက်ခင်းလမ်းအတိုင်း အားလုံးလျှောက်လာကြ၏။ လျှောက်လာကြစဉ် လမ်း၏ညာဘက်တွင်ရှိသော တောအုပ်ထဲမှာ ပရောဖက်ကြီးများ၊ တမန်တော်ကြီးများ၏ သတိပေးနှိုးဆော်သံများ၊ ဆုံးမဩဝါဒပေးသံများ၊ အားပေးသံများကိုကြားရ၏။ (ဓမ္မဟောင်းကျမ်းနှင့် ဩဝါဒကျမ်းချက်များကို ပလ္လင်တော်၏ လက်ယာဘက်မှ ဘုန်းတော်ကြီးကဖတ်ကြားခြင်း) တမန်တော်ကြီးများနှင့် ပရောဖက်ကြီးများ၏အသံကို ကြားရသောအခါ အားလုံးဝမ်းမြောက်ရွှင်လန်းပြီး သီချင်းဆိုတာ ရှေ့သို့ဆက်၍ လျှောက်လာကြ၏။

## ဒုတိယဓမ္မသီချင်းကိုသီဆိုခြင်း

ဤသို့ဆက်လျှောက်သွားစဉ် လမ်း၏လက်ဝဲဘက်တောအုပ်ထဲမှ ခရစ်တော်ဘုရား၏ဝမ်းမြောက်ဖွယ်ရာစကားကို ကြားရပြန်၏။ အားလုံးက ရိုသေကိုင်းညွတ်ခြင်းဖြင့် နားထောင်ကြ၏။ (ဧဝံဂေလိကျမ်းချက်ကို ပလ္လင်တော်လက်ဝဲဘက်မှ ဘုန်းတော်ကြီးက ဖတ်နေစဉ် ဝတ်ပြုသူများ မတ်တပ်ရပ်၍ ကြားနေရခြင်း) ခရစ်တော်ဘုရား၏ စကားသံကြားနာပြီးနောက် ရှေ့သို့ဆက်လျှောက်လာရာ ဒုတိယအတွင်းတံခါးဝသို့ ရောက်လာကြ၏။ ထိုအခါ အားလုံးရပ်နားပြီး အစ်ကိုကြီးဖြစ်သူက အိမ်တော်ကြီးသို့ဝင်ရန် နီးကပ်လာပြီဖြစ်သောကြောင့် ထိုက်တန်စွာနေထိုင်ကျင့်ကြံပြောဆိုရန် သတိပေးဆုံးမစကားကိုပြော၏။ (ဘုန်းတော်ကြီးက တရားဟောခြင်း) ဤသို့ အစ်ကိုကြီး၏စကားကိုကြားနာပြီးနောက် ဒုတိယတံခါးဖွင့်ဝင်ရန်အတွက် ရောက်ရှိလာကြ၏။ ဤနေရာတွင် ဖခင်ကို ယုံကြည်ကိုးစားသူ သားသမီးများမှတစ်ပါး အခြားသူများကို ဝင်ခွင့်မပြုပေ။ ထို့ကြောင့် အတွင်းသို့ဝင်ခွင့်ရရှိရန် အားလုံးက အတူတကွရပ်လျက် ဘိုးဘေး

တို့အဆက်ဆက်မှ သင်ပေးခဲ့သောယုံကြည်ခြင်းဂါထာကို ရွတ်ဆိုကြ၏။ (နိစိန်ယုံကြည်ချက်ကို အားလုံးရပ်၍ အတူတကွရွတ်ဆိုခြင်း)

ထို့နောက် တံခါးဝတွင် ဝင်ခွင့်ရရှိပြီးသော ညီအစ်ကိုမောင်နှမများက အခြားညီအစ်ကိုမောင်နှမများအတွက် ခမည်းတော်ထံမှ ဆုကျေးဇူးအမျိုးမျိုးကို ခံစားရရန် အစ်ကိုကြီးကဦးဆောင်၍ မေတ္တာပို့ပေး၏။ (အသင်းတော်တစ်ခုလုံးအတွက် မေတ္တာပို့ပေးခြင်း)

မေတ္တာပို့ခြင်းပြုပြီးနောက် ရှေ့သို့ဆက်၍ လျှောက်လာကြရာ အိမ်တော်၏အဝင်ပေါက်မုခ်ဦးသို့ ရောက်လာကြ၏။ ထိုအခါ အစ်ကိုကြီးက အိမ်တော်အတွင်းသို့ထိုက်ထိုက်တန်တန်ဝင်ရောက်နိုင်ရန်အတွက် မိမိတို့၏ ကိုယ်ခန္ဓာအတွင်း၊ အပြင် စင်ကြယ်စေရန် နောက်ဆုံးစစ်ဆေးဖို့ရန်နှင့် သတိသံဝေဂရဖို့ရန် နှိုးဆော်ပါသည်။ (နှိုးဆော်ခြင်း) ထိုအခါသားသမီးအားလုံးတို့သည် မိမိကိုယ်ကို စင်ကြယ်စေရန် နောက်ဆုံးစစ်ဆေးခြင်း၊ ဆေးကြောခြင်းများကို ပြုလုပ်ကြရသည်။ (အပြစ်ဝန်ချခြင်းနှင့် အပြစ်ဖြေလွှတ်ခြင်း)

နောက်ဆုံးသန့်စင်ခြင်းကို ပြုလုပ်ပြီးသောအခါ အစ်ကိုကြီးဦးဆောင်၍ မုခ်ဦးလှေခါးအတိုင်း တက်လာကြ၏။ အိမ်အဝင်တံခါးပေါက်သို့ ရောက်လာသောအခါ တံခါးဝအပေါ်ဘောင်၌ ခရစ်တော်ဘုရား၏ နှစ်သိမ့်ဖွယ်ရာစကားများကိုလည်းကောင်း၊ နံဘေးတစ်ဖက်တစ်ချက်စီတွင် ရှင်ပေါလုနှင့် ရှင်ယောဟန်တို့၏ စကားများကိုလည်းကောင်း ကမ္ပည်းကျောက်စာထိုးထားသည်ကိုတွေ့ရ၏။ လာရောက်သူအားလုံး နှစ်သိမ့်ဝမ်းမြောက်ခြင်းရှိရန် စကားများကို အစ်ကိုကြီးက ဖတ်ကြားပြသည်။ (နှစ်သိမ့်ဖွယ်ရာ စကားများကို ဖတ်ကြားခြင်း)

ထို့နောက် ရွှင်လန်းစွာသီချင်းဆို၍ ယူဆောင်လာသောအလှူဒါနနှင့် ပူဇော်ရာသက္ကာများကိုစုသိမ်းပြီး အဖထံသို့ဆက်သွယ်ရန် အစ်ကိုကြီးလက်သို့ အပ်နှံကြပြီး ဆုတောင်းမေတ္တာပို့ကြပါသည်။ (တတိယ ဓမ္မသီချင်းဆိုချိန်တွင် အလှူငွေကောက်ခံခြင်း၊ မုန့်နှင့် စပျစ်ရည်ကိုယူ၍ဆက်ကပ်ခြင်း) ထို့နောက် အိမ်တော်အတွင်းသို့ဝင်လာသောအခါ အစ်ကိုကြီးက ရှေ့တွင် အဖနှင့်အတူတကွစားပွဲတစ်ခုတည်းတွင် အတူတကွစားသောက်ရမည်ဖြစ်၍ တစ်လုံးတစ်ဝတည်းနှင့် ထိုက်ထိုက်တန်တန်ပါဝင်နိုင်ရန် မိမိတို့၏ စိတ်ဝိညာဉ်မြင့်တင်ရန် အပြန်အလှန်နှိုးဆော်အားပေးခြင်းပြုရပါသည်။ (အပြန်အလှန်စိတ်ကို တင်မြှောက်ရန် နှိုးဆော်ခြင်း)

စားသောက်ဖွယ်ပြုလုပ်မည့်ခန်းမဆောင်ထဲသို့ရောက်လာသောအခါ အဖခမည်းတော်၏ရှေ့မှောက်တွင် ထာဝစဉ်နာမတော်ဘုန်းတော်ချီးမွမ်းနေကြသော ကောင်းကင်ဗိုလ်ခြေအပေါင်းတို့၏ ထောမနာသံကို ကြားရသောကြောင့် ညီအစ်ကိုမောင်နှမအားလုံးတို့သည် ထောမနာသီချင်းကို အတူတကွလိုက်၍ဆိုကြ၏။ (စန္တုခေါ် သန့်ရှင်းသောဘုရားသခင်ကို ချီးမွမ်းထောမနာပြုခြင်း)

သားသမီးများ၊ ကောင်းကင်တမန်ကြီး တမန်ငယ်များနှင့် ဗိုလ်ခြေတော်များ၊ ခေရုပင်၊ စာရာပင်နှင့် သန့်ရှင်းသူအပေါင်းတို့သည် အဖရှေ့တော်မှောက်၌ ဒူးထောက်၍ ဆုတောင်းနေကြ၏။ ထိုအခါ အဖခမည်းတော်ကိုယ်တိုင် ပြင်ဆင်တော်မူသည့် စားသောက်ပွဲကို အတူတကွစားသောက်ရန် အစ်ကိုကြီးက ဝိုင်း၍ကူညီပြင်ဆင်သည်။ (ခရစ်တော်၏ အသားတော်နှင့် အသွေးတော်တည်းဟူသော မုန့်နှင့်စပျစ်ရည်ကို ပြင်ဆင်သန့်ရှင်းစေခြင်း) ဤသို့ပြင်ဆင်ပြီးသောအခါ အားလုံးက တစ်ခွက်တစ်ဖလားတည်း အဖခမည်းတော်ပေးသနားတော်မူသည့် အစာကို စားသုံးရမည်ဖြစ်သောကြောင့် ဝမ်းသာအားရကြည်နူးစွာဖြင့် အဖ၏နာမကို တိုင်တည်ပြီး ဆုတောင်းဆက်ကပ်ကြသည်။ (သန့်ရှင်းစေခြင်းပတ္ထနာကို ရွတ်ဆိုခြင်း) စားသောက်ခြင်းမပြုမီ ခမည်းတော်၏ရှေ့မှောက်သို့ နှိမ့်ချစွာတိုးဝင်ချဉ်းကပ်ကြပါသည်။ (နှိမ့်ချခြင်းပတ္ထနာ) ထို့နောက် ပေးသနားတော်မူသော ကိုယ်ခန္ဓာနှင့် ဝိညာဉ်အစာအာဟာရ (အသားတော်နှင့် အသွေးတော်) ကိုခံယူ၍ ခမည်းတော်နှင့်အတူ စားသုံးကြသည်။ (ပွဲတော်ကိုခံယူခြင်း) အဖခမည်းတော်ကျွေးမွေးတော်မူသည့်အစာကို စားသုံးပြီးနောက် အားရကျေနပ်စွာဖြင့် အဖ၏နာမကိုတိုင်တည်ပြီး ကျေးဇူးတော်ချီးမွမ်းကြပါသည်။ (ပတ္ထနာတော်ကြီးကို အတူတကွရွတ်ဆိုခြင်း)



ဤကဲ့သို့ ထူးမြတ်လှသော ဝိညာဉ်အာဟာရကို စားသုံးရသောကြောင့် ဝမ်းသာရွှင်လန်းခြင်းရှိသဖြင့် ပျော်ရွှင်စွာသီချင်းဆိုကြပြီး အတူတကွကျေးဇူးတော်ကို ချီးမွမ်းကြပါသည်။ (စတုတ္ထ ဓမ္မသီချင်းကို သီဆိုခြင်းနှင့် ဆုတောင်းခြင်း) တမန်တော်ကြီးများသည် သခင်ယေရှုခရစ်နှင့် အတူတကွညစာစားပြီးသောအခါ ရွှင်လန်းစွာသီချင်းဆို၍ ဂေသရေမန်ဥယျာဉ်သို့ ထွက်ခွာသွားသည့်နည်းတူ ညီအစ်ကိုမောင်နှမများသည်လည်း အဖခမည်းတော်နှင့် မိတ်သဟာယပွဲတော်ကို စားသုံးပြီးသောအခါ ကောင်းကင်တမန်များနှင့်အတူ "ကောင်းကင်ဘဝဂ်ဝယ်" အစချီသော ထောမနာသီချင်းကိုဆိုကြပြီး ပွဲတော်စားရာခန်းမဆောင်မှ ထွက်ခွာလာကြပါသည်။ (ထောမနာချက်ကိုသီဆိုခြင်း)

ညီအစ်ကိုမောင်နှမများ အဖခမည်းတော်၏ အိမ်တော်မှမထွက်ခွာမီ အစ်ကိုကြီးက အဖခမည်းတော်၏ကိုယ်စား ရှေ့ဆက်မည့်အသက်တာနှင့် လုပ်ငန်းဆောင်တာများတွင် ငြိမ်သက်ခြင်းရရှိစေရန်၊ ဘုရားရှင်နှင့် အတူတကွရှိရန် ဆုတောင်းပေးပါသည်။ (ကောင်းချီးပေးခြင်း) ဤသို့ ကောင်းချီးပေးပြီးနောက် အစ်ကိုကြီးက ဦးဆောင်၍ ညီအစ်ကိုမောင်နှမများတို့သည် အဖခမည်းတော်၏အိမ်တော်မှ ပျော်ရွှင်ဝမ်းမြောက်စွာ သီချင်းဆို၍ထွက်လာပြီး မိမိတို့လုပ်ငန်းခွင်ရှိရာသို့ ပြန်သွားကြပါတော့သည်။ (နောက်ဆုံးဓမ္မသီချင်းသီဆိုခြင်း)

## ပွဲတော်မင်္ဂလာနှင့်ပတ်သက်၍ အကြံပြုချက်များ

၁။ သန့်ရှင်းစေခြင်းပတ္ထနာနှင့် ပညတ်ချက်များသတ်မှတ်ထားသည့် ရာသီများတူညီစေရန် အကြံပြုပါသည်။

၂။ တမန်တော်များမှတစ်ဆင့်ရရှိသော ပညတ်တော်ဖြစ်သည့် ယုံကြည်ခြင်း၊ မျှော်လင့်ခြင်း၊ ချစ်ခြင်း

**ယုံကြည်ခြင်းဖြင့် နောင်တရ၍**
**ဘုရားရှင်ထံ ချဉ်းကပ်သောသူတို့အား**
**ဘုရားရှင်က ကရုဏာသက်ခြင်း၊**
**အပြစ်ဖြေလွှတ်ခြင်း၊**
**အသစ်သောအသက်တာ**
**ပြောင်းလဲခြင်းရရှိရန်အတွက်**
**အသင်းတော်က**
**အပ်နှင်းထားသောအခွင့်အာဏာဖြင့်**
**ဘုန်းတော်ကြီးက ...**

တို့ကို ပြည့်စုံသည့် ကျမ်းချက်တစ်ချက်စီအားဖြင့် ဖော်ပြပေးပါက ပိုကောင်းပါသည်။ ထို့ပြင် ပရိသတ်က ပြန်လည်တုံ့ပြန်သည့်အဖြေသည်လည်း တစ်ခုတည်းဖြစ်ပါက ပိုကောင်းမည်ဟု အကြံပြုပါသည်။

၃။ "ကိုယ်တော်၏ငြိမ်သက်ခြင်းသည် ပရိတ်သတ်တို့နှင့်အတူ ရှိတော်မူပါစေသော" စကားရပ်အစား "ထာဝရဘုရားသည် ပရိသတ်တို့နှင့်အတူ ရှိတော်မူပါစေသော" ဟုဆိုလျှင် သင့်တော်လိမ့်မည်ဟု ထင်ပါသည်။

၄။ နေ့ရက်ဆိုင်ရာပတ္ထနာမဆိုမီ သံစုံသီချင်းများ၊ ချီးမွမ်းခြင်းသီချင်းများ၊ တစ်ပင်တိုင်သီချင်းများကို သင့်တော်သလိုဆိုလိုကဆိုနိုင်ရန် ခွင့်ပြုထားသင့်သည်။ အဆိုပါ သီချင်းများသည် ဘုရားသခင်၏ ဘုန်းတော်၊ ဂုဏ်တော်ကိုသီဆိုကျူးသည့် သီချင်းများဖြစ်သောကြောင့် ပွဲတော်မင်္ဂလာဝတ်နှင့် မသက်ဆိုင်သကဲ့သို့ မပြုသင့်ပါ။ ပွဲတော်မင်္ဂလာဝတ်သည် လည်း ကျေးဇူးတော်ချီးမွမ်းသည့် ဝတ်ပြုခြင်းဖြစ်ပါသည်။ နေ့ရက်ဆိုင်ရာပတ္ထနာနှင့် နှုတ်ကပတ်တော်ကြားနာခြင်း၊ တရားဒေသနာဟောကြားခြင်းတို့ကို ပို၍လေးနက်စေရန်ဖြစ်ပါသည်။

၅။ မေတ္တာပို့ချက်အဆုံး၌ ကိုင်ရိုဆိုမည့်အစား "နား ညောင်းတော်မူပါမြတ်စွာဘုရား" ဟု ပရိသတ်က တုံ့ပြန်ပါက ပို၍သင့်တော်ပါသည်။ မေတ္တာပို့ချက် တစ်ပုဒ်စီတိုင်းအား ထိုကဲ့သို့ တုံ့ပြန်ပြီး တစ်ပုဒ်စီ အတွက် တစ်ကြိမ်စီတုံ့ပြန်ရန်ဖြစ်ပါသည်။

၆။ မှတ်ချက်များကို ဖြုတ်၍ ထပ်ဖြည့်ရမည့်ပွဲနေ့ဆိုင် ရာကျမ်းချက်များ၊ ဆုတောင်းချက်များ၊ နိဒါန်းထူး များကို ထည့်သွင်းရန် အကြံပြုပါသည်။

၇။ ကြော်ငြာကို နောက်ဆုံးကောင်းချီးပေးပြီးမှသာပြု လုပ်ရန် သင့်တော်သည်ဟု ယူဆပြုပါသည်။

၈။ သန့်ရှင်းစေတော်မူခြင်းတွင် "အသင်းတော်ကို မိမိ ခင်ပွန်းသဖွယ် ရွေးချယ်တော်မူ၍" ဟူသောစကား စုတွင် "မိမိခင်ပွန်းသဖွယ်" ဟူသောပုဒ်ကိုဖြုတ်ပြီး "အသင်းတော်ကို ရွေးချယ်တော်မူ၍" ဟုပြင်ဆင် ပါက ပို၍သင့်တော်ပါသည်။

၉။ သန့်ရှင်းစေခြင်းပတ္ထနာတွင် "ပြိုလဲကျဆုံးသော လူသားများကို" ဟူသော စကားစုအစား "အပြစ်၌ နစ်မွန်းသောလူသားများ" ဟု ပြင်ဆင်က ပို၍သင့် တော်ပါသည်။

၁၀။ "သန့်ရှင်း၍ ဘုန်းတန်ခိုးတော်နှင့်ပြည့်စုံတော်မူ သော၊ အသနားရှိဖြစ်တော်မူသော၊ စင်ကြယ်၍ ဖန် ဆင်းတော်မူသောလက်တော်အားဖြင့် မုန့်ကိုယူ တော်မူ၍ ကျေးဇူးတော်ကိုချီးမွမ်းပြီးမှ ချိုးဖဲ့ခြင်းလျှင် မိမိနှင့်အတူတကွရှိနေသော မိမိရွေးကောက်တော်မူ သည့် သန့်ရှင်းသောတပည့်တော်တို့အား ပေးတော် မူ၍ မိန့်တော်မူသည်မှာ ယူစားကြလော့။ ဤသည် ကား တပည့်တို့အဖို့စွန့်သော ငါ့ကိုယ်ဖြစ်၏။ ငါ့ကို သတိရခြင်းငှာ ဤသို့ပြုကြလော့" ဟူသော ဆုတောင်းချက်အစား၊ "သခင်ယေရှုသည် ပို့အပ်ခံ ရသောည၌ မုန့်ကိုယူ၍ ကောင်းချီးပေးပြီးမှ ချိုးဖဲ့ ပြီးလျှင် တပည့်တော်တို့အား ပေးတော်မူလျက် ယူ စားကြလော့။ ဤသည်ကား တပည့်တို့အဖို့ စွန့်သော ငါ့ကိုဖြစ်၏။ ငါ့ကိုသတိရစေခြင်းငှာ ဤသို့ပြုကြ လော့ဟုမိန့်တော်မူ၏" (မဿဲ ၂၆း၂၆) ဟုအသုံး ပြုပါက ပို၍သင့်တော်ပါသည်။ မူရင်း ဂရိကျမ်းစာ တွင် ဖော်ပြသည်မှာ မုန့်ကိုကောင်းချီးပေးသည်ဟု ဖော်ပြထားပါသည်။

၁၁။ "ထို့နည်းတူ ဖလားကိုလည်းယူ၍ ကျေးဇူးတော်ကို ချီးမွမ်းပြီးမှ ကောင်းချီးပေးပြီးလျှင် ကိုယ်တိုင် သောက်ပြီးမှ မိမိနှင့်အတူ စားပွဲ၌ရှိနေကြသော မိမိ ရွေးကောက်သည့် သန့်ရှင်းသောတပည့်တော်တို့ အား ပေးတော်မူလျက် မိန့်တော်မူသည်မှာ တပည့် အပေါင်းတို့ သောက်ကြလော့။ ဤသည်ကား ပဋိညာဉ်တရားတော်သစ်နှင့်ဆိုင်၍ တပည့်တို့မှ စသော လူအပေါင်းတို့ အပြစ်ဒုစရိုက်လွှတ်စေခြင်း အလို့ငှာ သွန်းသောငါ၏အသွေးဖြစ်၏ဟု မိန့်တော် မူ၏" ဟူသော ဆုတောင်းချက်အစား၊ "ထိုနည်းတူ ညစာစားပြီးလျှင် ဖလားကိုလည်းယူ၍ ကျေးဇူးတော် ချီးမွမ်းပြီးမှ သူတို့အားပေးတော်မူလျက် တပည့်အ ပေါင်းတို့မှစသော လူအများတို့ အပြစ်ဒုစရိုက်လွှတ် စေခြင်းအလို့ငှာ သွန်းသောငါ၏အသွေးဖြစ်၏။ တပည့်တို့သောက်တိုင်း ငါ့ကိုသတိရခြင်းငှာ ဤသို့ ပြုကြလော့ဟု မိန့်တော်မူ၏" (မဿဲ ၂၆း၂၇-၂၈) ဟု အသုံးပြုပါက ပို၍ သင့်တော်ပါသည်။

၁၂။ ချီးကပ်ခြင်းပတ္ထနာမဆိုမီ "ကိုယ်တော်၏ ငြိမ် သက်ခြင်းသည် ပရိသတ်တို့နှင့်အတူ ရှိတော်မူပါစေ သော" ဟူသော စကားရပ်အစား "ခရစ်တော်ယေရှု ၌ရှိသော သဘောမျိုးသည် ပရိသတ်တို့နှင့်အတူ ရှိ တော်မူပါစေသော" (ဖိလိပ္ပိ ၂း၅) ဟု နှုတ်ဆက်ပါ က ပို၍သင့်တော်ပါသည်။

၁၃။ ကောင်းချီးမပေးမီဆိုသော ဆုတောင်းချက်သည် အစဉ်အလာနှင့်ဆိုင်သော ဆုတောင်းချက်များသာ ဖြစ်သည်။ ဤနေရာတွင် မြန်မာပြည်အတွက် သီး သန့်ဆုတောင်းချက်တစ်ခုကို ရေးသားအသုံးပြုပါက ပို၍သင့်တော်ပါသည်။

၁၄။ ကောင်းချီးပေးပြီးနောက် မကျန်းမမာ၍လည်း ကောင်း၊ ကျေးဇူးတော်ချီးမွမ်းလို၍သော်လည်း ကောင်း အသင်းတော်၏ ကောင်းချီးမင်္ဂလာကိုခံယူ ရန် ပလ္လင်တော်ရှေ့သို့လာရောက်ရန် သင့်တော်ပါ သည်။❑



# ဘုရားသခင် လူသားများနှင့် အလုံးလေးများ

ငါးကလေး (ကွမ်းချောင်း)

- လူတွေက ဘုရားသခင်ဖန်ဆင်းထားတဲ့ကမ္ဘာမြေကြီးကို လုံးလုံးတဲ့ ဒါကြောင့် ကမ္ဘာလုံးလို့ ခေါ်တာပေါ့နော်။
- တစ်ခါ ဒီကမ္ဘာလုံးလေး အလင်းရဖို့ နေ့အတွက် အလုံးကြီးတစ်လုံး၊ ညအ တွက် အသေးလေးတစ်လုံး ဖန်ဆင်းထားတာကိုတော့ နေလုံးနဲ့ လဝန်းလို့ နာမည်ပေးပြန်တာပေါ့။
- အဲဒီတော့ ကမ္ဘာလုံးလေးထဲမှာ နေလုံးလေးရယ်၊ လဝန်းလေးရယ်နဲ့ လူတွေ နေကြတော့တာပေါ့၊ ဒါကြောင့် လူတွေ အလုံးလေးတွေကို စိတ်ဝင်စားတာ ဖြစ်ပါလိမ့်မယ်။
- ဟောကြည့်ပါလား။ ကမ္ဘာဦးမိဘနှစ်ပါးဖြစ်တဲ့ အာဒံနဲ့ဧဝ ဧဒင်ဥယျာဉ်အ လယ်က မစားရပါဘူးလို့ တားမြစ်ထားတဲ့အသီးလေးက လုံးလုံးလေးထင်ပါ ရဲ့။ စိတ်ဝင်တစားနဲ့ စူးစမ်းစားကြည့်လိုက်တော့ ရာဇဝင်မှာ စာတင်သွား ပါလေရောလား။
- အခုလည်း အာဒံနဲ့ဧဝ သားသမီးပီသကြပါတဲ့ တို့လူသားတွေလည်း အလုံး တွေကို စိတ်ဝင်စားတုန်း၊ ကစားချင်ကြတုန်း၊ စမ်းချင်ကြတုန်းပဲ။ တစ်လုံး၊ နှစ်လုံး၊ သုံးလေးလုံး။

"ဟေ့ . . . ဘော်ဒါကြီး ညနေ ဘီလီယက်ခုံမှာ တွေ့ရအောင်"

Yes ပါ။

"ငါ အင်္ဂလန်ဘက်ကနေ (၂-၀)ပေးတယ်ကွာ"

OK!

"ဒီနေ့ အိပ်မက်အရ ညီအစ်ကို ဂဏန်းသေချာတယ်"

သေချာမယ်ထင်ရင်လုပ်လိုက်

သေချာမယ်ထင်ရင်လုပ်လိုက်တဲ့"

"လေးလုံး (AIDS) နဲ့ဆုံးသွားတယ်တဲ့"

အိုး ဖြစ်ရလေ ကျွတ်. . . ကျွတ်. . . ကျွတ်



(၁)

ငိုထားသောအရှိန်ဖြင့် နီရဲ မို့မောက်နေသော ချို့မျက်ဝန်းတွင် ဒေါသ၊ မုန်းတီးမှု ဟူသောအရိပ်စွန်းမနေ။ နာကျင်သောအရိပ်အယောင်ဖြင့်သာဆွေးလျနေသည်။ သူနှင့်ချို ချစ်သူဘဝရောက်ခဲ့တာ မကြာသေးပေ။ အခုတော့ သူ့ကြောင့် ချို နာကျင်ငိုကြွေးရပြီ။ "ချိုလေ . . .



ဆရာ့ကိုမုန်းမေ့ဖို့ ကြိုးစားမိတယ်။ ဒါပေမဲ့ ဆရာရယ်၊ ချိုလေ ဆရာ့ကို ချစ်ဖို့သက်သက်များ မွေးလာခဲ့သလားမသိဘူး" ချို ခေါင်းငုံ့ရင်း ခြောက်ကပ်စွာရယ်သည်။

"ချိုရယ် . ." ချစ်တတ်လွန်းသောချို့ကို ရင်ခွင်ထဲ ထွေးပိုက်ထားလိုက်သည်။

"လေပြည်အေးဟာ ဆရာ့ရဲ့သမီးအရင်းပဲလားဟင် . .။ သူများပြောသလို ဆရာမှာ တိတ်တိတ်ပုန်းမိန်းမ တကယ်ရှိခဲ့လားဟင် . . ."

"တော်ပါတော့ ချိုရယ် . . . တော်ပါတော့"

သူ့ရင်ထဲ နာကျင်လွန်းကာ· ပေါက်ကွဲမတတ်ပင်။ ကိုယ့်ကိုယ်ကိုဒဏ်ခတ်ရင်း တစ်သက်လုံးပြည်ဖုံးကားချထားခဲ့တဲ့ အတိတ်တွေကို ဖြစ်နိုင်ရင် ပြန်မတွေးချင်တော့ပါ။ ဒါပေမဲ့ တစ်သက်လုံး လက်တွဲဖို့ ဆုံးဖြတ်ထားတဲ့ချို့ကိုဖုံးကွယ်ထားဖို့လည်း မစဉ်းစားမိပါ။ နာကျင်ခြင်းအတိတ်တွေပြောရင်း ပျော်စရာကောင်းတဲ့ ချိုနဲ့ တွေ့ဆုံချိန်ကို မဖျက်ဆီးရက်လို့ သူ နှုတ်ဆွံ့ခဲ့ရတာပါ။ သမီးလေး လေပြည်အေးနဲ့ ပတ်သက်ပြီးတော့ ချို့ကို ပြောပြဖို့ အကြိမ်ကြိမ်စိတ်ကူးခဲ့ပေမယ့် ချို့ဆီက သံသယတွေမလိုချင်သဖြင့် မျိုသိပ်ခဲ့ရသည်။

"ချို့ကို အချိန်တန်ရင် ကိုယ် ပြောပြမလို့ပါ။ အခုတော့ ပတ်ဝန်းကျင်ကတစ်ဆင့် ချိုသိသွားပြီပဲ . . . ကိုယ့်ကို ရှင်းပြခွင့်ပေးတာကိုပဲ ကျေးဇူးတင်ပါတယ်ချို . . .။ ကျေးဇူးပြုပြီး ကိုယ့်စကားကို ယုံပေးပါနော် . ."

"ချို့ကိုပြောပြပါဆရာ၊ ချိုလေ ပတ်ဝန်းကျင်ရဲ့စကားထက် ဆရာ့စကားကို ယုံကြည်မှာပါ"

သူ့ထံမှ နှစ်သိမ့်မှုတစ်ခုခုကို မျှော်လင့်နေသော ချို့မျက်ဝန်းကို လက်ညှိုးနှင့် ညင်သာစွာတို့ထိလိုက်တော့ ချိုသည် အိပ်ပျော်ခါနီးပုံပြင်မျှော်လင့်တဲ့ကလေးလို သူ့ ရင်ခွင်ထဲ မှီခွေ့လာသည်။

"ကိုယ် ကျမ်းစာကျောင်းဆင်းဆင်းချင်းပဲ နယ်တစ်နယ်မှာ အသင်းတော်ကဖွင့်တဲ့ဘော်ဒါဆောင်မှာ ဘော်ဒါအုပ်လုပ်ရတယ် . . ."

"အင်း . ." ချိုက မျက်စိမှိတ်ရင်း ထောက်ခံသည်။

"အဲဒီဘော်ဒါဆောင်မှာ စကားမပြောတတ်ပေမယ့် သိပ်ချစ်စရာကောင်းတဲ့ 'အေးအေးမာ' ဆိုတဲ့ ကောင်မလေးတစ်ယောက်ရှိတယ်"

ချို့ကိုယ်လေး တောင့်မတ်သွားသည်ဟု ခံစားရသည်။

"သူက လေပြည်အေးရဲ့ အမေလားဟင် . . ."

"ဟုတ်တယ် ချို . . ."

"ချို . . ကြောက်မိတယ် ဆရာရယ် . . ."

သူ၏ရှေ့ဆက်စကားကို မကြားဝံ့သောချို့ကိုကြည့်ရင်း ခပ်ဖွဖွပြုံးမိသည်။ ယိမ်းယိုင်လှုပ်ရှားနေသော အုန်းလက်များကြားမှတွေ့ရသော ထွက်ခါစ လပြည့်ဝန်းကြီးသည် အေးအေးမာ မျက်နှာကဲ့သို့ စင်ကြယ်သည်ဟု ခံစားမိပြန်သည်။

"တကယ်တော့ အေးအေးမာကလေ သိပ်သနားဖို့ကောင်းတာ ချိုရဲ့ . . ၊ နယ်ခံဘုန်းကြီးက တောကနေ ခေါ်လာတာလေ . . ၊ မိဘမဲ့ ဆင်းဆင်းရဲရဲ နေစရာမဲ့နေတာမို့ ဘုန်းကြီးက ဘော်ဒါမှာ လက်တို လက်တောင်းခိုင်းဖို့ ခေါ်လာခဲ့တာ"

ပြောရင်း ရင်ထဲ ဆို့နင့်လာသဖြင့် တံတွေးကိုမျိုချသည်။

"ကိုယ် အဲဒီ ဘော်ဒါဆောင်ကိုရောက်တော့ကောင်မလေးဟာ စိတ်ကစားတတ်စ အပျိုဖော်ဝင်စအရွယ် . . ဆယ့်သုံးလေးနှစ်ပေါ့ . . ၊"

ကိုယ့်ထက် ဆယ်နှစ်ကျော်ငယ်သော အေးအေးမာအပေါ် သူ့မေတ္တာသည်အဖြူရောင်သက်သက်ပါ။

"ကောင်မလေးကို အဆောင်နေကျောင်းသူရွယ်တူတွေက နိုင်စားချင်ကြတယ်လေ၊ ဆရာတွေမသိအောင် ကိုယ်ထိလက်ရောက်နိုင်စားကြတာ . . ၊ ဒါတွေကို ကိုယ်သိတော့ အေးအေးမာဘက်က နိုးနိုးသားသားနဲ့မားမားမတ်မတ်ရပ်တည်ပေးခဲ့မိတယ်ချို . . ၊ ဒါတွေကို တချို့ကလေးတွေ လျှောက်ပြောကြတာပေါ့။ ဪ . . ဗိုးဒါလီရဲ့ ဟိုသီချင်းကို ကြားဖူးလား" မှတ်မိနေသော သီချင်းသံစဉ်ကို ညည်းပြတော့ ချိုက ရယ်သည်။

"ဟင် . . အဲဒါ ကျော်ကြား
သီချင်းကြီးပဲ ကြားဖူးပါတယ် . . ."

"အေး . . . အဲဒီသီချင်း
ထဲက အထင်အမြင်ဆိုတာ အမှန်
တရားကကြောက်တယ် ဆိုတဲ့ စာ
သားကို ကိုယ် တော်တော်စဉ်းစားရ
ကျပ်ခဲ့ဖူးတယ်။ လက်လည်း မခံချင်
ခဲ့ဘူး . . ."

"အခု လက်ခံပြီပေါ့ . ."

"လက်မခံလို့မှမရတာ ချို
ရဲ့ . .၊ ဟုတ်တယ် . . အထင်အမြင်
တစ်ခုနဲ့ ဆုံးဖြတ်ချက်တွေပေးတာ
က တစ်ဖက်လူအတွက် တော်တော်
ထိခိုက်နိုင်တယ်။ ကိုယ်လည်း အ
ထင်အမြင်နဲ့ အေးအေးမာဘဝကို
ရိုက်ချိုးခဲ့ဖူးသလို ကိုယ့်ကိုလည်း လူ
တွေက အထင်အမြင်တွေနဲ့ ရိုက်ချိုး
နေကြတုန်းပေါ့ . ."

မျက်နှာကို လက်ဖဝါး
နှစ်ခုပေါ် မှောက်ချလိုက်တော့ ပူ
နွေးတဲ့မျက်ရည် စီးကျလာသည်။
အုံ့ညိုသော၊ နာကျင်သော အေး
အေးမာ မျက်ဝန်းတွေက သူ့ကို
ခြောက်လှန့်လာသည်။ ဟိုတုန်းက
လို နာကျင်ကြေကွဲမှုတွေက ရင်ထဲ
ပူနွေးသက်ဝင်လာသည်။

"တစ်နေ့တော့ . . . ချို
ရယ် . ."

စကားကို မဆက်နိုင်
လောက်အောင် မောပန်းနေရသည်။
အတိတ်မှဖြစ်ရပ်တွေကို အစီအရီ
ပြန်သတိရမိသည်။

(၂)

"ဆရာ . . . စန်းစန်းက
ပိုက်ဆံပျောက်လို့ . . ." ရုံးခန်းထဲ
ခပ်ရွံ့ရွံ့ဝင်လာရင်း ဘုတ်ဆုံက စန်း
စန်းကိုယ်စား ပြောပေးသည်။ သူ
ခေါင်းရှုပ်သွားသည်။ စာရင်းတွေက
ရှုပ်နေရတဲ့အထဲ။

"သေချာလို့လား၊ ဘယ်
တုန်းက ပျောက်တာလဲ . . ."

"မနေ့ညကပါ . .၊ ဒီနေ့
တစ်နေကုန်ရှာပြီး လာပြောတာပါ"

"ဘယ်လောက်လဲ"

"ငါးသောင်း"

ဘုရားရေ . . . သူ ဘုရား
တလိုက်သည်။ ဒီမှာတာဝန်ကျတာ
(၂)နှစ်ပြည့်တော့မည်။ ဒီလို ကြီးကြီး
မားမားပြဿနာမကြုံဖူးပါ။

"များလှချည်လား။ ဘာလို့
ပိုက်ဆံများများယူထားရလဲ . ."

"ဟို မနေ့က မေမေ
ကျူရှင်လခပို့ပေးတာ ဆရာ့ကို ပေး
ထားမလို့ပဲ . .၊ ရေသွားချိုးတော့
မရှိတော့ဘူး" သူ ခေါင်းကို တဗျင်း
ဗျင်း ကုတ်လိုက်သည်။

"ဟို . . ဆရာ သမီးတို့
ရေချိုးပြန်လာတော့ အခန်းဝမှာ
အေးအေးမာကိုတွေ့ . . ."

"ဒိန်း . . ." တားပွဲကို ထု
လိုက်သည်။

"တော်စမ်း . . . နင်တို့
ကလေ၊ တစ်ဆိတ်ရှိ အေးအေးမာ
ကို ချောက်ချဖို့လောက်ပဲ။ တံခါးဝ
မှာတွေ့တိုင်း အေးအေးမာ ယူရော
လား။ 'မရှိခိုးနိုး မလှစုန်းယိုး' တော့
မလုပ်ကြပါနဲ့"

"မဟုတ်ပါဘူးဆရာ . .၊
သမီးတို့ကမသင်္ကာစရာတစ်ခုလည်း
တွေ့ထားလို့ပါ . . "

လာလာချည်သေးရဲ့။

"ဘာလဲ ပြောပြော . . "

"ဒီနေ့ ဒေါ်မိုးပြန်တော့
အေးအေးမာမြို့ထဲကိုလိုက်သွား . . "

"ဪ ဒေါ်မိုးကို ကား
ဂိတ်လိုက်ပို့တာပေါ့ . . "

"ဟုတ်ပါတယ် ဆရာ . .
ပြန်လာတော့ ရိုးလက် (စ်) နာရီ
အသစ်ကြီးဝယ်ခဲ့တာ . . .၊ ဟုတ်
တယ်နော် စန်းစန်း . . . "

"ဟုတ်တယ်ဆရာ . . "

သူ တစ်ချက်တွေ သွား
သည်။ အခုမှ သူလည်း သတိရမိ
သည်။ ခုနတုန်းကပဲ အေးအေးမာ
နှင့်လှေခါးထိပ်မှာ ဆုံခဲ့သေးသည်။
လက်မှဘူးတစ်ဘူးကို ခပ်မြန်မြန်
အနောက်ဘက်ဖွက်ရင်း ပြေးဆင်း
သွားသော အေးအေးမာသည် ခဏ
အကြာ သူ့ထံပြန်ပြေးလာရင်း သူ
၏မွေးနှစ်သက္ကရာဇ်ကို မေးနေသေး
သည်။ သူမ၏ လက်အမူအရာကို
မဖတ်တတ်သဖြင့် တော်တော်ကြာ
စဉ်းစားယူခဲ့ရသည်။ မွေးနှစ်ပြောပြ
တော့သူ၏ဘယ်ဘက်လက်ကောက်
ဝတ်ကို လက်နှစ်ဖက်နှင့်ဆွဲခါရင်း
ပျော်ရွှင်စွာ ရယ်မောနေခဲ့သည်။
ဘာလဲဟာ၊ ဒီပိုက်ဆံကို အေးအေး
မာ ယူခဲ့သလား။ ဖြစ်ရပ်နှစ်ခု တိုက်
ဆိုင်လွန်းကာ ဆက်စပ်မှုရှိနေသည်။

"အေးအေးမာ သွားခေါ်
ခဲ့စမ်း ဘုတ်ဆုံ၊ နာရီကိုပါ ယူခဲ့လို့"

"ဟုတ် . . . "



ခဏကြာတော့ အေးအေး
မာကို တရွတ်တိုက်မဆွဲရုံတမယ်
ဘုတ်ဆုံ ခေါ်လာသည်။ သို့သော်
အေးအေးမာသည် စူးရဲပေကပ်စွာ
တံခါးဝမှာပဲ ရပ်သည်။

"လာလေ အေးအေးမာ၊
နင်တို့နှစ်ယောက်သွားလို့ရပြီ . . "

ဟိုနှစ်ယောက်ထွက်သွား
သော်လည်း အေးအေးမာက နှုတ်
ခမ်းကိုမဲ့မဲ့ပြုံးရင်း ပေကပ်ရပ်နေဆဲ။

"လာလေ အေးအေးမာ"

ခပ်ဆတ်ဆတ်ပြောမှ
ဘောက်ဆတ်ဆတ်နှင့် သူ့ရှေ့တွင်
လာရပ်သည်။ အလိုလိုက် အမိုက်
စော်ကား ဖြစ်နေပြီလား အေးအေး
မာရယ်ဟု ဝမ်းနည်းစွာတွေးမိသည်။

"အဲဒီနာရီ ဘယ်က ပိုက်
ဆံနဲ့ဝယ်လဲ . . "

သူမလက်ထဲမှာ နာရီကို
မေးဆတ်ပြရင်း မေးတော့ အေး
အေးမာသည် မျက်နှာနီနီနှင့် ဆုံပေ
စွာ အေးစက်နေပြန်သည်။

"မေးနေတယ်လေ . . "

အုံ့ညိုစွာ၊ ဝမ်းနည်းစွာ
မော့ကြည့်လာသော အေးအေးမာ
မျက်ဝန်းတွင် မျက်ရည်များ အိုင်
ထွန်းနေသည်။ ဘာမှဝင်ငွေမရှိ
သော အေးအေးမာသည် ဘယ်က
ပိုက်ဆံနှင့် ဒီလောက်အကောင်းစား
နာရီကို ဝယ်နိုင်အံ့နည်း။ ပြဿနာ
၏အဖြေက သူမ မဖြေခင် သိနှင့်
ထားမိသလိုလိုပင်။ သို့သော် ဝန်ခံ
နောင်တရစေချင်သည်။

"အေးအေးမာ . . . နင်



စန်းစန်းရဲ့ပိုက်ဆံယူသလား . . "

သူ တဲ့တိုးပင်မေးလိုက်
သည်။ အေးအေးမာ၏ကိုယ် ဆတ်
ခနဲ တုန်လှုပ်သွားကာ သူ့အား စူးရဲ
စွာ ကြည့်သည်။ ဘုရားရေ၊ သူ့ကို
ရန်သူတစ်ယောက်လို ကြည့်နေပါ
လား။ ထို့နောက်မှာတော့ အာခေါင်
ခြစ်ပြီး စူးစူးရှရှအော်မြည်နေတော့
သည်။ တကယ့်ကို စူးစူးနစ်နစ်ကြီး
မို့ သူပင် ခေတ္တကြောင်သွားရသည်။
ဟာ . . . ဒီကောင်မလေးလုပ်ပုံနဲ့
တော့ သူ့ကို သူများတွေ တစ်မျိုး
ထင်တော့မှာပဲ။

"တိတ်စမ်း . . . တိတ်စမ်း
ရူးသလို၊ ပေါသလို မလုပ်နဲ့၊ နင်
ဒီကနေ ထွက်သွားရမယ်။ ဘာမှတ်
လဲ . . . "

အေးအေးမာသည် လို
အပ်သည်ထက် တင်းမာနေသော
သူ့ကို အုံ့ညိုစွာကြည့်ရင်း မှိုက်ကြီး
တငင် ငိုကြွေးနေသည်။ ဒုက္ခပါ
ပဲ. . .။ ကိုယ်ဖြစ်စေချင်တာက
သူမထံမှ ဝန်ခံတာပဲဖြစ်ဖြစ်၊ ဖြေ
ရှင်းချက်ပဲဖြစ်ဖြစ် တစ်ခုခုပေါ့။
အခုတော့ သူမသည် နာကျင်စွာ၊
ဝမ်းနည်းစွာ ငိုကြွေးနေသည်။

"အေး . . . ကောင်းပြီ
လေ။ ဒီကိစ္စ ဘုန်းကြီးဆီသတင်းပို့
လိုက်မယ် . . နင် တောပြန်ဖို့သာ
ပြင်ထား . . " သူရုံးခန်းအပြင်သို့
ထွက်သွားတော့ အေးအေးမာသည်
သူ၏လက်မောင်းကိုဆွဲသည်။ ပြီး
တော့ မုန်းတယ် ဟူသော သင်္ကေတ
လုပ်ပြသည်။

"တောက်" စေတနာကို
နားမလည်တဲ့ကလေးမ၊ မင်းထိုက်နဲ့
မင်းကံပဲ။ တကယ်တော့ သူမသာ
ဝန်ခံတောင်းပန်ရင် ဒီကိစ္စတွေ
အားလုံးပြေလည်သွားမှာပါ။ မလိမ်
မိုး မလိမ္မာအရွယ်နဲ့ ဒီလိုဖြစ်ခြင်းကို
ခွင့်လွှတ်နိုင်ပါသည်။ ပြုပြင်စေချင်

ပါသည်။ အခုတော့ အေးအေးမာသည် သူ၏စေတနာ၊ မေတ္တာ၊ အလိုလိုက်မှုကို အခွင့်ရေးယူ၊ စော်ကားလွန်းသည်ဟု ထင်မိသည်။

(၃)

"ဒုက္ခပဲ ဆရာရယ် . . . အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်ဆိုသလိုဖြစ်နေပြီ . . ."

ထမင်းချက်ပေးသော ဒေါ်မိုး တောကပြန်လာတော့ ပြဿနာလာမေးသဖြင့် သူစိတ်ညစ်စွာ ပြောပြဖြစ်သည်။

"ဒါဆို . . အေးအေးမာ ထွက်သွားပြီပေါ့ . . ."

"ဟုတ်တယ် ဒေါ်မိုး . . အဲဒီညနေမှာပဲ သူထွက်ပြေးသွားတယ် . . ."

"ထွက်ပြေးသွားတာ မဟုတ်လောက်ဘူးဆရာ . . . သူ ဆရာ့ကို နာကြည်းလွန်းလို့ ထွက်ချင်လို့ကို ထွက်သွားတာဖြစ်မယ်"

သူ သိပ်နားမလည်ပါ။ သူမ ဘာကြောင့် သူ့ကိုနာကြည်းရမလဲ။

"ဆရာ သူ့အပေါ်ထားတဲ့မေတ္တာက ဖြူစင်တယ်၊ ရိုးသားတယ်ဆိုတာ ကျွန်မ သိပါတယ်။ ဒါပေမဲ့ အေးအေးမာက ဆရာ့အပေါ်မှာ မရိုးမသားချစ်နေသူပါ"

သူ့မျက်နှာပူနွေးသွားပြီးမှ ဖြစ်တတ်တာပဲလေ ဟု တွေးမိသည်။

"တကယ်တော့ အဲဒီ နာရီဟာ သူ့ပိုက်ဆံနဲ့ခြစ်ကုတ်စုဆောင်းပြီး ဆရာ့မွေးနေ့မှာ ပေးဖို့ဝယ်ထားတာပါ"

"ဘာရယ် . . ."

သူ့ရင်ဘတ်ထဲ တစ်ခုခု ဆောင့်ဝင်သွားသလိုပင်။

"ဟုတ်ပါတယ်ဆရာ. . သူ့ကို ဘုန်းကြီးကမုန့်ဖိုးပေးတာတွေ၊ ပြီးတော့ အဆောင်သူတွေရဲ့အဝတ်တွေ တစ်ခါတလေ ပိုက်ဆံယူပြီး လျှော်ပေးတာတွေပေါ့ဆရာရယ်။ သူက ကျွန်မနဲ့အတူ အိပ်တဲ့ကလေးမမို့ ဒါတွေအားလုံး ကျွန်မသိနေတယ်လေ။" သူရင်မောသွားသည်။

"ကျွန်မသိတော့ ဆရာ့အပေါ် အဲဒီလိုသဘောမထားဖို့ ပြောပေမယ့် သူက ဆရာ့ကို တိတ်တိတ်လေးပဲ ရင်ထဲမှာ ချစ်နေမှာတဲ့။ နာရီကိစ္စလည်း ဆရာ့ကိုကြို မပြောဖို့ ကျွန်မကို တောင်းပန်ထားတာ . . ."

> တကယ်တော့
> အဲဒီနာရီဟာ
> သူ့ပိုက်ဆံနဲ့
> ခြစ်ကုတ်စုဆောင်းပြီး
> ဆရာ့မွေးနေ့မှာ
> ပေးဖို့ဝယ်ထားတာပါ။

သူ့ရင်ထဲ ဆို့နင့်လှိုက်တက်သွားသည်။ သူပေးသော မေတ္တာဖြူဖြူများသည် အေးအေးမာအတွက် သမုဒယန္တံ့များဖြစ်နေခဲ့ပြီလားကွယ်။ ရှုန်းလေလေ နစ်လေလေ ဆိုသလိုပေါ့။

"အခုရော သူ တကယ်ပဲ သူ့ရွာကိုရောက်ပါ့မလား။ ကျွန်မ စိုးရိမ်တယ်ဆရာ . . ကောင်မလေးက ရုပ်ကလေး လှတာပတာနဲ့ ဒုက္ခရောက်မှဖြင့်ဆရာရယ် . ."

သူ့ရင်ထဲ အေးအေးမာအတွက် စိုးရိမ်လာသည်။ သူမ ရွာကိုပြန်သွားသည်ဟု ထင်မှတ်ကာ လူကြုံနှင့်သာ စုံစမ်းမေးမြန်းနေခဲ့ဖြစ်သည်။

"ကျွန်တော်ကိုယ်တိုင် အေးအေးမာရွာကို ပြန်လိုက်ပြီးသွားခေါ်မှထင်တယ်" ဟုခပ်တိုးတိုးပြောတော့ . . .

"အို: . . . ဘယ်ဖြစ်ပါ့မလဲဆရာ။ ဘုန်းကြီးခွင့်ပြုရင် ကျွန်မဖြစ်ဖြစ်သွားခေါ်တာပေါ့. ."

"ရပါတယ် . . . ဒေါ်မိုး ကျွန်တော်ကိုယ်တိုင် တောင်းပန်ပြီးသွားခေါ်မယ် . . ." ထိုစဉ် စန်းစန်းသည် မျက်နှာပျက်ယွင်းစွာ ဝင်လာသည်။

"ဘာလဲ စန်းစန် . . ."

စန်းစန်းသည် ဘာမှမပြောဘဲ စတင်ငိုကြွေးနေတော့သည်။

"ဟာ ဘာလဲကွာ . . . စိတ်ရှုပ်ရတဲ့အထဲ . . ."

"သမီး ပိုက်ဆံပြန်တွေ့ပြီဆရာ . . သမီးက ခုတင်အောက်မှာ ဖွက်ထားခဲ့တာ မေ့သွားလို့ပါ"

သူ ရုပ်ကြိုးပြတ်ပင် ပစ်လဲလိုက်ချင်တယ်။

"သမီးကို ခွင့်လွှတ်ပါဆရာ . . ."

"သွားတော့ . . . စန်းစန်းသွားတော့ . . ." ဟုသာ ပြောဖြစ်တော့သည်။ မျက်လုံးစုံမှိတ်လိုက်စဉ် မျက်ရည်များ ကျလာသည်။ ရုံးခန်းလေးထဲ၌ သူတစ်ယောက်သည်

> သူ့ရင်ထဲ
> ဆို့နင့်လှိုက်တက်သွားသည်၊
> သူပေးသော
> မေတ္တာဖြူဖြူများသည်
> အေးအေးမာအတွက်
> သမုဒယန္တံ့များ
> ဖြစ်နေခဲ့ပြီလားကွယ်၊

တိတ်ဆိတ်စွာ၊ ကြေကွဲစွာ၊ နောင်တကြီးစွာနှင့်။ ခွင့်လွှတ်ပါ အေးအေးမာ။ ခွင့်လွှတ်ပါ ဘုရားသခင်ရယ်။

(၄)

"ဆရာရယ် . . ." သူ၏မျက်ဝန်းထောင့်မှ မျက်ရည်စကို ချိုက လက်သန်းနှင့် ဖယ်ရှားပေးသည်။

"ဆရာ . . . အေးအေးမာကို တွေ့ခဲ့လားဟင် . . ." သူ ခေါင်းခါပြသည်။ အေးအေးမာ ရွာကိုရောက်တော့ အေးအေးမာရွာမှာ ရှိမနေခဲ့ပါ။ တတ်နိုင်သမျှ ခြေဆန့်ရှာခဲ့ပေမယ့် ရှောင်ခွာသူမို့ ထင်ပါတယ်။ အစအနမတွေ့ရတော့ပါ။

"နောက်တော့ ကိုယ်လည်း ကျောင်းပြန်ဆက်တက်ဖို့ နိုင်ငံခြားထွက်ခဲ့ရတယ်။ (၄) နှစ်လောက်ကြာမှ ကိုယ်ပြန်လာဖြစ်တယ်လေ။ ဒီနယ်ဘက်တာဝန်မကျခင်မှာ ကိုယ် အဲဒီဘက်ဘော်ဒါကို အရောက်သွားခဲ့တယ် . . ."

"ဆရာတွေ့ခဲ့လား . . ."

"တွေ့ခဲ့တယ် အေးအေးမာရဲ့သမီး လေပြည်အေးကို . . ."

"ဟင် . . ."

"ဟုတ်တယ်ချို . . ၊ လေပြည်အေးက (၄) နှစ်သမီးရှိနေပြီ"

ချိုက နားရှုပ်စွာကြည့်သည်။

"အေးအေးမာ ဘော်ဒါဆောင်ကထွက်သွားပြီး ကိုယ့်ကိုလည်း စိတ်နာနာနဲ့ရှောင်းရင်းပေါ့

လေ ကြိုရာကျပန်း အလုပ်လုပ်ခဲ့တယ်. . . နောက်တော့ ကြိုရာလူတစ်ယောက်နဲ့ညားရင်း သမီးလေးကို ခက်ခက်ခဲခဲမွေးပြီး ဆုံးသွားခဲ့တယ်တဲ့။ မဆုံးခင်မှာ ရိုးလက် (စ်) နာရီနဲ့သမီးကို သူနေခဲ့တဲ့ဘော်ဒါဆောင်ကို ရောက်အောင်ပို့ပေးဖို့ မှာခဲ့တာတဲ့။ ကိုယ်ရှိနေမယ်လို့ မျှော်လင့်ခဲ့သလားမှ မသိတာ. . ."

လက်ထဲမှ နာရီငုံ့ကြည့်တော့ ည ၈း၀၀ ထိုးနေပြီ။ လ ကလည်း ထိန်ထိန်သာလို့နေနေပြီ။

"လေပြည်အေးကို ဒေါ်မိုးက အေးအေးမာသံယောဇဉ်နဲ့ မွေးစားထားတယ်လေ။ ဒေါ်မိုးက ရိုးလက် (စ်)နာရီကိုပဲ ကိုယ့်ကိုပြန်အပ်ခဲ့ပေမယ့် ကိုယ်လေ လေပြည်အေးကိုပါ ခေါ်လာခဲ့တယ်။ ဒါကိုပဲ လူတွေက အမျိုးမျိုးပြောကြတာပေါ့၊ ပြောကြပါစေလေ ကိုယ်ကျေနပ်ပါတယ်. . ."

ချိုက သက်ပြင်းသွဲ့သွဲ့ချသည်။

"ရင်မောလိုက်တာ ဆရာရယ်. . ." သူခြောက်ကပ်စွာရယ်မိသည်။

"သမီးလေးက သိပ်လိမ္မာတာချိုရဲ့. . . ကိုယ့်အဖေ အမေတွေတောင် အစက သမီးကို မကြည်ဖြူခဲ့ဘူး။ အခုတော့ ကိုယ့်နောက် ထည့်ရမှာတောင် စိတ်မချချင်ကြဘူးလေ. . ."

"သူ ဆရာ့ကို ဘယ်လိုခေါ်လဲဟင်. . ."

"ဖေဖေ" တဲ့။

ချို့မျက်ဝန်း၌ ဘာသံသယမှမတွေ့ရ၍ ကျေနပ်မိသည်။ မှုဒိတာဖြင့် ကြည်လင်နေသော ချို့မျက်ဝန်းတို့သည် သိပ်ချစ်စရာကောင်းနေသည်။

"ညနက်လာပြီ၊ ကိုယ် ပြန်တော့မယ်နော် ချို. . . ချိုတို့ မေမေနဲ့ဖေဖေလည်း အိမ်ပေါ်ထပ်ကနေ ကြည့်နေပြီ. . ."

"မဟုတ်ပါဘူးနော် . . . သူတို့ဖာသာ ဝရန်တာမှာ လေညင်းခံနေကြတာပါ. . ."

နှစ်ယောက်သား ရယ်လိုက်ကြသည်။ ချိုကသူ့ကို တံခါးဝထိလိုက်ပို့ပါသည်။

"ချိုဖြင့်လေ. . . ဆရာ့အကြောင်းကို စကြားတော့ ရူးမတတ်ပဲ. . . အဲလောက်ချစ်တာ. ."

သူ့ရှပ်ကော်လာကို ဖြုပြင်ပေးရင်း မူနွဲ့စွာပြောနေသော ချို့ကို မြတ်နိုးစွာ ကြည့်မိသည်။

"ချို ကိုယ်တို့သားအဖဘဝထဲ ဝင်လာရဲပါတယ်နော်. ."

"ခစ်. . ခစ် သားအဖဟုတ်လား . . မုဆိုးဖိုကြီးပေါ့. . ."

"ဟာ. . . ချိုကလည်း"

"နောက်တာပါ. . ဆရာ့သမီးကို ချိုတွေ့ချင်လိုက်တာ. . . မေမေလို့ခေါ်တတ်အောင်သင်ပေးဖို့လေ. ." ချိုကပြောပြီး ရှက်သွားသဖြင့် သူ့အား အတင်းတွန်း၍ တံခါးပိတ်ကာ ရယ်နေတော့သည်။ သူ မချင့်မရဲဖြစ်သွားရသည်။



"ချို အိပ်မက်လှလှလေး မက်ပါစေ" ဟု နှုတ်ဆက်၍ ပြန်ခဲ့သည်။ ရင်ထဲမှာတော့ ပျော်ရွှင်မှုတွေ တာပွေ့တပိုက်ကြီးနဲ့ပေါ့။ တစ်ချိန်က သမုဒယနွံနစ်ခဲ့တဲ့ အေးအေးမာ တစ်ယောက်လည်း ဘုရားရှင်ရင်ခွင်၌ ငြိမ်းချမ်းပါစေလေ။ ☐

HOLY CROSS THEOLOGICAL COLLEGE

# SILVER JUBILEE MAGAZINE

1981-2006

# ဘုရားသခင်နှင့် အကျွမ်းဝင်၍ မိဿဟာယဖွဲ့လော့

ယောဘဝတ္ထု ၂၂း၂၁

graphic d'zai jonathan 2006
အသင်းတော်တွင်းကန်သင်